နမ္မားမြို့

သီရိမင်္ဂလာမြို့မကျောင်း

ဆရာတော်-ဦးညာဏ

၏

# နိဗ္ဗာန်ကိုသွားဉာဏတော်ရထား

ဒေါင်ဇေယျ စါပေဖြန့်ချိရေး နှင့် ပုံနှိပ်တိုက်
၈၄-လမ်း-မန္တလေးမြို့

www.dhammaransi.com

နမ္မဒါမြို့

သီရိမင်္ဂလာ မြို့မကျောင်း၊

## အသျှင်ဉာဏ ၏

ဒုတိယ ကျမ်းစာ ဖြစ်သော

# နိဗ္ဗာန်ကိုသွား ဉာဏ်ရထား

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

အဘိုး ၃-ကျပ် ၅၀ ပြား

အောင်ဇေယျ ပုံနှိပ်တိုက်
TRADE MARK
၈၄-လမ်း မန္တလေး၊

www.dhammaransi.com

ထုပ်ဝေသူ–ဦးနို ( အောင်ဇေယျ ) ယာယီမှတ်ပုံတင် အမှတ် ( ၀၁၀၉ ) က တာဝန်ခံထုပ်ဝေပါသည်။

ပုံနှိပ်သူ=ဦးနို အောင်ဇေယျပုံနှိပ်တိုက်၊ ၈၄-လမ်း၊ ရှမ်းစုစာတိုက်၊ မန္တလေးမြို့ ယာယီမှတ်ပုံတင် အမှတ် ( ၀၀၁၂ ) က တာဝန်ခံရိုက်နှိပ်ပါသည်။

# နိဒါန်း

ဤစာအုပ်ကို ရေးရသည်မှာ စာမတတ်ဘဲ တရားလိုက်စား သူတို့တောင်းပန်ကြသဖြင့်ရေးခြင်းဖြစ်ပါသည်၊ 'တပည့်တော်တို့ မှာစာမတတ်သဖြင့် ပါဠိများကို မဘတ်တတ်ပါ၊ သို့အတွက် ပါဠိကိုနည်းနိုင်သမျှ နည်းစေကာ ပရမတ္ထအသားတို့ကို ဗမာ စကားသက်သက်ဖြင့် ရေးလျက် တရားမသိသေးသူတို့လည်း သိရလေအောင်, သိပြီးလျှင်လည်း တဆင့်ဟောပြောနိုင်အောင် ရေးတော်မူပါ"ဟုလျှောက်ထားခြင်းကြောင့် ပါဠိကိုနည်းနိုင် သမျှနည်းစေ၍ ဗမာစကားဖြင့်သာ အဓိပ္ပါယ်ပေါ်လွင်အောင် ရေးပါမည်။

ထိုတကာတို့လျှောက်ထားချက်သည် မှန်၏၊ ပါဠိ သည်တရား မဟုတ်ပေ၊ မာဂဓဘာသာ သာဖြစ်၏ ပရမတ်သားပေါ်အောင် ပြောလျှင် ဘာစကားမဆိုတရားဖြစ်၏၊ မြတ်စွာဘုရားရှိစဉ်က ရဟန်းတပါးက လျှောက်ဘူး၏ "မြတ်စွာဘုရား-သာသနာ တော်၌ အမျိုးမျိုးသောဇာတ်မှ လာသောသူတို့သည် ရဟန်းပြု ကြကုန်ပြီးလျှင် မိမိတို့ ဘာသာဖြင့်သာ တရားကို ဟောကြကုန် ၏ ထိုသို့ဟောသော် တရားတော်ကြီး ပျက်စီးပါလိမ့်မည်၊ သို့ပါ ၍ မြတ်စွာဘုရားဟောသမျှတရားတို့ကို သက္ကဋ္ဌသာသာသို့ တင် ထားပါအံ့၊ ဟောသော သူတို့လည်း သက္ကဋ္ဌ ဘာသာ ဖြင့်သာ ဟောပါစေ"ဟု လျှောက်ထားသောအခါ လက်မခံဘဲ မိမိတို့ ဘာသာဖြင့် ဟောခြင်းကိုသာခွင့်ပြုတော်မူ၏။

ထို့ကြောင့် ပရမတ်ညာဏ်,ဓာတ်ဉာဏ်ပေါ်အောင် ဟော နိုင်ဘို့သာ လိုရင်းဖြစ်၍ ပါဠိ ဘာသာသည် လိုရင်းမဟုတ်ချေ မြန်မာတို့ကား ပါဠိကိုမှ တရားဟုထင်ကြကုန်၏၊ ဉာဏ်နည်း သေးစွတကား။

www.dhammaransi.com

# မာတိကာ

ဦးရေ　　အကြောင်းအရာ


၁　ဘုန်းတော်ခြောက်ပါး ဘုရားပင့်

၂　ဘုရားရှိခိုး

၃　သစ္စာသုံးခိုင် နိဗ္ဗာန်တိုင် တရားတော်

၄　ဒိဋ္ဌိသုံးဆင့် မဂ်ပန်းပွင့် တရားတော်

၅　သိက္ခာသုံးပါးမြတ်တရားတော်

၆　သာသနာသုံး ပုလဲကုံး တရားတော်


၇　နယ်ချဲ့သမား သုံးဦးသား တရားတော်

၈　သာသနာ့ရန်စွယ် ဓမ္မန္တရာယ်

၉　ရတနာသုံးပါးဘုရားရှိခိုး

၁၀　နိဂုံးစကား

www.dhammaransi.com



# နိဗ္ဗာန်ကိုသွား ဥဇောက်ရထား

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ၊

ဘုန်းတော်ခြောက်ပါး ဘုရားပင့်

ဣဿရိယံ ဓမ္မံ ယသံ၊ သိရိံ ကာမံ ပယတ္တကံ၊

အာဒရိံတာဟံ နမာမိ၊ သော မေ တိဋ္ဌတု သိဿကေ။

ဣဿရိယံ-ကိုယ်တော် စိတ်တော် ထိုနှစ်ပေါ်ကိုအလိုတော်ရှိသမျှ အဓိကရ တန်ခိုးပိုင်၍ အစိုးရတော် မူနိုင်ခြင်း တည်းဟူသော ဣဿရိယ ဘုန်းတော်လည်း ရှိတော်မူထသော ဓမ္မံ—လောကုတ် လောကီ နှစ်လီကွန့်မြူး ဖူးအညွန့်ခေါင်က တင်၍ အဘိညာဉ် ဓါတ်အလိုနှင့် အရဟတ္တဖိုလ်ဆိုတဲ့ ဓမ္မဘုန်းတော်လည်း ရှိတော်မူထသော၊ ယသံ-ဘဝဂ်ဘုံနှံ့ လှိုင်ပျံ့သင်းထုံသတင်းဂုဏ်ကျော်ကြား အခြံအရံပေါများခြင်းတည်းဟူသော

www.dhammaransi.com



ယသ ဘုန်းဘော်လည်း ရှိတော်မူထသော၊ သိရိံ လက္ခဏာ ပြောင်ကြည် ရောင်ခြည်တော် အနုဗျည်းတွေကြောင့် လူ့ ကြက်သရေ နတ်ကြက်သရေ နဝရတ်၏ ကြက်သရေ ပန်းတွေအစုံ၏ ကြက်သရေနန်းရွှေဘုံ၏ ကြက်သရေ ရွှေကြက်သရေ ငွေကြက်သရေ အပေါင်းတို့ထက် သိန်းသောင်းသချေ မွန်မြတ်လှပသည့် ကြက်သရေတကာတို့၏ဘုရင် ကြက်သရေ တကာတို့၏ ထိပ်ဘင်ဟု ဆိုအပ်သော သိရိဘုန်းတော်လည်း ရှိတော်မူထသော၊ ကာမံ စိတ်ရှိသမျှ ဣစ္ဆိတ ဓါတ်လုံးပမာ မကြာလျင်ဆောလိုသောဆန္ဒ စုံပြည့်ဝသည့် ကာမဘုန်းတော်လည်း ရှိတော်မူထသော၊ ပယတ္တကံ ဝီရိယဓါတ် ကြီးမြတ်ရင့်ရဲ စစ်ပွဲဟူသမျှ အောင်လံရသည့် ပယတ္တဘုန်းတော်လည်း ရှိတော်မူထသော၊ တံဘဂဝန္တံ ထိုဘုန်းတော်ခြောက်ဆိုင် မြိုင်မြိုင်ဖြန့်လွှား ဘုရားရှင် ကိုယ်ဘော်မြတ်ကြီးကို၊ အဟံ-ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို သူငါမှည့်ခေါ် တပည့်တော်သည်၊ အာဒရံ လေးမြတ်ကြည်ညို ရိုသေစွာ၊ နမာမိ-အဉ္စလီ ညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား၊ သောဘဂဝါ- ထိုဘုန်းတော်ခြောက်ဆူ ပန်းမဉ္ဇူကို လူလူကြိုင်သင်း ဘဝဂ်ချင်းအောင် ဖြန့်ခင်းနှံ့စေ မွှေးနံ့ချေသည့် ဘုန်းရွှေထွတ်ထား မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်၊ မေ-ခန္ဓာငါးတန် ရုပ်နှင့်နာမ်ကို နာမံသမုတ် အကျွန်ုပ်၏၊ သီသကေ- ကိုယ်ဒြပ်တွင် အမြတ်ပင်ဟု မှတ်ထင်ခေါ်ဆို ယုဂန္ဓိုရ်တောင်စွယ် ဦးထိပ်လယ်၌၊ ဌာတု ဤသတ္တဝါ ဆင်းရဲမှာကိုငါကယ်မ မည်စိတ်တော်ရည်၍ တည်နေကိန်းဝပ်တော်မူလှည့်ပါ ဖလ်သူရိန်နေတန္တန်းကဲ့သို့ ရွှေဘုန်းတော် သခင်အရှင်မြတ်ကြီးဘုရား။

www.dhammaransi.com



# ဘုရားရှိခိုး

**ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ၊**
**သန္နဒ္ဓော ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော၊**
**အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။**

အာဒိစ္စော-ရောင်ခြည် တထောင် အလင်း ဆောင်သည့် တောက်ပြောင်ထိန်လင်း ရှင်နေမင်းသည်၊ ဒိဝါ- နေ့အခါမှ သာလျှင်၊ တပတိ- ထွန်းလင်း ကြက်သရေ တင့်တယ်လေ၏၊ စန္ဒိမာ-သော်တာ မြနန်း လယုန် စန်းသည်၊ ရတ္တိံ-ညအခါမှ သာလျှင်၊ အာဘာတိ-ထွန်းလင်းကြက်သရေ တင့်တယ်လေ၏၊ ခတ္တိယော- ရေမြေသနင်း ပြည့်ရှင်မင်းသည်၊ သန္နဒ္ဓော-မင်း မြောက် တန်းဆာ ဝတ်ဆင်ပါမှ သာလျှင်၊တပတိ-ထွန်းလင်း ကြက်သရေတင့်တယ်လေ၏၊ ဗြာဟ္မဏော-ကိလေသာ အာသဝေါ ခွါလျှောကင်းကွာ ရဟန္တာ အရှင်မြတ်သည်ကား၊ ဈာယီ- အဘိညာဉ်ကစား ဈာန်ဝင်စားမှသာလျှင်၊တပတိ-ထွန်းလင်း ကြက်သရေ တင့်တယ်လေ၏၊ ဗုဒ္ဓေါ-သစ္စာလေးဆိုင် မြတ်ပန်း ခိုင်ကို ကိုယ်တိုင်ဆွတ်ချူ အရယူတော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ အထ-ထိုသို့မဟုတ်ပါဘဲ၊ တေဇသာ ဘုရားရှင်၏ တန်ခိုးတေဇော် အာနုဘော်အရှိန် အငွေ့ကြောင့် သဗ္ဗံ- အလုံးစုံသော၊ အဟောရတ္တိံ-နေ့ရောညပါ ဘယ်ခါမ ဆိုင်း ရှိသမျှအချိန်တိုင်း၌၊တပတိ-ထွန်းလင်း ကြက်သရေတင့် တယ်တော်မူလေသည်တကား။တံဗုဒ္ဓံ-ထိုအမြဲပဝင်း ဂုဏ်ရောင် လင်းသည့် တရားမင်းသခင် ဘုရားရှင်ကို၊ အဟံ-ကျွန်ုပ်သည်၊

www.dhammaransi.com



နမောဒိ-ဘယလာဘာ ကုလာစာရ် စသည်လွတ်ကင်း၊ ရှိခိုးခြင်းဖြင့် ကြည်ဝင်းသဒ္ဒါ ဦးညွတ်ပါ၏ဘုရား။

## သစ္စာသုံးခိုင်-နိဗ္ဗာန်တိုင် တရားတော်

ဆရာ မောင်စိန်ရေ.....

တပည့် ဘုရား၊

ဆရာ ဒီနေ့တော့ သစ္စာ သုံးဆင့်ဖြင့် နိဗ္ဗာန်ကိုပို့မှာမို့ "သစ္စာသုံးခိုင်နိဗ္ဗာန်တိုင်" ဆိုတဲ့တရားကို ဟောရလိမ့်မယ် မောင်စိန်ရဲ့။

တပည့် ဟောတော်မူပါဘုရား။

ဆရာ သစ္စာသုံးဆင့်ဆိုဒါက-သမ္မုတိသစ္စာ၊ ပရမတ္ထသစ္စာ အရိယ သစ္စာ-ဒီသုံးပါးကို ခေါ်တယ်၊ သမ္မုတိ သစ္စာ ဆိုဒါက-ပညတ်ကို ခေါ်တယ်၊ ဒီပညတ်ကို ဘာပြုလို့ သစ္စာလို့ ခေါ်ရဒါလဲဆိုတော့ မုသာ ဝါဒ မဖြစ်လို့ ခေါ်ဒါပဲဟုမှတ်ကွဲ့။

တပည့် မှန်ပါဘုရား။

ဆရာ မောင်စိန်ရေ....

တပည့် ဘုရား။

ဆရာ ဟိုရှေ့က မဲမဲမဲမဲနှင့် လာနေဒါ ဘာကောင်လဲ၊

တပည့် ကျွဲပါဘုရား၊

ဆရာ အဲဒီ ကျွဲဆိုဒါ ပရမတ္ထအားဖြင့်တော့ ရှာမရဘူး ပေါ့၊ သို့သော်လဲ လောကကြီးက ဒီသတ္တဝါကို

www.dhammaransi.com



ကျွဲလို့ သမုတ်ကြသည့် အတိုင်း မင်းက ကျွဲလို့ဆိုတဲ့ စကားသည် မှန်တယ်၊ မုသာဝါဒ မဖြစ်ဘူး၊ အဲ ဒါကြောင့် ပညတ်ကို သမ္မုတိ သစ္စာလို့ ဆိုဒါကွဲ့ မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ဆရာ　အမေ့အဘေလို့ မှည့်ခေါ် ထားတဲ့ ရုပ်- နာမ်ကို သတ်တာနှင့် ခွေးလို့ အခေါ်ခံတဲ့ ရုပ်၊ နာမ်ကို သတ်တာ အပြစ်ချင်းတူပါ့မလား။

တပည့်　မတူပါဘုရား။

ဆရာ　အဲဒါကြောင့်လဲ သမ္မုတိသစ္စာ၊ ပြီးတော့ အမေ့ အဘေလို့ အခေါ်ခံရတဲ့ ရုပ်-နာမ်ကို ကျွေးဒါနှင့် ခွေးလို့ အခေါ်ခံရတဲ့ရုပ်-နာမ်ကိုကျွေးဒါအကျိုး တရားချင်း တူပါ့မလား။

တပည့်　မတူပါဘုရား။

ဆရာ　အဲ ဒါကြောင့် သမ္မုတိ သစ္စာလို့ ခေါ်ကြတယ် မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ဆရာ　အဲ ဒါကြောင့် ပညတ် တွေဟာ ပညတ် အနေနှင့် တော့ မှန်ဒါပေါ့ကွယ်၊ ဒါကြောင့် သမ္မုတိ သစ္စာ လို့ ဟောတော်မူတယ်။

တပည့်　မှန်ပါဘုရား။

ဆရာ　ယခုပြောခဲ့ဒါက သမ္မုတိသစ္စာ၊ကိုင်းပရမတ္ထသစ္စာ ကို ပြောကြဦးစို့ကွဲ့ မောင်စိန်ရဲ့။

www.dhammaransi.com



တပည့် မှန်ပါ ဟောတော်မူပါဘုရား။

ဆရာ ပရမတ္ထသစ္စာဆိုဒါက အဟုတ်ရှိ အမှန်ရှိတဲ့ တရားကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ လောကကြီးမှာ အဟုတ်ရှိ- အမှန်ရှိ တရားသည် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ဒီလေးမျိုးဘဲရှိတယ် ဒီလေးမျိုးကလွဲယင် ဘယ်ဟာမှ အဟုတ်ရှိ အမှန်ရှိ မဟုတ်ဘူးကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အစတုံးက ကျွဲဆိုတဲ့ စကားသည် သမ္မုတိအနေဖြင့် မှန်သော်လဲ ပရမတ် အနေဖြင့် မရှိဘူး၊ ခုရှိပုံကို ပြောဦးမယ်ကွဲ့ မောင်စိန်ရဲ့။

တပည့် ပြောတော်မူပါဘုရား။

ဆရာ ကျွဲလို့ အခေါ်ခံရတဲ့ သတ္တဝါကို ခေါင်းက စပြီး အမြီးထိအောင် လက်မနှင့် နှိပ်ကြည့်စမ်း-ဘာသဘော တွေ့ရသလဲ။

တပည့် မာသဘော တွေ့ရပါတယ်ဘုရား။

ဆရာ အဲဒီ မာသဘောကို ကျွဲလို့ခေါ်ဒါလား။

တပည့် မဟုတ်ပါဘုရား။

ဆရာ လက်ဝါးနှင့် အသာအုပ်ကြည့်စမ်း၊ ဘာသဘောကို တွေ့ရသလဲ။

www.dhammaransi.com



တပည့် ပူ အေးသဘောကို တွေ့ရပါတယ်ဘုရား။
ဆရာ ဒီ-ပူ အေးသဘောဟာ ကျွဲလား။
တပည့် မဟုတ်ပါဘုရား။
ဆရာ မျက်စိနှင့် ကြည့်တော့ ဘာရောင်ကို မြင်ရသလဲ။
တပည့် အမဲရောင်ကို မြင်ရပါတယ်ဘုရား။
ဆရာ အမဲရောင်ကို ကျွဲခေါ်ဒါလား။
တပည့် မဟုတ်ပါဘုရား။
ဆရာ ဒုတ်နှင့်ရိုက်လိုက်ယင် ဘာပေါ်လာသလဲ။
တပည့် အသံ ပေါ်လာပါတယ်ဘုရား။
ဆရာ အသံကို ကျွဲလို့ခေါ်ဒါလား။
တပည့် မဟုတ်ပါဘုရား။
ဆရာ နှာခေါင်းနှင့် နမ်းကြည့်ယင် ဘာကိုတွေ့ရသလဲ။
တပည့် အနံ့ကိုသာ တွေ့ရပါတယ်ဘုရား။
ဆရာ အနံ့ကို ကျွဲလို့ ခေါ်ဒါလား။
တပည့် မဟုတ်ပါဘုရား။
ဆရာ လျှာနှင့်လျက်ကြည့်ယင် ဘာကိုတွေ့ရသလဲ။
တပည့် အရသာကို တွေ့ရပါတယ်ဘုရား။
ဆရာ အရသာကို ကျွဲလို့ခေါ်ဒါလား။
တပည့် မဟုတ်ပါဘုရား။
ဆရာ ဒီလိုဆိုယင် ကျွဲဆိုဒါ ရှာလို့တွေ့သလား။
တပည့် ရှာလို့ မတွေ့ပါဘုရား။
ဆရာ အဲဒီလို ရှာလို့မတွေ့ရ ပြောဆိုသူ၏ စိတ်ထဲ၌ ထင်မှူမျှသာဖြစ်သောကြောင့် ကျွဲဆိုဒါပညတ်သမ္မုတိသစ္စာဖြစ်သည်၊ ရှာလို့ တွေ့ရသော မာမှုသဘော

www.dhammaransi.com



ပူ-အေးသဘော, ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, တို့ကို ပရမတ္ထသစ္စာလို့ခေါ်တယ်ကွဲ့မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ပရမတ်က အဟုတ်ရှိ၊ ပညတ်က သမုတ်ရှိတဲ့ကွဲ့ မှတ်ထား။

တပည့် မှန်ပါဘုရား။

ဆရာ အဲဒါကြောင့် "မရှိပညတ်, ရှိပရမတ်-အတတ်သိကြစေ"လို့ ပညာရှိကြီးများ ဆိုခဲ့ဒါပေါ့။

တပည့် မှန်ပါဘုရား။

ဆရာ မောင်စိန်ရေ တနင်္ဂနွေ၊ တနင်္လာ ဆိုဒါ ပူသလား, အေးသလား။

တပည့် သဘောတရား မရှိပါဘုရား။

ဆရာ သဘောတရား မရှိယင် ပညတ်ပေါ့၊ အဟုတ်ရှိ၊ မဟုတ်ဘူးပေါ့ကွဲ့။

တပည့် မှန်ပါ ပညတ်ပါဘုရား။

ဆရာ အဲဒီ အဟုတ်ရှိ မဟုတ်တဲ့ ပညတ်တွေကို အဟုတ်ရှိ ထင်ပြီး ပြဿဒါးကို ကြောက်ရ, ရက်ရာဇာကို အားကိုးရနှင့် ပုထုဇဉ်တွေမှာ မောပြီး ဒုက္ခဖြစ်နေကြတယ်မဟုတ်သား မောင်စိန်ရဲ့။

တပည့် မှန်ပါ ဒုက္ခဖြစ်ကြပါတယ်ဘုရား။

ဆရာ ပြဿဒါးနေ့မှာ ထန်းလျက်ကို စားယင် မချိုဘူးလား။

တပည့် ချိုပါတယ်ဘုရား။

ဆရာ ကုသိုလ်လုပ်ယင် ကုသိုလ်မဖြစ်ဘူးလား။

www.dhammaransi.com



တပည့် ဖြစ်ပါတယ်ဘုရား။
ဆရာ ကုသိုလ်ကံသည် အကျိုးပေးခွင့်ရသော်လဲ ပြဿဒါးနေ့မှာ အကျိုး မပေးသေးဘဲ ဆိုင်းငံ့နေတယ်လို့ ဘုရားဟောသလား။
တပည့် မဟောပါဘုရား။
ဆရာ ဒီလိုဆိုယင် ကံကောင်း ထောက်ပံ့ နေသော သူသည် ပြဿဒါးနေ့မှာ အိမ်တိုင် ထူခြင်း ကြောင့် မကောင်းကျိုးကို ရအံ့းမှာလား။
တပည့် မရပါဘုရား။
ဆရာ ဒီလိုဆိုယင် ပြဿဒါးနေ့က ကြောက်စရာ မဟုတ်၊ အကုသိုလ်ကိုသာ ကြောက်ရမယ်မဟုတ်လား။
တပည့် မှန်ပါတယ်ဘုရား။
ဆရာ အဲဒါကြောင့် အကုသိုလ်ကို မကြောက်ဘဲ ပြဿဒါးကို ကြောက်လျှင် ဗြာဟ္မဏဘာသာ၊ ပြဿဒါးကို မကြောက် အကုသိုလ်ကို ကြောက်မှ ဗုဒ္ဓဘာသာလို့ မှတ်ကွဲ။
တပည့် မှန်ပါဘုရား။
ဆရာ ရက်ရာဇာနေ့မှာ ငြုတ်သီးစားယင် မစပ်ဘူးလား။
တပည့် စပ်ပါတယ်ဘုရား။
ဆရာ ရက်ရာဇာနေ့မှာ လုပ်သော အကုသိုလ် သည် မကောင်းကျိုးကို မပေးဘဲ နေပါ့မလား။
တပည့် မနေပါဘုရား။
ဆရာ ကံမကောင်းသောသူသည် ရက်ရာဇာနေ့မှာ အိမ်တိုင်ထူခြင်းကြောင့် ချမ်းသာပါ့မလား။

www.dhammaransi.com



တပည့် မချမ်းသာပါဘုရား။

ဆရာ မောင်စိန်တို့ရွာ အိမ်ခြေဘယ်လောက်ရှိသလဲ။

တပည့် ၁၀၀-ရှိပါတယ်ဘုရား။

ဆရာ ၎င်းအိမ်ခြေ ၁၀၀-မှာ ရက်မရွေးဘဲ ဆောက်တဲ့ အိမ် ပါရဲ့လား။

တပည့် မပါ-ပါဘုရား။

ဆရာ ရက်ရွေးပြီး ဆောက်တဲ့အိမ်တွေသည် ချမ်းသာတဲ့ အိမ်တွေချည်းဘဲလား။

တပည့် မဲ့သောအိမ်တွေသာ များပါတယ်ဘုရား။

ဆရာ ဒီလိုဆိုယင် ရက်ကောင်းတွေက ကောင်းကျိုး ပေးနိုင်သလား။

တပည့် မပေးနိုင်ပါဘုရား။

ဆရာ ရက်မရွေးဘဲ မင်္ဂလာဆောင်တဲ့ လင်မယား ရှိရဲ့ လား။

တပည့် မရှိပါဘုရား။

ဆရာ လင်မယားတိုင်း မကွဲမကွာနှင့် ချမ်းသာတာချည်း ဘဲလား။

တပည့် မဟုတ်ပါဘုရား။

ဆရာ ရက်ကောင်းတွေကို အားကိုးရဒါ အလကားပေါ့။

တပည့် အလကားပါဘုရား။

ဆရာ ဒါကြောင့် ရက်ကောင်းကိုသာ အားကိုး၍ ကုသိုလ် ကို အားမကိုးလျှင်ပြဿဟ္မဏာဘာသာ၊ ရက်ကောင်း

www.dhammaransi.com



ကို အားမကိုးဘဲ ကုသိုလ်ကို အားကိုးမှ ဗုဒ္ဓဘာသာကွဲ မှောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ဗုဒ္ဓဘာသာမိဘ အိမ်တိုင်ထူတတ်သလား။

တပည့် မထူတတ်ပါဘုရား။

ဆရာ အိမ်ဆောက်မည့် နေရာကို ရှင်းလင်းသုတ်သင်ပြီး ၎င်းနေရာမှာ သံဃာတော်များကို ပင့်ဘိတ်လျက် ရတနသုတ်, မေတ္တာသုတ်ပရိတ်ကို ရွတ်စေပြီး ထိုက်သည့် အားလျော်စွာ ကျွေးမွေး၍ အိမ်စောင့်နတ်, ရွာစောင့်နတ်တို့ကို အမျှဝေရတယ်။

တပည့် မှန်ပါဘုရား။

ဆရာ ဗုဒ္ဓဘာသာပမိပ ခရီးသွားတတ်ရဲ့လား။

တပည့် မသွားတတ်ပါဘုရား။

ဆရာ လူကြီး,မိဘကို ကန်တော့ပြီး မိမိသွားမည့် အရပ်က သတ္တဝါတွေအပေါ်မှာ မေတ္တာပွါးပြီး သွားရတယ်၊ ရှေးတုန်းက ပညာရှိများ ခရီး သွားပုံကို ပြောအုံးမယ် နားထောင်။

တပည့် မှန်ပါဘုရား။

ဆရာ ငါတို့ ဘုရားအလောင်းသည် နှစ်ဥ်က ဗာရာဏသီပြည်ဗြဟ္မဒတ် မင်းကြီး၏ သားပေါင်းတထောင်တို့တွင် အငယ်ဆုံးသား ဖြစ်သတဲ့.....။ အဲဒီဘုရားလောင်းသည် ပညာစုံတဲ့ အရွယ်ရောက်တော့ စဉ်း

www.dhammaransi.com



စားတယ်၊ ဘယ်လိုစဉ်းစားသလဲဆိုတော့ ဒီညီအစ်ကို တထောင်ထဲမှာ ငါသည် အငယ်ဆုံး ဖြစ်တယ် အစဉ်အတိုင်းသာနန်းစံကြလျှင်ငါ့အလှည့်မကြွခင်ဘဲငါအိုတော့မှာဘဲ၊သို့အတွက်နက်ဖြန်ခါ ပစ္စေကဗုဒ္ဓါများ ကြွလာလျှင် မေးအုံး မှာဘဲဟု ကြံစည်လျက် ပစ္စေကဗုဒ္ဓါတို့အလာကို နေရာများ ခင်းပြီး စောင့်နေသတဲ့၊ ဒါနဲ့ အချိန်ကျလို့ ကိုယ်တော်တွေ ကြွလာတဲ့အခါ ကိုယ်တိုင်ခြေများကို ဆေးကိုယ်တိုင် သုတ်ပြီး ကိုယ်တိုင် ဆွမ်းကပ် သတဲ့ ဆွမ်းစားပြီးသောအခါ ဘုရားလောင်းက ပစ္စေကဗုဒ္ဓါများကို လျှောက်ထားတယ်။

လျှောက်ထားပုံကတော့- "အရှင်ဘုရားတို့ တပည့်တော်သည် ရှင်ဘုရင်ဖြစ်ရမည့် ကုသိုလ်ကံ ပါသည် မပါသည်ကို ဒိဗ္ဗစက္ခုဖြင့် ရှုတော်မူကြပါဘုရား" လို့ လျှောက်ထားသတဲ့ ပစ္စေကဗုဒ္ဓါများကလဲ ဘုရားလောင်း လျှောက်သည့်အတိုင်း ကြည့်ရှုဆင်ခြင်၍ ရှင်ဘုရင်ဖြစ်ဘို့ ကံပါသည်ကို မြင်သဖြင့် ပါကြောင်းကို ပြောကြားသတဲ့၊ ဒီတော့ ဘုရားလောင်းက "ကံပါတာဟုတ်ပြီ ဒီတိုင်းပြည်မှာဘဲ ဖြစ်ရမည်လား၊တခြားပြည်မှာဘဲဖြစ်ရမည်လား ဆိုဒါကို ကြည့်တော်မူကြပါအုံး" လို့ တောင်းပန်ပြန်တော့ တက္ကသိုလ်ပြည်၌ ဖြစ်ရမှာကို မြင်၍ မြင်သည့်အတိုင်း ပြောကြသတဲ့ "ဒီလိုဆိုလျှင် တပည့်တော်သွားလိုပါသည်၊လမ်းညွှန်တော်မူကြပါ" လို့ လျှောက်သတဲ့။

ဒါနဲ့ ပစ္စေကဗုဒ္ဓါများက "မင်းသား....ဗာရာဏသီမှ တက္ကသိုလ်ပြည်သို့ ယူဇနာ တရာ့ရှစ်ဆယ်ဝေးတယ်၊ လမ်း

www.dhammaransi.com



ခရီးအကြားဝယ် ဘီလူးစောင့်သော တောအုပ်ကြီးသည်ရှိ၏ ၎င်းတောအုပ်၌ ဘီလူးတို့သည် လာသမျှသော လူတို့ကို အာရုံ ငါးပါးဖြင့် ဖြားယောင်းပြီး စားကြကုန်၏၊ ထိုတောအုပ်ကို ကွင်း၍သွားလျှင် ယူဇနာတရာရှိ၍ အဖြောင့်သွားလျှင် ယူဇနာ ငါးဆယ်ရှိ၏၊ ဘီလူးမတို့၏ အာရုံငါးပါးကို အရေးမစိုက်ဘဲ သွားနိုင်သည်ရှိသော် ယခုနေ့မှ ခုနှစ်ရက် မြောက်သောနေ့၌ တက္ကသိုလ်ပြည်၌ မင်းဖြစ်လတ္တံ့" ဟု ပြောကြသတဲ့၊ ဒါနဲ့ မင်းသားသည် ပစ္စေက ဗုဒ္ဓါတို့ကို ပရိတ်ရွတ်စေလျက် ပရိတ်ရေ ပရိတ်ချည်, ပရိတ်ပန်း, ပရိတ်သဲတို့ကို ယူ၍ အမိအဘာ ၂- ပါး တို့အား ကောင်းမွန်စွာ ကန်တော့ပြီးလျှင် ဘီလူးစောင့်သော တောကြီးကို ဖြတ်၍သွားသတဲ့။

ဘီလူးတွေကလဲ ရွာကို ဖန်ဆင်းလျက် ရူပါရုံဖြင့်၎င်း, သဒ္ဒါ ရုံဖြင့်၎င်း, ဂန္ဓာရုံဖြင့်၎င်း, ရသာရုံဖြင့်၎င်း, ဖေါဋ္ဌဗ္ဗာရုံဖြင့်၎င်း, ဖြားယောင်းကြသတဲ့၊ ဘုရားလောင်း၏ နောက်က ပါခဲ့သော လူငါးယောက်လဲ အာရုံဒဏ် မခံနိုင်၍ ဘီလူးစာ ဖြစ်ကုန်ကြရ တယ်တဲ့၊ ဘုရားလောင်းကတော့ ဘယ်အာရုံကိုမျှ ဂရုမပြုဘဲ သွားမြဲ သွားဒါဘဲတဲ့၊ ဒါနဲ့ ဘီလူးမတယောက်က ဒီလူသည် ထက်သော ပညာရှိ၏၊ သင့်အသားကို စားပြီးမှ ငါပြန်မည်ဟု ကြံစည်လျက် အမျိုဟန်ဖြင့်၎င်း, ကိုယ်ဝန်ဆောင်မ ဟန်ဖြင့်၎င်း သားတယောက် အမေဟန်ဖြင့်၎င်း အမျိုးမျိုးသော ဟန်ဖြင့် လိုက်သတဲ့၊ ဘုရားလောင်းသည်လည်း ညအိပ်လျှင် ပရိတ်ချည် ကို ကာဝိုင်းလျက်, ပရိတ်ရေကိုသောက်လျက်, ပရိတ်ပန်းကို

www.dhammaransi.com



ပန်လျက်, ပရိတ်သဲကို လက်ဖြင့်ကိုင်လျက် အိပ်သတဲ့၊ ဘိလူးမသည် အနားသို့မကပ်နိုင်။

ဤနည်းဖြင့် ဘုရားလောင်းက ရှေ့က ဘီလူးက နောက်မှလိုက်ကာသွားကြလေရာမြင်သမျှလူအပေါင်းကဘုရားလောင်းကို "အမောင်.... မိဘကိုစွန့်လျက်လင့်မျက်နှာကိုတရွာထင်ကာလိုက်ခဲ့သော မိန်းမအား မပင်ပန်းရအောင် ဖြေးဖြေး ဆိုင်း၍သွားပါလော့" ဟု ပြောကြသတဲ့၊ ဒီတော့ ဘုရားလောင်းက "ကျုပ်မယားမဟုတ်ပါဘူး၊ဘီလူးမပါ" လို့ ပြောသတဲ့ဘီလူးမကလည်း "သူတို့ယောကျ်ားများ စိတ်ဆိုးလျှင် ဘီလူးမ လို့ဆိုလိုဆို့, ခွေးမလို့ ဆဲလိုဆဲ, ပြိတ္တာမလို့ ပြောလိုပြော၊ ဒါဟာယောကျ်ားတို့ ထုံးစံဘဲ" လို့ ပြောသတဲ့။

ဒီလိုနဲ့ဘဲ တက္ကသိုလ်ပြည်သို့ ရောက်တော့ ဘုရားလောင်းသည် စရပ်မှာ ဝင်ပြီးထိုင်သတဲ့၊ ဘီလူးမကတော့ ဘုရားလောင်း၏ တန်ခိုးကြောင့် မဝင်နိုင်ဘဲ တခါးဝမှာ နေရသတဲ့။

ဒီအချိန်မှာဘုရင်ကြီးကလဲ ဆင်စီးပြီး မြို့ကိုပတ်ကြည့်တယ်ဆိုကိုးကွဲ၊ ဒါနဲ့ နတ်သမီးနှင့်တူအောင် ဖန်ဆင်းထားသောဘီလူးမကို မြင်ရတော့ "စက္ခုရူပေန သံဝါသာ ရာဂပုတ္တ ဝိဇာယတိ" ဟု ဆိုသည့်အတိုင်း ရာဂသားကလေးဖွါးလာ၍ သားငိုမခံနိုင်သော မင်းကြီးမှာ ၎င်းအမျိုးသမီးကလေးကို လင်ရှိ မရှိ အမေးခိုင်းပါရောတဲ့ကွဲ၊ ဒါနဲ့ ဘီလူးမက "ဟိုက ယောကျ်ားသည် ကျွန်မ လင်ပါ" လို့ ပြောသတဲ့၊ ဒီတော့ ဘုရားလောင်းက "မဟုတ်ပါဘူးဗျာဘီလူးမကြီးပါ၊ကျွန်တော်၏ လူငါးယောက်ကိုတောင် စားပြီးပါပြီ" လို့ ပြောလိုက်သတဲ့၊ အမတ်ကြီးလည်း

www.dhammaransi.com



ထိုသူ—နှစ်ယောက်လုံး၏ စကားကို မင်းကြီးအား သံတော်ဦး တင်သတဲ့၊ ဒီတော့မင်းကြီးက "အရှင်မရှိ မင်းဘဏ္ဍာ" ဆိုသည့် အတိုင်း လင်မရှိယင်လဲ ငါ့ဥစ္စာ ပေါ့ကွာ၊ သွားခေါ်ချေကြလို့ ဆိုပြီး ဆင်ပေါ်တင်ကာ သွားပါရောတဲ့ကွဲ့။

ဒါနဲ့ ညအိပ်ရာဝင်ခါနီးအချိန်ကြတော့ မိန်းမကမာယာနဲ့ ငိုရောတဲ့၊ သူ့မှာတော့ တကောင်ကြွက် တမျက်နှာ သူများ မိဖုရားတွေမှာတော့ ဆွေနဲ့ မျိုးနဲ့ မျက်နှာကြီးတယ်၊ ဒီနန်းတော် တွင်းရှိလူတွေကို သူ့အားမအပ်လျှင် နန်းတော်ထဲမှာ မနေရဲပါ ဘူးလို့ ဘီလူးမက မူရာမာယာတွေ ပေါ်တော့ ဘိုးချောမင်း ခမျာလဲ အရေးကြီးတဲ့အခါမို့ အလိုလိုက်ရပါရောတဲ့ကွဲ့၊ ဒါနဲ့ ဘီလူးမလဲ သူပိုင်ပြီမို့ မင်းအား ကိလေသာဖြင့် နှစ်သိမ့်စေ လျက် အားလုံး အိပ်ပျော်ကြသောအခါ မင်းမိဖုရားနှင့် တကွ၊ တနန်းတော်လုံးစားပြီး အရိုးပုံဖြစ်စေလျက် ပြန်သွားသတဲ့ ဒါနဲ့ မနက်မိုးလင်း၍ တံခါးဖွင့်ချိန် ရောက်လျက် မဖွင့်သော ကြောင့် အတင်းဖွင့်ပြီး ကြည့်ကြသောအခါ အရိုးပုံကြီးကို မြင်ကြသဖြင့် မင်းကြီးမနေ့က ယူသော မိန်းမသည် စရပ်မှ လူကလေး ပြောသည့်အတိုင်း ဘီလူးမ အစစ်ဘဲဟု သိကြ၍ ဘုရားလောင်းအား မင်းအဖြစ် ဘိသိက် သွန်းကြသတဲ့၊ ကဲ ဒီဝတ္ထုမှာ ကြည့်စမ်းကွဲ့ မောင်စိန်ရဲ့၊ ဘုရားလောင်းသည် ခရီး သွားခါနီးမှာ ရက်မရွေးပါဘူးကွဲ့ လူကြီးမိဘတို့ကိုသာ ကန် တော့ပြီး သွားဒါမဟုတ်လား။

တပည့် မှန်ပါဘုရား။

ဆရာ အဲဒါကြောင့်.....

www.dhammaransi.com



**အဘိဝါဒန သီလိဿ၊ နိစ္စံ ဝုဍ္ဎာ ပစာယိနော၊**

**စတ္တာရော ဓမ္မာဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။**

အနက်ကတော့— အဘိဝါဒနသီလိဿ— ကာယဝစီ မနော ချိုလျက် အဥ္စလိဂါရဝ ပဏာမဖြင့် ရှိခိုးထိုက်ငြား ပုဂ္ဂိုလ်တို့ အား အမြဲမပြတ် ရှိခိုးတတ်သော အလေ့ဝါသနာရှိကာနေထ သော၊ နိစ္စံ-ဘယ်ခါမဆိုင်း အချိန်တိုင်းပင်၊ ဝုဍ္ဎာပစာယိနော ဂုဏဝုဍ္ဎိ ဝယဝုဍ္ဎိစရှိထွေပြား ပုဂ္ဂိုလ်များ၏ဝတ်ကြီး ဝတ်ငယ် အသွယ်သွယ်ကို မဖယ်မလွဲ တကယ်ဘဲ ပြုလေ့ ရှိထသော တဿ—ထို လိမ္မာပြေ့ပျောင်း ဖေါ့ဖယောင်းကဲ့သို့သော သူ တော်ကောင်းအား၊ အာယုစ- ဆတက်ထမ်းပိုး အသက်တိုး၍ ရှည်ရခြင်းငှင်း၊ ဝဏ္ဏောစ— ကိုယ်ရောင် အဆင်း ပွင့်လင်း တောက်ပခြင်းငှင်း သုခဥ္စ- ကာယသုခ စိတ္တသုခ ထိုနှစ်ဝနှင့် ပြည့်စုံရခြင်းငှင်း၊ ဗလဥ္စ-ကာယ ဉာဏ စသည်ထွေပြား အား အစားစားနှင့် ပြည့်စုံရခြင်းငှင်း၊ ဣတိ-ဤသို့၊ စတ္တာရောဓမ္မာ လေးပါးသော အကျိုးထူး တရားတို့သည်၊ အဘိဝဍ္ဎန္တိ- တနေ့ တခြားတက်နေလားကဲ့သို့ တိုးပွားစည်ပင်ကြလေကုန်သတည်း မြတ်စွာဘုရားကလဲ့ ဒီလိုသာ ဟောတော်မူတယ် မောင်စိန်ရဲ့။ တပည့် မှန်ပါဘုရား။

ဆရာ ဗေဒင်အတိုင်းသာ သတ္တဝါတွေ ဖြစ်ကြရယင်.... သိဒ္ဓတ္ထမင်းသား ဖွါးမြင်သောအခါ ဖွါးဘက်တော် ခုနှစ်ယောက်လဲ တချိန်တည်း မွေးဖွါးကြတယ်၊ ဖွါး ဘက်တော်တို့၏ ဇာတာခွင်နှင့် သိဒ္ဓတ္ထမင်းသား၏

www.dhammaransi.com



ဇာတာခွင်သည် အတူတူဘဲ၊ သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်လျှင် ဖွါးဘက်တော်တွေလဲ ဖြစ်သင့်တယ်၊ အခုတော့ သတ္တဝါတွေ ဖြစ်ကြရဒါက ဗေဒင်၏ ဇာတာခွင် အတိုင်းမဟုတ်၊ ကံကြမ္မာအတိုင်းသာ ဖြစ်ကြရသောကြောင့် သိဒ္ဓတ္ထမင်းသားက ဘုရားဖြစ်, ကာဠုဒါယီတို့က ရဟန္တာဖြစ်ကြရတယ်မဟုတ်လား။

တပည့် မှန်ပါတယ်ဘုရား။

ဆရာ အဲဒါကြောင့် ဗေဒင် အခေါ် ဖြစ်သော ပြဿဒါးရက်ရာဇာ ရှမ်းရက် တာနေ့ရက် ဝါရမိတ္တု ကမ္ဘာပျက်ရက်တို့သည် ပညတ်တွေဟုမှတ်၊ ကောင်းကျိုးဆိုးကျိုးမပေးနိုင်၊ အခုလိုပြောရဒါ ဗေဒင်ဆရာတွေကို ထမင်းအိုးခွဲဒါ မဟုတ်ဘူးကွဲ့၊ ပညတ်စွဲ ကွာအောင် ခွါရဒါဘဲဟဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အေး..... ပညတ်တွေ အတော်လေး စုံအောင် ပြောအုံးမကွဲ့။ ပညတ်စင်မှ ပရမတ်ကို မြင်မှာ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ မောင်စိန်ဆိုတဲ့ လူနာမည်ကို နာမပညတ်လို့ ခေါ်တယ်။ ယောကျ်ား, မိန်းမဆိုဒါကို ပုဂ္ဂလပညတ်လို့ခေါ်တယ်။ လူ- နတ်- ဗြဟ္မာ စသည်ကို သတ္တ

www.dhammaransi.com



ပညတ်လို့ ခေါ်တယ်၊ မြေ-တောင် စသော နံမည်သည် မိုမောက်သော သဏ္ဍာန်ကို စွဲ၍ဖြစ်သော ကြောင့် သဏ္ဍာနပညတ်လို့ ခေါ်တယ်။ အိမ်-လှည်း ရထား စသော နံမည်သည် သစ်သား အဆောက်အဦးတို့၏ အပေါင်းကိုစွဲ၍ ခေါ်ထားသော ကြောင့် သမူဟပညတ်လို့ ခေါ်တယ်၊ လ, နေ, တို့၏ မြင်းမိုရ်တောင်ကို လှည့်ပတ်ပြီးသွားလာပုံ အခြင်းအရာကို စွဲ၍ခေါ်ထားသော အရှေ့ အနောက်, တောင်, မြောက်စသော နံမည်ကို ဒိသာ ပညတ်လို့ ခေါ်တယ်။ နံနက်, နေ့လယ်, ညနေ စသော နံမည်သည် အချိန်ကိုစွဲ၍ ခေါ်ထားသောကြောင့် ကာလ ပညတ်လို့ ခေါ်တယ်၊ မတွေ့ထိကောင်းသော အခြင်းအရာကို စွဲ၍ခေါ်ထားသော တွင်း, လိုဏ်ဂူ စသော နံမည်ကို အာကာသ ပညတ်လို့ ခေါ်တယ်၊ သမထထိုင်တဲ့ အခါ ဖြစ်ပေါ်လာသော ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်တို့ကို နိမိတ္တပညတ်လို့ ခေါ်တယ်။ အဲဒီ ပြောခဲ့သော ပညတ် မှန်သမျှသည် "အဟုတ်ရှိမဟုတ်၊ သမုတ်ရှိသာ" ဖြစ်တယ်။ လောကမှာ စကားပြောရုံ မျှသာ ခေါ်ထားသော သင်္ကေတ တွေဘဲလို့ မှတ်ကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ယခုပြောမှာက အဟုတ်ရှိကိုပြောမယ်၊ လောကမှာ တကယ်ရှိ အဟုတ်ရှိသော တရားသည် စိတ်, စေတ

www.dhammaransi.com



သိက်, ရုပ်, နိဗ္ဗာန် ခေါ်သော ပရမတ္ထသစ္စာသာ ဖြစ်တယ် ဆိုဒါ အစတုန်းက ပြောခဲ့ပြီးပြီ၊ ကဲ အကောင်အထည်ဖေါ်ကြစို့။

တပည့် ဖေါ်ပါဘုရား။

ဆရာ မောင်စိန်၏ မျက်စိနှင့် ရူပါရုံ တိုက်ဆိုင်မိတဲ့အခါ မြင်မှု ဖြစ်ပေါ်၍မလာဘူးလား။

တပည့် ဖြစ်လာပါတယ်ဘုရား။

ဆရာ အဲဒီမြင်မှုကို စက္ခုဝိညာဉ် ခေါ်သော စိတ်ပရမတ်လို့ မြတ်စွာဘုရားက ဟောတော်မူတယ်။ အဲဒီ မြင်မှုခေါ် စိတ်ပရမတ်သည် အထင် အရှား မရှိပါလား။

တပည့် ရှိပါတယ်ဘုရား။

ဆရာ နားနှင့်အသံ ထိခိုက်တဲ့အခါ ကြားမှု ဖြစ်ပေါ်၍ မလာဘူးလား။

တပည့် လာပါတယ်ဘုရား။

ဆရာ အဲဒီကြားမှုကို သောတ ဝိညာဉ်လို့ မြတ်စွာဘုရားက ဟောတော်မူတယ်။ ဒီကြားမှုခေါ်သော သောတဝိညာဉ်စိတ် ပရမတ်သည် အထင်အရှား မရှိပါလား။

တပည့် ရှိပါတယ်ဘုရား။

ဆရာ နှာခေါင်းနှင့် အနံ့ ထိခိုက်တဲ့အခါ နံမှုဖြစ်ပေါ်၍ မလာဘူးလား။

တပည့် ဖြစ်လာပါတယ်ဘုရား။

www.dhammaransi.com



ဆရာ — အဲဒီ….နံမှုကို ဃာနဝိညာဉ်စိတ်လို့ ဟောတော်မူတယ်။ ဒီနံမှုခေါ်သော ဃာနဝိညာဉ် စိတ်ပရမတ်သည် အထင်အရှားမရှိပါလား။

တပည့် — ရှိပါတယ်ဘုရား။

ဆရာ — လျှာနှင့် အရသာ ထိခိုက်တဲ့အခါ ချို-ချဉ်-ဖန်—ခါး သိမှုကို ဖြစ်ပေါ်၍ မလာပါလား။

တပည့် — ဖြစ်လာပါတယ်ဘုရား။

ဆရာ — အဲဒီသိမှုကို ဇိဝှာဝိညာဉ်စိတ်လို့ ဟောတော်မူတယ်၊ ဒီလျက်သိ စိတ်ပမတ်သည် အထင်အရှား မရှိပါလား။

တပည့် — ရှိပါတယ်ဘုရား။

ဆရာ — ကိုယ်ကာယနှင့် ဖေါဋ္ဌဗ္ဗရုံတို့ ထိခိုက်တဲ့ အခါ ပူမှန်း အေးမှန်း, နူးမှန်း ကြမ်းမှန်းကို သိမှုဖြစ်ပေါ်၍ မလာဘူးလား။

တပည့် — ဖြစ်လာပါတယ်ဘုရား။

ဆရာ — အဲဒီသိမှုကို ကာယဝိညာဉ်စိတ်လို့ ဘုရားက ဟောတော်မူတယ်။ ဒီစိတ်ပရမတ်သည် အထင်အရှား မရှိပါလား။

တပည့် — ရှိပါတယ်ဘုရား။

ဆရာ — မနောအကြည်နှင့် ဓမ္မာရုံ ပေါင်းဆုံမိတဲ့အခါ တွေးတောကြံစည်မှု ဖြစ်မလာဘူးလား။

တပည့် — ဖြစ်လာပါတယ်ဘုရား။

www.dhammaransi.com



ဆရာ အဲဒီ တွေးတောကြံစည်မှုကို မနောဝိညာဉ်စိတ်လို့ ဟောတော်မူတယ်၊ ဒီမနောဝိညာဉ် စိတ်ပရမတ် သည် အထင်အရှားမရှိပါလား။

တပည့် ရှိပါတယ်ဘုရား။

ဆရာ ယခုပြောခဲ့ပြီးဒါက စိတ်ပရမတ်ဖြစ်တယ်။ စေတသိက် ပရမတ်ကို ပြောအုံးမယ်၊ နားထောင်ကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဟောတော်ပါဘုရား။

ဆရာ စက္ခုဝိညာဉ်ခေါ် မြင်စိတ်သည် တင့်တယ်ကောင်း မြတ်သော ရူပါရုံကို မြင်တဲ့အခါ သဘောကျမှု ဖြစ်မလာပါလား။

တပည့် ဖြစ်ပါတယ်ဘုရား။

ဆရာ အဲဒီ သဘောကျမှုကို သောမနဿ ဝေဒနာ စေတ သိက်လို့ခေါ်တယ်။ ဘာကြောင့် စေတသိက်လို့ ခေါ်သလဲဆိုတော့ မြင်စိတ်ဖြစ်မှ သူဖြစ်နိုင်တယ်၊ မြင်စိတ်မဖြစ်ယင် သူမဖြစ်နိုင်ဘူး။ စိတ်ကို မှီပြီးဖြစ် ရတယ်။ ဒါကြောင့် 'စေတသိ နိယုတ္တံ စေတသိကံ' လို့ ဆိုသည့်အတိုင်း စေတသိက်ဟု ဆိုရသည်။ ဒီ ဝေဒနာ စေတသိက်သည် အထင်အရှားမရှိပါလား။

တပည့် ရှိပါတယ်ဘုရား။

ဆရာ မြင်စိတ်သည် မကောင်းသော ရူပါရုံကို မြင်တဲ့အခါ သဘောမကျမှု ဖြစ်မလာဘူးလား။

တပည့် ဖြစ်လာပါတယ်ဘုရား။

www.dhammaransi.com



ဆရာ အဲဒီ သဘောမကျမှုကို ဒေါမနဿဝေဒနာ စေတသိက်လို့ ခေါ်တယ်။ သူကော အထင်အရှား မရှိဘူးလား။

တပည့် ရှိပါတယ်ဘုရား။

ဆရာ မြင်စိတ်သည် ရူပါရုံကို မြင်တဲ့အခါ အဖြူ, အနီ, အဝါစသည်ကို မှတ်သားမှုဖြစ်မလာဘူးလား။

တပည့် ဖြစ်ပါတယ်ဘုရား။

ဆရာ အဲဒီ မှတ်သားမှုကို သညာစေတသိက်လို့ ခေါ်တယ် သူကော အထင်အရှား မရှိပါလား။

တပည့် ရှိတယ်ဘုရား။

ဆရာ မြင်စိတ်သည် တင့်တယ်သော ရူပါရုံကို မြင်တဲ့အခါ ခိုးချင်သော အကုသိုလ်စေတနာ၊ သို့မဟုတ် ဘုရားကို လှူလိုသော ကုသိုလ် စေတနာ ဖြစ်မလာဘူးလား။

တပည့် ဖြစ်လာပါတယ်ဘုရား။

ဆရာ အဲဒီ အဆိုးဘက်ကိုပြုလိုမှု, အကောင်းကို ပြုလိုမှုကို စေတနာ စေတသိက်လို့ခေါ်တယ်၊ သူကော အထင်အရှား မရှိပါလား။

တပည့် ရှိပါတယ်ဘုရား။

ဆရာ ယခု ပြောခဲ့ဒါက စေတသိက် ပရမတ် ဖြစ်တယ်။ ရုပ်ပရမတ်ကို ပြောကြအုံးစို့ကွဲ့ မောင်စိန်ရဲ့။

တပည့် ပြောတော်မူပါဘုရား။

www.dhammaransi.com



ဆရာ ခန္ဓာကိုယ်မှာ တကယ်ရှာလျှင် တကယ်တွေ့ရဒါက မာသဘော နူးသဘော၊ ပူသဘော- အေးသဘော တွန်းကန်သဘော လှုပ်ရှားသဘော၊ ဖွဲ့စည်းသဘော ယိုစီးသဘော၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ စသည်တို့ဘဲ ဖြစ်တယ်မဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ မြေကြီးမှာရှိသော ပထဝီ မာသဘောသည် ရေနှင့် ထိယင် ရွှံ့ဖြစ်ပြီး နူးသဘောသို့ဖေါက်ပြန်၍မသွားပါလား။

တပည့် သွားပါတယ်ဘုရား။

ဆရာ တခါ အဲဒီ ရွှံ့တွေဟာ နေပူပြန်တော့ ခြောက်ပြီး မာ သဘောသို့ တဖန်ပြန်၍ မဖေါက်ပြန်လား။

တပည့် ဖေါက်ပြန်တယ်ဘုရား။

ဆရာ မင်းတို့ငါတို့ ခန္ဓာမှာရှိသော မာသဘောသည်လည်း နွေရာသီရောက်၍ အပူနှင့် တွေ့သောအခါ ချွေးထွက်ပြီး အသားအရေ နူးညံ့ခြင်းသို့ ရောက်မလာပါလား။

တပည့် ရောက်ပါတယ်ဘုရား။

ဆရာ တခါ အဲဒီ နူးညံ့သော အသားအရေ တို့သည် ဆောင်းရာသီရောက်၍ အအေးနှင့် တွေ့ပြန်သောအခါ အသားတွေ ပပ်ကြားကွဲလျက် ကြမ်းထမ်းခက်မာခြင်းသို့ တဖန်ပြန်၍ မဖေါက်ပြန်ပါလား။

တပည့် ဖေါက်ပြန်ပါတယ်ဘုရား။

www.dhammaransi.com



ဆရာ ခန္ဓာကိုယ်မှာရှိသော တေဇော ပရမတ်ကလဲ နွေ ရာသီရောက်လိုက် ချွေးထွက်၍ အေးလိုက်, ဆောင်း ရာသီရောကလို့ ချွေးပိတ်၍ ပူလိုက်နှင့် ဖေါက် ပြန်၍မနေပါလား။

တပည့် ဖေါက်ပြန်တယ်ဘုရား။

ဆရာ ဝါယောပရမတ်ကလဲ ငြိမ်နေသောအခါ ထောက် ခံဝါယောဖြစ်၍ ထကြွသောအခါ လှုပ်ရှားဝါ ယောဖြစ်ကာ ဖေါက်ပြန်၍မနေပါလား။

တပည့် ဖေါက်ပြန်ပါတယ်ဘုရား။

ဆရာ အာပေါပရမတ်ကလဲ အပူနှင့်တွေ့ယင် ချွေးထွက် ကာ ယိုစီးအာပေါဖြစ်၍ အအေးနှင့် တွေ့သော အခါ ချွေးပိတ်ပြီး ဖွဲ့စည်းအာပေါအဖြစ်သို့ ဖေါက် ပြန်မသွားပါလား။

တပည့် ဖေါက်ပြန်ပါတယ်ဘုရား။

ဆရာ စက္ခုပသာဒကလဲ အပူနှင့် တွေ့ယင် မျက်စိတွေနီ မလာဘူးလား။

တပည့် နီလာပါတယ်ဘုရား။

ဆရာ အေးမြသော မျက်စဉ်းခတ်လိုက်တော့ တဖန် ပြန်၍ ဖြူမလာပါလား။

တပည့် ဖြူပါတယ်ဘုရား။

ဆရာ အဲဒီလို အအေးနှင့်တွေ့ယင် တမျိုး, အပူနှင့်ကြုံရင် တဖုံ ဖေါက်ပြန်သောကြောင့် ရုပ်လို့ ခေါ်တယ်

www.dhammaransi.com



မြတ်စွာဘုရားကလည်း "သီတေနပိ ရုပ္ပတိ၊ ဥဏှေနပိ ရုပ္ပတိ" လို့ ဟောတော်မူတယ်ကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ယခုပြောခဲ့သော ဖေါက်ပြန်တတ်သည့် သဘောတရားတွေဟာ ခန္ဓာမှာ အထင်အရှား မရှိပါလား။

တပည့် ရှိပါတယ်ဘုရား။

ဆရာ ခန္ဓာကိုယ်မှာ တကယ်ရှာရင် တကယ်တွေ့ရဒါက ဒီစိတ်, စေတသိက်, ရုပ် ပရမတ်တွေဘဲ ရှိတယ်။ အဲဒီ ပရမတ်ကိုမြင်ရင် ပညတ်ကွဲတွေကွာယင် ဒီ ပုဂ္ဂိုလ်ကို ကလျာဏ ပုထုဇဉ်လို့ ဆိုတယ်။ မိမိ ကိုယ်ကို ပညတ် ကွာ, မကွာ ဘယ်လို သိရသလဲဆို တော့ ပြဿဒါးကို ကြောက်ရသေးသလား, ရက်ရာဇာကို အားကိုးသေးသလား ဆိုဒါကို ဆင်ခြင်ကြည့်ရမယ်။ အကုသိုလ်ကို ကြောက်ရဲ့လား, ကုသိုလ်ကို အားကိုးရဲ့လား ဆိုဒါကို ဆင်ခြင်ကြည့်ရမယ်။ တနင်္ဂနွေ, တနင်းလာ ဆိုဒါကို ပါးစပ်က သမ္မုတိ သစ္စာအတိုင်း ပြောရုံသာ ပြော၍ အနှစ်သာရအားဖြင့် မထင်ယင် ကုသိုလ် ကိုသာ အားထား၍ အကုသိုလ် ကြောက်ယင် ငါတော့ ပညတ်ကွဲ ကွာပြီဟု ဆုံးဖြတ်လိုက်၊ အန္ဓပုထုဇဉ် ဘ၀မှ ကလျာဏ ပုထုဇဉ် ဖြစ်ခဲ့ပြီ။ မဟာသောတပန်ဖြစ်အောင် ကြိုးစားဘို့သာ လိုတော့တယ်ဟု အားတက်ကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

www.dhammaransi.com



ဆရာ မောင်စိန်ရေ…နိဗ္ဗာန်ပရမတ်ကို ပြောသို့ ကျန်သေးတယ်မဟုတ်လား။

တပည့် မှန်ပါ ကျန်ပါသေးတယ်ဘုရား။

ဆရာ နိဗ္ဗာန် ပရမတ်ကို အလွတ်ပြောလို့ မရဘူး၊ ကြေးပလားမှာရှိတဲ့ အရောင်ကိုကြေးညှိတွေကို ပြောင်အောင်မတိုက်ဘဲ တွေ့နိုင်ပါ့မလား။

တပည့် မတွေ့ရပါဘုရား။

ဆရာ အဲဒီလိုပေါ့…. နိဗ္ဗာန်ကို မမြင်ရအောင် ဖုံးကွယ်ထားသော ကိလေသာ ကြေးညှော်တွေကို ပြောင်အောင် ပွတ်နိုင်မှ မြင်မှာကွဲ။ အဲဒီ ကိလေသာကြေးညှော်တွေ ပြောင်ဘို့ကလဲ အရိယသစ္စာ ၄—ပါးမြင်အောင် ဟောပြောမှ ကိလေသာ ကြေးညှော် ပြောင်မှာကွဲ၊ ဒါကြောင့် နိဗ္ဗာန် ပရမတ်ကို မပြသေးဘဲ အရိယသစ္စာ ၄—ပါးကို ပြကြအုံးစို့ကွဲ မောင်စိန်ရဲ့၊ မြတ်စွာဘုရားကလဲ အောက်ပါအတိုင်း ဟောတော်မူတယ်၊ ဟောပုံက ဒီလိုတဲ့ …။

**စတုန္နံ အရိယသစ္စာနံ ယထာဘူတံ အဒဿနာ၊**
**သံသရိတံ ဒီဃမဒ္ဓါနံ တာသုတာသွေဝ ဇာတိသု။**

ဘိက္ခဝေ— သံသရာဘေး လာမည့်ရေးကို မြော်တွေးကြောက်ငြား အိုချစ်သားတို့၊ စတုန္နံ—သချေ်ာအားဖြင့် ၄-မျိုး ၄-စားရှိကုန်သော၊ အရိယသစ္စာနံ-သဘောအားဖြင့် မဖေါက်မပြန် အမှန်ဝင်စစ် အနှစ်ဓမ္မသာရမြတ်တော ဆိုအပ်ပေငြား အရိ

www.dhammaransi.com



ယသစ္စာတရားတို့ကို၊ ယထာဘူတံ—အကြောင်းက ဘယ်အမျိုး အကျိုးကဘယ်အနေဟု အခြေပါပါ ပညာဉာဏ်ဖြင့် ဟုတ်မှန်သော အတိုင်း၊ အဒဿနာ အဝိဇ္ဇာမှောင်ပိတ်ဖုံးသဖြင့်လုံးလုံးကြီးအမှန်မပေါ်အောင် ဉာဏ်ချော်၍ နေကြကုန်သောကြောင့် သတ္တာ-သူရောင်ပါပါ သတ္တဝါအနန္တ မှန်သမျှတို့သည်၊ တာသုတာသေ့ဝ ဇာတိသု- ထိုထိုများစွာ ဘဝသံသရာတို့၌၊ ဒီဃမဒ္ဒါနံ- ရှည်မြင့်စွာသော ကာလပတ်လုံး၊ သံသရိတံ သံသရိံ-ကျင်လည် ပြေးသွား မျောပါးနစ်မွန်းကာ နေခဲ့ကြရလေပြီတကား။

အဓိပ္ပါယ်ကတော့ -အရိယသစ္စာ ၄- ပါးကို မသိကြသောကြောင့် နိဗ္ဗာန်ကိုမရဘဲ သံသရာထဲမှာကျင်လည်ပြီး နေကြရဒါလို့ဆိုတယ်။ သို့အတွက် အရိယသစ္စာ ၄-ပါးကို ပြကြစို့လား မောင်စိန်ရဲ့။

တပည့် မှန်ပါ ပြတော်မူပါဘုရား။

ဆရာ အရိယသစ္စာဆိုဒါက ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ အဲဒီ ၄-ပါးကို ခေါ်တယ်။ ၎င်းသစ္စာ ၄- ပါးသရုပ်ကို သိဒါက သစ္စာဉာဏ် ခေါ်တယ်၊ ဒုက္ခသစ္စာက ပိုင်းခြား၍သိရမည့် သစ္စာ၊ သမုဒယ သစ္စာက ပယ်ရမည့်သစ္စာ၊ နိရောဓသစ္စာ၊ က မျက်မှောက်ပြုရမည့် သစ္စာ၊ မဂ္ဂသစ္စာကာ ပွါးများရမည့် သစ္စာ၊ အဲဒီလိုလုပ်ရမည့် အလုပ်ကို သိဒါက ကိစ္စဉာဏ်ခေါ်တယ်၊ မဂ္ဂသစ္စာသည် ပွါးရမည့် သစ္စာလို့ဆိုပြီး ဘာကို ပွါးရမှာလဲဆိုတော့

www.dhammaransi.com



ဒုက္ခသစ္စာကို ပိုင်းခြား၍သိအောင် လုပ်တာကိုခေါ်တယ်၊ မှန်တယ်၊ မဂ္ဂသစ္စာဖြင့် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိလိုက်လျှင် သမုဒယသစ္စာကို ပယ်မှုကိစ္စ နိရောဓသစ္စာကို မျက်မှောက် ပြုမှု ကိစ္စတို့သည် တခါတည်း အပြီးအစီး ဖြစ်သွားတော့ဒါပါဘဲ။ ဒါ့ကြောင့် ဒုက္ခသစ္စာကိုသာ ပြကြစို့ မောင်စိန်ရဲ့။

တပည့် ပြတော်မူပါဘုရား။

ဆရာ ဒုက္ခသစ္စာနှင့် ဒုက္ခဝေဒနာကို ရှေးဦးစွာ ခွဲခြား၍ သိထားကြအုံးကွဲ့၊ ဒုက္ခဝေဒနာ ဆိုဒါက ကိုယ်-စိတ် ၂-ပါး မခံသာဒါကို ခေါ်တယ်။ ဒီ ဒုက္ခဝေဒနာသည် သုခသောမနဿ ဖြစ်သောအခါ သူမဖြစ်ဘူး၊ ဒုက္ခသစ္စာဆိုဒါကတော့ ဘာဝေဒနာဘဲ ဖြစ်ဖြစ် သင်္ခါရတရားမှန်လျှင် ပါဒါချည်းဘဲ၊ ဒုက္ခသစ္စာမှာ သဘော ၄- ခုရှိတယ်။ သင်္ခတသဘော, ဝိပရိဏာမ သဘော, ပီဠနသဘော, သန္တာပသဘော၊ ၄- ခုရှိတယ်။ အဲဒီအထဲက သင်္ခတ သဘောကို ပြောကြစို့။

တပည့် ပြောတော်မူပါဘုရား။

ဆရာ သင်္ခတ ဆိုဒါက မာကစကား၊ ဗမာလိုပြောရလျှင် သူ့ဘာသာ သူဖြစ်နိုင်သော သတ္တိမရှိ၊ အကြောင်းတရားတွေ စုပေါင်းပြီး ထောက်ပံ့မှ ဖြစ်နိုင်တယ်လို့ဆိုဒါကွဲ့။ ဒါကိုပင် ကာရကသတ္တိ, ဝေဒကသတ္တိ, အတ္တသတ္တိမရှိဘူးလို့ ဆိုရတယ်။ ဒါကြောင့်

www.dhammaransi.com



**ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿစ ဝေဒကော၊**
**သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝံ တံ သမ္မဒဿနံ။**

ကမ္မဿ- ကုသိုလ်ကံ အကုသိုလ်ကံကို၊ ကာရကော—ပြုတတ်သောသူသည်လည်း၊ နတ္ထိ-ပရမတ္ထ ဓါတ်သဘာဝကြောင့် မှချပုံသေ မရှိချေ၊ ဝိပါကဿစ— ကုသိုလ်ကံ အကုသိုလ်ကံ ထိုနှစ်တန်၏ အကျိုးဝိပါက် ယင်းအချက်ကို၊ ဝေဒကော ခံစားတတ်သော ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါးသည်လည်း၊ နတ္ထိ ကြောင်းကျိုးနှစ်ဝ ယင်းကိစ္စကြောင့် မှချပုံသေ မရှိချေ- သုဒ္ဓဓမ္မာ-ပုဂ္ဂိုလ်မဘက် သက်သက်သော အကြောင်း အကျိုး ထိုနှစ်မျိုးတို့သည်၊ ပဝတ္တန္တိ- ဖြစ်ကာပျက်ကာ ပြောင်းလဲကာ နေကြကုန်၏၊ဧဝံ-ဤသို့အကြောင်းအကျိုး ထိုနှစ်မျိုးတို့သာပါတကားဟုမြင်သော၊ တံဒဿနံ- ထိုအမြင်သည်၊ သမ္မဒဿနံ-ဘုရားပစ္စေကဗုဒ္ဓါ အရိယာတို့ ကောင်းစွာမသေ့ မြင်သော အမြင်တို့သာတည်း။ ကိုင်း စိတ်ပရမတ်ကို စိစစ်ကြစို့ကွဲ့ မောင်စိန်ရဲ့။

တပည့် စိစစ်တော်မူပါဘုရား။

ဆရာ မြင်စိတ်ဟာ မျက်စိအကြည်မရှိဘဲ သူ့သတ္တိနှင့် သူ ဖြစ်နိုင်ပါ့မလား။

တပည့် မဖြစ်နိုင်ပါဘုရား။

ဆရာ မျက်စိရှိပေမဲ့ ရူပါရုံမရှိယင်ကော ဖြစ်နိုင်ပါ့မလား။

တပည့် မဖြစ်နိုင်ပါဘုရား။

ဆရာ မျက်စိနှင့် ရူပါရုံ ရှိပါတယ်တဲ့၊ အလင်းရောင် မရှိယင် ဖြစ်နိုင်ပါ့မလား။

တပည့် မဖြစ်နိုင်ပါဘုရား။

www.dhammaransi.com



ဆရာ မျက်စိ, ရူပါရုံ, အလင်းရောင် သုံးပါးလုံးရှိပါတယ် တဲ့၊ ရူပါရုံသို့ ဦးလှည့်မှုဟု ခေါ်ဆိုအပ်သော နှလုံး သွင်းခြင်း မနသိကာရမဖြစ်ယင် ဖြစ်နိုင်ပါ့မလား။

တပည့် မဖြစ်နိုင်ပါဘုရား။

ဆရာ ဒီ မျက်စိ, အဆင်း, အလင်း, နှလုံးသွင်း ဆိုတဲ့ အကြောင်းတရား လေးပါး မပေါင်းဆုံ မိခင်က ခန္ဓာကိုယ်ထည်းမှာ မြင်စိတ်ရယ်လို့ များရှိရဲ့လား။

တပည့် မရှိပါဘုရား။

ဆရာ ဥပမာ ပေးကြအုံးစို့ ကွဲမောင်စိန်ရဲ့။

တပည့် ပေးတော်မူပါဘုရား။

ဆရာ ကြေးစည်ထဲမှာ အသံဟာ အမြဲတန်းရှိနေသလား။

တပည့် မရှိပါဘုရား။

ဆရာ မရှိပေမဲ့ ဒုတ်နှင့် ခေါက်လိုက်ယင် အသံဟာ ပေါ် မလာဘူးလား။

တပည့် ပေါ်လာပါတယ်ဘုရား။

ဆရာ ဒီလိုဆိုတော့ အသံဟာ ကြေးစည်နှင့်ဒုတ် မထိမီ ကလဲ မရှိ၊ ထိပြီးယင်လဲမရှိ။ ထိဆဲ ပစ္စုပ္ပန်ခဏမှာ သာ ဖြစ်နေဒါမဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ အဲဒီလိုဘဲ မျက်စိက ကြေးစည်နှင့်တူတယ်၊ ရူပါရုံ က ဒုတ်နှင့်တူတယ်၊ အလင်းရောင်က လက်မောင်း နှင့် တူတယ်၊ နှလုံးသွင်းတာ အားထုတ်၍ တီးမှုနှင့်

www.dhammaransi.com



တူတယ်၊ မြင်စိတ်က အသံနှင့်တူတယ်၊ အသံသည် ပစ္စုပ္ပန် ခဏမှာသာ ရှိသလို မြင်စိတ်သည်လည်း မျက်စိ, အဆင်း, အလင်း, မနသိကာရတို့ ပေါင်းစုကာ ထောက်ပံ့ဆဲပစ္စုပ္ပန်ခဏမှာသာရှိတယ်၊ အမြဲတန်း ရှိ၍မနေ၊ အဲဒီသဘောကို သင်္ခတ သဘောလို့ ခေါ်တယ်၊ ဒီလိုအကြောင်းတရား ထောက်ပံ့၍သာ ဖြစ်ပေါ်လာရ၏၊ သူသတ္တိနှင့်သူ ဖြစ်ပေါ်လာနိုင်သော သတ္တိမရှိ၊ ဒါတွေကိုမြင်တော့ အနတ္တဉာဏ် အမြင်ပေါက်၍ အတ္တသတ္တိ ကာရကသတ္တိ ဝေဒကသတ္တိတွေမရှိ၊ ဆိတ်သုဉ်း၍ နေဒါကို မြင်တော့ ဒါပေါ့၊ အဲဒီလို မြင်ဒါကို သုညတကို မြင်တယ်လို့ ဆိုတယ်၊ ကဲကဲ ဝိပရိဏာမ သဘောခကို ပြောကြအုံးစို့ကွဲ မောင်စိန်ရဲ့။

တပည့် ပြောတော်မူပါဘုရား။

ဆရာ မောင်စိန်ရေ။

တပည့် ဘုရား။

ဆရာ ကုလားကြီးနှင့် ကုလားမကြီးက မွေးတဲ့ အကောင်ကို ဘာကောင်ခေါ်မလဲ။

တပည့် ကုလားကလေးလို့ ခေါ်ပါတယ်ဘုရား။

ဆရာ အဲဒီလိုပေါ့၊ မြင်စိတ်၏ အမေနှင့်တူသော မျက်စိအကြည်ကလဲ အပူနှင့်တွေ့လိုက် နီလိုက်, အအေးနှင့် တွေ့လိုက် ဖြူလိုက်နှင့် ဖေါက်ပြန်တတ်သော အမျိုး၊ မြင်စိတ်၏ အဘေနှင့်တူသော ရူပါရုံကလဲ

www.dhammaransi.com



သစ်ရာမှ ဟောင်း၍ သွားတတ်သဖြင့် ဖေါက်ပြန် တတ်သော အမျိုး၊ အဲဒီလို ဖေါက်ပြန် တတ်သော အကြောင်းတရားတွေ ထောက်ပံ့၍ ဖြစ်ပေါ်လာ ရသော မြင်စိတ်သည် အဘယ်မှာ မဖေါက်ပြန်ဘဲ နေပါ့မလဲကွဲ မောင်စိန်ရဲ့၊ မြင်စိတ် ဖြစ်ပေါ်လာပြီး လျှင် အမြဲတန်းရှိ၍ နေရဲ့လား။

တပည့် မနေပါဘုရား။

ဆရာ မျက်စိကိုမှိတ်လိုက်ယင် ချုပ်၍မသွားလား။

တပည့် ချုပ်သွားပါတယ်ဘုရား။

ဆရာ အဲဒါဖြစ်ခြင်း ဥပါဒ် သဘောမှ ပျက်ခြင်း ဘင် သဘောသို့ ဖေါက်ပြန်ဒါဘဲမဟုတ်လား။

တပည့် မှန်ပါတယ်ဘုရား။

ဆရာ ကဲ ပီဠနသဘောကို ပြောကြအုံးစို့ မောင်စိန်ရဲ့။

တပည့် ပြောတော်မူပါဘုရား။

ဆရာ ပီဠနဆိုဒါ ဗမာလို ပြောရယင် အနှိပ်စက်ခံနေရတဲ့ သဘောလို့ အဓိပ္ပါယ်ပေါက်တယ်၊ ဘယ်တရားတို့ ၏ အနှိပ်အစက်ကို ခံရသလဲဆိုတော့ ဒီမြင်စိတ်မှာ ဖြစ်မှုခေါ်တဲ့ ဇာတိဘေး, ရင့်မှုခေါ်တဲ့ ဇရာဘေး, ပျက်မှုခေါ်တဲ့ မရဏဘေး၊ ၎င်းဘေးသုံးပါးတို့၏ အနှိပ်အစက်ကို ခံနေရသည့် အတွက် ဖြစ်လိုက် ပျက်လိုက်နှင့် တည်တံ့ခွင့်ကို မရဘဲ ပင်ပန်းနေရ ဒါမဟုတ်လားကွဲ။

တပည့် ဟုတ်ပါတယ်ဘုရား။

www.dhammaransi.com



ဆရာ  အဲဒီလို အနှိပ်စက်ခံနေရ၍ ပင်ပန်းနေတဲ့သဘောကို ပီဠနသဘောလို့ခေါ်တယ်။

တပည့်  မှန်ပါဘုရား။

ဆရာ  သန္တာပသဘောကိုပြောကြအုံးစို့ကွဲမောင်စိန်ရဲ့။

တပည့်  ပြောတော်မူပါဘုရား။

ဆရာ  သန္တာပဆိုဒါ ဗမာလိုပြောယင် ပူပန်ရတဲ့ သဘောလို့ ဆိုလိုတယ်၊ ဘယ်လို ပူပန်နေရသလဲဆိုတော့ ဥပမာ ပေးအုံးမကွဲ၊ မောင်စိန်တို့ရွာမှာသူခိုး ဒါးပြ ရှိတယ် ဆိုယင် စိတ်ချ၍မအိပ်ရဘဲငါတို့အိမ်များတိုက်မလား လို့ပူမနေရဘူးလား။

တပည့်  ပူနေရပါတယ်ဘုရား။

ဆရာ  အဲဒီလိုပေါ့ စိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့ သင်္ခါရတရား ထဲမှာ ဘယ်သင်္ခါရဘဲ ဖြစ်ဖြစ် ဒီသုံးပါးပါလာတဲ့အ တွက် အိုဘေး၊ နာဘေး၊ သေဘေးကို အမြဲပူနေရ တယ်၊ ပူလို့ကောရသလားဆိုတော့ မရပါဘူး၊ အိုဒါ နာဒါ သေဒါပါဘဲ မလွတ်ပါဘူး ၊အဲဒီလို ပူစရာ ကောင်းတဲ့ ဘေးသုံးပါးရှိနေဒါကိုပင် သန္တာပ သ ဘောလို့ ခေါ်တယ်ကွဲ မောင်စိန်ရဲ့။

တပည့်  မှန်ပါဘုရား။

ဆရာ  ယခုပြောခဲ့ဒါက စိတ်ပရမတ်မှာရှိသော ဒုက္ခသစ္စာ အနက်လေးချက်ကွဲ၊ ကျန်တဲ့စေတသိက်၊ ရုပ်တို့မှာ လဲ ဂုဏ်းအတိုင်းဘဲ၊ ဘိုးသူတော် စိပ်ပုတီး စိပ်သလို

www.dhammaransi.com



ပေါ့ကွယ်၊ မင်း ဘိုးသူတော် စိပ်ပုတီး စိပ်တာကို ကြားဘူးသလား။

တပည့် မကြားဘူးပါဘုရား။

ဆရာ အေး မကြားဘူးယင်လဲ ပြောရအုံးမှာပေါ့..... ရှေးတုန်းက ဆရာတော်ကြီး တပါးက သူ့ကျောင်းမှာ နေသောဘိုးသူတော်ကို အမိန့်ပေးသတဲ့၊ပေးပုံကတဲ့ သူတော်နှင် 'စားပြီးအိပ်နေဘိကွဝေ သေယင်ရပ်တုပ် ဂိဗ္ဗာကုဋ္ဌ'ဆိုဒါလို စားကာ အိပ်ကာ မနေနှင့် ပုတီးတနေ့လျှင် အပတ် ၁၀၀-ရအောင် စိပ်တဲ့လို့ အမိန့်ပေးသတဲ့၊ ဒါနဲ့ဘိုးသူတော်က ပုတီး စိပ်ရန် ကမ္မဋ္ဌာန်းတောင်းသတဲ့၊ ဒီတော့ဆရာတော်ကြီးက ပုတီးတလုံးကို'သောဘဂဝါ ဣတိပိအရဟ' ဟု ဆို၍ စိပ်လို့ ပေးလိုက်သတဲ့၊ ဒါနဲ့ ဘိုးသူတော်ကလဲ ၎င်းကမ္မဋ္ဌာန်းကို မမေ့အောင် ပါးဝ်က ဆိုလျက် မိမိနေရာ စရပ်ကျောင်းကိုပြန်၍ တင်ပလ္လင်ခွေကာ 'သောဘဂပဝါဣတိပိ အရဟ' ဟု တခါဆိုလိုက် ပုတီးတလုံး ချလိုက်နှင့် ပြုလုပ်ရာ ပုတီး ၄-၅ လုံးချမိတော့ စဉ်းစားပြန်သတဲ့၊ ဟို အလုံးလဲ အရဟံ ဒီအလုံးလဲ အရဟံ အတူတူချည်းဘဲ၊ စာရေးတဲ့အခါမှာ တူနေလျှင် "၎င်း"လို့ ရေးရဒါဘဲ၊ အခုလဲ မထူးပါဘူးလေဟု အကြံဖြစ်ကာ ပုတီးကို လက်ညှိုးမှာစွပ်လျက် '၎င်း,၎င်း'ဟု ဆိုကာ အပတ်တရာပြည့်အောင် ဝင့်လိုက်သတဲ့၊ ၎င်းနောက်

www.dhammaransi.com



ကိုင်း ဒီနေ့တော့ နေ့တွက်စိပြီဆိုပြီး တခေါခေါနှင့် အိပ်ရောတဲ့ကွဲ၊ အဲဒီလိုပေါ့ တရားဆိုဒါ တခုလောက် သဘော ပေါက်သွားလျှင် "ငှင်း" တွေချည်းဘဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား၊

ဆရာ ယခု ပြောဆိုပြီးခဲ့သော ဒုက္ခသစ္စာအနက် သဘော ကြီး လေးချက်ကိုမြင်မှ ဒုက္ခသစ္စာကိုမြင်သည် မည် တယ်၊ ဗိုက်ထဲကနာတာတွေ့၊ ကျောထဲက အောင့် ဒါတွေ့၊ ပေါင်တွေ တောင့်တင်းဒါ တွေကို ဒုက္ခ ဝေဒနာလို့ မှတ်ရမယ်၊ ငှင်း ဒုက္ခ ဝေဒနာကိုတော့ ခွေးလဲ သိဒါဘဲ၊ ဝက်လဲ သိဒါဘဲ၊ နွားလဲ သိဒါဘဲ၊ ဒီဒုက္ခဝေဒနာကို သိလို့သာ တရားသိရမယ်ဆိုယင် ငရဲသားတွေက အရင်ဆုံး ကျွတ်တမ်းဝင်မှာပေါ့၊ ယခုလူတွေ ပြောနေကြဒါက မအောင့်နိုင်ဒါ ဒုက္ခ သစ္စာလို့ ပြောနေကြတယ် မဟုတ်ပါဘူး၊ မအောင့် နိုင်ဒါ ဒုက္ခ ဝေဒနာလို့သာဆိုရမည်၊ ဒုက္ခဝေဒနာ နှင့် ဒုက္ခသစ္စာကို ခွဲခြား၍ သိနိုင်ခဲ့တယ်၊ ဆရာ ကောင်းနှင့် တွေ့မှ ခွဲခြား၍သိရတယ်၊ အချို့ကလဲ ပြောကြသေးတယ်၊ ဘုရားတောင် ဒုက္ကရစရိယာ ကျင့်ရသေးဒါ အဆင်းရဲမခံဘဲ ဘယ့်နှယ်နိဗ္ဗာန်ကို ရမလဲလို့ ဆိုကြတယ်၊ ဒီလူတွေကို ကြောင်တောင် ကန်းတွေလို့ ဆိုချင်တယ် မောင်စိန်ရဲ့။

တပည့် အမိန့်ရှိပါအုံးဘုရား။

www.dhammaransi.com



ဆရာ မြတ်စွာဘုရားသည် ဒုက္ကရစရိယာ ကျင့်ဒါကတော့ မှန်ပါတယ်၊ ဒါပေမဲ့ ဒုက္ကရစရိယာကျင့်လို့ ဘုရားဖြစ်တာလား၊ သို့မဟုတ် ၎င်းအကျင့်သည် အတ္တကိလမထာနုယောဂ အကျင့်သာ ဖြစ်သည်ဟု သိပြီး ထိုအကျင့်ကို ပယ်ကာ ခန္ဓာကိုယ်ကို အားရှိအောင် မွေး၍ မယ်သူဇာသူ့သော နို့ဆွမ်းကို စားပြီးမှ ဘုရားဖြစ်တာလားဆိုဒါကို မောင်စိန်ရေ စဉ်းစား၍ ဖြေစမ်း။

တပည့် မယ်သူဇာ၏ ဆွမ်းကို စားပြီးမှ ဖြစ်ရပါတယ် ဘုရား။

ဆရာ အဲဒီ မယ်သူဇာ၏ နို့ဆွမ်းကိုစားပြီးမှ ဘုရားဖြစ်ကြောင်းကို သိကြပါရက်သားနှင့် ဒုက္ကရစရိယာ ကျင့်လို့ဘဲ ဖြစ်သယောင်ယောင် ပြောနေကြဒါ ကြောင်တောင်ကန်းဘဲ မဟုတ်လားကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ လူတိုင်းလိုလိုပင် ထင်ကြဒါက တောထွက်မှဘဲ တရားရ မယောင်ယောင် ဂူထဲအောင်းမှဘဲ တရားတွေ့မယောင်ယောင် ထင်နေကြတယ်ကွဲ့ မောင်စိန်ရဲ့။

တပည့် အမိန့်ရှိပါအုံးဘုရား။

ဆရာ တရားဆိုဒါ တောထွက်တိုင်းလဲမရ ဂူထဲအောင်းတိုင်းလဲမရဘူးကွဲ့၊ ဘယ်လိုမှ ရမှာလဲဆိုတော့ တရား

www.dhammaransi.com



ပြဲဆရာကလဲ သပ္ပုရိသဖြစ်ပါမှ မိမိကလဲ တရားကို နာ၍ ရိုရိုသေသေဆင်ခြင်ကာ ပယ်သင့်ဒါကို ပယ် ပြီး ယူသင့် ဒါကိုယူမှ တရားကို ရဒါကွဲ၊ တရားဆိုဒါ ခန္ဓာမှာသာရှိတယ်၊ တောထဲမှာမရှိဘူး၊ တောထွက် တယ် ဂုဏ်အောင်းတယ်ဆိုဒါ အာရုံဆိတ်ငြိမ်တို့မျှသာ ဖြစ်တယ်၊ အရေးကြီးဒါက ဆရာကောင်း တွေ့ဘို့ ဘဲမောင်စိန်ရဲ့၊ မင်းကော လူတွေထင်သလို တော ထွက်မှ ဂုဏ်အောင်းမှုလို့ ထင်သလား။

တပည့် တပည့်တော်လဲ ထင်ခဲ့ပါတတ်ဘုရား။

ဆရာ ရှေးတုန်းက အမရပူရ ခေါ် တောင်မြို့တွင် ထီးနန်း စိုက်သော ဘဝရှင် မင်းတရားကြီးသည် ရွှေကြက် ယက် ဘုရားကို အဖူးအမြော်ထွက်သတဲ့၊ ဘုရားကို ရောက်၍ အင်မတန် ကျယ်ဝန်းသော ရောစက်မြစ် အပြင်ကို မြင်ဒါနဲ့..... အမတ်ကြီး ဦးပေါ်ဦးကို ခေါ်ပြီးပြောသတဲ့၊ ဘယ်လို ပြောသလဲ ဆိုတော့ "ပေါ်ဦး.... ဒီလောက် ကျယ်ဝန်းသော မြစ်ကြီးကို ဟိုဘက်ကမ်း ဆောက်အောင် ကူးနိုင်ပါ့ မလား" လို့ မေးသတဲ့၊ ဒီတော့ ပေါ်ဦးက "ရွှေဘုန်းတော် ကြောင့် ကူးနိုင်ကြောင်းပါဘုရားလို့" သံတော်ဦး တင်သတဲ့၊ ဒီတော့ ဘဝရှင်မင်းတရားကြီးက အံ့သြ သော အမူအယာဖြင့်'ကူးနိုင်ယင်ကူးစမ်းပါ ငါကြည့် မယ်" လို့ အမိန့်ရှိသတဲ့၊ ဒီတော့ ဦးပေါ်ဦးက ခါးတောင်းလေးကိုမြှောင်နေအောင်ကျိုက်လျက် ဟို ကြည့် ဒီကြည့်နှင့် မြစ်နခမ်းအတိုင်း ပြေးနေ

www.dhammaransi.com



သတဲ့၊ ဒီတော့ ရှင်ဘုရင်က ဒီပေါ်ဦးဟာ မြစ်ကို မကူးဘဲ ဟိုကြည့် ဒီကြည့်နှင့် ပြေးနေရှာသာ ပြေးနေတယ်၊ ဘာလုပ်တာပါလိမ့်မည်လဲလို့ ပြောဆိုလျက် မင်းချင်းယောကျ်ား တယောက်ကို ခေါ်ပြီး ပေါ်ဦးကို အမြန်လာရမည်ဟု အမိန့်တော် ပြန်ချေဟု စေခိုင်းသတဲ့၊ မင်းချင်း ယောကျ်ားလဲ အမြန် ပြေးလျက် ဦးပေါ်ဦးကို ရှင်ဘုရင် ခေါ်နေကြောင်း ပြောတော့ ဦးပေါ်ဦးလဲ ဘုရင့်ထံ ရောက်လာသတဲ့၊ ဒါနဲ့ ရှင်ဘုရင်က ပြောသတဲ့ "ဟဲ့ ပေါ်ဦး မြစ်ကို ကူးပါလို့ ငါခိုင်းသည်ကို မကူးဘဲ ဘာပြု၍ ပြေးနေရသလဲ" ဟုပြောသတဲ့၊ ဒီတော့ ဦးပေါ်ဦးက "မှန်လှပါ အမိန့်တော် အတိုင်း ကူးဘို့ရာ လှေရှာနေကြောင်းပါဘုရား" လို့ သံတော်ဦးတင်သတဲ့ ဒီတော့ ရှင်ဘုရင်က "လှေနှင့်သာကူးရယင် လိုတိုင်းကူးနိုင်ရဲ့" မိန့်တော်မူသတဲ့ ဒါနဲ့ ဦးပေါ်ဦးက "မှန်ပါ ရွှေဘုန်းတော်ကျွန် ဝန်ငပေါ်ဦးလဲ လိုတိုင်းထဲကပါဘုရား" ဟု သံတော်ဦး တင်ပြန်သတဲ့၊ ဒါနဲ့ ရှင်ဘုရင်ကလဲ ပြုံးတော်မူလျက် အခန်းထဲသို့ ဝင်တော်မူသတဲ့ မောင်စိန်ရဲ့၊ ယခုလဲ မောင်စိန်မှာ လိုတိုင်းထဲကပေါ့။

တပည့်  မှန်ပါ ယခုတော့ လိုတိုင်းထဲက မဟုတ်တော့ပါဘုရား။

ဆရာ  လူတွေထင်တဲ့ အဘိုင်းသာ မှန်နေယင် ဘုရားတောင် ပွင့်စရာမလိုဘူးကွဲ၊ လူတွေထင်ဒါကတမျိုး

www.dhammaransi.com



ဖြစ်တာကတမျိုးမို့သာ ဘုရားပွင့်ရခြင်း ဖြစ်တယ် မောင်စိန်ရဲ့၊ လူတွေထင်ဒါက လူဇာကာနှင့် မတူအောင်နေမှု၊ မတူအောင်စားမှု၊ မတူအောင်အိပ်မှု အထင်ကြီးကြတယ်၊ ဒါကြောင့်လဲ မိစ္ဆာဒိဋ္ဌိတွေ စားပေါက် ချောင်နေဒါပေါ့၊ အရေးကြီးဒါက အသိဉာဏ်သာ အရေးကြီးတယ်၊ အသိဉာဏ်ကိုလဲ ဆရာကောင်းကို တွေ့၍ မှီဝဲဆည်းကပ်မှ ရမယ်၊ ဘာကြောင့် အသိဉာဏ်သည် အရေးကြီးသလဲဆိုတော့ အသိဉာဏ်နှင့်သာ ကိလေသာကို သေအောင် သတ်နိုင်တယ်၊ သီလသမာဓိက ဉာဏ်၏ အကူအညီမျှသာ ဖြစ်တယ်၊ သီလသည် ဝီတိက္ကမ ကိလေသာကိုသာ ပယ်နိုင်၍ ကျန် ကိလေသာကို မပယ်နိုင်၊ သမာဓိက ပရိယုဋ္ဌာန ကိလေသာကိုသာ ပယ်နိုင်၏။ ကျန်ကိလေသာကို မပယ်နိုင်၊ အသိဉာဏ်ပညာကမှ အနုသယကိလေသာကို ပယ်နိုင်တယ်၊ အနုသယသေယင် ဘာကိလေသာမှ မဖြစ်နိုင်တော့ပြီ။ ဥပမာပေးအုံးမယ်.....သူခိုးဒါးပြမျှားဟာ ဘယ်အချိန်ကို အားကိုး၍ မိုက်ကြဒါလဲ။

တပည့်　မှောင်မိုက်သော ညအခါကို အားကိုး၍ မိုက်ကြပါတယ်ဘုရား။

ဆရာ　အဲဒီလိုပေါ့---ညအခါနှင့် အဝိဇ္ဇာနှင့် တူတယ်၊ သူခိုး ဒါးပြနှင့် ကိလေသာနှင့် တူဘယ်၊ တရားကိုမသိမှု အဝိဇ္ဇာ ကအားကြီးလေလေ ကိလေသာတွေက

www.dhammaransi.com



ထကြွလေလေဘဲ၊ ဒါကြောင့် အဝိဇ္ဇာကို မူလတရား လို့ ဟောတော်မူဒါပေါ့၊ အဝိဇ္ဇာသေလျှင် ကိလေသာ အားလုံး သေတော့ဒါဘဲ၊ အမှောင်ကိုမလိုချင်ယင် ဘာလုပ်ရသလဲ။

တပည့် ဓါတ်မီးထွန်းရပါတယ်ဘုရား။

ဆရာ အဲဒီလိုပေါ့....အဝိဇ္ဇာမှောင်ကို မလိုချင်ယင် ဉာဏ်ဓါတ်မီးကို ထွန်းပေးရတယ်၊ အသိဉာဏ်ကမှ ကိလေသာကို နိုင်ဒါကွဲ၊ သို့သော်လဲ အသိဉာဏ်က သုံးမျိုးရှိတယ်။

တပည့် မှန်ပါ အမိန့်ရှိပါအုံးဘုရား။

ဆရာ သညာသိ, ဝိညာဉ်သိ, ပညာသိဟူ၍ သုံးမျိုးရှိတယ်၊ အဲဒီသုံးမျိုးတို့တွင် သညာသိဆိုဒါက စာသင်ဘူး၍ သော်၎င်း စာဘတ်ဘူး၍သော်၎င်း, ကြားဘူးနာ၀ ရှိ၍သော်၎င်း သိတဲ့အသိကိုခေါ်တယ်၊ အဲဒီသညာသိဖြင့် ကိလေသာကို မသေစေနိုင်ဘူး၊ ဒီအသိမျိုးကိုတော့ ကိလေသာက ခေါင်းတောင် မခဲဘူးကွဲ၊ ဘာကြောင့်လဲဆိုတော့ ပထမကြီး, ပထမကျော်, ဓမ္မာစရိယ, တိပိဋကဓရ, သိရောမဏိ အောင်ပြီးသော ပုဂ္ဂိုလ်တွေဟာ ဘာမျှအနှစ်သာရ မရှိသော လောကီ ပညာတွေကို အနှစ်သာရအားဖြင့် အထင်ကြီးကာ ညကျောင်းကို ပိုက်ဆံပေး၍တက်ကြတယ် မဟုတ်လား၊ ၁၉၅၈-ခုနှစ်က ၁၀-တန်းဖြေဝခရင်း

www.dhammaransi.com



တွင် ဘုန်းကြီး ၄၀၀၀–ပါသည်ကို သတိပြုကြ၊ ဒီအထဲတွင် ပထမကြီး, ပထမကျော်, ဓမ္မာစရိယ တွေ အများကြီး ပါဝင်နေသည်၊ ဤကဲ့သို့ အနှစ်သာရ မရှိသောပညာကို မြတ်နိုးခြင်းသည် သညာသိမျှသာ ရှိနေသောကြောင့် ဖြစ်သည်၊ ပြီးတော့ ဂုဏ်းပုဂ္ဂိုလ်များသည် ပဋိပတ်ကို ကြိုးစားလိုစိတ်မရှိ၊ သူတို့၏ လက်မှတ်ကလေး တံဆိပ်ကလေးဖြင့်သာ ဝါကြွားနေလိုကြ၏၊ သံဝေဂဉာဏ်မှာ အနည်းငယ်မျှမရှိ၊ ဤကဲ့သို့ ဖြစ်ရမှုသည်လည်း သညာသိမျှဖြစ်သောကြောင့် ပေတည်း။ သညာသိမျှသာ ရှိသောပုဂ္ဂိုလ်၏စိတ်သည် နို့စို့ ကလေး သူငယ်နှင့်သာ တူပေသည်၊ မမှိဲထိုက်သေးချေ၊ ဗဟုသုတမျှသာ အလိုရှိမှု မှိဲနိုင်ပါ၏၊ သညာသိကား ပရိယတ်ဉာဏ်ပေတည်း။

တပည့် ဝိညာဉ်သိကို အမိန့်ရှိပါအုံးပါဘုရား။

ဆရာ ဝိညာဉ်သိက ပဋိပတ်ဉာဏ်ကို ခေါ်တယ်။ သူက အရာကျယ်တယ်၊ ဝိပဿနာကို လေ့လာ ဆင်ခြင်သည်မှ မဂ်ဉာဏ် တိုင်အောင် ဉာဏ်စုများသည် ဝိညာဉ်သိတွေချည်းဘဲ၊ သညာသိနှင့် သိထားတဲ့ အတိုင်း ဆင်ခြင် ပွားများ၍ ပဋိပတ်လမ်းသို့ရောက်လာယင် သံဝေဂ ဉာဏ်သည်ဖြစ်လာတယ်၊ သံဝေဂဉာဏ်မဖြစ်သေးယင် ပဋိပတ်စခန်းသို့ မရောက်သေးဟုမှတ်၊ ဂုဏ်းဉာဏ်ဖြစ်လာယင် လောကီဂုဏ်

www.dhammaransi.com



နှင့် လောကီပညာတွေကို သိတ်ပြီး အနုပုထုစဉ် တုန်းကလို အထင် မကြီးတော့ဘူး၊ လောကီကို အနှစ်သာရအားဖြင့် ထားသူကိုမြင်ယင် ၎င်းလူကို အထင်သေးပြီး ရယ်ချင်သလို ဖြစ်လာတယ်။ မြင် မြင်ကရ လူကိုအထင်မကြီးပြီ၊ မှီဝဲရမည့် လူကိုရွေး ချယ်၍လာတော့သည်၊ အဲဒါ နာနုဿတ္တ ဥလ္လော ကနဘေးက လွတ်တော့ဒါဘဲ၊ ဘာဝနာပွါးရဒါကို တရားစကား ဆွေးနွေးရဒါကို အရသာတွေ့၍လာ တော့သည်၊ သူတော်ကောင်း စကားကိုသာ ကြား ချင်လာတော့သည်၊ သူတော်ကောင်းဖြစ်၍ လာ တော့သည်၊ သူယုတ်မာကို ရှောင်ကြဉ် လိုတော့ သည်၊ ဂုဏ်ပကာသနကိုလည်း သိတ်ပြီး မလိုလား တော့ချေ၊ သို့သော် ပြတ်ပြတ်ကြီးကား မဖြစ်နိုင် သေးချေ၊ ပုံကလေးတခုပြောအုံးမယ် မောင်စိန်ရဲ့။

တပည့် ပြောပါအုံးဘုရား။

ဆရာ ရှေးတုန်းက လူတယောက်သည်၊ စီးပွါးရေးကလဲ ကျပ် လုပ်ရကိုင်ရဒါကလဲ ပင်ပန်းလွန်း၊ မယားက လဲ ဆင်းရဲသည့် အလိုက် ပြုပြင်ခြင်းက မရှိ ဖြစ် နေတော့ ၎င်းလူမှာ တဏှာသည် ငြိမ်ပြီးမရှိသလို ဖြစ်နေဒါပေါ့၊ ဒီတော့ လင်က ရှေ့ခမ်းကနေပြီး ညည်းသတဲ့၊ ဘယ်လို ညည်းသလဲဆိုတော့ "ငါ့မှာ တောသာ ထွက်ချင်တော့တယ်၊ ဒီသားမယားတွေ ကြောင့်သာ အိမ်မှာ နေရပါတော့တယ်၊ ငါ့အလို

www.dhammaransi.com



ဆိုယင် အိမ်စိတ်တွေဟာ ဘာမှမရှိတော့ဘူး” လို့ ညည်းသတဲ့၊ ဒီလိုခဏခဏ ညည်းတာကို မိန်းမက ကြားရတော့ “ငြိမ်းငွေ့ယင်လဲ ရဟန်းပြုပါ၊ ငါတို့အတွက်တော့ ဘာမှမပူနှင့် ဖြစ်သလိုလုပ်ပြီး ရှာစားပါမယ်” လို့ ပြောသတဲ့၊ ဒီတော့ လင်က “အင်း… စဉ်းစားပြီးပြောလေ၊ ငါရှိလို့သာ မင်းတို့သားအမိကို လူလေးစားဒါ၊ ငါမရှိယင် ဘယ်သူမှ လေးစားမှာ မဟုတ်ဘူး” လို့ ပြောသတဲ့၊ ဒီတော့ မိန်းက “အမယ်လေး မပူပါနဲ့ မွေးတုန်းက တယောက်ထဲ မွေးခဲ့ဒါပါ၊ ရှင့်ကိုယ်ကိုသာ ရှင်အရေးစိုက်ပါ၊ ကျုပ်တို့ကို ဘာမှပူစရာမလိုပါဘူး၊ စဉ်းစားစရာလဲ မလိုပါဘူး၊ ရဟန်း ဝတ်ချင်ယင် အခုဘဲဝတ်ဝတ် ကျုပ်တို့ကိုတော့ ထဲ့ပြီးမပြောပါနှင့်” လို့ နှုတ်သီး ကောင်းကောင်းနှင့် ပြောတော့ “အဲလေ နင်တို့မစဉ်းစားယင်လဲ ငါစဉ်းစားရအုံးမှာဘဲ” လို့ ပြောသတဲ့၊ အဲဒီလို ပြတ်လဲ ပြတ်ချင်ရဲ့ မပြတ်လဲ မပြတ်နိုင်ဘဲ နှံ့နေသေးသော အသိကို ဝိညာဉ်သိ လို့ ခေါ်တယ် မောင်စိန်ရဲ့။

မှန်ပါဘုရား။

ပညာသိကို ပြောကြအုံးစို့ မောင်စိန်ရဲ့။

အမိန့်ရှိပါအုံးဘုရား။

ပညာသိ ဆိုဒါက ပဋိဝေဓဉာဏ်ကို ခေါ်ဒါကွဲ့၊ အမှားစွဲတွေကို တခါတည်း အမြစ်ပြတ် စွန့်နိုင်တဲ့

www.dhammaransi.com



ဉာဏ်ကိုခေါ်တယ်၊ ဥပမာ—ဗမာတယောက်သည်၊ အမှန်တရားကို မသိခင်တုန်းက ကမ္ဘာပျက်ရက်မှာ အိမ်တိုင်မထူရဲဘူး၊ နောက်ဆရာကောင်းနှင့် တွေ့၍ အမှန်တရားကိုတွေ့တော့ ဒီကမ္ဘာပျက်ရက် ဘာရက် ညာရက်ဆိုဒါတွေဟာ ပညတ်တွေဘဲဟု မကြောက်တော့ဘဲ အိမ်တိုင်ထူရဲသွားတယ်၊ ထူရဲတဲ့ဉာဏ်က မဂ်ဉာဏ်နဲ့တူတယ်၊ အမှားကွဲပျောက်တာက သမုဒယသစ္စာ ကွာဒါနှင့်တူတယ်၊ ကြောက်စိတ်က ဒုက္ခသစ္စာနှင့်တူတယ်၊ ကြောက်စိတ်ပြေ၍ ချမ်းသာမှုကို ရဒါက နိရောဓသစ္စာကို မျက်မှောက် ပြုဒါနှင့် တူတယ်၊ သို့သော် ပင်ကိုယ်က အယူ မရှိကြသော ကုလား၊ တရုပ်တို့လဲ ကမ္ဘာပျက်ရက်မှာ အိမ်တိုင်ထူရဲကြတယ်၊ အဲဒီအရဲက ဓမ္မတာရဲမို့ ပညာသိမဟုတ်၊ ရဲရင့်ခြင်းသည် လောဘရဲ၊ ဒေါသရဲ၊ မောဟရဲ၊ ဓမ္မတာရဲ၊ ပညာရဲဟု ငါးမျိုးရှိတယ်၊ အဲဒီငါးမျိုးတို့တွင် ပညာရဲသာ အဘိုးတန်သည် ကြွင်းသော ရဲခြင်းများသည် အဘိုးမတန်ချေ၊ ဥပမာ— တိကောင်သည် သူတပါးကိုလည်းမသတ်၊ သူ့ဥစ္စာကိုလည်းမခိုး၊ ကာမေသုကိုလည်းမပြု၊ မုသားလည်းမဆို၊ သုရာမေရယလည်း မသောက်၊ ငါးပါးသီလလုံပေသည်၊ ဒါပေမဲ့ ဓမ္မတာသီလမို့ နတ်ပြည်သို့မရောက်၊ အဲဒီလိုဘဲ ဓမ္မတာရဲမို့ ပညာသိ မဆိုရ၊ အမှားအမှန်ကို ပညာဖြင့်သိပြီး ရဲသော အရဲမှ ပညာသိ ဆိုရမယ်၊ ယခုပြောခဲ့ဒါက အသိ သုံး

www.dhammaransi.com



မျိုးဖြစ်တယ်၊ အရိယ သစ္စာကို ပြန်ဆက်ကြစို့ မောင်စိန်ရဲ့။

တပည့် မှန်ပါ ဆက်တော်မူပါဘုရား။

ဆရာ တကယ်ရှိတဲ့စိတ်, စေတသိက်, ရုပ်ဘို့သည် စင်စစ်အားဖြင့် သင်္ခတသဘော, ဝိပရိဏာမသဘော, ပီဠနသဘော, သန္တာပသဘောတရားတို့သာ ဟုတ်ပါကလားလို့ ပညာသိဖြင့် သိလိုက်ယင် ၎င်းစိတ်, စေတသိက်, ရုပ်တို့မှာအနှစ်သာရမရှိဒါတွေ(ဝါ) အနတ္တသဘောတွေ ဖေါက်ပြန်တတ်သောကြောင့် ကြောက်စရာ ကောင်းသော အနိစ္စ သဘောတွေ, နှိပ်စက်တတ် ပူပန်တတ်သောကြောင့် လန့်စရာကောင်းသော ဒုက္ခသဘောတွေ မြင်ရှုလာဒါပေါ့ အဲဒီလို သင်္ခတ တရားတွေမှာ ဘေးရှိ၊ကို မြင်လာယင် သင်္ခတ တရားတို့၏ ချုပ်ရာ အသင်္ခတ ပရမတ် နိဗ္ဗာန်ဓါတ်ကို စိတ်က အာရုံပြုတော့ဒါပေါ့ ဥပမာ နောက်က ခွေးလိုက်လာယင် ခွေးလွတ်ရာကိုသာ အားကိုးသလို သင်္ခတ တရားသည် ဘေးအစုဘဲလို့ အမှန်သိယင် သင်္ခါ ချုပ်ရာ အသင်္ခတမှသာ ဘေးကင်းမှာဘဲလို စိတ်သည် ဖြစ်မြဲဘဲကွဲ၊ အဲဒါက ဂေါတြဘုဉာဏ်ဖြင့် နိဗ္ဗာန် ကိုမြင်ဒါလို့ခေါ်တယ် ဒီလို ဂေါတြဘုဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်လိုက်ယင် ကြောက်စရာ ကောင်းသော သင်္ခတတရားကိုစိတ်က လွတ်ကရော့ကွဲ အဲဒီသို့လွတ်တာက မဂ်ဉာဏ်

www.dhammaransi.com



ဘဲကွဲ (ဝါ) မဂ်ဉာဏ်ဖြင့် ဒုက္ခသစ္စာကို သိသော ကြောင့် သမုဒယသစ္စာကွာဒါလို့လဲ ဆိုနိုင်ပါတယ် ဥပမာ—မျောက် များသည် သစ်ကိုင်းတကိုင်းမှ တကိုင်းသို့ ပြောင်းသလိုပေါ့၊ မျောက်တွေ ခုန်တဲ့ အခါ အကိုင်း ဟောင်းကိုလဲ လွှတ်လျှက် အကိုင်း သစ်ကိုလဲ ရှေးရှုလျက် ခုန်ဒါမဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ အဲဒီလိုဘဲ သင်္ခတတည်းဟူသော အကိုင်းဟောင်းကို လွှတ်လျက် အသင်္ခတတည်းဟူသော အကိုင်းသစ် ကို ရှေးရှုပြုလျက် မဂ်စိတ်သည် ဖြစ်ပေါ်လာတယ် ကွဲ့ မောင်စိန်ရဲ့၊ ဖိုလ်စိတ်ဖြစ်ပုံကို ပြောအုံးမယ် နားထောင်၊ ဖိုလ်စိတ်ဆိုဒါက အကျိုးစိတ်ကို ဆို ဒါ၊ ဘယ်လိုအကျိုးစိတ်လဲဆိုတော့ မဂ်စိတ်ဖြင့် နိဗ္ဗာန်ကိုလဲမြင် ကိလေသာကိုလဲ သတ်ထားဒါ ဖြစ်သည့်အတွက် ရန်သူဘေးမှ အေးမြခြင်း၊ တသံ သရာလုံးက မမြင်ဘူးသော နိဗ္ဗာန်ကို မြင်ရသဖြင့် ဝမ်းသာရွှင်လန်းချမ်းသာမှု ဖြစ်တာကို ဖိုလ်စိတ် လို့ ဆိုတယ်၊ အဲဒီလို မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာတွေကိုရခြင်းသည်မြတ်စွာဘုရား၏ တရားတော်ကြောင့် မဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ အဲဒါကြောင့် "သွာက္ခာတော ဘဂဝတာဓမ္မော" လို့ ဟောတော်မူဒါပေါ့၊ မြတ်စွာဘုရား၏ တရား

www.dhammaransi.com



တော်ကြီးသည် မဂ်ဖိုလ် နိဗ္ဗာန်သုံးတန်ချမ်းသာ
အတွက် မကျေမထောင့် ဖြောင့်ဖြောင့် မှန်စွာ
ဟောထားသော တရားကြီးပါကလားလို့ ဉာဏ်
ဖြင့် သဒ္ဓာကွာတတာဂုဏ်ကို မတွေ့ရပါလား။

တပည့် တွေ့ရပါတယ်ဘုရား။

ဆရာ နိဗ္ဗာန် ချမ်းသာကြီးကိုလဲ ဝေါဒြဘူဉာဏ်, မဂ်ဉာဏ်တို့ဖြင့် မိမိကိုယ်တိုင် မြင်ရ, ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန် အရသာကို ကိုယ်တိုင် ခံစားရသဖြင့် တရားတော်၏ သန္ဒိဋ္ဌိကဂုဏ်ကို မတွေ့ရပါလား။

တပည့် တွေ့ရပါတယ်ဘုရား။

ဆရာ မဂ်ဉာဏ်ဖြင့် ကိလေသာကိုသတ်၍ နိဗ္ဗာန်ကို မြင်ရတော့ ဝမ်းသာမှု, နိဗ္ဗာန်၏အရသာကို ခံစားမှုဟု ဆိုအပ်သော ဖိုလ်စိတ်လဲ ဖြစ်ပါရော့ကွဲ၊ အကြောင်းဖြစ်သော မဂ်စိတ်နှင့် အကျိုးဖြစ်သော ဖိုလ်စိတ်ကြားမှ စိတ်တလုံးမှ မခြားဘဲ တဆက်တည်း ဖြစ်ပေါ်လာသည့် အတွက် "အကာလိကော" အခါမလင့် အကျိုးပေးတတ်၏ဟု ဆိုအပ်သော အကာလိက ဂုဏ်ကြီးကိုလဲ ကိုယ်တွေ့ဖြစ်တော့ဒါဘဲမဟုတ်လား။

တပည့် မှန်ပါဘုရား။

ဆရာ လာကြစမ်း, ကြည့်လှဲ့ကြစမ်းလို့ တအံ့တသြပြဘို့ကောင်းသော အရာသည် အလွန်ထူးဆန်း၍ တခါမှမကြုံဘူးသော အာရုံကိုသာ ပြသင့်တယ် သုံးဆဲ့

www.dhammaransi.com



ထားတဲ့ အတွင်းရှိ လောကီအာရုံတို့သည် တဘဝ မတွေ့ရယင် တဘဝမှာတွေ့မြဲမို့ အာရုံ အမျိုးတွေသာ ဖြစ်ကြတယ်၊ နိဗ္ဗာန်, မဂ်, ဖိုလ် ချမ်းသာကြီး ကို ဘယ်ဘဝတုန်းကမျှား တွေ့ဘူး ကြသလဲ၊ မောင်စိန်ရဲ့။

တပည့် မတွေ့ဘူးပါဘုရား။

ဆရာ အဲဒီလို ဘယ်ဘဝတုန်းကမှ မကြုံဘူး မတွေ့ဘူး တဲ့ အာရုံကြီးမို့ လာကြစမ်း, ကြည့်လှဲ့ကြစမ်းပါ လို့ ခေါ်ပြီးလျှင် ပြလို့သာရယင်ပြတို့မကောင်း ဘူးလား။

တပည့် ကောင်းပါတယ်ဘုရား။

ဆရာ အေး ဒါကြောင့်"ဧဟိပဿိကော"လို့ဆိုဒါပေါ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ လောကမှာ အင်း, အိုင်, လက်ဖွဲ့, ဓါတ်လုံးများကို မိမိကိုယ်မှာ အမြဲတန်း ဆောင်ထားရိုး မရှိကြ ဘူးလား။

တပည့် ရှိပါတယ်ဘုရား။

ဆရာ သူတို့ဆောင်ထားတဲ့၊ အင်း, အိုင်, လက်ဖွဲ့, ဓါတ် လုံးများသည် အိုဘေး, နာဘေး, သေဘေးနှင့် အပါယ်ဘေးများကို ကာကွယ်နိုင်ကြရဲ့လား။

တပည့် မကာကွယ်နိုင်ပါဘုရား။

www.dhammaransi.com



ဆရာ မဂ်ချမ်းသာ တည်းဟူသော အင်း၊ ဖိုလ်ချမ်းသာ တည်းဟူသော လက်ဖွဲ့၊ နိဗ္ဗာန်ချမ်းသာတည်းဟူသော ဓါတ်လုံးများသည် သံသရာဘေးအပေါင်းကို ကာကွယ်နိုင်သောကြောင့် အမြဲတန်းမဆောင်ထားသင့်ပါလား။

တပည့် ဆောင်ထားသင့်ပါတယ်ဘုရား။

ဆရာ အေး - ဒါကြောင့် "သြပနေယျိကော" လို့ ဆိုဒါပေါ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ လောကီရတနာ ဖြစ်ကြသော ရွှေ့၊ ငွေ့၊ စိန်၊ ကျောက်စသည့်ရတနာများသည် ရန်သူမျိုးငါးပါးနှင့်ဆက်ဆံသောကြောင့်ရင်း၊ သေသောအခါ မပါသောကြောင့်ရင်း ကိုယ်ပိုင်ပစ္စည်းစစ်ရဲ့လား။

တပည့် မစစ်ပါဘုရား။

ဆရာ မိမိ ရရှိထားသော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ချမ်းသာကြီးကို ဘယ်ရန်သူများ ဖျက်ဆီးနိုင်ကြသလဲ။

တပည့် ဘယ်ရန်သူမှ မဖျက်နိုင်ပါဘုရား။

ဆရာ သောတာပန် တည်ပြီးယင် နောက်နောက် ဘဝမှာ ပုထုဇဉ်ပြန်ဖြစ်ရိုးထုံးစံမရှိသောကြောင့် ဘဝတပါးသို့လဲ ထိုချမ်းသာ ပါသွားတော့သည်၊ သို့အတွက် ကိုယ်ပိုင်ပစ္စည်းလို့ မဆိုနိုင်ပါလား။

တပည့် ဆိုနိုင်ပါတယ်ဘုရား။

www.dhammaransi.com



ဆရာ ။ ။ အေးဒါကြောင့် "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ" လို့ ဆိုဒါပေါ့ မောင်စိန်ရဲ့။

တပည့် ။ ။ မှန်ပါဘုရား။

ဆရာ ။ ။ ဒီလိုဆိုတော့ တရားဂုဏ်တော်ခြောက်ပါးကို မျက်စိနဲ့ မြင်ရသလို ကိုယ်ပိုင်ဥာဏ်ဖြင့်မြင်ရပါလား။

တပည့် ။ ။ မြင်ရပါတယ်ဘုရား။

ဆရာ ။ ။ ဒီလို မြင်ရတော့ တရားအပေါ်မှာ မတုန်မလှုပ် ယုံကြည်သော သဒ္ဓါတရား ဖြစ်မလာပါလား။

တပည့် ။ ။ လာပါတယ်ဘုရား။

ဆရာ ။ ။ အဲဒါ "ဓမ္မေ အဝေစ္စပသာဒေါ" ဆိုသော- သောတာပန် အင်္ဂါတဲ့ မောင်စိန်ရဲ့။

တပည့် ။ ။ မှန်ပါဘုရား။

ဆရာ ။ ။ မြတ်စွာဘုရားက....

**ယောဟိ ပဿတိ သဒ္ဓမ္မံ၊ သောမံ ပဿတိ ပဏ္ဍိတော**

**အပဿမာနော သဒ္ဓမ္မံ၊ မံ ပဿေပိ နပဿတိ**

ယောပဏ္ဍိတော = အကြင်သစ္စာမြင်ပြီးငါ့ချစ်သားသည် သဒ္ဓမ္မံ-သစ္စာလေးပါးမြတ်တရားကိုပဿတိကောင်းစွာမသွေ့ သိမြင်လေ၏၊ သောပဏ္ဍိတော . ထိုသစ္စာမြင်သိ ပညာရှိသည် မံ-သင်တို့ဆရာ ငါဘုရားကို ပဿတိ- ယူစနာတရာ ဝေးကွာသော်လဲ အမြဲမြင်သည်မည်၏၊ ယောဗာလော-အကြင်သစ္စာ မသိ လူ့တိသည်၊သဒ္ဓမ္မံ-သစ္စာလေးပါးမြတ်တရားကို နပဿ တိ-အဝိဇ္ဇာတိမ်လုံး ပိတ်ကာဖုံးသဖြင့် လုံးလုံးမထင် မသိမြင်

www.dhammaransi.com



သောဗာသော-ထိုသစ္စာမသိလူဒိဋ္ဌိသည်၊ မ°-သင်တို့ဆရာ ငါဘုရားကို ပဿမ္ပိ-မျက်လုံးနှစ်ဘက်တို့ဖြင့် တသက်လုံး ဘက်ကါကြည့်ငြားသော်လည်း၊ နပဿတိ-ကောင်းစွာပိုင်ပိုင်မမြင်နိုင်ပါတကား။

အဲဒီလို တရားမြင်မှ ဘုရားကိုမြင်မယ်လို့ ဟောတော်မူခဲ့သည့်အတိုင်း ဂုဏ်တော်ခြောက်ပါးရှိသော တရားတော်ကိုမြင်ရတော့ ဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံသော တရားကိုဟောနိုင်ဒါ ဘုရားစစ်လို့ သာဟောနိုင်ပေတယ်လို့ ဘုရားအပေါ်မှာ မတုန်မလှုပ်သော ယုံကြည်မှု သဒ္ဓါတရား ဖြစ်လာဒါပေါ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အဲဒါက "ဗုဒ္ဓေ အဝေစ္စ ပသာဒေါ" ဆိုသော သောတာပန် အင်္ဂါနှင့် ညီညွတ်ပြန်ဒါပေါ့။

တပည့် မှန်ပါဘုရား။

ဆရာ သံဃာဆိုဒါက မဂ်ပုဂ္ဂိုလ် လေးယောက်, ဖိုလ်ပုဂ္ဂိုလ် လေးယောက် ဤရှစ်ယောက်ကို ခေါ်တာကွဲ၊ မိမိကိုယ်တိုင် သံဃာဖြစ်နေတော့ အခြားသော အရိယာပုဂ္ဂိုလ်တို့ကိုလဲ ယုံကြည်မှုဖြစ်လာဒါပေါ့၊ ကိုယ်ကမဖြစ်မှ သူတပါးကို မယုံဒါကွဲ၊ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

www.dhammaransi.com



ဆရာ  အဲဒါက "သံဃေ အဝေစ္စ ပသာဒေါ" ဆိုသော သောတာပန်အင်္ဂါလို့ခေါ်တယ်၊ အဲဒီလို ရတနာသုံးပါး၏ဂုဏ်ကို မတုန်မလှုပ် ယုံကြည်သည့် သူတော်ကောင်းသည် ငါးပါးသီလကို ကျိုးလွန်ချင်ပါအုံးမလား။

တပည့်  မကျိုးလွန်ချင်ပါဘုရား။

ဆရာ  အဲဒီလိုမကျိုးလွန်ချင်ယင် မကျိုးလွန်ဘဲ ဖြူစင်သော သီလနှင့် ပြည့်စုံဒါကို "အရိယကန္တေဟိ သီလေဟိ သမန္နာဂတော" ဆိုသော သောတာပန် အင်္ဂါလို့ခေါ်တယ်။

တပည့်  မှန်ပါဘုရား။

ဆရာ  အဲဒီ အင်္ဂါလေးပါးနှင့် ပြည့်စုံယင် သောတာပန် တည်တော့ဒါပေါ့ မောင်စိန်ရဲ့။

တပည့်  မှန်ပါဘုရား။

ဆရာ  ယခု ဟောခဲ့သော သောတာပန် တရားကို နာရသော ကောင်းမှုကြောင့်၊ သောတာပန် တည်၍ နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်လွယ်ကြပါစေကုန်သတည်း။

(သစ္စာသုံးခိုင် နိဗ္ဗာန်တိုင်တရားတော်ပြီး၏)

* * *

www.dhammaransi.com



# ဒိဋ္ဌိသုံးဆင့် မဂ်ပန်းပွင့် တရားတော်

ဆရာ မောင်စိန်ရေ …

တပည့် ဘုရား။

ဆရာ ဒီနေ့တော့ ဒိဋ္ဌိသုံးဆင့်ဖြင့် မဂ်ဉာဏ်သို့ ပို့မှာမို့ ယခု ဟောမည့် တရားတော်ကို "ဒိဋ္ဌိသုံးဆင့် မဂ်ပန်းပွင့်" လို့ ဆိုရလိမ့်မယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ဒိဋ္ဌိသုံးမျိုးဆိုဒါက ကမ္မဿကတာ သမ္မာဒိဋ္ဌိ, ဝိပဿနာ သမ္မာဒိဋ္ဌိ, မဂ္ဂသမ္မာဒိဋ္ဌိတဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ကမ္မဿကတာ သမ္မာဒိဋ္ဌိဆိုဒါက ဒီလိုကွဲ- ကုသိုလ်ကံကြောင့်သာ ကောင်းကျိုးကိုရ၍ အကုသိုလ်ကံကြောင့် မကောင်းကျိုးကို ရတယ်လို့ ကံကိုသာ ယုံကြည်တယ်၊ ဝါချမိတ္တူရက်မှာ ခရီးသွားမိလို့ မကောင်းကျိုးကို တွေ့ရတယ်၊ လာဘ်တိုက်သော အရပ်ကို သွားမိလို့ လာဘ်ရတယ်ဆိုတဲ့ ကံနှင့် လွတ်ကင်းသော စကားကို မယုံကြည်ဘူး၊ အဲဒီ အသိဉာဏ်ကို ကမ္မဿကတာ သမ္မာဒိဋ္ဌိလို့ ဆိုတယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အေး….ဒါကြောင့် မြတ်စွာဘုရားက။

www.dhammaransi.com



သဗ္ဗေ ကမ္မဿကာ သတ္တာ၊
ကမ္မ သတ္တေ ဝိဘဇ္ဇတိ။
ဟီန ပဏီတ ဘာဝါယ၊
နစိန္တာယ သမိဒ္ဓိနော။

အဲဒီလိုဟောတော်မူတယ်၊ အနက်ကတော့ ဒီလိုတဲ့ …

သဗ္ဗေ-ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော သတ္တာ သတ္တဝါ အနန္တမှန်သမျှတို့သည်၊ ကမ္မဿကာ-ကံနှင့်သာတွဲပျော် အဖော်သဟဲ မြဲမြဲခိုင်ခိုင် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြလေကုန်၏၊ ကမ္မံ-ကောင်းမကောင်းနှင့် သောင်းပြောင်းများပြား ကံတရားသည်၊ သတ္တေ- သတ္တဝါအနန္တ မှန်သမျှတွေကို၊ ဟီနပဏီတ ဘာဝါယ-ဇာတိမသန့် မျိုးယုတ်ညံ့နှင့် သန့်ပြန့်မျိုးနွယ် ဂုဏ်သိန်ကြွယ်၍ တင့်တယ်ပါစေခြင်းအကျိုးငှါ၊ ဝိဘဇ္ဇတိ- အလိုက်အလိုက် ထိုက်သလိုပင် ပြုပြင်စီမံ ဝေဘန်တတ်လေ၏၊ တသ္မာ ထို့ကြောင့်၊ စိန္တာယ- မော်တော်ကားစီး တိုက်ကြီးကြီးနှင့် အနည်းအနည်းပျော်အဖော်စုံညီနေချင်သည်ဟု ကြံစည်စိတ်ကူး ဘဝင်မြူးသဖြင့်၊ နသမိဒ္ဓိနော-တောင်းတိုင်းမရ တဘိုင်းမပေါ် အကြံချော်သဖြင့် အမြော်စုမ်းဟုန် မပြည့်စုံဘဲ ရှိကြကုန်တော့သည်သာလျှင်တည်း။ ဒီကံတရားကို မြတ်စွာဘုရား ဟောဒါ ဘာကိုပယ်ချင်လို့ ဆိုဒါကို သိရဲ့လား။

တပည့် မသိပါဘုရား။

ဆရာ အဲဒီကံတရားကို ဟောဒါက ပြဿဒါး ရက်ရာဇာ စသော ဗေဒင်စွဲတွေ၊ ကံမရှိသော ဥစ္ဆေဒအယူတွေ ပယ်ချင်လို့ ဟောဒါကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

www.dhammaransi.com



ဆရာ   ဥစ္ဆေဒဆိုဒါက ပါဠိစကား၊ ဗမာလိုတော့ ပြတ်တာ လို့ဆိုတယ်၊ ဘာပြတ်တာလဲဆိုတော့ ဘဝပြတ်တာ သေယင် မြေကြီးဖြစ်၏၊ နောက်ဘဝမရှိ၊ အဒီလို ယူဒါကို ဥစ္ဆေဒ အယူလို့ခေါ်တယ်။

တပည့် မှန်ပါဘုရား။

ဆရာ   အဲဒီဥစ္ဆေဒဒိဋ္ဌိကနေပြီး ပွါးလာပြန်ဒါက နောက် ဘဝ မရှိသောကြောင့် ကုသိုလ် ပြုပေမဲ့ ကုသိုလ်၏ အကျိုးမရှိ၊ အကုသိုလ်ကို ပြုသော်လဲ အကုသိုလ် ၏ အကျိုးမရှိဆိုတဲ့ နတ္ထိက ဒိဋ္ဌိ ဖြစ်လာတယ်၊ ကောင်းကျိုး မကောင်းကျိုး မရှိဒါသည် ကောင်း သောကြောင်း၊ မကောင်းသော အကြောင်းရယ် လို့ မရှိခြင်းကြောင့်ဘဲ ဆိုတဲ့ အဟေတုက ဒိဋ္ဌိလဲ ဖြစ်လာပြန်တယ်၊ ပြီးတော့ ကောင်းကျိုး မရှိဘဲ ကုသိုလ်ပြုလို့လဲ အပိုဘဲ၊ မကောင်းကျိုးမရှိဘဲ အ ကုသိုလ်ကို ရှောင်လို့လဲ အပိုဘဲဆိုတဲ့ အကြိယာ ဒိဋ္ဌိလဲဖြစ်လာပြန်တယ်၊ အဲဒီနတ္ထိကဒိဋ္ဌိ အဟေတု ကဒိဋ္ဌိ၊ အကြိယာဒိဋ္ဌိတို့သည် ဥစ္ဆေဒဒိဋ္ဌိကပွါး လာဒါဘဲ၊ ဒိဋ္ဌိတကာတွင် အယုတ်မာဆုံးမို့ သူတို့ကို မိစ္ဆာဒိဋ္ဌိလို့ခေါ်တယ်။

တပည့် မှန်ပါဘုရား။

ဆရာ   အဲဒီယုတ်မာတဲ့ ဒိဋ္ဌိတွေကို ပယ်ချင်လို့ ကံဇရားကို ဟောဒါကလား မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

www.dhammaransi.com



ဆရာ ကံတရားကလဲ "သဟဇာတကံ၊ နာနက္ခဏိကကံ" လို့ ၂- မျိုးရှိတယ်၊ "သဟဇာတကံ" ဆိုဒါက မိမိနှင့်အတူ အကျိုးကို ဖြစ်စေသော ကံကိုခေါ်တယ်၊ ဥပမာ….လူဘယောက်စိတ်ဆိုးတဲ့အခါ စိတ်ဆိုးဒါနှင့် တပြိုင်နက် မျက်နှာမဲပြီးမလာဘူးလား။

တပည့် မဲပြီးလာပါတယ်ဘုရား။

ဆရာ အဲဒီ မျက်နှာမဲ၍ ကြောက်စရာကောင်းတဲ့ ရုပ်ကြီးက အကျိုးတရား၊ မျက်နှာကို မဲစေတတ်သော ဒေါသနှင့် ယှဉ်သောစေတနာက အကြောင်းတရား ဖြစ်သော "သဟဇာတကံ" တဲ့မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ "နာနက္ခဏိကကံ" ဆိုဒါက အကြောင်း စေတနာ ချုပ်ပြီးသည့်နောက်မှ အကျိုးတရားကို ဖြစ်စေသောကံကိုခေါ်တယ်၊ အကြောင်းတရားနှင့် အကျိုးတရားတို့ ပြိုင်တူမဖြစ်ကြဘဲ အကြောင်းချုပ်ပြီးမှ အကျိုးကို ဖြစ်စေသောကံလို့ ဆိုဒါပေါ့ "နာနာ ဆိုဒါက အသီးသီး၊ ခဏ- ဆိုဒါကဖြစ်ရာအချိန်" အဲဒီသို့မှတ်ပေါ့။

တပည့် မှန်ပါဘုရား။

ဆရာ ဥပမာ- ဒေါသဖြစ်တာနှင့် သတ္တဝါ တကောင်ကို သတ်လိုက်တယ်၊ သတ်လျှင် သတ်ခြင်းတော့ အပါယ် မကျသေးဘူး၊ သေပြီးတော့ ငရဲမှာ ဖြစ်ရတယ်၊ အကြောင်းတရားက ဒီဘဝမှာ ဖြစ်တယ်၊ အကျိုး

www.dhammaransi.com



တရားက ဒုတိယဘာဝမှာဖြစ်တယ်၊ အကြောင်းနှင့် အကျိုးဖြစ်ရကာလ မတူသောကံကို နာနာက္ခဏိက ကံလို့ခေါ်တယ်။

တပည့် မှန်ပါဘုရား။

ဆရာ မျိုးစေ့ရှိယင် အပင်ပေါက်မြဲမဟုတ်လား မောင်စိန်ရဲ့။

တပည့် မှန်ပါ ပေါက်မြဲပါဘုရား။

ဆရာ အေး…ဒီလိုပေါ့ ကံကြမ္မာ ရှိယင်လဲ ခန္ဓာဆိုဒါ ဖြစ်မြဲဘဲ၊ ကံကြမ္မာက မျိုးစေ့နှင့်တူတယ်၊ ခန္ဓာက အပင်နှင့် တူတယ်၊ ကံကြမ္မာဆိုဒါ စေတနာကို ဆိုဒါကွဲ၊ ဒီစေတနာ ထားပုံဟန်ယင် ခန္ဓာဖြစ်ရာမှာ ဟန်ဒါဘဲ၊ စေတနာ ထားပုံ မဟန်ယင် ခန္ဓာ မဟန် ဖြစ်တာပေါ့၊ ဓါတ်ပုံရိုက်တဲ့အခါ အနေ အထိုင် စောင်းယင် အရုပ်ဟာ ဘယ့်နှယ် နေမလဲ၊ မောင်စိန်ရဲ့။

တပည့် အနေစောင်းယင်လဲ ပုံလဲစောင်းပါတယ်ဘုရား။

ဆရာ အဲဒီလိုပေါ့…စေတနာ ထားပုံဟန်ယင် ခန္ဓာဖြစ်ပုံလဲ ဟန်ဒါပေါ့၊ စေတနာထားပုံ ဟန်ဘို့ကလဲ ဉာဏ်ယှဉ်မှ ဟန်ဒါကွဲ၊ ဉာဏ်မယှဉ်ယင် မဟန်ဘူး၊ များသောအားဖြင့် သတ္တဝါတွေ ထားကြတဲ့ စေတနာသည် ဉာဏ်မယှဉ်ဘဲ ထုံးစံအရ ထားကြတဲ့ စေတနာကသာ များတယ်၊ ထုံးစံအရ များပုံကို ပြောပါအုံးမယ်၊ မောင်စိန် မန္တလေးကို ရောက်ဘူးသလား။

www.dhammaransi.com



တပည့် ရောက်ဘူးရုံ ဘယ်ကမလဲ၊ မဟာမြတ်မုနိ ဘုရားမှာ တောင် ရွှေချခဲ့သေးတယ်ဘုရား။

ဆရာ အဲဒီစေတနာဟာ ဉာဏ်မယှဉ်တဲ့ စေတနာပေါ့ကွဲ၊ မောင်စိန်ရဲ့။

တပည့် အမှန်ရှိပါအုံးဘုရား။

ဆရာ ရုပ်ပွါးဆင်းတု ဆိုဒါ ၃၂- ပါးသော လက္ခဏာ တော်ကြီးကို ရုပ်လုံးဖေါ်ဒါ၊ လှနိုင်သမျှ လှအောင် လုပ်ရဒါမျိုးကွဲ ရွှေမရှိတဲ့ ရုပ်ပွါးဆင်းတုကို တင့် တယ်အောင် ရွှေချဒါကိုသာ ချီးမွမ်းစရာရှိတယ်၊ ယခု မဟာမြတ်မုနိ ရုပ်ပွါး ဆင်းတုတော်ကြီးမှာ မင်းတို့လို အမိုက်တွေက ဝိုင်းအုံပြီး အရုပ်မဆိုး ဆိုးအောင် လုပ်ကြဒါနဲ့ ရုပ်ပွါးကြီးဟာ ဘယ်မှာ တင့်တယ်တော့ သလဲ၊ လက်ချောင်းတွေ ဆိုဒါ၊ ဘုရားလက်နှင့် တူဘို့ဝေးစွ တောင်သူ လယ်သမား ကြီးဘို့၏ လက်လောက်တောင်မလှဘူး၊ ဒူးကြီးက လဲ ဖေါတဲ့လူ၏ ဒူးနှင့်သာ တူနေပါပေါ့ကလား၊ ကိုယ်လုံးကလဲ၊ ငါးကြင်း ကြေးကွက်တွေ၊ ထ၍ နေတဲ့အပြင် အဖုတွေ အပိန့်ကြီးတွေ ထ၍ နေကုန် ပြီ၊ မျက်နှာကလဲ့ယင် ဘယ်နေရာမှ ကြည့်၍ ကြည် ညိုစရာ မရှိသည့် အပြင်....ကြောက်စရာ ကြီးသာ ဖြစ်နေပါပေါ့ကလား....မောင်စိန်ရဲ့။

တပည့် ဒါလဲ ဘုရားလူကြီးတွေက ခွင့်ပေးဒါကိုးဘုရား။

ဆရာ ဘုရား လူကြီးတိုင်းလဲ၊ ဉာဏ်ရှိဒါ မဟုတ်ဘူးကွဲ၊ မဲပေးတဲ့ လူတွေက ဉာဏ်ရှိသူများမှ ပညာရှိသော

www.dhammaransi.com



ဘုရားလူကြီးကိုရမှာ၊ မဲဆန္ဒရှင်တွေကလဲ၊ အမိုက်သာ များတယ်၊ ၎င်းအမိုက်တွေကို သင့်မြတ်အောင်ပေါင်းနိုင်မှ မဲနိုင်ဒါဆိုတော့ အမဲကြီးတွေကသာ မဲနိုင်တတ်ဘယ်၊ သို့သော် မဲနိုင်တိုင်းလဲ အမဲတော့ မဟုတ်ပါဘူး၊ များသောအားဖြင့်၊ ပြောရဒါသာ ဖြစ်ပါတယ်၊ ရွှေတိဂုံ ဘုရားလူကြီးတွေ ကျတော့ ချီးမွမ်းစရာပါဘဲ၊ ဘာကြောင့်လဲဆိုတော့၊ ရွှေကို ထင်သလို ချခွင့်မပေးဘူး၊ ရွှေဆိုင်းတွေကိုသာ လက်ခံ၍ ရွှေပြားခတ်ကာ စေတီမှာ ကပ်ထားလေတော့ သိပ်ပြီး ကြည်ညိုစရာကောင်းဒါဘဲ မောင်စိန်ရဲ့။

တပည့် မှန်ပါ ကောင်းဒါကို ချီးမွမ်း၍ မကောင်းဒါကိုတဲ့ရဲ့ ဒါ တရားပါတယ်ဘုရား။

ဆရာ အိုးထိန်းသည်များ အိုးကိုရိုက်တာ လှအောင်ရိုက်တာလား၊ ကွဲအောင်ရိုက်တာလား။

တပည့် လှအောင်ရိုက်တာပါဘုရား။

ဆရာ အေးဆရာလဲ ကဲ့ရဲ့ပေမဲ့ ဥာဏ်ရှိစေချင်တဲ့ စေတနာနှင့် လှအောင် ရိုက်ပေးဒါဘဲ၊ ငါတို့ဗမာတွေ ထင်နေကြဒါက တန်ခိုးကြီး ဘုရားကို ရွှေချယင် ၎င်းဘုရားက သူတို့ကို ကယ်လိမ့်မည်လို့၊ ထင်နေကြတယ်၊ အဲဒီလိုထင်ယင် ထာဝရ ဘုရားကို ကိုးကွယ်ဒါနှင့် ဘာထူးသလဲ၊ အကျိုး ပေးဒါက မိမိစေတနာကသာ မိမိကို ပြန်ပေးဒါဘဲ၊ ရုပ်ပွါးဆိုဒါက အာရုံပြုဘို့သာ ဖြစ်ပါတယ်၊ ရုပ်ပွါး ဆင်းတုကို မြင်သောအခါ တထောင့်ငါးရာ ကိုလေသာ

တွေကို ဆရာမရှိ ကိုယ်တိုင်သိသော ဉာဏ်ဖြင့်၊ တခုမကျန် အကုန်သတ်လျက်၊ ကိလေသာဘေးမှ၊ အအေးကြီး အေးတော်မူသော မြတ်စွာ ဘုရားသည် ဤပုံသဏ္ဍာန်ပါကလားသို့ "အရဟံ" ဂုဏ်တော်ကြီးကို အာရုံပြုပြီး၊ ကြည်ညိုစိတ်တွေ ဖြစ်လိုက်ယင် ခန္ဓာကိုယ်မှာ အသွန် အေးမြသော စေတနာ မျိုးစေ့တွေ တဖွါးဖွါး ဖြစ်လာတယ်၊ အဲဒီစေတနာ မျိုးစေ့တွေက ကောင်းကျိုးတွေကို တခုပြီး တခု ဆက်ကာဆက်ကာ ဖြစ်စေဒါကွဲ့၊ မောင်စိန့်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အေး ဒါကြောင့် မြတ်စွာဘုရားကလဲ....

ကလျာဏကာရီ ကလျာဏံ၊
ပါပကာရီစ ပါပကံ၊
ယာဒိသံ ဝပ္ပတေ ဗီဇံ၊
တာဒိသံ ဟရတေ ဖလံ။

အဲဒီလို ဟောတော်မူတယ်။ အနက်ကတော့ ....

ကလျာဏကာရီ–ကုသိုလ်ကောင်းမှုကို ပြုလေ့ ရှိသော၊ ပုဂ္ဂိုလ်များသည်၊ ကလျာဏံ-ကောင်းကျိုးဖလ ဟူသမျှတွေကို လဘတေ-မုချပုံသေ ရတတ်ပေ၏၊ ပါပကာရီ-ယုတ်မာညစ်ညမ်း လွန်ဟော့ရမ်းတဲ့ အမှုကိုပြုသော ပုဂ္ဂိုလ်များသည်၊ ပါပကံ-ယုတ်စွအဆိုး မကောင်းကျိုးကိုတွေကို၊ လဘတေ-မုချပုံသေ ရတတ်လေ၏၊ ကိမိဝ- 'ဥပမာပုံဆို ဘယ်လိုနည်းဟူမူကား၊ ယာဒိသံ-အကြင်သို့ သဘောရှိသော၊ ဗီဇံ-စပ်ခါးပူပြင်း မျိုးစေ့ဖျင်းကို

www.dhammaransi.com



ဝပ္ပတေ-ယာခင်းထဲမှာ စိုက်ပျိုးငြားအံ့၊ တာဒိသံ-ထိုသို့သဘော ရှိသော၊ ဖလံ-စပ်ခါးပူဆိုး အသီးမျိုးကို၊ ဟရတေ- ကိုင်းလုံး ညွတ်အောင် ရွက်ဆောင်နိုင်သကဲ့သို့တည်း။

တပည့် သာဓု-သာဓု-သာဓု။

ဆရာ "သမ္မာသမ္ဗုဒ္ဓ" ဂုဏ်တော်ကို အာရုံ ပြုတတ်ပုံ ဆက်ပြောအုံးမယ် မောင်စိန်ရဲ့။

တပည့် မှန်ပါ ဟောတော်မူပါဘုရား။

ဆရာ သမ္မာ-ဆိုဒါက မှန်မှန်ကန်ကန် မမှားမယွင်းလို့၊ အဓိပ္ပါယ်ရတယ်၊ သံ-ဆိုဒါက မိမိကိုယ်တိုင် ဆရာ မရှိလို့ အဓိပ္ပါယ်ရတယ်၊ ဗုဒ္ဓ- ဆိုဒါက ဉေယျဓံ တရားများကို သိတော်မူတယ်လို့ အဓိပ္ပါယ်ရတယ်၊ ပေါင်းလိုက်တော့ မှန်မှန်ကန်ကန် ဆရာမရှိ မိမိ အလိုလို ဉေယျဓံတရားများကို၊ သိတော်မူသော၊ ဘုရားလို့ အဓိပ္ပါယ်ရတယ်။

တပည့် မှန်ပါဘုရား။

ဆရာ ဉေယျဓံတရားဆိုဒါက၊ သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ် ဤငါးရပ်ကို ခေါ်တယ်၊ ဒီငါးရပ် အပြင် သိစရာမရှိတော့ဘူး၊ သိစရာမှန်သမျှ ဒီငါးရပ် ထဲမှာ အကျုံးဝင်ကုန်တယ်၊ သင်္ခါရ ဆိုဒါက စိတ်, စေတသိက်, နိပ္ဖန္နရုပ်တို့ကို ခေါ်တယ်၊ စိတ် သည် အကျဉ်းအားဖြင့် ၈၉- အကျယ်အားဖြင့် ၁၂၁-ပါးရှိတယ်၊ ဒီထက်ပို၍ မရှိဟူ၍ဋဝ်း, ဋင်းစိတ် တို့သည်၊ အာရုံကြောင့် ဖြစ်ကြရသည်၊ အာရုံနှင့်

www.dhammaransi.com



ကင်း၍ မဖြစ်နိုင်ဘူး ဟူ၍ရင်း, အသက်ရှည်ရာ ကာလက ဥပါဒ်,ဌီ,ဘင် ဟုဆိုအပ်သော ခဏငယ် သုံးခုသာရှည်၏၊ ဒီထက် ပို၍ မရှည်ဟူ၍ရင်း, စိတ်နှင့် ပတ်သက်၍၊ သိစရာအားလုံးကို၊ သိတော်မူတယ်၊ စေတသိက်သည် ၅၂-ပါး ရှိသည်၊ ထိုထက် အပိုမရှိ၊ စိတ်ဖြစ်ယင် သူဖြစ်၍ စိတ်ချုပ်ယင် သူချုပ်ဘယ်၊စိတ်မှီသော ဝတ္ထုကို သူမှီ၍ စိတ်ပြုသော အာရုံကို သူပြုတယ်၊ စိတ်နှင့်ကင်း၍ သူ မဖြစ် အသက်ရှည်ရာကာလမှာ စိတ်နှင့် အတူတူပင်၊ ရှည်၊ သည်ဟု စေတသိက်နှင့် ပတ်သက်၍ သိစရာအားလုံးကို သိတော်မူတယ်၊ နိပ္ဖန္နရုပ်သည်၊ ၁၈- ပါး ရှိသည်၊ ကံ,စိတ်,ဥတု, အဟာရတို့ကြောင့် ဖြစ်ကြသည်၊ ၎င်းလေးပါးနှင့်ကင်း၍ မဖြစ်နိုင်၊ ရုပ်တို့သည် စိတ်တို့ကဲ့သို့ အာရုံကို မယူနိုင်၊ အသက်ရှည်ရာ ကာလမှာ စိတ္တက္ခဏအားဖြင့် ၁၇- ချက်, ခဏငယ် အားဖြင့် ၅၁-ချက်ခန့် ရှည်ကြသည်၊ ဒီထက်ပို၍ မနေနိုင်ဟု ရုပ်နှင့်ပတ်သက်၍ အားလုံးကို သိတော်မူတယ်၊ ဝိကာရသည်ကား....လဟုတာ, မုဒုတာ ကမ္မညတာ, ကာယဝိညတ်, ဝစီဝိညတ်ဟု ငါးပါးရှိသည်၊ ဒီထက် အပို မရှိဟူ၍ရင်း, လက္ခဏာသည် ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ ဟု ၄–ပါး ရှိသည်၊ ၎င်းထက် မပိုချေဟု၎င်း,နိဗ္ဗာန်ဆိုသည်မှာ ရုပ်ဒုက္ခ, နာမ်ဒုက္ခတို့၏ ချုပ်ငြိမ်းရာကို ခေါ်သည်ဟု၎င်း, ပညတ်ဆိုသည်မှာ သဘာဝအားဖြင့် မရှိ

www.dhammaransi.com



ပြောရရုံ ခေါ်ရုံမျှသာ ဖြစ်၍ စိတ်၏ အထင်အမြင် အရ မှည့်ခေါ်ကြသော နံမည်အားလုံးကို ခေါ်သည် ဟု လောကကြီးမှ သိရော မှန်သမျှကို သိတော်မူ သော ဉာဏ်တော်ကြီးကို "သမ္မာသမ္ဗုဒ္ဓ" ဟု ခေါ် ဒါကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ကမ္ဘာပေါ်မှာ ဘယ်လောကဓါတ်ဆရာ, သိပ္ပံဆရာ တွေမှ ဒီလို သိမ်မွေ့နူးညံ့သော တရားတွေကို မသိ နိုင်ပါဘူး၊ လောကဓါတ်ဆရာ သိပ္ပံဆရာတွေ စိတ် နှင့် စေတသိက်ကိုတောင်မှ မခွဲခြားနိုင်ပါဘူးကွဲ၊ စိတ် က ဘယ်နှစ်ခု, စေတသိက်က ဘယ်လောက်ရှိတယ် လို့ သိဘို့ရာမှာ ဝေးပါသေးတယ်၊ သူတို့အသိနိုင်ဆုံး အရာသည် အနုမြူအထိလောက်သာ သိနိုင်ဒါပါ၊ ဒီအနုမြူမှာ ဓါတ်ဘယ်နှစ်ပါး စုဝေးတယ်ဆိုဒါကို မသိကြပါဘူး မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ လောကဓါတ် ဓါတုဗေဒဆရာ, သိပ္ပံဆရာတို့၏၊ အားကိုးက မှန်ဘီလူးနှင့် မျက်စိဘဲရှိတယ်၊ ဒီမျက်စိ ဟာလဲ၊ လူကို အမြဲလိမ်နေတယ်ကွဲ၊ လိမ်ပုံကို ပြော အုံးမယ်၊ အလွန်ဖြောင့်သော မီးရထားလမ်းအလယ် ဇလီဖါးတုံးပေါ်မှာ ခြေကိုစုံရပ်ပြီးကြည့်စမ်း၊ မျက် စိ အမြင်အားဖြင့် သံလမ်း နှစ်ခုဟာ တဖြေးဖြေး ပူးသွားတယ်လို့ မထင်ရဘူးလား။

တပည့် ထင်ရပါတယ်ဘုရား။

www.dhammaransi.com



ဆရာ ပူးတယ်လို့ ထင်ရတဲ့နေရာကို တကယ် သွားကြည့်ယင် မျက်စိကထင်သလို တကယ်ပူးရဲ့လား။
တပည့် မပူးပါဘုရား၊ တကယ်ပူးယင် မီးရထား မှောက်သွားမှာဘဲ။
ကောင်းကင်ကို မော့ပြီး ကြည့်ပြန်တော့ ၁၀–မိုင်လောက် ဝေးတဲ့နေရာမှာ ကောင်းကင်ဟာ ခုံးပြီးမြေသို့ ကျလာတယ်လို့ မထင်ရလား။
တပည့် ထင်ရပါတယ်ဘုရား။
ဆရာ ထိုနေရာကို တကယ်သွားကြည့်ယင် မျက်စိက မြင်သလို တကယ်ဘဲ ကျလာရဲ့လား။
တပည့် မကျပါ စိတ်ကထင်ဒါပါဘုရား။
ဆရာ အဲဒီလို လူကို လိမ်နေတဲ့ မျက်စိအမြင်ကို မှတည်ပြီး ကြံဆကြတဲ့ လောကဓါတ် ဓါတုဗေဒဆရာ၊ သိပ္ပံဆရာတို့၏ အသိအမြင်ကို မှန်တယ်လို့ ဘယ်နှယ်ဆိုနိုင်မလဲ မောင်စိန်ရဲ့။
တပည့် မှန်ပါ မဆိုနိုင်ပါဘုရား။
ဆရာ လောကကြီးမှာ သိရမည့် အရာသည် အမျိုးမျိုးရှိတယ်၊ မျက်စိဖြင့်သာ သိနိုင်တဲ့အရာ၊ နားဖြင့်သာ သိနိုင်တဲ့အရာ၊ နှာခေါင်းဖြင့်သာ သိနိုင်တဲ့အရာ၊ လျှာဖြင့်သာ သိနိုင်တဲ့အရာ၊ ကိုယ်ကာယဖြင့်သာ သိနိုင်တဲ့ အရာ၊ မနော ဝိဉာဉ်ဖြင့်သာ သိနိုင်တဲ့ အရာ၊ လောကီဉာဏ်ဖြင့်သာ သိနိုင်တဲ့ အရာ၊ အဘိဉာဏ်ဖြင့်သာ သိနိုင်တဲ့အရာ၊ လောကုတ္တရာ ဉာဏ်ဖြင့်သာ သိနိုင်တဲ့ အရာ၊ ပကတိ သာဝက

www.dhammaransi.com



ဉာဏ်ဖြင့်သာ သိနိုင်တဲ့အရာ, မဟာသာဝကဉာဏ်ဖြင့်သာ သိနိုင်တဲ့အရာ, အဂ္ဂသာဝက ဉာဏ်ဖြင့်သာ သိနိုင်တဲ့အရာ, ပစ္စေကဗုဒ္ဓါဉာဏ်ဖြင့်သာ သိနိုင်တဲ့ အရာ, သဗ္ဗညုတ ဉာဏ်ဖြင့်သာ သိနိုင်တဲ့ အရာ, အဲဒီလိုသိစရာ အမျိုးမျိုးရှိသည်ကို နေရာတကာမှာ မှန်ဘီလူးကိုချည်း အားကိုး၍ ဘယ်မှာ အမှန်ကို သိနိုင်ပါမလဲကွဲ့။

တပည့် မှန်ပါ မသိနိုင်ပါဘုရား။

ဆရာ လောကဓါတ် ဆရာတွေ အရာမဟုတ်သောအား ဖြင့် ကြံပုံကို ပြောအုံးမယ်ကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါ ပြောတော်မူပါဘုရား။

ဆရာ လောကဓါတ် ဆရာတယောက်က နောက်ဘဝရှိ မရှိကို သိရအောင် လေလုံသော မှန်ခေါင်းကြီးလုပ်ပြီးတော့ သေခါနီး လူတယောက်ကို ရင်းမှန်ခေါင်းထဲမှာထဲ့၍ အပြင်ဘက်က ကြည့်နေသတဲ့၊ မကြာခင်ဘဲ ဒီလူမမာလဲ ပါးစပ်ကလေးရွဲ့ပြီး သေသွားရောတဲ့၊ ဒါနဲ့ လောကဓါတ်ဆရာကြီးက မှန်ဘီလူးကြီးကို ကိုင်ပြီး ဟိုနေရာကိုကြည့်, ဒီနေရာကြည့်နှင့် ထွက်ပေါက်ကို ရှာသတဲ့၊ ဘယ်နေရာတွင်မှ အပေါက်မတွေ့သဖြင့်၊ သတ္တဝါသည် သေသည်၏ အခြားမဲ့၌ နောက်ထပ် မဖြစ်တော့ဘူးလို့ပြောသတဲ့ အဲဒီ လောကဓါတ်ဆရာကြီး၏ စကားအရ ကွန်မြူနစ်တို့၏ အဘိဓမ္မာ ဖြစ်သော ရုပ်ဝါဒ ပေါ်လာ၍

www.dhammaransi.com



ကမ္ဘာ အနှံ့အပြား ဆူနေကြတယ် မဟုတ်လားကွဲ၊ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ဒီလောကပါတ်ဆရာကြီး၏၊ အကြံကို အရှုမဟုတ် သောနည်းလို့ ဘာကြောင့် ဆိုနိုင်သလဲ ဆိုတော့ ခြေထောက်မှာ ဆူးစူးဒါကို နဖူးမှာ ဆျူးထွင်လို့ရ ပါ့မလား။

တပည့် မရပါဘုရား။

ဆရာ အေးဒီလိုပေါ့····ဝိပဿနာ ဉာဏ်, မဂ်ဉာဏ်တို့၏၊ အရာကို မှန်ဘီလူးနှင့်ရှာ၍ ဘယ်က လာတွေ့မှာလဲ၊ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ တဘာဝနှင့် တဘာဝ ကူးပုံကို ဥပမာ ပေးအုံးမယ်၊နားထောင်ကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါ ထောင်ပါတယ်ဘုရား။

ဆရာ ငါက သံပရာသီးကိုစားပြီး မျက်နှာ ရှုံ့လိုက်ယင် ငါ့မျက်နှာကို မြင်သော မင်း၏ပါးစပ်ထဲမှာ တံတွေး ဖြစ်မလာဘူးလား။

တပည့် ဖြစ်လာပါတယ်ဘုရား။

ဆရာ မင်းပါးစပ်ထဲမှာ တံတွေးဖြစ်ပေမဲ့ ငါ့ထံက သံပုရာ ရည်သည် မင်း၏ ပါးစပ်ထဲကို လာရဲ့လား။

တပည့် မလာပါဘုရား။

www.dhammaransi.com



ဆရာ မလာပါဘဲ ဓါတ်ခိုက်ပြီး မင်းပါးစပ်ထဲမှာ တံတွေး ဖြစ်သလိုဘဲ၊ ဒီဥပမာအတိုင်း သေခါနီးတဲ့အခါ ကံကြွမှာတခုခုကို၊ အမှတ်ရလိုက်တော့၊ ထိုကံဖြင့် ဓါတ်ခိုက်ပြီး ၎င်းကံနှင့် လျော်စွာ ဆိုင်ရာဆိုင်ရာဘုံ ဌာနမှာ ခန္ဓာဖြစ်ရတယ်၊ ဖြစ်ရာဘုံက မင်း၏ ပါးစပ် နှင့်တူတယ်၊ ခန္ဓာက တံတွေးနှင့် တူတယ်၊ သေခါနီး မှာ ကံတခုခုကို အမှတ်ရဒါက သံပုရာသီးကို စား ပြီး မျက်နှာရှုံ့ဒါနှင့်တူတယ်ကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ သတ္တဝါတွေ ထင်ဒါက ဘဝဟောင်းက အသက် ကလေးသည် သတ္တဝါ သေတဲ့အခါ ခန္ဓာဟောင်း ကို စွန့်ပြီးထွက်သွားတယ်လို့ ထင်ကြတယ်၊ အဲဒီ လို ထင်မှုကို သဿတဒိဋ္ဌိလို့ ခေါ်တယ်၊ သတ္တဝါ တွေ ထင်တဲ့အတိုင်းသာ၊ ထွက်သွားရိုး မှန်ယင် အပါယ်လေးပါးမှာ သတ္တဝါ ဘယ်ရှိတော့မလဲ.... နတ်ပြည်၊ ဗြဟ္မာ့ပြည်မှာချည်း ဖြစ်ကြမှာပေါ့.... လူမွဲ ဝမ်းထဲကို ဘယ်သူဝင်တော့မလဲ၊ သူဌေးအိမ် မှာချည်း ဖြစ်ကြမှာပေါ့၊ ထွက်သွားဒါ မဟုတ်ဘဲ ဓါတ်ခိုက်ပြီး ဖြစ်ကြရဒါမို့သာ အပါယ်လေးပါး မှာ သတ္တဝါ အများဆုံး၊ လူဆင်းရဲ အများဆုံး အရုပ်ဆိုးအများဆုံး ဖြစ်ကြရတယ် မဟုတ်လား။

တပည့် မှန်ပါဘုရား။

ဆရာ အဲဒီလို ဘဝဟောင်းက တစုံတရာမှ ဘဝသစ်သို့ သွားဒါ မဟုတ်ဘူးလို့ အပြတ်သိလျှင် သဿတ

www.dhammaransi.com



ဒိဋ္ဌိက လွတ်သကွဲ၊ ဘဝဟောင်းနှင့် ဘဝသစ်သည် တခုစီ ဖြစ်နေပေမဲ့ ဘဝဟောင်းက ကံဓါတ်ကြောင့် ဘဝသစ် ဖြစ်ရဒါဟု အကြောင်းအကျိုး ဆက်သွယ် ဒါကိုသိယင် ဥစ္ဆေဒ ဒိဋ္ဌိက လွတ်သကွဲ၊ ဥစ္ဆေဒ သဿတ ၂-ပါးမှ လွတ်မှသာ ဗုဒ္ဓဝါဒဖြစ်တယ်၊ ဗုဒ္ဓ ဘာသာဝင်ဖြစ်ပြီလို့ ဆိုရမယ်၊ ဒါမှ သမ္မာဒိဋ္ဌိဖြစ် တယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ကံအကြောင်းကို ဆက်ပြီး ပြောအုံးမယ်….မြတ် စွာဘုရား ရှိစဉ်တုံးက 'သုဘ' လုလင်သည် လူချင်း တူပါလျက် တဥုးနှင့်တဥုး ထူးခြားဒါကို မြင်ရသ ဖြင့် မရှင်းလင်းဒါနဲ့ တဆဲ့လေးချက်သော ပြဿ နာကိုမြတ်စွာဘုရားအားလျှောက်ထားသတဲ့လျှောက် ထားပုံကတော့…. 'မြတ်စွာဘုရား လူချင်း တူပါ လျက် အဘယ့်ကြောင့် အချို့မှာ အသက်တိုရ၍ အချို့မှာ အသက်ရှည်ပါသနည်း' အဲဒီလိုလျှောက် ထားတော့ မြတ်စွာဘုရားက "ဤလောက၌ အချို့ သော မိန်းမ ယောကျ်ားတို့သည်…. သတ္တဝါတို့ အပေါ်၌ သနားကြင်နာ ကရုဏာ ကင်းလွတ်လျက် ရက်စက် ဆိုးဝါးသူများ အသက်ကို သတ်ဖြတ်လေ့ ရှိကြတယ်၊ ထိုသူမျိုးသည် သေယင် ငရဲသို့ရောက်ရ တတ်၏၊ ငရဲမှလွတ်ခဲ့၍ လူ့ပြည်သို့ ရောက်ခဲ့ယင် ကြာရှည်စွာ နေခွင့်မရ၊ အသက်တိုကြရတယ်၊အချို့ သော မိန်းမ ယောကျ်ားတို့ကား သတ္တဝါတို့အပေါ်

www.dhammaransi.com



၌ သနားကြင်နာ ကရုဏာ ကြီးမားလျက် သူ့ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ် ကြကုန်၏၊ ထိုသူများသည် သေယင် နတ်ပြည်သို့၊ ရောက်ရ တယ်၊ နတ်ပြည်သို့ မရောက်ဘဲ လူ့ပြည်မှာဖြစ်ယင် လဲ အသက်ရှည်စွာ တည်နေရတယ်''လို့ ဖြေတော်မူ တယ်ကွဲ့ မောင်စိန်ရဲ့။

ဆရာ တဖန် ထပ်ပြီး လျှောက်ထားပြန်ဒါက ''မြတ်စွာ ဘုရား....အချို့မှာ အဘယ့်ကြောင့် ရောဂါများ၍ အချို့မှာ အဘယ့်ကြောင့် ရောဂါရှင်းပါသလဲ''တဲ့ ဒီလို လျှောက်ထားပြန်တော့ မြတ်စွာဘုရားက''ချစ် သား သုဘ....ဤလောက၌၊ အချို့သော မိန်းမ ယောကျ်ားတို့သည် တပါးသော သတ္တဝါကို လက် ဖြင့်သော်၎င်း, ခဲ, ဒုတ်, ဓါး—စသော လက်နက်ဖြင့် သော်၎င်း ညှဉ်းဆဲလေ့ရှိ၏၊ ထိုသူများသည်၊ သေ ယင် ငရဲကျတတ်၏၊ ငရဲသို့ မကျခဲ့ယင် ရောဂါထူ ပြော အနာပေါ၏၊ ချစ်သား သုဘ ဤလောက၌ အချို့သော မိန်းမ ယောကျ်ားတို့သည်၊ တပါး သော သတ္တဝါတို့အား မညှဉ်းဆဲတတ် သနားကြင် နာတတ်၏၊ ထိုသူတို့သေယင် နတ်ပြည်သို့ ရောက် ရ၏၊ နတ်ပြည်သို့ မရောက်မူ၍ လူဖြစ်ခဲ့ယင်ရောဂါ ကင်းရှင်း တတ်တယ်'' လို့ ဖြေတော် မူတယ်ကွဲ့၊ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

တဖန်ထပ်ပြီး လျှောက်ပြန်ဒါက''မြတ်စွာဘုရား.....

www.dhammaransi.com



အချို့မှာ ဘာ့ကြောင့် အရုပ်ဆိုး၍ အချို့မှာ ဘာ့ကြောင့် အဆင်းလှရသလဲ”တဲ့ ဒီလို လျှောက်ထားတော့ မြတ်စွာဘုရားက “ချစ်သားသုဘ ဤလောက၌ အချို့သော မိန်းမ ယောကျ်ားတို့သည် အလွန်ဒေါသကြီး၏၊ အနည်းငယ် စကားပြောစရာ ရှိယင်သူတပါးကို ထိပါးပုတ်ခတ်၍ ပြောလေ့ရှိ၏၊ ထိုသူတို့ သေယင် ငရဲကျတတ်၏၊ငရဲသို့မကျခဲ့သော် မျက်နှာပုပ်သိုး အရုပ်ဆိုး တတ်တယ်၊ ချစ်သား သုဘ ဤလောက၌ အချို့သောသူတို့သည် အမျက်မထွက်တတ်၊ စိတ်ကို ကြည်လင်အေးမြစွာ ထားတတ်ကုန်၏၊ ထိုသူတို့သေယင် နတ်ပြည်၌ ဖြစ်ရ၏၊ နတ်ပြည်၌ မဖြစ်ဘဲ လူဖြစ်ခဲ့သော် ကြည်လင် လှပသော အဆင်းကို ရတတ်တယ်” လို့ ဖြေတော်မူတယ်၊ ကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ တဖန်ထပ်ပြီး လျှောက်ပြန်ဒါက “မြတ်စွာဘုရား…. အချို့မှာ ချွေရံစိုးမိုး တန်ခိုးအာဏာ နဲပါး၍ အချို့မှာ ဘာကြောင့် ချွေရံစိုးမိုး တန်ခိုးအာဏာ ကြီးမားပါသလဲ” တဲ့၊ ဒီလို လျှောက်ထားတော့ မြတ်စွာဘုရားက “ချစ်သား သုဘ --- ဤလောက၌ အချို့သောသူတို့သည် ဣဿာတရားအားကြီးကြ၏၊ ထိုသူတို့သည် သေယင် ငရဲကျတတ်၏၊ ငရဲမကျဘဲ လူဖြစ်လာယင် ချွေရံစိုးမိုး တန်ခိုးအာဏာ နည်းပါးတတ်တယ်၊ ချစ်သား သုဘ…..အချို့သော သူတို့ကား

www.dhammaransi.com



ဂ္ဂလ္လသာတရား မထားကြ၊ ထိုသူတို့သေယင် နတ်ပြည်၌ ဖြစ်တတ်၏၊ လူဖြစ်လာယင် ချေရုံစိုးမိုး တန်ခိုး အာဏာကြီးမားတတ်တယ်”လို့ ဖြေတော်မူတယ်ကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ တဖန်ထပ်ပြီး လျှောက်ပြန်ဒါက “မြတ်စွာဘုရား..... အဘယ့်ကြောင့် အချို့မှာ ဥစ္စာပစ္စည်း ပေါများ၍ အချို့မှာအဘယ့်ကြောင့်ရှားပါးပါသနည်း”တဲ့၊အဲ ဒီလို လျှောက်ထားတော့ မြတ်စွာဘုရားက‘ချစ်သား သုဘ-ဤလောက၌ အချို့သော မိန်းမ ယောကျ်ား တို့သည် မဆွေရမရှိဘဲ စွန့်ကြဲပေးကမ်း လှူဒါန်းလေ့ ရှိကြကုန်၏၊ ထိုသူတို့သည် သေယင် နတ်ပြည်သို့ ရောက်ကြ ရကုန်၏၊ လူဖြစ်ယင်လဲ ဥစ္စာပြည့်စုံ ကုံလုံကြွယ်ဝကြကုန်၏၊ အချို့သော သူတို့သည် မဆွေရတရား လွန်ကြီးမားသဖြင့် ပေးကမ်း လှူဒါန်း လေ့မရှိ၊ ပစ္စည်း တိုးပွါးမှုကိုယာ ပြုလေ့ ရှိကုန် ၏၊ ထိုသူတို့သေယင်ငရဲသို့ ရောက်ရတတ်၏၊ငရဲမကျ ဘဲ လူဖြစ်ပြန်ယင် ဥစ္စာမရှိဘဲ အလွန်ဆင်းရဲကြကုန် ၏’ လို့ ဖြေတော်မူတယ်ကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ တဖန်ထပ်ပြီး လျှောက်ပြန်ဒါက “မြတ်စွာဘုရား.... အဘယ့်ကြောင့် အချို့မှာ ယုတ်မာသော အမျိုးမှာ ဖြစ်ရ၍အချို့မှာ မြတ်သောအမျိုးမှာဖြစ်ရပါသလဲ” တဲ့၊ ဒီလိုလျှောက်ထားတော့ မြတ်စွာဘုရားက“ချစ်

www.dhammaransi.com



သား သုဘ.....ဤလူ့လောက၌ အချို့သော မိန်းမ ယောကျ်ားတို့သည် အလွန်မာန်မာန ကြီးကြကုန်၏၊ ရှိသေအပ်သော ဂုဏဝုဍ္ဍိ-ဝယဝုဍ္ဍိ တို့ကို ရှိသေမှန်း မသိ၊ပူဇော်ရမည့် ပုဂ္ဂိုလ်ကို ပူဇော်လေ့ မရှိ၊ထိုသူတို့ သည် သေလျှင် ငရဲကျတတ်၏၊ ငရဲမကျဘဲ လူဖြစ် ပြန်လျှင်လည်း ယုတ်ညံ့သောအမျိုး၌ ဖြစ်ကြရကုန် ၏။ ချစ်သားသုဘ အချို့သော သူတို့သည် မာန် မာန မရှိကြ၊ ရှိသေရမည့် သူကို ရှိသေတတ်၏၊ ပူဇော်ရမည့်သူကို ပူဇော်လေ့ရှိ၏၊ ထိုသူတို့သေလျှင် နတ်ပြည်သို့ ရောက်တတ်၏၊ နတ်ပြည်သို့ မရောက်ဘဲ လူဖြစ်ပြန်လျှင် မြင့်မြတ်သော အမျိုး၌ ဖြစ်ရတတ် တယ်”လို့ ဖြေတော်မူတယ်ကွဲ့ မောင်စိန်ရဲ့။

ဆရာ တဖန်ထပ်ပြီး လျှောက်ပြန်ဒါက “မြတ်စွာဘုရား..... အဘယ့်ကြောင့် အချို့မှာ ပညာဉာဏ် နည်းပါး၍ အချို့မှာ ပညာဉာဏ် ကြီးမား ရပါသလဲ”တဲ့၊ဒီလို လျှောက်ထားတော့ မြတ်စွာဘုရားက “ချစ်သား သုဘ ဤလောက၌ အချို့သော မိန်းမ ယောကျ်ား တို့သည် ပညာရှိထံချဉ်းကပ်၍ကုသိုလ်ကို အကုသိုလ် ကို၎င်း, အပြစ်ရှိ မရှိကို၎င်း, မှီဝဲထိုက် မမှီဝဲထိုက် ကို၎င်း, နောင်သံသရာဝယ် ရှည်ကြာလေးမြင့် ဖွံ့ ဖွံ့ ဖြိုးဖြိုး အကျိုးပေးမည့်အရာ မပေးမည့်အရာကို ၎င်းမေးမြန်းလေ့မရှိ၊ ထင်မိထင်ရာ ဒုစရိုက်တို့ကို သာ လုပ်၍နေကြကုန်၏၊ ထိုသူတို့သေလျှင် ငရဲသို့ ကျရောက်တတ်၏၊ ငရဲသို့မကျဘဲ လူဖြစ် ပြန်လျှင်

www.dhammaransi.com



ပညာ ဉာဏ်ကင်း လူဖျင်း လူအ လူမိုက် ဖြစ်တတ်ကုန်၏၊ ချစ်သားသုဘာ အချို့သော သူတို့သည် ထိုကဲ့သို့သော တရားအချက်တို့ကို နှစ်သက် ကြည်ဖြူနာယူ မေးမြန်းလေ့ ရှိကုန်၏၊ထိုသူတို့သေယင် နတ်ပြည်သို့ ရောက်တတ်ကုန်၏၊ နတ်ပြည်သို့မရောက်ဘဲ လူဖြစ် ပြန်ယင် အသိအလိမ္မာ ဉာဏ်ပညာကြီးမား၍ ထက်မြက်သော အခြေအနေ ရှိတတ်တယ်" လို့ ဖြေတော်မူတယ်ကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါ့ဘုရား။

ဆရာ အဲဒီမြတ်စွာဘုရား၏ အဖြေကို လေ့ကျတော့ ရုပ်ပွါးဆင်းတုရှေ့မှာ ခရမ်းသီးကလေးတဖတ် ၂-ဖတ်ချဉ်ပေါင်ရွက်ကလေးတရွက် ၂-ရွက်နှင့် ဆွမ်းတော်တင်ပြီး အကောင်းမှန်သမျှ စုံအောင် ဆုတောင်းကြတဲ့ ပုဂ္ဂိုလ်တွေဟာ တောင်းသမျှ ရနိုင်ပါ့မလား။

တပည့် ရနိုင်စရာ မရှိပါဘုရား။

ဆရာ ဘူးပင်ကို စိုက်ပြီးယင် ဘူးသီး သီးအောင် ဆုတောင်းစရာ လိုသေးသလား။

တပည့် မလိုပါဘုရား။

ဆရာ ဒီလိုပေါ့ အကြောင်းကို လုပ်ထားယင် အကျိုးတရားဆိုတာ မတောင်းသော်လဲ ရပါတယ်။ သို့သော် ဆုမတောင်းရဘူး လုံးလုံးမဟုတ်ပါဘူး၊ အကြောင်းနှင့် တန်ရုံတောင်းရမည့် အရာကိုတော့ တောင်းကောင်းပါတယ်၊ အခုတော့ လုပ်ထားတဲ့ အကြောင်းကလေးက နဲနဲ တောင်းလိုက်တာက စုံနေတယ်၊ ဆိုင်မှာဈေး

www.dhammaransi.com



ဝယ်တဲ့အခါ တကျပ်ပေးယင် တကျပ်နှင့် ထန်ရုံဘဲ ရတယ်မဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ အဲဒီလိုပေါ့ကွဲ၊ ဘုရားဖြစ်ချင်ယင် ဘုရားအဖြစ်နှင့် တန်အောင် ဖြည့်ကျင့်ရဒါကို ကြည့်ပါလား၊ တော်ရုံ တန်ရုံနှင့် ဘုရားမဖြစ်ဘူးကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါ ဘုရား။

ဆရာ အေး ဒါကြောင့် အင်မတန် ဆုတောင်းအားကိုးတဲ့ ဗမာတွေ စဉ်းစားသင့်တယ်ကွဲ၊ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ယခုမန္တလေး မဟာမြတ်မုနိ၊ ရုပ်ပွါးကြီး အရုပ် ဆိုး သွားရဒါ ဆုတောင်း သမားတွေကြောင့်ပေါ့ ခါးနာတဲ့ လူတွေက ရုပ်ပွါး၏ ခါးကို ရွှေချပြီး ခါးနာ ပျောက်ရ ပါလို၏လို့ ဆုတောင်းကြတယ် ဒူးနာတဲ့လူက ဒူးမှာရွှေချပြီး ဒူးနာ ပျောက်ရ ပါလို ၏လို့ ဆုတောင်း ကြတယ်ကွဲ၊ ရုပ်ပွါးကို ဆေး သမားဖြစ်အောင် လုပ်ကုန်ကြပြီကွဲ၊ ထာဝရ ဘုရား လို့ များ ထင်နေကြသလား မပြောတတ်ဘူး မောင် စိန်ရဲ့။

တပည့် အသိဉာဏ် ကတော့ ထာဝရ ဘုရားကို ကိုးကွယ် သူနှင့်သာ တူနေပါတယ်ဘုရား။

ဆရာ မန္တလေးက မဟာမြတ်မုနိ ရုပ်ပွါး ဆင်းတုနှင့် မင်း တွဲ့အိမ် ဘုရားစင်မှာ ထားတဲ့ ရုပ်ပွါး ဆင်းတုကို၊

www.dhammaransi.com



တတန်းစားထဲ ထားနိုင်ရဲ့လား။

တပည့် ထားနိုင်ပါတယ်ဘုရား။

ဆရာ အေး ဒါမှ ဗုဒ္ဓဘာသာကွဲ၊ မန္တလေးက မဟာမြတ်မုနိသည့် ငါတို့အိမ်က ဘုရားထက် တန်ခိုးကြီးတယ်လို့ ထင်နေယင် ဗုဒ္ဓဘာသာ မဟုတ်သေးဘူး၊ ဗုဒ္ဓဗလာချာသာ ဖြစ်နေသေးတယ်။

တပည့် မှန်ပါဘုရား။

ဆရာ ဗမာတွေ ဆုတောင်းအားကိုးလွန်းသည့် အတွက် ဆုတောင်းခန်းကို ရှင်းအုံးမယ်၊ ဆုတောင်းတယ်ဆိုဒါ အကျိုးကို ရည်ရွယ်ဒါဘဲကွဲ စပါးလိုချင်တဲ့လူသည်၊ စပါးရတဲ့ကို ရည်ရွယ်ပြီး လယ်များကိုစိုက်ရသလို ဘုရားဖြစ်ချင်တဲ့သူသည်၊ ဘုရားအဖြစ်ကို ရည်ရွယ်လျက် ဘုရား ဖြစ်စေ နိုင်တဲ့ ပါရမီ ၁၀-ပါး အပြား သုံးဆယ်ကို ဖြည့်ကျင့် ရတယ်၊ ပစ္စေကဗုဒ္ဓါ ဖြစ်ချင်သူသည် ပစ္စေက ဗုဒ္ဓါအဖြစ်ကို ရည်ရွယ်လျက် ပစ္စေကဗုဒ္ဓါ ပါရမီကို ဖြည့်ကျင့်ရတယ်၊ အဂ္ဂသာဝက ဖြစ်ချင်သူသည် အဂ္ဂသာဝက အဖြစ်ကို ရည်ရွယ်လျက် အဂ္ဂသာဝက ပါရမီကို ဖြည့်ကျင့်ရတယ်၊ မဟာသာဝက ဖြစ်ချင် သူသည် မဟာ သာဝက အဖြစ်ကို ရည်ရွယ်လျက် မဟာသာဝက ပါရမီကို ဖြည့်ကျင့်ရတယ်၊ ပကတိသာဝက အဖြစ်နှင့် ကျွတ်တန်း ဝင်လိုသူသည် ၎င်းအဖြစ်ကို ရည်ရွယ်လျက် ၎င်း၏ ဆိုင်ရာ အလုပ်ကိုလုပ်ရတယ်၊ ဆိုင်ရာပါရမီကို ဖြည့်ကျင့်ဒါက လိုရင်း

www.dhammaransi.com



ဆုတောင်းဒါက အကျအညီမျှသာ ဖြစ်တယ်၊ ယနေ့ ဗမာတွေက ဆုတောင်းကိုသာ ပဓါန ထားနေကြ တယ်၊ ဘာဘဲလုပ်လုပ် ဆုတောင်းဒါက "အပါယ် လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါး ပါး ဝိပတ္တိတရားလေးပါး ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်း၍ အဆုံးစွန် ဘဝ နောင် ကာလ၌ နိဗ္ဗာန် မဂ်ဖိုလ်ကို ရပါလိုး၏ ဘုရား" တဲ့၊ ကိုင်းဒီဆုတောင်းကို စစ်ကြရအောင် မောင်စိန်ရဲ့။

တည့် စစ်တော်မူပါဘုရား။

ဆရာ ပရိတ်ကြီး ပါဠိတော်မှာ ဟောဒါက....

သဟာဝဿ ဒဿန သမ္ပဒါယ၊ တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ၊ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊ သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ၊ စတူဟပါယေဟိ စ ဝိပ္ပမုတ္တော-လို့ ဟောတော်မူတယ်။

အဓိပ္ပါယ်က ....အရိယာ ပုဂ္ဂိုလ်သည် သောတာပတ္တိ မဂ် ဉာဏ်ကို ရဒါနှင့် တပြိုင်နက်သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတ ပရာမာသ ဤသုံးပါးတို့ကို စွန့်ကုန်၏၊ကိလေသာအနဲငယ်ကျန် သော်လဲ အပါယ် လေးပါးမှ အမြဲတန်း လွတ်တော့၏တဲ့. အဲဒီ ဒေသနာအရ သောတာပန်တည်မှ အပါယ်လေးပါးမှ လွတ်မှာ မဟုတ်လား၊ ဆွမ်းကလေးဘဆုပ် ရေကလေးတမှုတ်ကို ဆွမ်း တော်တင်ပြီး ဆုတောင်းဒါနဲ့သာ လွတ်မယ်ဆိုယင် အပါယ် လေးပါးမှာ သတ္တဝါတောင်မှ ရှိတော့မှာမဟုတ်ဘူး၊သောတာ ပန်တည်အောင် လုပ်ဘို့ပျင်းတိုင်း ဆုတောင်းအားကိုးတဲ့ ဗမာ

www.dhammaransi.com



တော့ ပရိတ်ကြီး ပါဠိတော်အတိုင်း မရဘူးလို့သာ မှတ်ကွဲ၊ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ကပ်သုံးပါး ဆိုဒါက သတ္တန္တရ ကပ်, ရောဂန္တရ ကပ်, ဒုဗ္ဘိက္ခန္တရကပ်တဲ့၊ ၎င်းသုံးပါးသည် ရံခါ ရံခါ သတ္တဝါအပေါင်းတို့အား နှိပ်စက်တတ်တယ်၊ ဒီကပ်သုံးပါးမှ လွတ်ဘို့ဆိုဒါ ခန္ဓာငါးပါး ချုပ်ရာ အနုပါဒိသေသ နိဗ္ဗာန်ကိုရမှ လွတ်မှာကွဲ၊ မြတ်စွာ ဘုရားတောင် ဝေရဉ္စာပြည်မှာ ဒုဗ္ဘိက္ခန္တရ ကပ်နဲ့ တွေ့၍ မုယော ဆွမ်းကို စားရတယ် မဟုတ်လား၊ မလိုချင်တဲ့ ဒုက္ခတွေကို ဆုတောင်းလို့သာရကြယင် နိဗ္ဗာန်ကိုတောင် ရောက်ရော မလိုတော့ဘူး၊ ဒီလို တွေ့ရဒါ ခန္ဓာအဖြစ် ဖြစ်တယ်၊ ဒါကြောင့် ပညာရှိ ကြီးတွေဟာ ခန္ဓာကိုယ်ကို ငြီးငွေ့ပြီး နိဗ္ဗာန်ကို သွားကြဒါကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ရပ်ပြစ်ရှစ်ပါးဆိုဒါ အပါယ်လေးဘုံမှာ ဖြစ်ရဒါ အသညသတ်ဘုံမှာ ဖြစ်ရဒါ, ဘုရားပွင့်သောအချိန် မှာ အရူပလေးဘုံမှာ ပုထုဇဉ် အဖြစ်နဲ့ နေရဒါ, ဘုရားမပွင့်တဲ့ အချိန်မှာ ပညာရှိဖြစ်ရဒါ, ဘုရားပွင့် ချိန်မှာ မိစ္ဆာဒိဋ္ဌိဖြစ်နေရဒါ, သူတော်ကောင်းပညာ ရှိမရောက်နိုင်တဲ့ တိုင်းစွန်ပြည်ဖျားမှာ ဖြစ်ရဒါ, တရားကို မနာနိုင်တဲ့ ပဋိသန္ဓေက နားပင်းသူဖြစ် ရဒါ,တရားကို မသိနိုင်တဲ့ သုဂတိအဟိတ်, ဒွိဟိတ်

www.dhammaransi.com



ပုဂ္ဂိုလ်ဖြစ်ရဒါ အဲဒါတွေကို ခေါ်တယ်၊ စင်စစ် သတ္တုချလိုက်ယင် သူတော်ကောင်းတရားကို မနာ ရသော အဖြစ်ကို ဆိုဒါဘဲ၊ ဒီရပ်ပြစ် ရှစ်ပါးက လွတ်ချင်ယင် ယခုလိုအခါမှာ ဆုတောင်း နေစရာ မလိုပါဘူး၊ ဘယ်ပုဂ္ဂိုလ်သည် မဂ်ပေါက်ဖိုလ်ရောက် ဟောနိုင် သလဲဟု သတင်းကို နားထောင်ပြီး လိုက် ၍ နာရုံပါဘဲကွဲ၊ ဒီလိုပညာရှိ ရှာရမှာ ပျင်းတိုင်း ဆုတောင်းလို့ ဘယ်ဖြစ်နိုင်မှာလဲ မောင်စိန်ရဲ့၊

တပည့် မှန်ပါဘုရား။

ဆရာ ရန်သူမျိုး ငါးပါး ဆိုဒါက ရေ, မီး, မင်း, ခိုးသူ, မချစ်မနှစ်သက်သော သူကိုခေါ်တယ်၊ ရေဘေး မီးဘေးနှင့် ကြုံတွေ့ရမည့် အကုသိုလ်ကံ ပါလာ ယင် တွေ့ရမှာဘဲ၊ မပါယင်မတွေ့ရဘူး၊ မင်းဆိုဒါ လဲ မင်းမကြိုက်တာကို လုပ်ယင် တွေ့ရမယ် မလုပ် ယင် မတွေ့ဘူး၊ ခိုးသူဆိုဒါလဲ ပစ္စည်းရှိယင် တွေ့ ရတတ်တယ်၊ ဘာကြောင့်လဲ ဆိုတော့ ပစ္စည်း ဆို ဒါ ခိုးသူနှင့် ဆက်စပ်တဲ့အမျိုးဖြစ်တယ်၊ ဒါကြောင့် သူတော်ကောင်း တွေဟာ ပစ္စည်းတွေကို စွန့်ပြီး တောထွက် ကြတယ် မဟုတ်လား၊ မချစ်မနှစ်သက် သောသူဆိုဒါလဲ ခန္ဓာရယ်လို့ ဖြစ်လာယင် ပါလာ မြဲဘဲ၊ ဒါကြောင့်····

ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ မရဏံပိ ဒုက္ခံ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ နလဘတိ၊ တမ္ပိ ဒုက္ခံ····လို့ ဟောတော်မူတယ်ကွဲ။

www.dhammaransi.com



ခန္ဓာမရှိမှ ဒီဒုက္ခတွေ ချုပ်မှာ၊ ဒီဒုက္ခတွေချုပ်မှ နိဗ္ဗာန်ကို ရတယ်၊ ဒါကြောင့် ရန်သူမျိုးငါးပါးမှ ကင်းလွတ်ချင်ယင်နိဗ္ဗာန် ကိုသာ ရအောင် အားထုတ်ပါ၊ နိဗ္ဗာန်မရသမျှ ဒီရန်သူမျိုး ငါးပါးမှအေးအောင် ဆုတောင်းလို့ မဖြစ်ပါဘူး မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

**ဆရာ** ဝိပတ္တိတရား လေးပါး ဆိုဒါက သီလဝိပတ္တိ=သီလ အကြီးစား ပျက်စီးခြင်း၊ အာစာရဝိပတ္တိ—သီလ အငယ်စား ပျက်စီးခြင်း၊ အာဇီဝ ဝိပတ္တိ=အသက် မွေးမှု မစင်ကြယ်ခြင်း၊ ဒိဋ္ဌိဝိပတ္တိ=အယူမမှန်ခြင်း၊ ဤလေးခုကို ခေါ်တယ်၊ ၎င်းလေးပါးအနက် ရှေ့ သုံးခု အတွက် မိမိက သီလတွေကို လုံခြုံအောင် ထိန်းသိမ်းလိုက်ယင် ဆုမတောင်းသော်လဲ ရဒါပါ ဘဲ၊ သီလကို လုံခြုံအောင် မထိမ်းဘဲနှင့်လဲ ဘယ်လို ဆုတောင်း တောင်း မရပါဘူး၊ နောက်ဆုံး ဝိပတ္တိ အတွက်လဲ ပညာရှိထံ ချဉ်းကပ်ပြီး အယူမှန်အောင် ပြုယင် ဆုမတောင်းသော်လဲ ၎င်းဝိပတ္တိမှ လွတ်တာ ဘဲ၊ ပညာရှိထံ မချဉ်းကပ်ဘဲ မိမိထင်ဒါကို မိမိယူနေ ယင် ဆုတောင်းသော်လဲ အသြောင်းရှိဘဲ ရှိမှာ ဘဲ၊ လောကကြီးမှာ ကံအရာ၊ ဉာဏ်အရာ၊ ဝီရိယ အရာလို့ သုံးမျိုးရှိတယ်၊ သို့အတွက် နေရာတကာ တိုင်း ဆုတောင်းကိုချည်း အားမကိုးရဘူး၊ မောင် စိန်ရဲ့။

တပည့် မှန်ပါဘုရား။

www.dhammaransi.com



ဆရာ ဗျသနတရား ငါးပါး ဆိုဒါက….ဉာတိ ဗျသန= ဆွေမျိုးတို့ ပျက်စီးခြင်း, ရောဂဗျသန=အနာရောဂါဖြစ်ခြင်း, ဘောဂဗျသန=စည်းစိမ်ဥစ္စာ ပျက်စီးခြင်း, သီလဗျသန=သီလပျက်စီးခြင်း, ဒိဋ္ဌိဗျသန= အယူပျက်စီးခြင်း ဒီငါးပါးကိုခေါ်တယ်၊ ၎င်းပါးပါးအနက် ဉာတိဗျသန ဆိုဒါ ဆွေမျိုးတွေ ကံမကောင်းယင် ပျက်စီးမှာဘဲ၊ သာကီဝင်မင်းတွေဘဝငါးရာလောက်က မုဆိုးလုပ်ခဲ့တဲ့ မကောင်းမှုကံကြောင့် ဝိဋ္ဋူဘသတ်၍ သေကြရဒါကို မြတ်စွာဘုရား တွေ့သွားရတယ်မဟုတ်လား၊ ဆွေမျိုးတို့၏ ကံသာပမဲနဲဘဲ၊ ရောဂဗျသနဆိုဒါလဲ ဆုတောင်းကိုချည်း အားကိုး၍ မဖြစ်ဘူး၊ မိမိကလဲ ဝါတ်လေးပါးမျှတအောင် နေတတ် ထိုင်တတ် စားတတ်မှ ရောဂါမဖြစ်မှာကွဲ၊ ဘောဂဗျသနဆိုဒါလဲ….. ဥဋ္ဌာနသမ္ပဒါ- မပျင်းမရိ လုံ့လရှိစွာနဲ့ ရှာဖွေပါမှ အာရက္ခသမ္ပဒါ-ရှာ၍ရပြီးတဲ့ဥစ္စာကို မကုန်သင့်ဘဲ မကုန်ရအောင် ထိန်းသိမ်းတတ်မှ၊ ကလျာဏ မိတ္တ သမ္ပဒါ- မိတ်ကောင်း ဆွေကောင်းနဲ့ ပေါင်းသင်းပါမှ၊ သမဇီဝိတတာ သမ္ပဒါ- အဝင်ကိုကြည့်၍ အထွက်ကို သုံးတတ်မှ စည်းစိမ် ပျက်စီးခြင်းမှ လွတ်မှာ၊ ၎င်းသမ္ပဒါ ၄-ပါးကို မလိုက်နာဘဲ ဆုတောင်းလို့တော့မရပါဘူး၊ သီလဗျသနဆိုဒါလဲ မိမိ၏သီလကို မိမိချစ်မှ သီလမပျက်မှာ၊ ဆုတောင်းရုံနဲ့ မရဘူး ဒိဋ္ဌိဗျသနဆိုဒါလဲ ပညာရှိထံ ချဉ်းကပ်၍ တရား

www.dhammaransi.com



ကိုနာယူမှ အယူမှန်မှာ၊ ဆုတောင်းဒါနဲ့ အလိုလို အယူမှန်မလာဘူး၊ ဆုတောင်းလို့ မဖြစ်တာတွေကို ပျင်းတိုင်း ဆုတောင်းကြတာတွေဟာ ရှက်စရာမကောင်းဘူးလား မောင်စိန်ရဲ့။

တပည့် ရှက်စရာပါဘဲဘုရား။

ဆရာ အဆုံးစွန်သောဘဝ နောင်ကာလ၌ ဆိုဒါကို စစ်အုံးမယ်ကွဲ "ဆုံးစမထင်၊ သံသာခွင်၌၊ ဆုံလည်သည့်နွား၊ ရဟတ်ခြားသို့" ဟု ပညာရှိများ စပ်ဆိုကြတယ်မဟုတ်လား၊ အစမရှိ အဆုံးမရှိပါဘူးလို့ မြတ်စွာဘုရားဟောပါလျက်သားနဲ့ အဆုံးစွန်သောဘဝ နောင်ကာလ၌လို့ ဆုတောင်းဒါကတော့ အတော်ဘဲ အ ရကျတယ်။ အစမရှိဖုံကိုင်း အဆုံးမရှိပုံကိုင်း ပြောအုံးမယ် နားထောင်ကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အသီးမရှိဘဲ အပင်ပေါက်ပါမလား။

တပည့် မပေါက်နိုင်ပါဘုရား။

ဆရာ ဒီလိုဆိုယင် အပင်က အစမဟုတ်ဘူးပေါ့။

တပည့် မဟုတ်ပါဘုရား။

ဆရာ အပင်မရှိဘဲ အသီးကော သီးရဲ့လား။

တပည့် မသီးနိုင်ပါဘုရား။

ဆရာ ဒီလိုဆိုယင် အသီးတလဲ့ အစမဟုတ်ဘူးပေါ့။

တပည့် မဟုတ်ပါဘုရား

www.dhammaransi.com



ဆရာ ဒီလိုဆိုတော့ အစမရှိဘူးပေါ့။

တပည့် မရှိပါဘုရား။

ဆရာ အဆုံးမရှိပုံကို ပြောအုံးမယ်၊ အပင်ရှိယင် မသီးဘဲ နေပါ့မလား။

တပည့် မနေပါ၊ သီးပါတယ်ဘုရား။

ဆရာ သီးယင် အပင်မပေါက်ပြန်ဘူးလား။

တပည့် ပေါက်ပြန်ပါတယ်ဘုရား။

ဆရာ ပေါက်ယင် မသီးပြန်ဘူးလား။

တပည့် သီးပြန်ပါတယ်ဘုရား။

ဆရာ ဆုံးပါ့မလား။

တပည့် မဆုံးတော့ပါဘုရား။

ဆရာ အေး.....ဒီလိုဘဲ ကံကြွမ္မာ မရှိဘဲ ခန္ဓာ မဖြစ်သောကြောင့် ခန္ဓာကလဲ အစမဟုတ်၊ခန္ဓာမရှိဘဲ ကံကြွမ္မာ မဖြစ်နိုင်သောကြောင့် ကံကြွမ္မာကလဲ အစမဟုတ် အဲဒါကြောင့် "သံသာရပုဗ္ဗကောဋိ နပညာယတိ" လို့ မြတ်စွာဘုရားဟောတော်မူတယ်၊ကံကြွမ္မာရှိပါက ခန္ဓာရှိအုံးမယ်၊ ခန္ဓာရှိပါက ကံကြွမ္မာဖြစ်အုံးမယ် မဆုံးတော့ဘူး၊ အဲဒါက မဆုံးပုံဖြစ်တယ်၊မဆုံးဘဲနဲ့လဲ နိဗ္ဗာန်ကို မရဘူး ဒီလိုဆိုတော့ခက်မနေဘူးလား။

တပည့် ခက်နေပါတယ်ဘုရား။

ဆရာ မခက်အောင် ပြောအုံးမယ်၊မျိုးစေ့ကြောင့် အပင်ပေါက်တယ်၊ ဒါပေမဲ့ ဒီမျိုးစေ့တွေကိုမိုးမထိအောင်ထားလိုက်ယင် အပင်ပေါက်ပါ့မလား။

တပည့် မပေါက်တော့ပါဘုရား။

ဆရာ အေး ဒီလိုပေါ့၊ အကုသိုလ်မျိုးစေ့တွေကို ဒိဋ္ဌိမိုး မိယင် အပါယ်ခန္ဓာအပင် ပေါက်မယ်, ကာမကုသိုလ်မျိုးစေ့တွေကို ကာမတဏှာမိုး မိယင် ကာစမခန္ဓာအပင် ပေါက်မယ်, ရူပကုသိုလ်မျိုးစေ့တွေကို ရူပတဏှာမိုး မိယင် ရူပခန္ဓာအပင် ပေါက်မယ်, အရူပကုသိုလ် မျိုးစေ့တွေကို အရူပတဏှာ မိုး မိယင် အရူပခန္ဓာအပင် ပေါက်မယ်၊ မျိုးစေ့တွေ အပင် ပေါက်ရတဲ့ အကြောင်းကို ရှာယင် မိုးကို တွေ့ရသလို ကုသိုလ် အကုသိုလ်မျိုးစေ့တွေ ခန္ဓာပင်ပေါက်ခြင်း၏အကြောင်းကို ရှာယင်လဲ တဏှာ ဒိဋ္ဌိမိုးကို တွေ့ရဒါဘဲ၊ ဒါကြောင့် ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်တယ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဖြစ်တယ်၊ ဝိပါကဝဋ်ကြောင့် ကိလေသဝဋ် ဖြစ်ရတယ်လို့ ဟောဒါပေါ့ မိုးခေါင်ယင် မျိုးစေ့တွေ အပင် မပေါက်သလို တဏှာဒိဋ္ဌိဟု ဆိုအပ်သော ကိလေသဝဋ်မိုး ခေါင်ယင် ခန္ဓာအပင်သည် ဘယ် ပေါက်တော့မှာလဲ၊ မပေါက်ယင် ဆုံးဒါပေါ့၊ ဆုံးယင် နိဗ္ဗာန်ကို ရတော့ဒါပေါ့ကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အချို့ကလဲ ပြောကြတယ် အကုသိုလ်ကိုလုပ်ယင် အောက်သံသရာကိုလယ်စေတယ်၊ ကုသိုလ်ကိုပြုယင် အထက် သံသရာကို လယ်စေတယ်၊ ဒါကြောင့် ကုသိုလ်ကိုလဲမလုပ်နဲ့၊ အကုသိုလ်ကိုလဲမလုပ်နဲ့လို့ ပြောကြတယ်၊ ဒီစကားသည် ကိလေသ ဝဋ်ကို

သတိမထားဘဲ ပြောတဲ့စကားဖြစ်တယ်၊ အကြိယာဒိဋ္ဌိဖြစ်သွားမှာပေါ့၊ကုသိုလ်လဲမဖြစ်အောင် အကုသိုလ်လဲမဖြစ်အောင်ဆိုဒါ အိပ်ပျော်နေမှ ဖြစ်မယ်၊ နိုးလာယင် ကုသိုလ်သော်ရှင်း, အကုသိုလ်သော်ရှင်း တခုခုတော့ ဖြစ်ရတော့မယ်၊ဘာ့ကြောင့်လဲဆိုတော့ ကာယကံနဲ့ ဝစီကံကိုသာ ထိန်းထားနိုင်မယ်၊ မနောကံကို မထိန်းနိုင်ဘူး၊ ဒါကြောင့် ကိလေသာမိုးခေါင်ဘို့သာ အရေးကြီးပါတယ်၊ ကိလေသာမိုးခေါင်ဘို့ဆိုဒါလဲ ဝိပဿနာလေမုန်တိုင်းနဲ့ အဝိဇ္ဇာမိုးတိမ်တွေကိုလွင့်နိုင်မှ ခေါင်မှာဖြစ်ပါတယ်၊ သို့အတွက် ဝိပဿနာ သမ္မာဒိဋ္ဌိအခန်းကို ပြကြစို့ကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ကမ္မဿကတာ သမ္မာဒိဋ္ဌိပြီးပါပြီ၊

---

## ဝိပဿနာသမ္မာဒိဋ္ဌိပြခန်း

ဆရာ **မဟာတမေန မောဟေန၊**
**မောဟိတေ ဇာတိသာဂရေ။**
**ဝိစရန္တိ အပဿန္တာ၊**
**ဝိဇ္ဇာဘာသ မလာဘိနော၊**

မဟာတမေန—အမှောင်တကာ့အမှောင်တွင် ဘယ်အမှောင်နှင့်မျှ မနိုင်းထိုက် မှိုင်းတိုက်၍ အရောင်မလင်းအောင် မှောင်ခြင်းကြီးမှောင်နိုင်စေထသော၊ မောဟေန=မမြင်မှိုင်းမှုန်သိုင်း

www.dhammaransi.com



ခြုံကာဆီး မောဟတည်းဟူသော မှောင်ထုကြီးဖြင့် မောဟိတေ-တမိုက်ထဲ မိုက်မှောင်၍ အရောင်မထင်အောင် အလွန်တရာ မှောင်ထသော၊ ဇာတိသာဂရေ-အဖြစ်လဲမရပ် အမြစ်လဲမပြတ် အထပ်ထပ် တောထနေတဲ့ လောကအဏ္ဏဝါ သံသရာပင်လယ် ကြော၌၊ ဝိဇ္ဇာဘာသံ-အမှောင်ကင်းစွ ဝင်းပပနှင့် အလင်းပြ နိုင်သော ဉာဏ်အရောင်ကို၊ အလာဘိနော-လျှပ်ပြက်သလို တကြိမ်ကလေးမျှ မှိန်မှေးမှေး မမြင်ကြရကုန်ဘဲ၊ အပဿန္တာ-သစ္စာလေးချက် တရားနက်ကို မျက်ဝါးထင်ထင် မသိမြင်ကြရ ကုန်သည်ဖြစ်၍၊ ဝိစရန္တိ-အမှောက်မှောက် အမှားမှားနှင့်မျက် မမြင် လမ်းသွားသလို စမ်းတဝါးဝါးနှင့် ကျက်စားကျင်လည် ကြရလေကုန်သဘည်း။

သံသရာကြီး မဆုံးဒါ မောဟကြောင့်လို့ မြတ်စွာဘုရားက ဟောတော်မူတယ်၊ ဒီမောဟအမှောင် ပျောက်ဘို့ဆိုဒါ ဝိပဿ နာ ဉာဏ်ရောင်သန်းမှ ပျောက်မှာဖြစ်တယ်၊ ဝိပဿနာဆိုဒါက အနိစ္စဉာဏ်, ဒုက္ခဉာဏ်, အနတ္တဉာဏ်ကိုခေါ်တယ်၊ ၎င်းသုံးပါး ကို မြင်ဘို့ဆိုဒါလဲ ခန္ဓာ ငါးပါးတို့၏ သဘာဝကို ပထမသိမှ မြင် ရမယ်၊ဒါကြောင့်ဝေဒနာက္ခန္ဓာကိုရှေးဦးစွာပြကြစို့မောင်စိန်ရို့

တပည့်　မှန်ပါပြတော်မူပါဘုရား။

ဆရာ　ဝေဒနာက္ခန္ဓာဆိုဒါ ဝေဒနာ စေတသိက်ကို ခေါ် တယ်၊ ၎င်းဝေဒနာကလဲ ငါးမျိုးရှိတယ်၊ သုခဝေ ဒနာ, ဒုက္ခဝေဒနာ, သောမနဿ ဝေဒနာ, ဒေါမ နဿဝေဒနာ, ဥပေက္ခာဝေဒနာတဲ့၊ သုခဝေဒနာ က ဘယ်လိုသဘောလဲဆိုတော့ နူးညံ့သိမ်မွေ့တဲ့

www.dhammaransi.com



ကတ္တီပါမွေ့ရာတို့နှင့် ကိုယ်ကာယ ထိကြတဲ့အခါ စိတ်ထဲမှာ ချမ်းသာမှုဖြစ်လာတယ်၊ အဲဒီချမ်းသာမှု သဘောကို ခေါ်တယ်၊ ဒုက္ခဝေဒနာ သဘောကု-ဆူးစူးတဲ့အခါ, မီးပူနေပူနဲ့ ကိုယ်ကာယ ထိကြတဲ့ အခါ စိတ်ထဲမှာ ဆင်းရဲမှုဖြစ်လာတယ်၊ အဲဒီဆင်းရဲမှုသဘောကို ဒုက္ခဝေဒနာလို့ ခေါ်တယ်၊ ကောင်းတဲ့ရူပါရုံကိုမြင်ရတဲ့အခါ, ကောင်းတဲ့အသံကိုကြားရတဲ့အခါ, ကောင်းတဲ့ အနံ့ကို နမ်းရှူရတဲ့အခါ ကောင်းတဲ့ အရသာကို စားရတဲ့အခါ, စိတ်ထဲမှာ ဝမ်းမြောက်မှု ဖြစ်လာတယ်၊ ၎င်းသဘောကို သောမနဿ ဝေဒနာလို့ ခေါ်တယ်၊ မကောင်းတဲ့ ရူပါရုံကို မြင်ရတဲ့အခါ, မကောင်းတဲ့အသံကိုကြားရတဲ့အခါ, မကောင်းတဲ့ အနံ့ကို နမ်းရှူမိတဲ့ အခါ မကောင်းတဲ့အစာကို စားမိတဲ့အခါ စိတ်ထဲမှာ မချမ်းသာမှု နှလုံးမသာယာမှုဖြစ်တယ်၊ ၎င်း သဘောကို ဒေါမနဿ ဝေဒနာလို့ ခေါ်တယ်၊ အကောင်းလဲမဟုတ် အဆိုးလဲမဟုတ်တဲ့ အာရုံနဲ့ ကြုံတဲ့အခါ ဝမ်းလဲမသာ, ဝမ်းလဲမနဲ လျစ်လျူရှုမှု ဖြစ်လာတယ်၊ ၎င်းသဘောကို ဥပေက္ခာလို့ ခေါ်တယ်ကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ၎င်းသဘောကို ဉာဏ်နဲ့ သဘောပေါက်အောင် ကြည့်ရမယ်၊ ဒါမှ ပရမတ်ဉာဏ်ကိုရမယ်၊ ပရမတ်ဉာဏ်ကိုရမှ

www.dhammaransi.com



လက္ခဏာဉာဏ်ကို ရနိုင်တယ်၊ ဒါ့ကြောင့် ဝိပဿနာဉာဏ် ၁၀ ပါးတို့တွင် သမ္မသနဉာဏ်ကို လက်ဦးထားတယ် မဟုတ်လား၊ ဒင်းသမ္မသနဉာဏ်ဟာ ပရမတ်ဉာဏ်ဘဲကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ယခုပြောခဲ့တဲ့ ဝေဒနာ ငါးမျိုးတို့တွင် ဘယ်ဝေဒနာကို ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, အသက် လိပ်ပြာ ခေါ်နိုင်သလဲ။

တပည့် ဘယ်ဝေဒနာကိုမှ ပုဂ္ဂိုလ်, သတ္တဝါလို့ မဆိုနိုင်ပါဘုရား။

ဆရာ ကြက်သွေးရောင် ထနေတဲ့ ဟိုအပင်က နှင်းဆီပန်းကလေးကို ကြည့်လိုက်စမ်း၊ မင်းစိတ်ထဲမှာ ဘာဖြစ်လာသလဲ။

တပည့် သဘောကျမှု ဖြစ်လာပါတယ်ဘုရား။

ဆရာ ယခုမင်းစိတ်ထဲမှာ ဖြစ်လာတဲ့ သဘောကျမှုသည် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, အသက်, လိပ်ပြာလား ဆိုဒါကို သေသေချာချာ ဉာဏ်နဲ့ ဆင်ခြင်စမ်းကွဲမောင်စိန်ရဲ့။

တပည့် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါးယောကျ်ား, မိန်းမ, အသက် လိပ်ပြာလို့ မဆိုနိုင်ပါဘုရား။

ဆရာ အေး ဟုတ်တယ်၊ သဘောကျမှုဆိုဒါ သောမနဿဝေဒနာသာ ဖြစ်တယ်၊ ငါက သဘောကျဒါလား သဘောကျမှု ဖြစ်တာလား။

တပည့် သဘောကျမှု ဖြစ်တာပါဘုရား။

www.dhammaransi.com



ဆရာ ပုထုဇဉ်အထင်က ငါက သဘောကျဒါလို့ ထင်တယ်၊ အရိယာအမြင်က သဘောကျမှု ဖြစ်တာကို သိတယ်၊ မဆန့်ကျင်ပါလား။

တပည့် ဆန့်ကျင်ပါတယ်ဘုရား။

ဆရာ ပုထုဇဉ်နှင့် ဆန့်ကျင်ဘက်ကျမှ အရိယာဖြစ်မှာ မောင်စိန်ရဲ့၊ ပြီးတော့ ၎င်းသဘောကျမှုသည် နှင်းဆီပန်းကို မမြင်မီက မင်း၏ ခန္ဓာမှာ ရှိနေဒါလား။

တပည့် မမြင်မီက မရှိသေးပါဘုရား။

ဆရာ မြင်ပြီးတော့ကော ရှိသေးရဲ့လား။

တပည့် မရှိတော့ပါဘုရား။

ဆရာ မြင်ဆဲခဏ ပစ္စုပ္ပန် ကာလတွင်သာ ရှိတယ်လို့ ပြောရရုံရှိဒါမဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ ဒီလိုဆိုယင် ၎င်းသဘော ကျမှုသည် ခိုင်ခံ့တဲ့ သဘောဟုတ်ရဲ့လား။

တပည့် မဟုတ်ပါ မခိုင်ခံ့ပါဘုရား။

ဆရာ မခိုင်ခံ့သည့်အတွက် ခုဘဲဖြစ်၍ ခုဘဲ ပျက်တယ်၊ မဟုတ်လား။

တပည့် မှန်ပါတယ်ဘုရား။

ဆရာ အဲဒီမခိုင်ခံ့မှု၊ ခုဘဲဖြစ်၍ ခုဘဲပျက်မှုသည် မမြဲတဲ့ အနိစ္စသဘောပေါ်ကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

www.dhammaransi.com



ဆရာ သဘောကျမှုခေါ် သောမနဿဝေဒနာသည် နှင်းဆီပန်းကို မမြင်မီက သူ မဖြစ်သေး၊ မြင်စိတ်ဖြစ်မှ သူဖြစ်လာတယ်မဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား

ဆရာ အဲဒီဖြစ်မှု ဥပါဒ်က ဇာတိဒုက္ခဘဲ၊ မြင်စိတ်ချုပ်တော့ သူချုပ်မသွားဘူးလား။

တပည့် ချုပ်သွားပါတယ်ဘုရား။

ဆရာ အဲဒီချုပ်ခြင်း ဘင်သဘောသည် မရဏ ဒုက္ခဘဲ၊ ဒီတော့ သဘောကျမှုခေါ် သောမနဿ ဝေဒနာမှာ ဇာတိဒုက္ခ, မရဏဒုက္ခ တို့ဖြင့် အနှိပ်စက်ခံပြီး မနေရပါလား။

တပည့် အနှိပ်စက်ခံနေရပါတယ်ဘုရား။

ဆရာ အနှိပ်စက် ခံနေရဒါကို သုခ ခေါ်မလား, ဒုက္ခ ခေါ်မလား။

တပည့် ဒုက္ခလို့ ခေါ်ရပါမယ်ဘုရား။

ဆရာ အဲဒီ ဒုက္ခသဘောကို ဆရာမပြဘဲ လူတိုင်းမြင်နိုင်ပါ့မလား။

တပည့် မမြင်နိုင်ပါဘုရား။

ဆရာ သခင်ရ တရားမှန်ယင် ဖြစ်မှုပျက်မှုနဲ့ ကင်းကြရဲ့လား။

တပည့် မကင်းကြပါဘုရား။

ဆရာ အေးဒါကြောင့် "တေဘူမကံ ဒုက္ခသစ္စံ" လို့ ဟောတော်မူဒါပေါ့၊ ယခုပြောဒါက သောမနဿ

www.dhammaransi.com

# နိဗ္ဗာန်ကိုသွား ဉာဏ်ရထား

ဝေဒနာမှာ ဒုက္ခလက္ခဏာကို ပြဒါကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ၎င်းသောမနသ ဝေဒနာသည် ချုပ်ပျောက် ပျက်စီး၍သွားတဲ့အခါ အမွေအနှစ် အဖြစ်ဖြင့် ဘာများ ယူစရာ ရစရာ ပြုစရာ ကျန်ရစ်ခဲ့သလဲ။

တပည့် ဘာမျှမကျန်ရစ်ခဲ့ပါဘုရား။

ဆရာ မီးတောက် ပျောက်သလို ပျောက်သွားဒါ မဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ အေးဒါကြောင့် "အသာရကဋ္ဌေန-ယူစရာ ရစရာ ပြုစရာ ဟူ၍ မြုမျှ မရှိခြင်းကြောင့်၊ အနတ္တာ-အနတ္တ မည်၏" လို့ ဟောတော် မူဒါပေါ့ကွဲ့၊ မောင်စိန်ရဲ့

တပည့် မှန်ပါဘုရား။

ဆရာ ၎င်းသောမနသ ဝေဒနာကို မချုပ်ပျက်ရအောင် စိုးသူ၊ ပိုင်သူ၊ စေခိုင်းနိုင်သူများ လောကမှာ ရှိပါမလား။

တပည့် မရှိပါဘုရား။

ဆရာ အေးဒါကြောင့် "အသာမိကဋ္ဌေန-စိုးသူ၊ ပိုင်သူ၊ စေခိုင်းနိုင်သူမရှိသော သဘောကြောင့်၊ အနတ္တာ အနတ္တမည်၏"လို့ ဟောတော်မူတယ်မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ၎င်းသောမနသဝေဒနာသည် ဣစ္ဆာရုံ၏အထောက်အပံ့ကို မရပါဘဲ ပုဂ္ဂိုလ်က ဖြစ်စေချင်ယင်ဖြစ်တဲ့

www.dhammaransi.com



သဘောများရှိရဲ့လား။

တပည့် မရှိပါဘုရား။

ဆရာ အေး ဒါကြောင့် "အဝသ ဝတ္တန ဌေန-အလိုသို့ မလိုက် အကြိုက်သို့ မပါသော သဘောကြောင့်၊ အနတ္တာ-အနတ္တမည်၏" လို့ ဟောတော်မူတယ်၊ ကဲ့ မှောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ၎င်းသောမနသာဝေဒနာသည် ဣဋ္ဌာရုံ၏အထောက် အပံ့ကို မရဘဲ မိမိသဘောအလျောက် ဖြစ်နိုင်တဲ့ သတ္တိရှိရဲ့လား။

တပည့် မရှိပါဘုရား။

ဆရာ အေး ဒါကြောင့် "သုညတဋ္ဌေန- အတ္တသတ္တိ၊ ကာရကသတ္တိ၊ ဝေဒကသတ္တိ တို့မှ ကင်းဆိတ်ခြင်း သဘောကြောင့်၊ အနတ္တာ-အနတ္တ မည်၏" လို့ ဟောတော်မူတယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ၎င်း သောမနဿ ဝေဒနာသည် ဣဋ္ဌာရုံ၏ အထောက်အပံ့ကိုမရပါက ဖြစ်စေချင်၍ မဖြစ်၊ အကြောင်းတရားကို ထောက်ပံ့ပါက မဖြစ်စေချင်သော်လဲ မနေ ဖြစ်လာ၏၊ ဘယ့်သူ့ မျက်နှာကိုမျှ သူမထောက် သူ့သဘော အတိုင်း သူဖြစ်နေဒါ မဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

www.dhammaransi.com



ဆရာ အေး ဒါကြောင့် "ပရဇ္ဇနေ-ပြင်ပ သူစိမ်းကဲ့သို့ သူ့သဘောအတိုင်းသာသူဖြစ်၍ နေသောကြောင့် အနတ္တာ-အနတ္တ မည်၏" လို့ ဟောတော်မူတယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ၎င်းသောမနသာ ဝေဒနာမှာ မြဲခြင်းနိစ္စဇာတိမီး ဇရာမီး မရဏမီးတို့မှ အေးခြင်းသုခ ဆိုတဲ့သဘော များရှိရဲ့လား။

တပည့် မရှိပါဘုရား။

ဆရာ အေးဒါကြောင့် "တုစ္ဆဇ္ဇနေ-နိစ္စ သုခ သုဘဟုဆို အပ်သော ကောင်းမြတ်သော တရားတို့မှ အချည်း နှီးဟူသော သဘောကြောင့်၊ အနတ္တာ-အနတ္တတို့ မည်ကုန်၏" လို့ ဟောတော်မူတယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အခုပြောခဲ့ဒါက သောမနဿဝေဒနာကို လက္ခဏာ ယာဉ်သုံးပါး တင်ပြတာ ဖြစ်တယ်၊ ဒီသောမနဿ ဝေဒနာကိုဘဲပြခဲ့တဲ့ နည်းအတိုင်း ဆင်ခြင်နိုင်ယင် လဲ လိုလစေအပ်သော ကိစ္စပြီးနိုင်ပါတယ်၊ သို့သော် လဲ စုံအောင် ဒေါမနဿ ဝေဒနာကိုလဲ ပြအုံးမယ် မောင်စိန်ရဲ့။

တပည့် မှန်ပါနည်းစုံတော့ကြိုက်တာကိုဆင်ခြင်ရုံဘဲဘုရား

ဆရာ ဟိုလမ်းဘေးနားက မစင်ပုံကို ကြည့်လိုက်စမ်း၊ မင်းစိတ်ထဲမှာ ဘာဖြစ်လာသလဲ။

တပည့် ရွံရှာစက်ဆုပ်မှု ဖြစ်လာပါတယ်ဘုရား။

www.dhammaransi.com



ဆရာ  ဇင်းရွှံရှာစက်ဆုပ်ခြင်း သဘောကို ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, အသက်လိပ်ပြာလို့ ခေါ်နိုင်ပါ့မလား။

တပည့်  မခေါ်နိုင်ပါဘုရား။

ဆရာ  ဇင်းရွှံရှာ စက်ဆုပ်ခြင်း သဘောကို ဒေါမနဿ ဝေဒနာလို့ခေါ်တယ် ရွှံရှာတာငါကရွှံရှာတာဒါလား အာရုံ့ဒွါရ ထိခိုက်ကြလို့ ရွှံရှာမှုဖြစ်တာလား။

တပည့်  ရွှံရှာမှုဖြစ်တာပါဘုရား။

ဆရာ  ဇင်း ဒေါမနဿ ဝေဒနာသည် မစင်ပုံကို မမြင်မီက မင်း၏ ခန္ဓာမှာ ရှိရဲ့လား။

တပည့်  မရှိသေးပါဘုရား။

ဆရာ  မြင်ပြီးတော့ကော ရှိသေးရဲ့လား။

တပည့်  မရှိတော့ပါဘုရား။

ဆရာ  မြင်ဆဲကာလ ပစ္စုပ္ပန်ခဏမှာသာ ရှိတယ်လို့ ပြောရရုံ ရှိဒါမဟုတ်လား။

တပည့်  မှန်ပါဘုရာ။

ဆရာ  အေးဒါကြောင့်—

အနိဓါနဂတာ ဘဂ်ါ၊ ပုဉ္ဇော နတ္ထိ အနာဂတေ၊

ပစ္စုပ္ပန္နာယေ ဝ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ။

ဘဂ်ါ- ချုပ်ပျောက်လေပြီးသော သင်္ခါရ တရားတို့သည်၊ အနိဓါနဂတာ- သိုမှီး မြှုပ်နှံခြင်းသို့ မရောက်ကြလေကုန်၊ အနာဂတေ- နောင်ခါကာလ သမယ၌၊ ပုဉ္ဇော- ဖြစ်ဘို့ရန် စုဝေးနေသော သဘောတရားသည်လည်း၊ နတ္ထိ- စိုးစဉ်းသေး

www.dhammaransi.com



**သွယ်** အနည်းငယ်မျှ မရှိကြလေကုန်၊ ပစ္စုပ္ပန္နာဒယော၀-ပစ္စုပ္ပန် ကာလ ခါသမယ၌သာလျှင်၊ တိဋ္ဌန္တိ-ခဏမကြာ တည်တံ့ကာ နေကြရကုန်၏၊ ဥပမာ-ဥပမာပုံဆို ဘယ်လိုနည်းဟူမူကား၊ သာသပေါ-မုန်ညင်းစေ့သည်၊ အာရဂ္ဂေ-အပ်နဖါးတွင်းသော စူးဖျားကလေး၌၊ တိဋ္ဌတိဣ၀- မရွေ့သာ မပြောင်းသာ တည်နေရှာရသကဲ့သို့၊ သင်္ခါရာ- သင်္ခါရတ္တာ အစုစုတို့သည်၊ တိဋ္ဌန္တိ- ခဏမကြာ တည်တန့်ကာ နေကြရကုန်၏ တဲ့-

အဲဒီလို ခဏကလေးသာတည်၍ ပျက်သွားရဒါကို ဉာဏ်မျက်စိနဲ့မြင်တော့ သဿတဒိဋ္ဌိ မသေဘူးလား။

တပည့် သေနိုင်ပါတယ်ဘုရား။

ဆရာ ရှံရှာဘွယ် အနိဋ္ဌာရုံနဲ့ စက္ခုဒွါရ ပေါင်းဆုံကာ ဆောက်ပံ့မှ ဖြစ်ပေါ်လာဒါပါဘဲလို့ သိတော့ ဥစ္ဆေဒဒိဋ္ဌိမသေဘူးလား။

တပည့် သေနိုင်ပါတယ်ဘုရား။

ဆရာ သံယုတ်အဋ္ဌကထာမှာလဲ ဒီလိုဘဲကွဲ၊ အဖြစ်ကိုမြင်ယင် ဉစ္ဆေဒသေ၍ အပျက်ကို မြင်ယင် သဿတသေတယ်လို့ ဆိုထားပါတယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အထက်က ရွတ်ဆိုခဲ့တဲ့ ဂါထာ အတိုင်း သင်္ခါရတရားများသည် ပစ္စုပ္ပန်ခဏမှာသာ တည်ဒါ မှန်သော်လဲ စေဒနာတို့သည် တခုနဲ့တခု အကြား အစပ်မမြင်ရအောင် ဆက်စပ် နေသဖြင့် ပြဲသယောင်ယောင် ထင်နေကြရတယ်၊ ဒါကြောင့်လဲ အနိစ္စကို

www.dhammaransi.com



သန္တတိဖုံးတယ်လို့ ပညာရှိတွေကဆိုဒါပေါ့၊ ဥပမာပေးအုံးမယ်ကွဲ၊ တောင်မြောက် စီးနေတဲ့ချောင်းကလေးတခုမှာ အရှေ့ဘက်ကမ်းမှာ တိုင်တခုစိုက် အနောက်ဘက်ကမ်းမှာ တိုင်တခုစိုက်၊ ၎င်းတိုင် ၂-ခုမှာ ချည်မျှင်ကိုတန်းထား၊ ချည်မျှင်ကို ရေနဲ့ထိရုံထားပြီးကြည့်စမ်း၊ ရေတွေဟာ ချည်မျှင်ကို တိုက်တိုက်ပြီး လွန်မသွားဘူးလား။

တပည့် တိုက်ပြီးသွားပါတယ်ဘုရား။

ဆရာ ချည်မျှင်၏ရှေ့ကရေသည်နောက်ရေဟုတ်ရဲ့လား။

တပည့် မဟုတ်ပါဘုရား။

ဆရာ နောက်ရေသည် ရှေ့ရေဟုတ်ရဲ့လား။

တပည့် မဟုတ်ပါဘုရား။

ဆရာ ဒါပေမဲ့ ရှေ့ရေနဲ့ နောက်ရေသည် အကြားမမြင်ရအောင် ဆက်စပ်ပြီးနေသည့် အတွက် တခုတည်းတသားတည်း, တစင်တည်းကဲ့သို့ ထင်ကြရတယ်မဟုတ်လား။

တပည့် ထင်ကြရပါတယ်ဘုရား။

ဆရာ အေး ဒီလိုဘဲ ဝေဒနာလဲ တခုတည်းမဟုတ်၊ သို့သော်လဲ ရှေ့ဝေဒနာနဲ့ နောက်ဝေဒနာတို့သည် အကြားအစပ်ကို မမြင်ရအောင် ဆက်စပ်ကာ ဖြစ်ပျက်နေကြသောကြောင့် ပညာမျက်စိမှုန်တဲ့ပုဂ္ဂိုလ်တွေမှာ တခုတည်းကဲ့သို့မြင်ပြီးမြဲတယ်လို့ ထင်လာကြဒါပေါ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

# နိဗ္ဗာန်ကိုသွား ဉာဏ်ရထား

ဉာဏ်ထက်သူ ဆိုယင် ဒီမျှသော တရားစကားကို ကြားရရုံနဲ့ဘဲ မဂ်ဉာဏ်ကို ရနိုင်ပါတယ် ဒါပေမဲ့ ဉာဏ်နုံ့သူကတော့ နည်းအမျိုးမျိုးနဲ့ ဆင်ခြင်ရမှ မဂ်ဉာဏ်ကို ရနိုင်တယ်၊ သို့အတွက် အနိစ္စကို မြင်အောင် အားထုတ်ဟန်ကို တမျိုးပြောအုံးမယ်၊ ပင့်ကူငယ်သည် မိမိပင့်ကူအိမ်၏ အလယ်မှာ နေပြီး ဘယ်အနားစွန်းဘာကောင်နားသလဲလို့ တအုံလုံးကို အာရုံပြုနေသလို ခြောက်ဒွါရတည်းဟူသော ပင့်ကူအိမ်မှာ အကောင်နဲ့တူတဲ့ ဝေဒနာ ဖြစ်လာတိုင်း ဖြစ်လာတိုင်းကို သတိနဲ့ဘမ်းရမယ်၊ ဘယ်လိုဘမ်းရမလဲဆိုတော့ သတိကို အမြဲတန်း နှိုးထားရမယ်၊ နှိုးထားပြီးတော့ စက္ခုဒွါရမှာ သောမနဿဝေဒနာ ဖြစ်တယ်ဆိုယင် ယခု သောမနဿ ဝေဒနာဖြစ်နေတယ်လို့ သတိနဲ့ ဘမ်းရမယ်၊ ၎င်းသောမနဿသည် ငါလဲမဟုတ်၊ ငါဟာလဲမဟုတ်၊ ခံစားမှုသဘောသာ ဟုတ်တယ်လို့ ဉာဏ်နဲ့ ကိလေသာကို သတ်ရမယ်၊ စက္ခုဒွါရမှာ ဒေါမနဿဝေဒနာဖြစ်လာတယ်ဆိုယင်လဲ ဒေါမနဿဝေဒနာဖြစ်နေတယ်လို့ သတိနဲ့ဝေဒနာကိုဘမ်းရမယ်၊ ၎င်းဒေါမနဿသည် ငါလဲမဟုတ်၊ ငါနဲ့စပ်တဲ့ အရာလဲ မဟုတ် ခံစားမှုသဘောသာ ဖြစ်တယ်လို့ ဉာဏ်နဲ့ ကိလေသာကို သတ်ရမယ်၊ စက္ခုဒွါရမှာဥပေက္ခာဝေဒနာ ဖြစ်လာယင်လဲ ယခုဥပေက္ခာဝေဒနာ ဖြစ်နေပါကလားလို့ သတိနဲ့ဝေဒနာကိုဘမ်းရမယ် ၎င်းဥပေက္ခါ

www.dhammaransi.com



ဝေဒနာသည် ငါလဲမဟုတ်၊ ငါနဲ့စပ်တဲ့ အရာလဲ မဟုတ်၊ ခံစားမှုသဘောသာ ဖြစ်တယ်လို့ ဉာဏ်နဲ့ ကိလေသာကို သတ်ရမယ်၊ ဘာကြောင့်လဲဆိုတော့ “ယာဝဒေဝ ဉာဏမတ္တာယ- ဉာဏ်ပွါးခြင်းအကျိုး ငှါ၊ ယာဝဒေဝ ပဋိဿတိမတ္တာယ-သတိပွါးခြင်း ငှါ”လို့ ဟောတော်မူတယ်၊ စပါးရိတ်တဲ့အခါဘယ် ဘက်နဲ့ အပင်ကိုကိုင်ပြီး ညာဘက်နဲ့ ရိတ်သလိုပေါ့ ယခုလဲ သတိနဲ့ဘမ်းပြီး ဉာဏ်နဲ့သတ်ရတယ်၊ ယခု ပြောခဲ့တဲ့နည်းအတိုင်း ဒွါရခြောက်ပါး၌ ဘာဝေဒ နာဘဲဖြစ်ဖြစ် ဖြစ်တဲ့ဝေဒနာကို တခုမျှ မလွတ်ရ အောင် သတိနဲ့ဘမ်း၍ ဉာဏ်နဲ့ ကိလေသာကို သတ်ရမယ်၊ ပြီးတော့ ဘာဝေဒနာဘဲဖြစ်ဖြစ် သတိ နဲ့ ဘမ်းမိသော အခါ ဝေဒနာဖြစ်လာဒါကို မြင် အောင် ဉာဏ်နဲ့ကြည့်ရမယ်၊ ပျက်သွားဒါကိုဉာဏ် နဲ့ကြည့်ရမယ်၊ “သမုဒယဓမ္မာနုပဿီ ဝေဒနာသု ဝိဟရတိ-ဝယဓမ္မာနုပဿီ ဝေဒနာသု ဝိဟရတိ” လို့ဟောတော်မူတယ်၊ မိမိသန္တာန်၌ ဝေဒနာတို့၏ ဖြစ်မှု ပျက်မှုကို မြင်ယင် သူတပါးသန္တာန်မှာဖြစ်တဲ့ ဝေဒနာတွေကိုလဲ ရှုရမယ်၊ ဘယ်လိုရှုရမလဲဆိုတော့ ရယ်ရွှင်မြူးတူးနေသူကို မြင်ယင် ထိုသူသန္တာန်မှာ သောမနဿ ဝေဒနာ ဖြစ်နေဒါဘဲလို့ ဝေဒနာကို ရှုရမယ်၊ စိတ်ဆိုးနေသူကို မြင်ယင် ထိုသူသန္တာန်မှာ ဒေါမနဿဝေဒနာ ဖြစ်နေပါကလားလို့ ဝေဒနာ ကို မြင်အောင်ရှုရမယ်၊ ဣန္ဒြေရရ နေသူကိုမြင်ယင်

www.dhammaransi.com



ထိုသူသန္တာန်မှာ ဥပေက္ခာဝေဒနာဖြစ်နေပါကလား လို့ ဝေဒနာကို မြင်အောင် ဉာဏ်နဲ့ ရှုရမယ်၊ အဲ ဤကဲ့သို့ မိမိသန္တာန်မှာရင်း၊ သူတပါးသန္တာန်မှာ ရင်း၊ ဖြစ်လာတဲ့ ဝေဒနာတို့ကိုရင်း၊ ဖြစ်ခြင်း ပျက် ခြင်းကိုရင်း မြင်လာပြီဆိုတော့ ထမင်းအိုး ပွက်တာ လို သူ့သန္တာန်မှာရင်း၊ မိမိသန္တာန်မှာရင်း ဝေဒနာ ရေပွက်ထတာကိုမြင်လာတော့ဒါပေါ့မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ရေပွက်ထသကဲ့သို့ ဝေဒနာ ဖြစ်တာတွေကို မြင်လာ ယင် တန္တတိ အနိစ္စကိုလဲ မြင်တော့ဒါပေါ့ မောင် စိန်ရဲ့။

တပည့် မှန်ပါမြင်ပါဘယ်ဘုရား၊

ဆရာ ၎င်းဝေဒနာတွေကို သစ္စာဉာဏ်ဖြင့် ရှုကြအုံးစို့ မောင်စိန်ရဲ့။

တပည့် ပြတော်မူပါဘုရား။

ဆရာ ၎င်းဝေဒနာတွေ ဖြစ်ရဒါ အကြောင်းကင်းပြီး ဖြစ် တာ မဟုတ်ဘူး၊ အာရုံနှင့် ဒွါရ ထိခိုက်ခြင်းဟု ဆိုအပ်သော ဖဿကြောင့် ဖြစ်ကြရဒါဘဲ၊ ဒါ ကြောင့်လဲ 'ဖဿပစ္စယာဝေဒနာ' လို့ ဟောတော် မူဒါပေါ့၊ ဖဿဖြစ်ယင် ဝေဒနာသည် မဖြစ်ချင် မနေရ ဖြစ်ရ၏၊ ဖဿမဖြစ်ယင် ဖြစ်ချင်သော်လဲ မဖြစ်ရသောကြောင့် ဒီဝေဒနာမှာ မိမိ အစွမ်းနှင့် မိမိဖြစ်နိုင်တဲ့ သတ္တိ ရှိရဲ့လား။

တပည့် မရှိပါဘုရား။

www.dhammaransi.com



ဆရာ ဖဿဖြစ်ယင် ဝေဒနာ ဖြစ်ရ၏၊ ဖဿ ချုပ်ယင် ဝေဒနာချုပ်ရ၏၊ ဒီလိုဆိုတော့ ဖဿပြုသလိုနေ့မနေ ရပါလား။

တပည့် နေရပါတယ်ဘုရား။

ဆရာ အဲ....ဤကဲ့သို့ ဖဿပြုသလို နေရတဲ့ သဘောကို သခ်ာတသဘောလို့ခေါ်တယ်။

တပည့် မှန်ပါဘုရား။

ဆရာ ၎င်းဝေဒနာဝါးမျိုးဟာ ဘယ်ဝေဒနာသည် အမြဲ ဖြစ်နေတယ်လို့ ရှိသလဲ။

တပည့် ဘယ်ဝေဒနာမှ အမြဲမရှိပါ။

ဆရာ သတ္တဝါတွေ ဖြစ်နေကြတာအခုဘဲရယ်ရွှင်မြူးတူး ကြ၊ တော်တော်ကြာ ငိုကြနဲ့ မတည်ငြိမ်ဘူး မ ဟုတ်လား။

တပည့် မှန်ပါ မတည်ငြိမ်ကြပါဘုရား။

ဆရာ အဲဒါ ဝေဒနာတွေ ဖေါက်ပြန်သည့်အတွက် ငိုကြ ရ ရယ်ကြရနဲ့ ဖြစ်နေကြရတယ်၊ အခုဘဲ သော မနဿဖြစ်၍ ရယ်ရွှင်ကြ၏၊ တော်တော်ကြာ ဒေါ မနဿဖြစ်သဖြင့် စိုးရိမ်ပူဆွေးရပြန်ပြီ၊ ဒီလိုပြောင်း လဲပြီးမနေကြလား။

တပည့် နေကြပါတယ်ဘုရား။

ဆရာ အဲဒီလို ပြောင်းလဲနေဒါ ဝိပရိဏာမ သဘောလို့ ခေါ်တယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

www.dhammaransi.com



ဆရာ ပြောင်းလွဲခြင်းသည် ဖြစ်မှုပျက်မှုမရှိဘဲ ပြောင်းနိုင်ပါမလား။

တပည့် မပြောင်းနိုင်ပါဘုရား။

ဆရာ တဝေဒနာပျက်မှ တဝေဒနာဖြစ်ရဒါမဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား

ဆရာ ဒီလိုဆိုတော့ ဝေဒနာတွေမှာ ဖြစ်ခြင်းဇာတိဘေး ပျက်ခြင်း မရဏဘေးတို့ဖြင့် အနှိပ်စက်ခံပြီးမနေရပါလား။

တပည့် နေရပါတယ်ဘုရား။

ဆရာ အဲဒီလို ဇာတိဘေး, မရဏဘေးတို့ဖြင့် အနှိပ်စက်ခံနေရတဲ့ သဘောကို ပီဠနသဘောလို့ ခေါ်တယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ဒီဝေဒနာတွေမှာ ဇာတိမီး, ဇရာမီး, မရဏမီး, တွေရှိမနေပါလား။

တပည့် ရှိပါတယ်ဘုရား။

ဆရာ အဲဒီလို မီး သုံးပါးရှိနေတဲ့ သဘောကို သန္တာပသဘောလို့ ခေါ်တယ်ကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ရေပွက်ပမာ ခဏသာ ဖြစ်နေတဲ့ ဝေဒနာတွေကို သင်္ခတသဘော၊ ဝိပရိဏာမသဘော၊ ပီဠနသဘော သန္တာပသဘောတို့ဖြင့် သုံးသပ် ကြည့်လိုက်တော့ သာယာဘွယ်ရာဖြစ်တဲ့ သုခဝေဒနာတို့, သောမ

www.dhammaransi.com



နဿဝေဒနာတို့ ဖြစ်လာသော်လဲ သာယာချင်ပါ တော့မလား။

တပည့်　မသာယာချင်တော့ပါဘုရား။

ဆရာ　အကယ်၍ မေ့လျော့နေသည့် အတွက် သာယာမှု ဖြစ်မိသည်ရှိသော် အထက်က ပြောခဲ့တဲ့ ဉာဏ်တို့ ဖြင့် ဆင်ခြင်လိုက်ယင် ပျောက်မသွားပါလား။

တပည့်　ပျောက်သွားနိုင်ပါတယ်ဘုရား။

ဆရာ　ပုထုဇဉ်ဘဝတုန်းကတော့ ဘာကို မြင်ဘမ်းသကဲ့သို့ သာယာမိယင်----မလွတ် နိုင်သော ကြောင့် "တဏှာပစ္စယာ ဥပါဒါနံ" ဖြစ်ရတယ်၊ ယခု တော့ အမြင်မှန်တွေ ရလာသဖြင့် မေ့လျော့သည့် အတွက် တဏှာဖြစ်အုံးတော့ ဖြေစရာ လက်နက်နဲ့ ဖြေလိုက်ယင် "တဏှာပစ္စယာ ဥပါဒါနံ" မဖြစ် တော့ဘူး၊ဒီလိုမဖြစ်ယင် တဏှာခေါင်းပါးတယ်လို့ မဆိုနိုင်ဘူးလား။

တပည့်　ဆိုနိုင်ပါတယ်ဘုရား။

ဆရာ　ငင်းဉာဏ်ကိုရယင် ဒေါသ ခေါင်းပါးပုံကို ပြော အုံးမယ်၊ မောင်မဲ ဆိုတဲ့လူက မောင်စိန်ကို ဆဲနေ ပါရောတဲ့၊ ဒီတော့ မောင်စိန်မှာ မိမိ သန္တာန်မှာ ငင်း, သူတပါးသန္တာန်မှာငင်း ဝေဒနာ ဖြစ်ပုံကို ရှုပြီးသား ဖြစ်နေသည့်အတွက် မောင်မဲသည် သူ့ သန္တာန်မှာ ဒေါမနဿ ရေငန်းတွေပွက်၍ ရေငန်း

www.dhammaransi.com



ပူလောင်ဒါ မခံနိုင်သဖြင့် ငန်းဘမ်းသလို ယောင်ယမ်း နေဒါပါကလားလို့ မြင်မလာဘူးလား။

တပည့် ဆင်ခြင်ယင် မြင်ပါတယ်ဘုရား။

ဆရာ ဒီလိုမြင်လာယင် မောင်မဲကို ပြန်ပြီး စိတ်ဆိုးချင်ပါအုံးမလား။

တပည့် မဆိုးချင်တော့ပါဘုရား။

ဆရာ မြတ်စွာဘုရားကို ဒေဝဒတ်က ကျောက်မောင်း ဆင်ချလိုက်တော့ ခြေမတော်မှာ သွေးခြေဉသွားတယ်၊ ဒါပေမဲ့ မြတ်စွာဘုရားက ဒေဝဒတ်ကိုပြန်ပြီး စိတ်ဆိုးရဲ့လား။

တပည့် မဆိုးပါဘုရား။

ဆရာ မဆိုးဒါက ဒီအမြင်မှန်တွေ ရှိနေသောကြောင့်ပေါ့ကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ မြတ်စွာဘုရားလို ဒေါသ မကုန်သေးသည့်အတွက် သတိ မေ့လျော့သောကြောင့် စိတ်ဆိုးမိသော်လဲ သတိချ၍ ဒီအမြင်မှန်တွေဖြင့် ဆင်ခြင် လိုက်ယင် ပျောက်မသွားဘူးလား။

တပည့် ပျောက်သွားမှာပါဘုရား။

ဆရာ ပုထုဇဉ်တုန်းကတော့ ငါတွေရှိနေသဖြင့် ငါ့ကိုဆဲရကောင်းလားလို့ ရန်ညိုးထားတယ်မဟုတ်လား။

တပည့် ထားပါတယ်ဘုရား။

www.dhammaransi.com



ဆရာ　ယခုလို အမြင်မှန်ရလာတော့ ဒေါသဖြစ်စေကာမူ သတိထားပြီး ဉာဏ်နဲ့ ဆင်ခြင်လိုက်ယင် ရန်ညိုး မရှိသည့်အမြင် ဆဲသူကိုပင် သနားစိတ်တောင်ဝင် ခဲ့ပါသေးတယ်၊ ဒီလိုဆိုတော့ ဒေါသလဲ ခေါင်းပါး တယ်လို့ မဆိုနိုင်ဘူးလား။

တပည့်　ဆိုနိုင်ပါတယ်ဘုရား။

ဆရာ　ငါစွဲတွေလဲပြုတ်၍ ကာမရာဂ ဗျာပါဒတို့ ခေါင်း ပါးယင် သကဒါဂါမ်တဲ့ မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ဆရာ　တရားဟောတယ်ဆိုဒါ မဂ်ဉာဏ်တခုခုကို ရည်ရွယ် ပြီး ဟောရတယ်၊ သောတာပတ္တိမဂ်ကို ရည်ရွယ် ယင် ဒိဋ္ဌိအစွဲတွေကို ပြုတ်အောင် ပရမတ်သား ဓါတ်သားကိုမြင်အောင်ဟောရတယ် သကဒါဂါမ် မဂ်ကို ရည်ရွယ်ယင် ကာမတဏှာဗျာပါဒတို့ခေါင်း ပါးအောင် ခေါင်းပါးစေသော တရားတွေကိုဟော ရတယ်၊ သို့သော်လဲ နာသူကတော့ မိမိပါရမီ အ လျောက် ရကြဒါပါဘဲ၊ ပါရမီအလျောက်ရပေမဲ့ ဟောသူမှာ တာဝန်ရှိတယ်၊ မဂ်တခုခုကို ရည်ရွယ် ပြီး ဟောရမယ်၊ ဘယ်မဂ်ကိုမျှ မရည်ရွယ်ဘဲ ဟောတာကတော့ ဓမ္မကထိကအရူး ခေါ်တယ်၊ရဒါ မရဒါ အပထား ဟောတဲ့အခါတော့ ရည်ရွယ်ရမှာ ဘဲ၊ ဒါမှ ဓမ္မကထိက အစစ်ကွဲမောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

www.dhammaransi.com


ဆရာ အေး…ဒါကြောင့် ဝေဒနာ၏ ရေပွက်ထသကဲ့သို့ တဝေဝေဒနာပြီး တဝေဝေဒနာ ဆက်ကာဆက်ကာ ဖြစ်ပျက်နေကြတဲ့ သန္တတိ အနိစ္စကို မြင်ပြီးယင် ဒုက္ခသစ္စာအနက် ၄-ချက်တို့ဖြင့် သုံးသပ် ဆင်ခြင်၍ ကာမတဏှာ ဗျာပါဒတရားတို့ ခေါင်းပါးအောင် အားထုတ်နိုင်တဲ့ သူတော်ကောင်းတွေဖြစ်ကြပါစေ ကုန်သတည်း။

## ပြီးပါပြီ။

---

## သိက္ခာသုံးပါး မြွက်တရားတော်

ဆရာ မောင်စိန်ရေ။

တပည့် ဘုရား။

ဆရာ ဒီနေ့တော့ 'သိက္ခာသုံးပါး မြွက်တရား' ဆိုတဲ့တရားတော်ကို ဟောရလိမ့်မယ်ကွဲ့။

တပည့် မှန်ပါ ဟောတော်မူပါဘုရား။

ဆရာ သိက္ခာ သုံးပါး ဆိုဒါက သီလသိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာတဲ့၊ ဒီသုံးပါးကို ခေါ်တယ်။

တပည့် မှန်ပါဘုရား။

ဆရာ သီလ သိက္ခာဆိုဒါက လူတို့မှာ ငါးပါး သီလ, ရှစ်ပါး သီလ, ဆယ်ပါး သီလတို့ ဖြစ်၍ သာမဏေတို့မှာ လိင် ဆယ်ပါး, ဒါဏ်ဆယ်ပါး, သေခိယ ၇၅-ပါးတို့ဖြစ်တယ်၊ ရဟန်းတို့မှာ ၂၂၇-

www.dhammaransi.com



သွယ်သော သိက္ခာပုဒ်တွေပေါ့မောင်စိန်ရဲ့။

တပည့်  မှန်ပါဘုရား။

ဆရာ  သမာဓိသိက္ခာဆိုဒါက ခဏိက သမာဓိ, ဥပစာရ သမာဓိ, အပ္ပနာသမာဓိ၊ ၎င်းသုံးပါးကို ခေါ်တယ်၊ခဏိကသမာဓိ ဆိုဒါက ဝိပဿနာ ရှုသော ကာလ တည်ငြိမ်မှုကို ခေါ်တယ်၊ ဥပစာရ သမာဓိ ဆိုဒါက သမထ လေးဆယ်ကို ဈာန်ရခါနီးအောင် ပွါး၍ တည်ငြိမ်မှုကို ခေါ်တယ်၊ အပ္ပနာသမာဓိဆို ဒါက ဈာန်နဲ့ ယှဉ်တဲ့ သမာဓိကို ခေါ်တယ်ကွဲ့ မောင်စိန်ရဲ့။

တပည့်  မှန်ပါဘုရား။

ဆရာ  ပညာသိက္ခာဆိုဒါက ဝိပဿနာဉာဏ်တွေကို ခေါ်တယ် မောင်စိန်ရဲ့။

တပည့်  မှန်ပါဘုရား။

ဆရာ  သိက္ခာသုံးပါးတို့၏ အစွမ်းသတ္တိကို ပြောအုံးမယ်၊ သီလသိက္ခာက ဝီတိက္ကမကိလေသာကို နိုင်တယ်၊ သမဓိသိက္ခာက ပရိယုဋ္ဌာန ကိလေသာကို နိုင်တယ် ပညာသိက္ခာက အနုသယကိလေသာကို နိုင်တယ် ကွဲ့ မောင်စိန်ရဲ့။

တပည့်  မှန်ပါဘုရား။

ဆရာ  သိက္ခာသုံးပါးတို့၏ မြင့်မြတ်ပုံကို ပြောအုံးမယ်၊ သီလသိက္ခာက ဝီတိက္ကမကိလေသာကို နိုင်သဖြင့် ကာယဒုစရိုက် ဝစီဒုစရိုက်တွေ လုံခြုံတဲ့ အတွက် ပရိဿဘ်အလသ်မှာ ရဲရင့်စွာနေနိုင်တယ်၊ မိမိကိုယ်

www.dhammaransi.com



ကို မိမိမစွပ်စွဲသဖြင့် စိတ်ချမ်းသာတယ်၊ လူနတ်ကြည်ညိုတယ်၊ မတွေဝေ သေရတယ်၊ ဒုတိယဘဝ၌ ကောင်းရာသုဂတိသို့ ရောက်ရတယ်၊ ကိုင်း--- ဘယ်လောက်မွန်မြတ်သလဲ မောင်စိန်ရဲ့။

တပည့် မှန်ပါ မွန်မြတ်ပါတယ်ဘုရား။

ဆရာ အေး····ဒါကြောင့် ဘုရားအလောင်း ပုရောဟိတ်ကြီး ဥဒါန်းကျူးတာပေါ့.....

**န ဝေဒါ သမ္ပရာယာယ၊ န ဇာတိ နာပိဗန္ဓဝါ၊**
**သကဉ္စသီလံ သံသုဒ္ဓံ၊ သမ္ပရာယ သုခါယစ။**

ဝေဒါ-ဝေဒင်သုံးပုံတို့သည်၊ သမ္ပရာယာယ- တမလွန် ဘဝ၌ စည်းစိမ်ချမ်းသာကို ပေးခြင်းငှါ၊ နဟောန္တိ-မဖြစ်နိုင်ကြ လေကုန်၊ ဇာတိပိ-အယုတ်အမြတ် အထပ်ထပ်သော အမျိုးတို့သည်လည်း၊ သမ္ပရာယာယ-တမလွန် ဘဝ၌ ကောင်းမြတ်စည်းစိမ် ညီးထိန်သော အကျိုးကိုပေးခြင်းငှါ၊ နဟောန္တိ-မဖြစ်နိုင်ကြလေကုန်၊ ဗန္ဓဝါပိ- ဆွေမျိုးဉာတကာ ဖေါ်သဟာတို့သည်လည်း၊ သမ္ပရာယာယ- တမလွန်ဘဝ၌ ကောင်းမြတ်စည်းစိမ် ညီးထိန်သော အကျိုးကိုပေးခြင်းငှါ၊ နဟောန္တိ- မဖြစ်နိုင်ကြလေကုန်၊ သံသုဒ္ဓံ-စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော သကဉ္စသီလံ-မိမိသီလသည်သာလျှင် သမ္ပရာယသုခါယစ-တမလွန်ဘဝ၌ ကောင်းမြတ်ချမ်းသာစည်းစိမ်ကိုပေးခြင်းငှါ၊ဟောတိ-မုချပုံသေဖြစ်နိုင်တော့သည် သာလျှင်တည်း။

အထက်ပါ ဂါထာကို ဘာပြုလို့ ရွတ်ရသလဲ ဆိုတော့ အကြောင်းက ဒီလိုကွဲ၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌

www.dhammaransi.com



ပြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်တို့ကိုသင်၍ ဗာရာဏသီပြည်သို့ လာပြီးလျှင် မင်းကို ဖူးမြင်သတဲ့၊ ထိုအခါ မင်းသည် ဘုရားလောင်းအား ပုရောဟိတ် အရာကို ပေးတော်မူသတဲ့၊ ဘုရားလောင်းသည် သီလတရားကို လေးလေးစားစား စောင့်ထိန်းပြီး မင်း၏ အမှုခပ်သိမ်းကို စီရင်သတဲ့၊ ဒါနဲ့ မင်းကလည်း ဒီပုရောဟိတ်သည် သီလ ရှိသူတည်းဟု အလေးအမြတ်ပြု၍ ကြည့်ရှုတော်မူသတဲ့၊ ထိုအခါ ဘုရားလောင်းအား အကြံဖြစ်တယ်တဲ့၊ ဘယ်လို အကြံဖြစ်သလဲဆို တော့ "ငါ့အား ဘုရင်သည် အလေးအမြတ်ပြု၍ ကြည့်ရှု၏ သီလနှင့် ပြည့်စုံ၏ဟုပင် ကြည့်ရှုသလား၊ ထိုသို့ မဟုတ်မူ၍ အကြားအမြင်နှင့် ပြည့်စုံသူဟုပင် ကြည့်ရှုသလား"အဲဒီလိုအကြံ ဖြစ်သတဲ့။ ဒါနဲ့ သီလနဲ့ဗေဒင် ဘယ်သင်းကမြတ်သလဲဟု သိ ခြင်းငှါ တနေ့သ၌ ရွှေပန်းတိမ်သည်၏ အထံမှ အသပြာကို ယူ သတဲ့၊ ရွှေပန်းတိမ်သည်လဲ အလေးအမြတ် ပြုအပ်သည်၏အဖြစ် ကြောင့် တစုံတခုသော စကားကို မဆိုဘဲနေသတဲ့၊ နှစ်ကြိမ်ယူ သော်လဲ စကားမဆိုဘဲနေရာ သုံးကြိမ်ယူပြန်သတဲ့၊ ထိုအခါ လုယက်၍ စားသူတည်းဟု ဘမ်း၍ မင်းအားပြတယ်တဲ့ကွဲ၊ ဒီ တော့မင်းက 'ပုရောဟိတ်သည်ဘာပြုသလဲ' ဟု ရွှေပန်းတိမ်သည် ကို မေးတော့ ရွှေပန်းတိမ်သည်က "ဒီပုရောဟိတ်သည် ကျွန်ုပ်၏ အသပြာကို လုယက်ပါသည်" ဟု ပြောသတဲ့၊ ဒါနဲ့ မင်းက "မှန်သလား" ဟု ပုရောဟိတ်ကိုမေးရာ ပုရောဟိတ်က "အသင် မင်းကြီး အကျွန်ုပ်ကား သီလသည်ပင်မြတ်သလော၊ ဗေဒင်သည် ပင်မြတ်သလောဟု သိလို၍ ယူပါသည်၊ ယခုအခါ ဗေဒင်ထက်

www.dhammaransi.com



သီလက မြတ်ကြောင်းကို သိရပါပြီ” ဟု အထက်ပါ ဂါထာကို ရွတ်ပြီး ယူသမျှငွေကို ပြန်ပေး၍ မင်းအား ခွင့်ပန်ကာ ဟိမဝန္တာ ဝယ် ရသေ့ရဟန်းပြုလျက် ဈာန်အဘိညာဉ်ကို ဖြစ်စေပြီးလျှင် ဗြဟ္မာ့ပြည်သို့ လားရသတဲ့၊ ကိုင်း သီလများသည် ဘယ်လောက် မွန်မြတ်သလဲ မောင်စိန်ရဲ့။

တပည့် မှန်ပါ မွန်မြတ်ပါတယ်ဘုရား။

ဆရာ အဲဒီလို မွန်မြတ်တဲ့အတွက် လူတိုင်းစောင့်ထိန်းသင့် သင့်ပေတယ် ဒါပေမဲ့စောင့်ထိန်းသောအခါသတ္တဝါ တွေမှာ ပညာမရှိလေတော့ မြတ်စွာဘုရား လိုလား သော သီလမဖြစ်ဘဲ သာသနာပ သီလတွေသာများ တယ်ကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါ အဓိပ္ပါယ်ရှိပါအုံးဘုရား။

ဆရာ ဝါဒကြီး ၂-ခုရှိတယ်၊ သံသရာဝါဒ, ဘုရားဝါဒ တဲ့၊ သံသရာဝါဒကလဲ ၂- မျိုး ရှိပြန်တယ်၊ အရှင် ချောင်၍ အသေကျပ်တဲ့ ဝါဒ, အရှင်ကျပ်၍ အ သေချောင်တဲ့ဝါဒလို့ ရှိပြန်တယ်ကွဲ့၊ အရှင်ချောင် အသေကျပ်တဲ့ ဝါဒက ဥစ္ဆေဒ ဝါဒဘဲ၊ ဘာ ကြောင့်လဲဆိုတော့ ဥစ္ဆေဒဝါဒက နောက်ဘဝမရှိ သေယင် မြေကြီးဖြစ်၏လို့ ယူတဲ့ဝါဒ ဖြစ်တယ်၊ နောက်ဘဝမရှိတဲ့အတွက် ကုသိုလ်ကိုလဲ ပြုစရာမ လို၊ အကုသိုလ်ကိုလဲ ရှောင်စရာမလို၊ ပျော်ပျော် စား၍ ပျော်ပျော်နေရုံဘဲရှိတယ်၊ ဒီတော့ အရှင်မ ချောင်ဘူးလား မောင်စိန်။

တပည့် ချောင်ပါတယ်ဘုရား။

www.dhammaransi.com



ဆရာ   သို့သော်လဲ သူတို့ထင်သည့်အတိုင်း နေ့ာက်ဘဝ မရှိဒါက မဟုတ်၊ ရှိပြီးနေလေတော့ သေသည်၏ အခြားမဲ့၌ ကုသိုလ်မပါ အကုသိုလ်သာ ပါခဲ့သဖြင့် အပါယ်လေးပါးသို့ ကျပြီး မကျပ်ပါလား။

တပည့်   ကျပ်ပါတယ်ဘုရား။

ဆရာ   အေး····ဒါကြောင့် "အရှင် ချောင်၍ အသေကျပ်ယင် ဥစ္ဆေဒ"လို့ ပညာရှိတွေ ဆိုရိုးရှိကြတယ် မောင်စိန်ရဲ့။

တပည့်   မှန်ပါဘုရား။

ဆရာ   အရှင်ကျပ်၍ အသေချောင်ဒါကို ပြောအုံးမယ်— ငါဆိုတဲ့ အတ္တအစွဲက ရှိနေတော့ ဒီသတ္တဝါကို သတ်လိုက်ယင် ငါ ငရဲကျလိမ့်မယ်၊ မသတ်တော့ ပါဘူးလေဟုရင်း, ဒီပါဏာတိပါတကို ရှောင်ကြဉ်မှ ငါနတ်ပြည်ရောက်မှာဟုရင်း သတ်ချင်ပါရက်သားနဲ့ အောင့်အည်းပြီးနေရ၏၊ ဒီဥစ္စာကိုခိုးလိုက်ယင် ငါငရဲကျပြီး နောင်သံသရာမှာ ဆင်းရဲလိမ့်မယ်၊ မခိုးတော့ပါဘူးလေဟုရင်း, ဒီအဒိန္နာဒါန်ကို ရှောင်မှ ငါနတ်ပြည်ရောက်၍ ချမ်းသာမှာဟုရင်း, ခိုးချင်ပါရက်နဲ့ အောင့်အည်းပြီး နေရ၏၊ ဒီသူတပါး သားမယားကို ပြစ်မှားလိုက်ယင် ငါငရဲကျ၍ဆင်းရဲတော့မယ်၊ မလွန်ကျူးတော့ပါဘူးလေဟုရင်း, ဒီကာမေသုကို ရှောင်ကြဉ်မှ ငါနတ်ပြည်ရောက်၍ ချမ်းသာမှာဟုရင်း လွန်ကျူးချင်ပါရက်နဲ့ အောင့်အည်းပြီး နေရ၏၊ ဒီနေရာမှာ လိမ်ယင်

www.dhammaransi.com



ဖြစ်၏၊ လိမ်ယင်ငါငရဲကျလိမ့်မယ်၊ မလိမ်တော့ပါဘူးလေဟုရင်း၊ မုသာဝါဒကို ရှောင်ကြဉ်မှ ငါနတ်ပြည်မှာဖြစ်၍ ချမ်းသာမယ်၊သံသရာမှာလဲ နှုတ်တန်ခိုးရှိမယ် ဟုရင်း လိမ်ချင်ပါရက်နဲ့ အောင့်အည်းပြီးနေရ၏၊ ဒီအရက်သေစာကို သောက်စားလိုက်ယင် ငါငရဲကျ၍ ငရဲမှ ကျွတ်ပြန်တော့လဲ အရူးအနှမ်းဖြစ်ရလိမ့်မယ်၊ မသောက်တော့ပါဘူးလေဟုရင်း၊ ဒီသုရာမေရယကိုရှောင်မှ နတ်ပြည်ကိုရောက်၍ ငါလူကောင်းနတ်ကောင်း ဖြစ်ရမှာဟူ၍ရင်း၊ သောက်ချင်ပါရက်နဲ့ အောင့်အည်းပြီး နေရ၏၊ အဲဒီလို အောင့်အည်းပြီးနေရဒါ မကျပ်ဘူးလား။

တပည့် ကျပ်ပါတယ်ဘုရား။

ဆရာ ပြီးတော့ ဒါနပေးတဲ့နေရာမှာလဲ ဒါနမပါယင် ငါဟာသံသရာမှာ ဆင်းရဲပြန်တော့မယ်၊ ပေးအုံးမှဘဲဟုရင်း၊ ဒါနပေးမှ သံသရာမှာ သူဌေး သူကြွယ် ဖြစ်ရမှာဟုကြွေးပေးတဲ့ အနေအားဖြင့်ရင်း၊ ငါစွဲတန်းလန်းနဲ့ လုပ်ကြရဒါ မကျပ်ဘူးလား မောင်စိန်ရဲ့။

တပည့် ကျပ်ပါတယ်ဘုရား။

ဆရာ ပြီးတော့ မိဘသေတဲ့အခါ ငါတို့ ဗမာထုံးစံသည် ဘုန်းကြီးနှင့်ချရတဲ့ထုံးစံရှိတယ်၊ထုံးစံရှိတဲ့အတိုင်း မလုပ်ယင် ငါ့ကို သူတပါးတွေက ကဲ့ရဲ့လိမ့်မယ်ဟု ကဲ့ရဲ့မှာကိုကြောက်၍ မရှိ,ရှိဒါကို ထုတ်၍ရင်း,ချေးငှါး၍ရင်း တုန်တုန်ရင်ရင်နဲ့ လုပ်ကြရတွေဟာ, ပြီးတော့ငါ့သားကလေးဟာ ရှင်ပြုရမည့်အရွယ်သို့

www.dhammaransi.com



ရောက်ပြီး မပြုဘဲနေက သူတပါးကဲ့ရဲ့စရာဖြစ်လိမ့်မယ်ဟု ကဲ့ရဲ့မည့်ဘေးကို ကြောက်၍ မရှိ-ရှိဒါကို ထုခွဲ၍ရင်း, ချေးငှါး၍ရင်း,တန့်တန့်တိုတိုနဲ့ ပြုကြရဒါ မကျပ်ဘူးလား မောင်စိန်ရဲ့။

တပည့် ကျပ်ပါတယ်ဘုရား။

ဆရာ ပြီးတော့ ငါ့အလှူမှာတော့ အကျော်တစော ဖြစ်သွားအောင် ဝက်သဲ၊ ကြက်သဲတွေကို ဆင်ရွှဲရွှဲနဲ့ ကျွေးလိုက်မယ်ကွ ဒါမှ ကိုယ်တော်တွေလဲပြုံးပြုံးနဲ့ ဘုဉ်းပေးကြမှာဟု ချီးမွမ်းထောမနာမှုကို လို၍ ငါစွဲတန်းလန်းနဲ့ တဏှာတွေရစ်ပတ်တာ လှူကြဒါကော မကျပ်ဘူးလား။

တပည့် ကျပ်ပါတယ်ဘုရား။

ဆရာ ပြီးတော့ ဒီလိုခနူကြီးရက်ကြီးမှာ ဥပုသ်မစောင့်ပါက ငါ့အား အိမ်နီးချင်းတို့ ကဲ့ရဲ့ဘွယ်ဖြစ်မယ်၊အိမ်နီးချင်းရိုသေအောင်တော့ ဥပုသ်စောင့်အုံးမှဘဲဟုရင်း, ဒါမှလဲ နတ်ပြည်သို့ ရောက်၍ ငါချမ်းသာမှာဟုရင်း, တဏှာမီး, ဒိဋ္ဌိမီးတွေလောင်လျက် ဥပုသ်စောင့်ကြရဒါကော မကျပ်ဘူးလား။

တပည့် ကျပ်ပါတယ်ဘုရား။

ဆရာ အေး ကျပ်ပေမဲ့ သေတဲ့အခါကြတော့ ဥစ္စာဒိဋ္ဌိသမားလို အပါယ်မကျဘဲ လူ့ချမ်းသာ နတ်ချမ်းသာဖြစ်ပြီး ချောင်တယ်ကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

www.dhammaransi.com



ဆရာ ဧအးဒါကြောင့် "အရှင်ကျုပ်၍ အသေချောင်ဒါက သဿတ" လို့ ပညာရှိတို့ ဆိုရိုး ပြုကြတယ်၊ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ယခုပြောခဲ့တဲ့ ၂-ဝါဒစလုံး သာသနာပ ပါဒတွေဘဲ၊ ဘုရားဝါဒကတော့ "ရှင်ချောင်, သေချောင်" ဝါဒကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါ အမိန့်ရှိပါအုံးဘုရား။

ဆရာ ဒီခန္ဓာကိုယ်ကြီးသည် သတ္တဝါတွေ ထင်သလိုငါဆိုဒါမဟုတ်၊ ငါဆိုတာ ရှိလဲမရှိ၊သတ္တဝါတို့၏အထင်မျှသာဖြစ်သည်၊မိုးဖွဲ့နဲ့နေရောင်ပေါင်းဆုံမိ၍ ဖြစ်ပေါ်လာသော သက်တန့်ကိုင်းခေါ်အရောင်သုံးမျိုးအကွင်းကြီးကို "အကောင်ကြီး" ဟု အထင်မှားကြဒါနဲ့တူ၏၊ စင်စစ်မှာ ဒီခန္ဓာကိုယ်သည် ကံ, စိတ်,ဥတု,အာဟာရ တရားတို့ကြောင့်ဖြစ်ပေါ်လာ၍ မြဲလဲမမြဲ ဆင်းလဲဆင်းရဲ၏၊ အစိုးလဲမရတဲ့တရားစုသာဖြစ်၏လို့ ပိုင်ပိုင်နိုင်နိုင် သိသဖြင့် ဒီခန္ဓာ အတွက် သူ့ဘပါးအသက်ကိုလဲ မသတ်လိုပြီ၊သူ့ဘပါးဥစ္စာကိုလဲ မခိုးလိုပြီ၊ကာမေသုကိုလဲ မကျူးလွန်လိုပြီ၊ မုသားကိုလဲ မဆိုလိုပြီ၊ သုရာမေရယကိုလဲ မသောက်စားလိုပြီ၊ အဲဒီလို မလွန်ကျူးချင်၍ မလွန်ကျူးဘဲ သီလလုံခြုံဒါဟာ မချောင်ဘူးလား။

တပည့် ချောင်ပါတယ်ဘုရား။

www.dhammaransi.com



ဆရာ  ဒါနပြုတဲ့နေရာမှာလဲ ငါတို့သိရတဲ့ အသိဉာဏ်သည် သာသနာတော်ကြီး ပေါ်လာ၍သာ သိရပေတယ်၊ အင်မတန် ကျေးဇူးကြီးတဲ့ သာသနာပါလား၊ သတ္တဝါတို့၏ အားထားဘွယ်ရာ သာသနာပါလားလို့ ကျေးဇူးကြီးတဲ့ သာသနာတော်ကြီးကို ကျေးဇူးဆပ်တဲ့အနေ ပူဇော်တဲ့ အနေဖြင့် လှူဒါကို ထုံးစံဝလေ့ အရလို့ ဆိုနိုင်ပါ့မလား။

တပည့်  မဆိုနိုင်ပါဘုရား။

ဆရာ  ပူဇော်တဲ့အနေနဲ့ ပူဇော်ဒါဆိုတော့ ဒိဋ္ဌဓမ္မိမီးလဲ မလောင်၊ တဏှာမီးလဲ မလောင်သဖြင့် မချောင်ပါလား။

တပည့်  ချောင်ပါတယ်ဘုရား။

ဆရာ  ဥပုသ်စောင့်တဲ့ နေရာမှာလဲ အစိုးရ လခစားတွေ တနင်္ဂနွေနေ့မှာ အလုပ်နားသလို နေ့တိုင်း တဏှာ ကျွန်ခံနေရတဲ့ဒုက္ခမှ တဒင်္ဂပဟာန်အားဖြင့် ချမ်းသာတဲ့ တဒင်္ဂ နိဗ္ဗာန်ကို ယူနေဒါဆိုတော့ တဏှာ ဒိဋ္ဌဓမ္မိမီး မလောင်သောကြောင့် မချောင်ပါလား။

တပည့်  ချောင်ပါတယ်ဘုရား။

ဆရာ  ယခုကာလပေါ်မှာ တချို့သော မြို့သူမြို့သားတွေ စောင့်တဲ့ ဥပုသ်ကတော့ သာခုခေါ်ချင်စရာ မကောင်းတဲ့ ဥပုသ်တွေပါကွာ၊ သာသနာပသမားတွေ၏ ဥပုသ်ကိုတောင် မမှီတာတွေ ရှိနေတယ်၊ မောင်စိန်ရဲ့။

တပည့်  မှန်ပါ ရှိပါတယ်ဘုရား။

www.dhammaransi.com



ဆရာ ပညာဉီးစီးပြီး ပြုလုပ်တဲ့ ကုသိုလ်မှန်ယင် ဘာမဆို ချောင်ပါတယ်၊ သေပြန်ယင်လဲ အပါယ် မကျ သောကြောင့် ချောင်ပြန်တယ်၊ ဒီလိုဆိုတော့ 'ရှင်ချောင် သေချောင်' မဖြစ်ဘူးလား။

တပည့် ဖြစ်ပါတယ်ဘုရား။

ဆရာ ဒါကြောင့် ပညာဦးစီးသူ၏ ကုသိုလ်ကို ဉာဏသမ္ပယုတ် ကုသိုလ်, တိဟိတ် ကုသိုလ်, ဝိဝဋ္ဋ ကုသိုလ်, သာသနာတွင်း ကုသိုလ်လို့ ဆိုတယ်၊ ပညာဦးမစီးတဲ့ ကုသိုလ်ကို ဉာဏဝိပ္ပယုတ် ကုသိုလ်, ဒွိဟိတ် ကုသိုလ်, ဝဋ္ဋကုသိုလ်, သာသနာပကုသိုလ်, ကုလာစာရ ကုသိုလ်လို့ခေါ်တယ်။

တပည့် မှန်ပါဘုရား။

ဆရာ ပညာမဲ့ကလဲ ဒါနသီလပြုတယ်၊ ပညာရှိကလဲ ဒါနသီလ ပြုတယ်၊ အပေါ်ယံကတော့ တူနေကြတယ် သို့သော်လဲ အတွင်း သဘောက ကွဲကြတယ်၊ မောင်စိန်ရဲ့၊ ကွဲပုံကို ဥပမာပေးအုံးမယ်။

တပည့် မှန်ပါ အမိန့်ရှိပါအုံးဘုရား။

ဆရာ ရှေးအထက်ကျော်ကာလက ဗမာနှင့် တရုပ် နယ်စပ်ရှိ ရွာကလေးတရွာကို အကြောင်းပြုပြီး စကားများကြသတဲ့ ဒါနဲ့ တရုပ်က တွေးသတဲ့ "ဒီရွာကလေးကို အကြောင်းပြုပြီး စစ်တိုက်ကြရယင် သေကြေပျက်စီးကြရမည့် တန်းဘိုးသည် ရွာတန်ဘိုးလောက် မကဘူး၊ သို့အတွက် ပညာရှိချင်း ကိုယ်အမူအရာဖြင့် ပညာပြိုင်၍နိုင်သူက ယူတမ်းလုပ်မှ ရှုံးသူလဲသက်သာ

www.dhammaransi.com



နိုင်လူလဲ အကျိုးရှိ ဖြစ်မယ်၊ အဲဒီလိုတွေးပြီး ဗမာ့ထံ ဒီအကြံ အစည်ကို ပြောခိုင်းသတဲ့၊ ဒါနဲ့ ဗမာကလဲ သဘောတူပြီး နေ့ရက်ကို သတ်မှတ်ကြလျက် ပညာရှိရှာကြဒါပေါ့။

ဗမာဘုရင်ကလဲ ပညာရှိရွေးချယ်ရန် အမတ်တွေကို ခေါ်ပြီး "ဘယ်သူသည် တရုပ်ပညာရှိနဲ့ ပြိုင်ရဲသလဲ"လို့ မေးတော့ တယောက်မှ မထွက်ဘူးတဲ့၊ ဒီလိုဆိုယင် 'ဘယ့်နှယ် လုပ်ကြမလဲ'လို့ ဘုရင်ကမေးတော့ အမတ်တွေကအကြံပေးသတဲ့"အရှင်မင်းကြီးဘုရား တရုပ်ပညာရှိနဲ့ ပြိုင်ရဲသူရှိယင် အခွန်တသိန်း ထွက်သောရွာကို ပေးမယ်"လို့ မောင်းခတ်ယင် ပြိုင်ရဲသူ ပေါ်ပါလိမ့်မယ်''လို့ သံတော်ဦးတင်ကြသတဲ့၊ ဒါနဲ့ ရှင်ဘုရင်လဲ အမတ်တွေပေးတဲ့ အကြံအတိုင်း မောင်းခတ်ခိုင်းရောတဲ့၊ ဒီတော့ ရွာ၏တောင်ဆီမှာ မောင်နီဆိုသူကလဲ အရက်မူးပြီး လဲနေရာက မောင်းသံကြားသဖြင့် ဟယ် ဒီအသံကတော့ တစာယ်ဟန်သကွဲ "ငနီတို့ အရက်သမားကို အထက်သိကြား မ-ကိန်းဆိုက်တာပ''ဟု ကြိမ်းဝါးကာ မောင်းဆရာကို ခေါ်၍ပြောသတဲ့ ပြောပုံကတော့"ဟေ့ မောင်းဆရာ အကြောင်းရှာမနေနဲ့ တော့ အပေါင်းသဟာတွေ မပြိုင်ရဲတဲ့ပွဲကို ငါဝင်ကာ နွှဲ၍ကြံလိုက် မယ်"လို့ ပြောသတဲ့၊ ဒါနဲ့ မောင်းဆရာက"ခင်ဗျားနံမည် ဘယ်လိုခေါ်သလဲ'' လို့ မေးတော့ "တောင်ဆီက မောင်နီ" တဲ့လို့ ပြောပြီး လှဲ့သွားသတဲ့၊ မောင်းဆရာလဲ ရေမိုးချိုးပြီး နန်းတော်ကို လာခဲ့ဘို့မှာကြားပြီးလျှင် ရှင်ဘုရင်ထံ ရခဲ့ကြောင်းကို သံတော်ဦးသတဲ့။

ဒါနဲ့ တော်တော်လေးကြာတော့ မောင်နီလဲ ရေမိုးချိုးပြီး နန်းတော်သို့ ရောက်လာသတဲ့၊ ရောက်လာတော့ ရှင်ဘုရင်က

www.dhammaransi.com



ဝမ်းမြောက်ဝမ်းသာနဲ့ မောင်နီကို နန်းတော်မှာ ကျွေးမွေးထား၍ နေ့ရက်စေ့တဲ့အခါ မောင်နီကိုပညာရှိတို့၏ အဆောင်အယောင်ကို ဝတ်စေလျက် စစ်တပ်ခြံရံပြီးလျှင် တရုပ်နယ်စပ်သို့ လွှတ်ရောတဲ့၊ ဒါနဲ့ ၂-ဘက်သော မှူးကြီးမတ်ကြီးများစုံတဲ့ အခါ တရုပ်ပညာရှိကြီးက ကိုယ်အမူအရာဖြင့် မေးခွန်းထုတ်သတဲ့၊ "မင်းတို့ဘုရင်သည် ငါးပါးသီလ လုံခြုံရဲ့လား" ဆိုတဲ့ အဓိပ္ပါယ်နဲ့ လက်ငါးချောင်းကို ထောင်ပြသတဲ၊ ဗမာဘက်က မောင်နီက ဘယ်လို တွေးသလဲဆိုတော့ "ငါ့ကို သူတို့ အရက်သမားမှန်းသိလိမ့်မယ်၊ သိသည့်အတွက် မင်းတနေ့ကို အရက် ငါးပုလင်းကုန်အောင် သောက်နိုင်ရဲ့လား" မေးဒါဘဲဟု အထင်ရှိပြီး "ငါးပုလင်းမက ဆယ်ပုလင်းတောင် ကုန်အောင်သောက်နိုင်ရဲ့" ဆိုတဲ့အဓိပ္ပါယ်နဲ့ လက်ဆယ်ချောင်းကို ထောင်ပြလိုက်သတဲ့၊ ဒီတော့ တရုပ်ပညာရှိကြီးက "သူတို့ ဗမာဘုရင်သည် ငါးပါးသီလတွင်မက ဆယ်ပါးသီလတောင် လုံတယ်ဆိုပါးကလား တော်ပါပေတယ်" လို့ အောက်မေ့သတဲ့။

ဒါနဲ့ ဆက်ပြီး မေးပြန်ဒါက "မင်းတို့ဘုရင်သည် တိုင်းသူပြည်သားကိုရင်သယ်သားကဲ့သို့ သနားရဲ့လား" ဆိုဘဲ့ အဓိပ္ပါယ်နဲ့ ရင်ဝကို လက်ဝါးနဲ့ သပ်ပြသတဲ့၊ ဒီတော့ မောင်နီက "အင်း မင်းအချက် ဆယ်ပုလင်းကုန်အောင်သောက်ယင် ရင်မပူဘူးလားလို့ မေးဒါဘဲလို့ ထင်ပြီး ဘယ်နှယ် ရင်ပူရုံကမလဲ ကျောရော ရင်ရော အကုန် ပူသွားဒါဘဲ" ဆိုတဲ့ အဓိပ္ပါယ်နဲ့ "ကျောရော ရင်ရော လက်ဝါးနဲ့သပ်ပြသတဲ့" ဒီတော့ တရုပ်ပညာရှိကြီးက "အော်....သူတို့ဗမာဘုရင်သည် ကျောသားရင်သားမခြား သနားတော်မူသတဲ့ တော်ပါပေတယ်" လို့

www.dhammaransi.com



အောက်မေ့သတဲ့ကွဲ၊ ဒါနဲ့ဘဲ ဗမာက အနိုင်ရပြီး ပြန်ခဲ့ကြရတယ်၊ ဒီနေရာမှာ အပေါ်ယံတွင်တော့ ပုဏ္ဏာအဖြေဟာ ပြေနေပေမဲ့ အတွင်းသဘော ရည်ရွယ်ချက်တွေကတော့ ပြဒါးတလမ်း သံတလမ်း ဖြစ်မနေဘူးလား။

တပည့် နေပါတယ်ဘုရား။

ဆရာ အေး—ဒီလိုပေါ့၊ ပညာရှိနဲ့ ပညာမဲ့သည် အပေါ်ယံတွင်တော့ သူလဲဒါနသီလပြု၊ ငါလဲဒါနသီလပြု၊ သူလဲ သွားရှင်ပြု ငါလဲသွားရှင်ပြု တူနေကြဒါဘဲ၊ ဒါပေမဲ့ အတွင်းစိတ်ဓါတ်ကတော့ အဖြူနဲ့အမဲ ကွဲလွဲကြတယ်။ ပညာမဲ့က ငါကောင်းစားဘို့ ဒါနပေးတယ်။ ပညာရှိက သာသနာတော်ကို ပူဇော်ခြင်းငှါ ဒါနပေးတယ်၊ ပညာမဲ့က ငရဲကြောက်၍ ငါးပါးသီလမြဲတယ်၊ ပညာရှိက မမြဲသောခန္ဓာကြီးကို အမိုက်ခံ၍ မကျွေးလိုသဖြင့်ငါးပါးသီလမြဲတယ်၊ပညာမဲ့က နတ်ပြည်ရောက်ဘို့ ဥပုသ်စောင့်တယ်၊ ပညာရှိက တနေ့တရက် တကျော့ကျွန်အဖြစ်မှ ငြိမ်းချမ်းတဲ့ သုခကို လို၍ ဥပုသ်စောင့်တယ်၊ ပညာမဲ့က ငါတို့ဘုန်းကြီးမှ ဂရုဓမိတယ်၊ ပညာရှိက သံဃာစင်မှ ဂရုဓမိတယ်၊ ပညာမဲ့က ထုံးစံကို လေးစားတယ်၊ ပညာရှိက မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို လေးစားတယ်၊ ပညာမဲ့က အများကောင်းယင် လိုက်၍ကောင်းတယ်၊ ပညာရှိက အများကောင်းတိုင်း လိုက်၍မကောင်း၊ ပညာမဲ့က နံမည်ကြီးသူ ပြောယင် ယုံကြည်တယ်၊ ပညာရှိက နံမည်ကြီးတိုင်းလဲ လိုက်၍ မယုံ၊ ပညာမဲ့က အထူး အဆန်းကို မြတ်နိုးတယ်၊ ပညာရှိက သဘောမှန်မှ မြတ်နိုးတယ်၊ ပညာမဲ့က ရွှေထူတဲ့ ဘုရားမှ

www.dhammaransi.com



လေးစားတယ်၊ ပညာရှိက ဘုရား ၂-မျိုးမထား တသားထဲသာ ထားတယ်၊ပညာမဲ့က ဘုရားရှာထွက်လေ့ရှိတယ်၊ ပညာရှိက ဂုဏ်တော်ကိုးပါးကို အခွင့်ရတိုင်း ပွါးများ၍ နေတယ်၊ အတွင်းသဘောချင်း မကွာလားမောင်စိန်ရဲ့။

တပည့် ကွာပါတယ်ဘုရား။

ဆရာ အေးဒါကြောင့် ဘုရားကြိုက် ဒါနသီလ ဖြစ်ဖို့ရာ ပညာဦးစီးမှသာ ဖြစ်နိုင်မယ်၊ ပညာဦးမစီးပါက အပေါ်ယံတွင်သာ တူနေကြပေမဲ့ အတွင်းသဘောကား ဘုရားကြိုက်မဟုတ်ပေ၊ အဲဒီတော့ ပညာဦးစီးဖို့ဆိုဒါလဲ ပညာရှိကို မမှီဝဲ မဆည်းကပ်ဘဲဦးစီးနိုင်ပါ့မလား။

တပည့် ဦးမစီးနိုင်ပါဘုရား။

ဆရာ အေးဒါကြောင့် မြတ်စွာဘုရားက အောက်ပါဂါထာကို ဟောဒါပေါ့ကွဲ.....

**အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊**

**ပူဇာစ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။**

ဗာလာနံ-ပညာလွန်နဲ လူမိုက်မဲတို့အား၊ ယာအသေဝနာစ—အကြင်မမှီဝဲ မဆည်းကပ်ရခြင်းသည်ရင်း၊ ပဏ္ဍိတာနံ-ကြောင်းကျိုးမြော်မြင် ပညာရှင်တို့အား၊ ယာသေဝနာစ- အကြင်မှီဝဲဆည်းကပ်ရခြင်းသည်ရင်း၊ ပူဇနေယျာနံ- ပူဇော်သင့် ပူဇော်ထိုက်ကုန်သော ဂုဏာဓိကုဝယောဓိကတို့အား၊ ယာပူဇာစ-အကြင်ပူဇော်ရခြင်းသည်ရင်း၊ အတ္ထိ-ရှိ၏၊ ဧတံ-ဤသုံးပါးသောတရားသည်လျှင်၊ ဥတ္တမံ-မြိုင်လာတိုင်းရှုံး အမြတ်ဆုံးသော၊ မင်္ဂလံ

www.dhammaransi.com



နိဗ္ဗာန်ရောက်ရန် အကြောင်းမှန်သမို့ အကောင်းဆုံး ကောန် သာလျှင်တည်း။

တပည့် သာဓု- သာဓု- သာဓု။

ဆရာ မောင်စိန်ရေ…စပါးလိုချင်ယင် ဘယ်သူ့ထံ ချဉ်းကပ်ရမှာလဲ။

တပည့် စပါးရှိသူထံ ချဉ်းကပ်ရပါတယ်ဘုရား။

ဆရာ စပါးမရှိ မီးရထားမှာ တောင်းစားနေရတဲ့ သူ တောင်းစားထံ ချဉ်းကပ်လို့ ရပါ့မလား။

တပည့် မရနိုင်ပါဘုရား။

ဆရာ စာတတ်ချင်ယင် ဘယ်သူ့ထံ ချဉ်းကပ်ရမလဲ။

တပည့် စာတတ်ပုဂ္ဂိုလ်ထံ ချဉ်းကပ်ရပါတယ်ဘုရား။

ဆရာ တရားရချင်ယင် ဘယ်သူ့ထံ ချဉ်းကပ်ရမလဲ။

တပည့် တရားသိသူထံ ချဉ်းကပ်ရပါတယ်ဘုရား။

ဆရာ ရချင်တာက တရား၊ ချဉ်းကပ်တာက စာတတ် ပုဂ္ဂိုလ်၊ ဒီလိုဆိုကော ဖြစ်နိုင်ပါ့မလား။

တပည့် မဖြစ်ပါဘုရား။

ဆရာ အေး…ဟုတ်တယ်ကွဲ၊ ပိဋကတ် သုံးပုံဆောင် ပေါဋ္ဌိလရဟန်းကြီး စာတလုံးမှ မတတ်တဲ့ သာမ ဏေထံ ချဉ်းကပ်ရဒါကို ကြည့်ကွဲ၊ ဒိဗမာပြည်က ကိုစာတတ်တို့မှာ မာနကြီး မြင်းမိုရ်တောင်ကြောင့် ဗမာပြည်မှာ သာသနာမစည်ဘဲ အဝါ ထည်ကို ရောင်းစားကြတဲ့ သက်န်းကုမ္ပဏီသာ သူဌေး ဖြစ်

www.dhammaransi.com



ရတယ် မောင်စိန်ရဲ့။

တပည့် ဝမ်းနည်းစရာပါဘုရား။

သီလသိက္ခာခန်းပြီး၏။

---

သမာဓိသိက္ခာခန်း

ဆရာ သီလသိက္ခာ အကြောင်းကို ပြောပြီး၍ သမာဓိ သိက္ခာအကြောင်းကိုပြောကြအုံးစို့ မောင်စိန်ရဲ့။

တပည့် မှန်ပါ ဟောတော်မူပါဘုရား။

ဆရာ သမာဓိတရားများ ဘယ်လောက်မွန်မြတ်သလဲ ဆို တော့ ရတနသုတ်ပရိတ်မှာ အောက်ပါ အတိုင်း ဟောတော်မူတယ် မောင်စိန်ရဲ့။

ယံဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိမာနန္တရိကညမာဟု၊
သမာဓိနာ တေန သမော နဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိဟောတု။

ဗုဒ္ဓသေဋ္ဌော-သုတ,သာဝက,ပစ္စေက ဟုဗုဒ္ဓသုံးဆူ ချီးမွမ်း အပ်သောသူတို့ထက် ကဲပြူဂုဏ်နေ သခင်မြကာ သာလွန်ထူးမြတ် လှသည့် သုံးလောကဆီမီး ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ယံသမာဓိံ- အရိယာ မဂ်ဉာဏ်သန်လျက်နှင့် တွဲဘက်ယှဉ်ဘိ အကြင်သမာဓိသည်၊ သုစိံ-ကိလေသာရန်မှေး မြူညစ်ကျေးမှ ကင်းဝေ စင်ပ ဖြူစင်လှ၏ဟူ၍၊ ပရိဝဏ္ဏယီ-ချီးမွမ်းမြှောက် စား ဟောကြားတော်မူလေပြီ၊ ယံသမာဓိံ-အရိယာမဂ် ဉာဏ်

www.dhammaransi.com



သန့်လျက်နှင့် တဲ့ဘက်ယှဉ်ဘိ အကြွင်သမာဓိကို၊ အနန္တရိကံ-မိမိကွယ်ပ ခြားမဲ့ကာလ၌ မုချဆတ်ဆတ် အကျိုးကိုပေးတတ်၏ဟူ၍၊ ဗုဒ္ဓါ-သုံးဘုံ ကျော်တည်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည်၊ အာဟု- သံသာကျူးသိ ဟောတော်မူကြလေကုန်ပြီ၊ တေနသမာဓိနာ-ဤသို့အထူး ဂုဏ်ကျေးဇူးဖြင့် ချီးကျူးအံ့အားပြောဆို၍ မကုန်နိုင်သော သမာဓိတရားနှင့်၊ သမေဝ-တူမျှနိုင်းဘိ တစုံတခုသော ရူပ, အရူပ သမာဓိသည်၊ နဝိဇ္ဇတိ—မရှိချေ၊ ဣဒမ္ပိဓမ္မေ အယံဝေဓမ္မော-ဤသို့အထူး ဂုဏ်ကျေးဇူးဖြင့် ချီးကျူးအံ့အား ပြောဆို၍ မကုန်နိုင်သော ဤသမာဓိတရားသည် သာလျှင်၊ ပဏီတံ-လောကီရတနာ အဖြာဖြာတို့ထက် ကဲသာလွန်မြတ် ချီးမွမ်းအပ်သော၊ ရတနံ- ကိုးကွယ်ရာအစစ် ရတနာကြီးဖြစ်တော်မူပါပေ၏။

၎င်းဒေသနာအရ မြတ်စွာဘုရား ချီးမွမ်းတဲ့ သမာဓိသည် အရဟတ္တမဂ်နဲ့ ယှဉ်တဲ့သမာဓိ ဖြစ်တယ်၊ ၎င်းအောက် အဘိုးတန်ဒါက အနာဂါမိမဂ်နဲ့ယှဉ်တဲ့ သမာဓိ၊ ၎င်းအောက် အဘိုးတန်ဒါက သကဒါဂါမိမဂ်နဲ့ယှဉ်တဲ့ သမာဓိ၊ ၎င်းအောက် အဘိုးတန်ဒါက သောတာပတ္တိမဂ်နဲ့ယှဉ်တဲ့သမာဓိ၊ ၎င်းအောက် အဘိုးတန်ဒါက ဝိပဿနာဉာဏ်နဲ့ယှဉ်တဲ့ ဈာနသမာဓိ၊ ၎င်းအောက် အဘိုးတန်ဒါက ဝိပဿနာဉာဏ်နဲ့ယှဉ်တဲ့ ဥပစာရသမာဓိ၊ ၎င်းအောက် အဘိုးတန်ဒါက ဝိပဿနာဉာဏ်နဲ့ယှဉ်တဲ့ ခဏိကသမာဓိတို့ဘဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အထက်က စကားတွေကို သတ္တုချကြည့်မယ်ဆိုယင် မဂ်ဉာဏ်နဲ့ သော်၎င်း, သို့မဟုတ် ဝိပဿနာ

www.dhammaransi.com



ဉာဏ်နဲ့ သေဝ်ရင်း ယှဉ်တဲ့သမာဓိမှသာ အဘိုးတန်ပါတဲ့။ အဲဒီလိုဆိုတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့လဲမယှဉ်၊ ဝိပဿနာဉာဏ်နဲ့လဲ မယှဉ်တဲ့ သမာဓိတို့သည် အဘိုးမတန်ဘူးလို့ အဓိပ္ပါယ်ရပါပေါ့။

တပည့် မှန်ပါ ဒီလိုအဓိပ္ပါယ်ရပါတယ်ဘုရား။

ဆရာ သာသနာပကာလမှာ ရသေ့တွေရတဲ့ဈာန်တို့သည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ဝိပဿနာဉာဏ်နဲ့ မယှဉ်တဲ့ အတွက် အမျိုးမျိုးသော ဒိဋ္ဌိအယူတွေ ဖြစ်လာတယ်၊ ဝိပဿနာဉာဏ်နဲ့ မယှဉ်တဲ့ ဈာန်သမာဓိကြောင့် မိစ္ဆာဒိဋ္ဌိအယူပေါ်ပုံတွေ ပြောအုံးမယ် မောင်စိန်ရဲ့။

တပည့် အမိန့်ရှိပါအုံးဘုရား။

ဆရာ ရှေးတုန်းက ရသေ့ကြီးတပါးသည် ပြင်းထန်သော အားထုတ်ခြင်းဖြင့် ဈာန်တရားကို အားထုတ်ရာ ဈာန်အဘိညာဉ်ကိုရ၍ ဘဝတသိန်းအတွင်း ဖြစ်ခဲ့သော ခန္ဓာအစဉ်ကို မြင်သတဲ့၊ ဒါနဲ့ အကြံဖြစ်လာသတဲ့ "သတ္တဝါတို့သည် ဘဝတသိန်းအတွင်းသာ သေလိုက်ဖြစ်လိုက်နဲ့ အမြဲမဘည့်ပြောင်းလဲ့ကြရ၏၊ ဘဝတသိန်းမှ ရှေး၌ဖြစ်ကုန်သော သခ်ါရတို့၌ မအို၊ မနာ၊ မသေ၊ အမြဲ နေကြရ၏" လို့ သဿတဒိဋ္ဌိ အယူပါဒ လောကကြီးမှာ ပေါ်လာတယ်။

ပြီးတော့ ရသေ့ကြီး တပါးကလဲ ထို့အတူ ပြင်းထန်သော အားထုတ်ခြင်းဖြင့် ဈာန်တရားများကို အားထုတ်ပြန်ရာ

www.dhammaransi.com



ဈာန်အဘိညာဉ်ကို ရ၍ သံဝဋ္ဋ ဝိဝဋ္ဋ ကပ်ပေါင်း ၁၀–အတွင်း ရှိ ခန္ဓာ အစဉ်ကိုမြင်၍ "သတ္တဝါတို့သည် သံဝဋ္ဋ ဝိဝဋ္ဋ ကပ် ပေါင်း ၁၀-တွင်းသာ သေလိုက်, ဖြစ်လိုက်နဲ့ ပြောင်းလဲကြရ ကုန်၏၊ ထိုမှ ရှေးအဘို၌ ဖြစ်ကုန်သော သင်္ခါရ တရားတို့သည် မအို၊မနာ၊မသေ၊ အမြဲတည်ကြရကုန်၏"လို့ သဿတဒိဋ္ဌိအယူ ဝါဒ ဖြစ်ပေါ်လာပြန်တယ်။

ပြီးတော့ ရသေ့ကြီးတပါးကလဲ ထို့အတူ ပြင်းထန်သော အားထုတ်ခြင်းဖြင့် ဈာန်တရားများကို အားထုတ်ပြန်ရာ ဈာန် အဘိညာဉ်ကိုရ၍၊ သံဝဋ္ဋ ဝိဝဋ္ဋ ကပ်ပေါင်း ၄၀-အတွင်းရှိ ခန္ဓာအစဉ်ကို မြင်၍ "သတ္တဝါတို့သည် သံဝဋ္ဋ ဝိဝဋ္ဋ ကပ် ပေါင်း လေးဆယ် အတွင်းသာ သေလိုက်, ဖြစ်လိုက်နဲ့ ပြောင်း လဲကာနေကြရကုန်၏။ ထိုမှရှေးအဘို၌ သင်္ခါရတို့သည် ပြောင်း လဲခြင်းမရှိ မအို, မနာ, မသေ, အမြဲ နေကြရကုန်၏" လို့ သဿတဒိဋ္ဌိ အယူဝါဒကြီး ပေါ်ပေါက်လာပြန်တယ်၊ယခုပြော ခဲ့တာကဈာန်အဘိညာဉ်သမာဓိကြောင့်သဿတဒိဋ္ဌိအယူပေါ် ပုံဖြစ်တယ်၊ ကေစ္စသဿတဝါဒ ဖြစ်ပုံကို ပြောအုံးမယ် မောင် စိန်ရဲ့။

တပည့် မှန်ပါ ပြောပါအုံးဘုရား။

ဆရာ ကမ္ဘာတည်ဦးကပထမဈာန်ဘုံမှ စုတေပြီးလူ့ပြည် ကို ရောက်လာတဲ့ ပုဂ္ဂိုလ်တယောက် ရှိသတဲ့၊ ထိုပုဂ္ဂိုလ်သည် ဗြဟ္မာ့ပြည်မှ လာခဲ့ခြင်းကြောင့် ကာမဂုဏ်ကို ရွံမုန်းပြီး ရသေ့ လုပ်ကာ ဈာန်တရားများကို အားထုတ်သတဲ့၊ ဒါနဲ့ဘဲ ဈာန် အဘိညာဉ်ကို ရရောတဲ့ကွဲ၊ သူရတဲ့ အဘိညာဉ်ကလဲ လွန်ခဲ့

www.dhammaransi.com



တဲ့ တဘဝကိုသာ မြင်နိုင်သတဲ့၊ ဒါနဲ့ သူရတဲ့ အဘိညာဉ်နဲ့ ငါသည် ဘယ်ဘဝက လာခဲ့ဒါလဲလို့ ကြည့်လိုက်တော့ ပထမဈာန်ဘုံမှ လာခဲ့ဒါကိုမြင်သတဲ့၊ ပထမဈာန်ဘုံမှာ ငါတို့ရှိစဉ်က ငါတို့၏အရှင် ဗြဟ္မာမင်းကြီးသည် ရှိသေးသလားလို့ ကြည့်ပြန်တော့ ရှိနေသေးဒါကို တွေ့သတဲ့၊ဒါနဲ့ ၎င်းရသေ့ကြီးသည် "ထိုငါတို့အရှင်သခင် ဗြဟ္မာကြီးကား မအို-မနာ-မသေ-အမြဲနေရ၏ ထိုဗြဟ္မာကြီးသည် လောကကြီးကို ဖန်ဆင်း၏၊ သတ္တဝါတွေကို ဖန်ဆင်း၏ သတ္တဝါတို့၏ အရှင်သခင် ဖြစ်၏၊ ထိုဗြဟ္မာကြီး ဖန်ဆင်းထားတဲ့ သတ္တဝါတို့သာ အိုကြရ နာကြရ၊ သေကြရ၊ ကုန်၏" လို့ ဧကစ္စ သဿတဝါဒကြီး လောကကြီးမှာပေါ်လာပြန်တယ်။

ပြီးတော့ နတ်ပြည်မှာ ခိဍ္ဍာပဒေါသိကာနတ် ဆိုဒါရှိတယ်၊ ၎င်းနတ်များ အလွန်လျှင်အရယ်သန်ကုန်၏၊ ရယ်ခြင်းဖြင့် အချိန်ကုန် ကုန်၏၊ တခါ တခါ အရယ်လွန်သဖြင့် အချိန်ကို သတိမရကုန်ဘဲ စားချိန်လွန်၍ သေကြရကုန်၏၊ထိုနတ်မျိုးတွင်နတ်သား တယောက်သည် စားချိန်ကို သတိမရဘဲ အရယ်လွန်၍ သေပြီးလျှင် လူ့ပြည်မှာဖြစ်လာသတဲ့၊ လူဖြစ်၍ အရွယ်ရောက်လျှင် ကာမဂုဏ်၌ အပြစ်မြင်ကာ ရသေ့ပြု၍ ဈာန်တရားတို့ကို အားထုတ်သတဲ့၊ ဒါနဲ့ဘဲ ဈာန်အဘိညာဉ်ကို ရလာတယ်၊ သူ၏ အဘိညာဉ်ကလဲ တဘဝကိုသာမြင်နိုင်သတဲ့၊ သူလဲအရင်ပုဂ္ဂိုလ်လိုဘဲ ငါဘယ်ဘဝကလာခဲ့ဒါလဲလို့ ကြည့်ပြန်တော့ ခိဍ္ဍာပဒေါသိကာ နတ်မျိုးက လာခဲ့ဒါကိုသိပြီး အခြားနတ်တွေ မသေသေးဒါကို မြင်ဒါနဲ့ 'အော်-ငါတို့ ခိဍ္ဍာပဒေါသိကာနတ်မျိုးသာ ဖြစ်ရ, ပျက်ရ, ပြောင်းလွှဲရပါကသား၊ အခြားနတ်တို့သည်မအို

www.dhammaransi.com



မနာ, မသေ, အမြဲနေကြကုန်၏’လို့ ကေစ္စသဿတဝါဒ ပေါ်လာပြန်တယ်။

ပြီးတော့နတ်ပြည်မှာ မနောပဒေါသိကာဆိုတဲ့ နတ်တမျိုး ရှိပြန်တယ်၊ ထိုနတ်မျိုးတို့သည် သူတပါးတို့၏၊ စည်းစိမ်ကို ဣဿာ အစွမ်းအားဖြင့် တစိမ့်စိမ့် ကြည့်သဖြင့် စားချိန်ကို သတိမရဘဲ အချိန်ကိုလွန်၍ သေတတ်ကုန်၏၊ ထိုနတ်မျိုးတို့တွင် နတ်သားတယောက်သည် နတ်ပြည်မှစုတေ၍ လူဖြစ်လာတယ်၊ အရွယ်သို့ရောက်လျှင် ကာမဂုဏ်တို့၌ အပြစ်ကိုမြင်၍ ရသေ့ပြုသတဲ့၊ ရသေ့ ပြုပြီးတဲ့ အခါ ဈာန် တရားကိုအားထုတ်၍ ဈာန်အဘိညာဉ်ကိုရပြန်တယ်၊ သူ၏ အဘိညာဉ်ကလဲ တဘဝကို သာမြင်နိုင်သတဲ့၊ ဒါနဲ့ သူလဲ အရင်ပုဂ္ဂိုလ်တွေလိုလဲ ငါသည် ဘယ်ဘဝက လာခဲ့ဒါလဲလို့ကြည့်ရာ မနောပဒေါသိကာနတ်မျိုး မှ လာခဲ့ကြောင်းကိုသိပြီး အခြားနတ်တို့မသေသေးဒါကို မြင် သဖြင့် “အော်…ငါတို့မနောပဒေါသိကာ နတ်မျိုးသာ သေရ ဖြစ်ရနဲ့ ပြောင်းလဲကြရပါကလား၊ အခြားနတ်တို့သည် မအို, မနာ, မသေ, အမြဲနေကြရကုန်၏” လို့ ကေစ္စသဿတဒိဋ္ဌိကြီး ဖြစ်ပေါ်လာပြန်တယ်၊ ကဲ မောင်စိန်ရေ ဝိပဿနာ ဉာဏ်နဲ့ မယှဉ်တဲ့ သမာဓိတို့သည် မှားသော အယူတွေကိုသာ ဖြစ်စေ သောကြောင့် အဘိုးတန်ရဲ့လား။

တပည့် မတန်ပါဘုရား။

ဆရာ အေး ဒါကြောင့် သီလ သိက္ခာလဲ ပညာ ဦးစီးမှ အဘိုးတန်တယ်၊ သမာဓိ သိက္ခာလဲ ပညာဦးစီးမှ အဘိုးတန်တယ်၊ပညာသာဦးစီးမယ်ဆိုယင် ခဏိက

www.dhammaransi.com



သမာဓိလဲ အတိုးတန်ဒါဘဲ၊ မြတ်စွာဘုရား တရား ဟောတဲ့အခါ ရှေးဦးစွာ ကျွတ်မည့် ပုဂ္ဂိုလ်ကို ကြည့်တော်မူတယ်၊ ၎င်းနောက် ထိုပုဂ္ဂိုလ်သည် မြောက်ရမည့် သူလား, ခြောက်ရမည့် သူလား, ဆိုဒါ ဆင်ခြင်၍ထိုပုဂ္ဂိုလ်၏စရိုက်နဲ့ သင့်တင့်တဲ့ ဒါနကထာ သီလကထာ သဂ္ဂကထာတို့ကို ဟော တော်မူတယ်၊ ဘယ်ပုဂ္ဂိုလ်သည် ဘယ်ဒါနကြောင့် ဘယ်လိုချမ်းသာသုခနှင့် ပြည့်စုံရတယ်၊ဘယ်ပုဂ္ဂိုလ် သည် ဘယ်သီလကြောင့် ဘယ်နတ်ပြည်မှာ နတ် စည်းစိမ်ကို ခံစားနေရတယ် စသည်ဖြင့် ကြားရ တော့ ကြားရသူ၏ စိတ်သည် ထိုတရား စကားမှ တည်ငြိမ်ပြီး မနေဘူးလား။

တပည့် တည်ငြိမ် နေပါတယ်ဘုရား။

ဆရာ ဟောတဲ့ တရားစကားက အကြောင်းနဲ့ အကျိုး တွဲ ဟောနေဒါဆိုတော့ ကြားရသူ၏စိတ်သည် "အော် ဒီလိုကောင်းမှုတွေကြောင့် ကောင်းမွန်စွာ ဖြစ်ရ၍ ဒီလို မကောင်းမှုတွေကြောင့် မကောင်းကျိုးတွေကို ခံစားနေရဒါပါကလား" လို့ အကြောင်း အကျိုး တွေကို သိတဲ့ ဉာဏ်ကော မဖြစ်မလာပါလား။

တပည့် လာပါတယ်ဘုရား။

ဆရာ ဒီအကြောင်းအကျိုးကို သိတဲ့ဉာဏ်သည် အနတ္တ ခေါ် ဝိပဿနာဉာဏ်ဘဲကွဲ၊ တရားစကားမှာ တည် ငြိမ်နေဒါက ခဏိကသမာဓိ၊အကြောင်းအကျိုးကို

www.dhammaransi.com



သိနေဒါက ဝိပဿနာဉာဏ်၊ ကိုင်း ဝိပဿနာဉာဏ် နဲ့ ယှဉ်တဲ့ ခဏိကသမာဓိ မဖြစ်သေးဘူးလား။

တပည့် ဖြစ်ပါပြီဘုရား။

ဆရာ ဝိပဿနာဉာဏ်နဲ့ ယှဉ်တဲ့ ခဏိက သမာဓိ အဘိုးတန်ပုံကို ပြောအုံးမယ် အဲဒီလို ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာတွေကိုဟော၍ သတ္တဝါတွေ၏ စိတ်သည် တည်ငြိမ်ပြီး အကြောင်းနဲ့ အကျိုးကိုဆင်ခြင်နိုင်တဲ့ အခြေသို့ ရောက်လတ်သော် ပင်းမင်းဆရာသည် အဝတ်ကိုဖြူအောင်ချွတ်၍ လိုရာဆေးဆိုးသလို ပင်းမင်းဆရာနဲ့တူတဲ့ မြတ်စွာဘုရားသည် သစ္စာလေးပါး တည်းဟူသော ဆေးကို ဆိုးတော်မူတယ်၊ ထိုအခါ ပါရမီဓါတ်ခံအလိုက် အချို့ကသောတာပန်၊ အချို့က သကဒါဂါမ်၊ အချို့ကအနာဂါမ် တည်ကြရတယ်ဆိုဒါ နိပါတ်တော်တွေမှာ အထင်အရှား တွေ့ရတယ်မဟုတ်လား။

တပည့် မှန်ပါ တွေ့ရပါတယ်ဘုရား။

ဆရာ ခဏိက သမာဓိသည် အားသေးပေမဲ့ ဝိပဿနာဉာဏ်နဲ့ယှဉ်တော့ အဘိုးမတန်ပါလား။

တပည့် တန်ပါတယ်ဘုရား။

ဆရာ ယခုကာလအချို့ကမ္မဋ္ဌာန်းဆရာတို့သည် ဝိပဿနာကို နောက်မှပြမယ်ဆိုပြီး သမာဓိခန်းကို အလုပ်ခိုင်းကြတယ်၊ ထိုပုဂ္ဂိုလ်တို့တွင် ပညာရှိပုဂ္ဂိုလ်များ အတွက်ကား အရေးမကြီးပါ၊ ပညာမရှိဘဲ သံယောင်ဘမ်း၍ ဆရာလုပ်ကြတဲ့ ပုဂ္ဂိုလ်တို့ အတွက် သာသနာတော်ကြီးကို ထိခိုက်သည့်အပြင် ထိုပုဂ္ဂိုလ်

www.dhammaransi.com



တို့၏ တပည့်တို့ကား သနားစရာ ဖြစ်ကုန်ကြ၏၊ ဘယ်လောက် သနားစရာ ကောင်းသည်ကို ပြောရအုံးမယ်၊ တရားအစစ်ခံရန် အတွက် ဖိုလ်ဝင်စားပြ၏၊ မျက်နှာမှာမဲလျက်ပါးစပ်နဲ့နှာခေါင်းမှ အရည်တွေယိုလျက် တကိုယ်လုံး ဆတ်ဆတ် တုန်နေတယ်၊ ၁၅-မိနစ်လောက်ကြာမှ သတိရလာတယ်၊ ထိုအမူအရာကို မြင်ရတော့ ကြောက်စိတ်ဝင်လာကာ ထိုပုဂ္ဂိုလ်တို့အား သနားမိ၏ မင်းတို့ဆရာက ဘာလို့ပြောသလဲလို့ မေးတဲ့အခါ "ဖိုလ်ဇောစောဒ့်ါလို့ ပြောဒါဘဲ၊ ဘီလူးဘဝက လာခဲ့သောကြောင့် မင်းဖိုလ်ဟာ ကြမ်းတမ်းတယ်လို့ ပြောပါတယ်ဘုရား" ဟု လျှောက်၏၊ ဒါနဲ့ ပြောလိုက်ရတယ်ကွ မောင်စိန်ရဲ့၊ ဘယ်ဘဝကဘဲလာလာ ဖိုလ်ဇောဆိုဒါကတော့ ချမ်းသာဒါချည်းဘဲ၊ အင်္ဂုလိမာလ မထေရ်လောက် ဘယ်သူမှ မကြမ်းဘူး၊ ထိုမထေရ် ဖိုလ်ဝင်စားတဲ့အခါ ချမ်းချမ်းသာသာပါဘဲ၊ မင်း နောက်ထပ်ပြီး ဒီဖိုလ်ကို မဝင်စားနဲ့ ရောဂါ ရလိမ့်မယ်လို့ ပြော၍ ဝိပဿနာ ဉာဏ် အမြင်ကိုပြောကာ ထိုဉာဏ်ကိုသာ ဆင်ခြင်လေဟု ဆုံးမပြီး လွှတ်လိုက်ရတယ်။

နောက်တသုတ် မိန်းကလေးတွေလာပြန်တော့ ဖိုလ်ဝင်စား မခိုင်းရဲဘူး—မင်းတို့ ဖြစ်ပုံကိုဘဲ ပြောလို့ဆိုရတယ်၊ ပြောကြတယ်'ဖိုလ်စိတ်ဖြစ်တဲ့အခါမှာတော့ ဘာမှမသိဘူးတဲ့၊ ခြေထောက်တွေလဲ ဒူးအထိအေးတယ်၊ လက်တွေလဲ တတောင်ဆစ်ထိ အေးတယ်'လို့ လျှောက်ပါတယ်၊ ဒါနဲ့ ဆက်မေးရတယ် "ကောင်းပြီး သတိရလာတဲ့အခါ ပင်ပန်းသလား ချမ်းသာသလား" လို့မေးတော့လဲ "ပင်ပန်းတယ်" လို့ ပြောကြတယ်၊ နောက်ထပ် "ဒီဖိုလ်ကို ဝင်စားရမှာကြောက်တယ်" လို့ လျှောက်တယ်၊ နောက်ထပ်

www.dhammaransi.com



ဝင်စားရှုမှာ ကြောက်တယ်ဆိုယင် ကြောက်စရာ ဖိုလ်ဖြစ်မနေပါလား၊ ပင်ပန်းတယ်ဆိုတော့ မှုဂ်ချမ်းသာမဟုတ် "မဂ်ပင်ပန်း ဖိုလ်ပင်ပန်းတွေ" ဖြစ်ကုန်ပြီ၊ သာသနာ တော်ကြီး ကောင်းသေးရဲ့လား၊ တကယ်မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို လိုချင်တဲ့ သူတော်ကောင်းကလေးတွေမှာ ဒုက္ခတွေဖြစ်၍ သနားစရာ ဖြစ်ကုန်ပါ ပေါ့ကလား မောင်စိန်ရဲ့။

တပည့် မှန်ပါ သနားစရာပါဘဲဘုရား။

ဆရာ သမထ ဆရာ အချို့၏ အမှားကို ပြယင် ဝိပဿနာ ဆရာအချို့တို့၏အမှားကိုလဲ မပြဘဲနေ၍မဖြစ် သာသနာတော်ကြီး လမ်းမှန်ရေး အတွက် ပြောရအုံးမယ်၊ အနတ္တကို သိပြီးယင် အပါယ် တခါးပိတ်၍ နိဗ္ဗာန်ကို သေချာပေါက် ဖြစ်သောကြောင့် "ဒါန သီလ လုပ်စရာ မလိုပြီ၊ အနတ္တ အသိဉာဏ်သည် တသံသရာလုံးက မိုက်ခဲ့တဲ့ အကုသိုလ်တွေကို လျှော်ပစ်နိုင်သောကြောင့် ခုနှစ်ဘဝအတွင်းမှာ မိုက်သမျှ အကုသိုလ်ကို ဘာပြု၍ မလျှော်ပစ်နိုင်ရမှာလဲ"ဟု ဆိုကာ ဘယ်အကုသိုလ်မျှ မရှောင် ကြဉ်ကြချေ၊ ဒီလိုဆိုတော့ သူတို့၏ အသိဉာဏသည် ကုသိုလ် လမ်းကိုမသွားဘဲ အကုသိုလ်လမ်းကို လိုက်စေသောကြောင့် ဉာဏ်ကောင်းလို့ ဆိုနိုင်ပါ့မလား။

တပည့် မဆိုနိုင်ပါဘုရား။

ဆရာ ပုထုဇဉ်ဘဝကတုန်းက လုပ်ခဲ့တဲ့ဒါန သီလမှာဒိဋ္ဌိပိုးက ထိုး, တဏှာသောက်ကကိုက်နဲ့ ပိုးစားလောက်

www.dhammaransi.com



ကိုက် ကုသိုလ်တွေဖြစ်တယ်၊ အနတ္တ ဉာဏ်ကိုရ၍ သောတာပန် တည်တဲ့အခါ ဒိဋ္ဌိပိုးထိုးစရာ မရှိသည့်အတွက် အဘိုးတန်တဲ့ ဒါနသီလတွေ မဖြစ်ပါလား။

တပည့် ဖြစ်ပါတယ်ဘုရား။

ဆရာ အဘိုးမတန်တဲ့ ပိုးစား လောက်ကိုက် ကုသိုလ်ကို ပြုခဲ့ပြီးမှ အဘိုးတန်တဲ့ ဝိဝဋ္ဋကုသိုလ်တွေကြမှ လှူခဲ့ပစ်ရမယ် ဆိုတော့ နည်းလမ်းကျပါ့မလား။

တပည့် မကျပါဘုရား။

ဆရာ သောတာပန်အင်္ဂါမှာ-"ဗုဒ္ဓေ အဝေစ္စ ပသာဒေါ ဓမ္မေ အဝေစ္စပသာဒေါ၊ သံဃေ အဝေစ္စ ပသာဒေါ"လို့ ဆိုဒါ ရတနာသုံးပါးအတွက်ဆိုယင် ဘာကိုမှ မနှမြော လှူသို့ အားမရနိုင်လို့ ဆိုဒါကွဲ၊ 'အရိယ ကန္တေဟိ သီလေဟိ သမ္မန္နာဂတော' ဆိုဒါက မကောင်းတဲ့ အကုသိုလ်ဒုစရိုက်တွေကို မလုပ်ချင်၍ မလုပ်ဘဲ အလိုလို သီလလုံခြုံဒါကို ဆိုဒါကွဲ၊ ဒီလိုဆိုတော့ အထက်က ဝိပဿနာ ဆရာပျက်တို့၏ စကားနဲ့ စကြာဝဋ္ဋာမကွာပါလား။

တပည့် ကွာပါတယ်ဘုရား။

ဆရာ အေး---ဒါကြောင့် ဝဋ္ဋကုသိုလ်ဖြစ်တဲ့ဒါန သီလ သမထတို့ကိုသာပယ်၍ ဝိဝဋ္ဋကုသိုလ်ဖြစ်တဲ့ ဒါန်သီလ သမထ တို့ကို မပယ်ရဘူး၊ ဒါမှ မြတ်စွာဘုရား၏ အလိုကျတယ်၊ "ဝိဇ္ဇာစရဏ သမ္ပန္နော" ဆိုဒါ ဝိဇ္ဇာဉီးစီးတဲ့ စရဏတရားနဲ့ ပြည့်စုံတယ်

www.dhammaransi.com



လို့ ဆိုတယ်၊ ဘုရားတပည့်တွေလဲ ဝိဇ္ဇာဦးစီးတဲ့ စရဏတရားများကို ပွားကြရမယ်မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

သမာဓိသိက္ခာခန်းပြီး၏။

---

## ပညာသိက္ခာခန်း

ဆရာ　ပညာဆိုဒါ "ပကာရေန-အပြစ်းအားဖြင့်၊ ဇာနာတိ—သိတတ်၏၊ ဣတိတသ္မာ-ထို့ကြောင့်' ပညာ-ပညာမည်၏" တဲ့ ဒီနေရာမှာ "အပြား" ဆိုဒါ အနိစ္စအပြား, ဒုက္ခအပြား, အနတ္တ အပြားကို ဆိုဒါကွဲ၊ ဒီအပြားကို သိအောင် လေ့ကျင့်ဒါကို ပညာသိက္ခာလို့ ခေါ်တယ် မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ဆရာ　အဖြူ အနီလို့ ဆိုတဲ့နေရာမှာ ဘာအဖြူလဲ ဘာအနီလဲလို့ မေးစရာရှိတယ်၊နွားဖြူ,နွားနီလို့ ဝိသေသျပါ ထဲ့ပြီးပြောမှ စကားစုံသလို "အနိစ္စ-မမြဲဒါ ဒုက္ခ-ဆင်းရဲဒါ အနတ္တ-အစိုးမရဒါ" ဆိုတဲ့ နေရာမှာလဲ "ဘာမမြဲဒါလဲ၊ ဘာဆင်းရဲဒါလဲ၊ ဘာအစိုးမရဒါလဲ''လို့ မေးစရာစကား ကျန်တယ်၊ "မမြဲဒါ ပထဝီ, အာပေါ, တေဇော, ဝါယော၊ ဆင်းရဲဒါ ပထဝီ, အာပေါ, တေဇော, ဝါယော၊ အစိုးမရဒါ ပထဝီ, အာပေါ, တေဇော, ဝါယော" လို့ပြောမှ စကားစုံတယ်၊ ဒါကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို

www.dhammaransi.com



ပြုမယ်ဆိုလျှင် အရင်းခံဖြစ်တဲ့ သင်္ခတပရမတ် တခုခုကို လက်ဦးပြုပြီးမှ လက္ခဏာယဉ်သုံးပါးကို ပြရတယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ယခင်တရားတွေမှာ စိတ်ပရမတ်နဲ့ စေတသိက်ပရမတ်ကို ပြုပြီးဖြစ်သောကြောင့် ယခုတရားမှာတော့ ရုပ်ပရမတ်တို့တွင် ပထဝီ, အာပေါ, တေဇော, ဝါယောကို ပြမယ်ကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါ ပြုတော်မူပါဘုရား။

ဆရာ မင်း၏ခန္ဓာမှာ ဦးခေါင်းမှစ၍ ခြေမအထိ လက်နဲ့ အသာနှိပ်ပြီးစမ်းယင် ဘာသဘောကိုတွေ့ရသလဲ။

တပည့် မာမှုသဘောကို တွေ့ရပါတယ်ဘုရား။

ဆရာ ဒီမာမှုသဘောသည် အလုံး, အပြား, အရှည်, အတို, စသော သဏ္ဌာန်ရှိရဲ့လား။

တပည့် မရှိပါဘုရား။

ဆရာ ဆောင်း အခါ အအေးသဘောကိုသာ တွေ့ရ၍ ၎င်းသဘောမှာ သဏ္ဌာန်မရှိသလိုပေါ့မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ၎င်းမာသဘောကို ဦးခေါင်းခေါ်သလား။

တပည့် မဟုတ်ပါဘုရား။

ဆရာ နဖူးခေါ်သလား။

တပည့် မဟုတ်ပါဘုရား။

ဆရာ ၎င်းမာသဘောကို မေးစေ့ခေါ်သလား။

တပည့် မဟုတ်ပါဘုရား။

www.dhammaransi.com



ဆရာ ၊ ၎င်းမာသဘောကို ပခုံးခေါ်သလား။

တပည့် ၊ မဟုတ်ပါဘုရား။

ဆရာ ၊ ၎င်းမာသဘောကို တတောင်ဆစ် ခေါ်သလား။

တပည့် ၊ မဟုတ်ပါဘုရား။

ဆရာ ၊ ဒီလိုဆိုယင် ဦးခေါင်း, နဖူး, မေးစေ့, ပခုံး, တတောင်ဆစ်စသော ကိုယ်အင်္ဂါ အစိတ်ပိုင်း၏ နာမည်တို့သည် အဟုတ်ရှိရဲ့လား။

တပည့် ၊ အဟုတ်ရှိ မဟုတ်ပါ၊ ပညတ်တွေဖြစ်၍ သမုတ်ရှိပါဘုရား။

ဆရာ ၊ အဟုတ်ရှိက ဘာလဲ။

တပည့် ၊ မာသဘောသာ အဟုတ်ရှိပါတယ်ဘုရား။

ဆရာ ၊ အေး....ဒါကြောင့် မာသဘောက အဟုတ်ရှိဖြစ်သောကြောင့် ပရမတ်ခေါ်တယ်၊ ဦးခေါင်း,နဖူး, မေးစေ့, ပခုံးစသည် အဟုတ်ရှိ မဟုတ်၊ စိတ်ကထင်ရာကို မှည့်ခေါ်ထားတဲ့ သမုတ်ရှိ ဖြစ်သောကြောင့် ပညတ်တဲ့ မောင်စိန်ရဲ့။

တပည့် ၊ မှန်ပါဘုရား။

ဆရာ ၊ ၎င်း မာသဘောကို မာဂဓလို ပထဝီသည် အအေးနှင့်တွေ့ယင်တမျိုးအပူနဲ့တွေ့ယင်တမျိုးဖေါက်ပြန်တတ်သောကြောင့်ရုပ်လို့ခေါ်ပြန်တယ်၊ဖေါက်ပြန်ပုံကို ပြောအုံးမယ်၊ သံ, ခဲ, ဘော်, ရွှေ, ကြေးတုံးများကို လက်နဲ့နှိပ်ပြီး စမ်းယင် ဘာသဘောကို တွေ့ရသလဲ။

တပည့် ၊ မာသဘောကို တွေ့ရပါတယ်ဘုရား။

www.dhammaransi.com



ဆရာ ဝင်း သံ, ခဲ, ဘော်, ရွှေ, ကြေးတုံးများကို မိုက်ခွက်ထဲသို့ ထဲ့ပြီး ဖိုနဲ့ ထိုးလိုက်ယင် အရည်တွေဖြစ်ပြီးမလာပါလား။

တပည့် လာပါတယ်ဘုရား။

ဆရာ အရည်ဖြစ်တဲ့အခါ မာသဘောသည် ဘယ်သသဘောသို့ ပြောင်းသွားသလဲ။

တပည့် နူးညံ့မှုသဘောသို့ ပြောင်းသွားပါတယ်ဘုရား။

ဆရာ မာသဘောသည် အအေး အပူနဲ့ တွေ့ယင်မဖေါက်ပြန်ဘူးလား။

တပည့် ဖေါက်ပြန်ပါတယ်ဘုရား။

ဆရာ ဒါကြောင့် ရုပ်လို့ ခေါ်ရတယ်၊ ခန္ဓာကိုယ်မှာရှိတဲ့ ပထဝီဖေါက်ပြန်ပုံကို ပြောအုံးမယ်၊ ဆောင်းရာသီအအေးဓါတ်နဲ့ တွေ့တဲ့အခါ အသား အရေတို့သည် ခြောက်ပြီးခက်မာသဘောဖြစ်မနေဘူးလား။

တပည့် နေပါတယ်ဘုရား။

ဆရာ နွေရာသီ အပူဓါတ်နဲ့ တွေ့ပြန်တော့ ချွေးထွက်ပြီးအသားအရေတို့သည် နူးညံ့မှုသဘောသို့ပြောင်းမသွားလား။

တပည့် ပြောင်းသွားပါတယ်ဘုရား။

ဆရာ ဒီလိုဆိုယင် မာသဘောသည် မြဲရဲ့လား။

တပည့် မမြဲပါဘုရား။

ဆရာ အဲဒီလို ဖေါက်ပြန်သောကြောင့် ရုပ်လို့ခေါ်တယ်

www.dhammaransi.com



မမြဲဒါကို မာဂဓဘာသာလို အနိစ္စလို့ ဆိုတယ်။

တပည့် မှန်ပါဘုရား။

ဆရာ အဲဒီလို မမြဲသည့်အတွက် ဖေါက်ပြန်သည့်အတွက် ကြောင့်ဘဲ အိုကြရ၊ နာကြရ၊ သေကြရတယ် မဟုတ်လား။

တပည့် မှန်ပါဘုရား။

ဆရာ ဒီမမြဲမှု၊ ဖေါက်ပြန်မှုသည် အိုအောင်၊ နာအောင်၊ သေအောင်၊ နှိပ်စက်သည်မည်တယ်၊ အဲဒီလိုအနှိပ်စက်ခံနေရဒါ ဆင်းရဲတယ်လို့ ခေါ်မလား၊ ချမ်းသာတယ်လို့ ခေါ်မလား။

တပည့် ဆင်းရဲတယ်လို့ ခေါ်ရမှာပါဘုရား။

ဆရာ မဖေါက်ပြန်အောင် တားမြစ်နိုင်သူ၊ အစိုးရသူများ ရှိပါသလား။

တပည့် မရှိပါဘုရား။

ဆရာ အဲဒါက ပထဝီ၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုပြောဒါ ဒုက္ခသစ္စာ အနက်လေးချက်နဲ့ ဝေဘပြီးပြောအုံးမယ် မှောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ မာဂဓလို ပထဝီ၊ ဗမာလို ခက်မာမှုသည် သူ့သတ္တိနဲ့ သူ မာနိုင်၊ မမာနိုင်ကို စီစစ်ရမယ်၊ ဖယောင်းတို့၊ သံ၊ ကြေး၊ ခဲ၊ ဘော်၊ ရွှေတို့ကတော့ အပူနဲ့ တွေ့တဲ့အခါ ပြော့၍ အအေးနဲ့ ထိယင် မာရတယ်၊ သူ့သဘောနဲ့ သူ မမာနိုင်ဘူး၊ မြေကြီးကတော့အအေး

www.dhammaransi.com



နဲ့တွေ့ယင် ပြော၍ အပူနဲ့တွေ့ယင် မာရတယ်၊သူ သဘောနဲ့သူ မမာနိုင်ဘူး၊ ထို့အတူ မင်းတိုင်ငါတို့ ခန္ဓာမှာရှိတဲ့ ပထဝီသည့်လည်း သူ့သဘောနဲ့သူ မမာနိုင်ဘဲ အပူအအေးပြုသလို မာရ ပြော့ရတယ်၊ မဟုတ်လား။

တပည့် မှန်ပါတယ်ဘုရား။

ဆရာ အဲဒီလို အကြောင်းတရားတို့ပြုသလို ပြင်သလိုသာ ဖြစ်ရ၍ မိမိသဘောအတိုင်း မဖြစ်နိုင်ဒါကို သခ်ၤတ သဘောလို့ ခေါ်တယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ မာလိုက်၊နုလိုက်နဲ့ ဖေါက်ပြန်ပြီးမနေပါလား။

တပည့် နေပါတယ်ဘုရား။

ဆရာ အဲဒါကို ဝိပရိဏာမ သဘောလို့ ခေါ်တယ်။

တပည့် မှန်ပါဘုရား။

ဆရာ ဖေါက်ပြန်တတ်တဲ့ ဘေးရှိနေသည့်အတွက် အိုမှု၊ နာမှု၊ သေမှုကို ပူမနေရလား။

တပည့် ပူနေရပါတယ်ဘုရား။

ဆရာ အဲဒါ သန္တာပသဘောလို့ ခေါ်တယ်။

တပည့် မှန်ပါဘုရား။

ဆရာ ဘယ်လိုပင် ပူသော်လဲ မရ၊ ဖေါက်ပြန်မှု နှိပ်စက်သဖြင့် အိုကြ၊နာကြ၊သေကြနဲ့ ဖြစ်မနေဘူးလား။

တပည့် ဖြစ်နေရပါတယ်ဘုရား။

ဆရာ အဲဒါ ပီဠန သဘောလို့ ခေါ်တယ်၊ ဒီလို သခ်ၤတ သဘော၊ ဝိပရိဏာမ သဘော၊ သန္တာပ သဘော

www.dhammaransi.com



ပိဋ္ဌနသဘောရှိနေတဲ့ ခက်မာမှုကို ငါ့အတ္တဟု ဒိဋ္ဌိဖြင့်ရင်း, ငါ့ဟာဟု တဏှာဖြင့်ရင်း, ငါတကားဟု မာနဖြင့်ရင်း စွဲလမ်းခြင်းငှါ သင့်ပါမလား။

တပည့် မသင့်ပါဘုရား။

ဆရာ ဒီပထဝီကို သဘောပေါက်သွားယင် ကိစ္စပြီးဒါပါဘဲကွဲ ဒါပေမဲ့ စုံအောင် တေဇောကို ပြကြအုံးစို့။

တပည့် ပြတော်မူပါဘုရား။

ဆရာ မင်း၏ ခန္ဓာကိုယ်မှာ နဖူးက စ၍ ခြေဖမိုး အထိ လက်ဝါးနဲ့အုပ်ပြီး စမ်းကြည့်စမ်း၊ ဘာသဘော တွေ့ရသလဲ။

တပည့် ပူအေးသဘောကို တွေ့ရပါတယ်ဘုရား။

ဆရာ ၎င်းပူအေးသဘောမှာ သဏ္ဌာန်ရှိရဲ့လား။

တပည့် မရှိပါဘုရား။

ဆရာ ၎င်းပူအေးသဘောကို ပုဂ္ဂိုလ်, သတ္တဝါ, ငါ,သူ, ယောကျ်ား, မိန်းမ လို့ကော ဆိုနိုင်ရဲ့လား။

တပည့် မဆိုနိုင်ပါဘုရား။

ဆရာ အမြဲတန်းပူ၍ အမြဲတန်းအေးနေသလား။

တပည့် အမြဲတန်းမဟုတ် ရံခါပူ၍ရံခါအေးပါတယ်ဘုရား။

ဆရာ ဒီလိုဆိုယင်မြဲတယ်လို့ဆိုမလား,မမြဲဘူးလို့ဆိုမလား

တပည့် မမြဲဘူးလို့ ဆိုရမှာပါဘုရား။

ဆရာ ပူချည်တခါ အေးချည်တလှဲ့နဲ့ ဖေါက်ပြန်၍ မနေ လား။

တပည့် ဖေါက်ပြန်၍ နေပါတယ်ဘုရား။

www.dhammaransi.com



ဆရာ ဖေါက်ပြန်မှု ရှိနေဒါ ဆင်းရဲတယ် ခေါ်မလား ချမ်းသာတယ်ခေါ်မလား။

တပည့် ဆင်းရဲတယ်ခေါ်ရပါမယ်ဘုရား။

ဆရာ အေး.....ဟုတ်တယ်၊ဖေါက်ပြန်သည့်အတွက် ပျိုနေရာမှ အိုကြရတယ်၊ မာရာမှ နာကြရတယ်၊ ရှင်ရာမှ သေကြရတယ်၊ ဒါကြောင့် ဆင်းရဲတယ်၊ မဖေါက်ပြန်အောင် တစ်ဆီးနိုင်သူအစိုးရသူများရှိရဲ့လား။

တပည့် မရှိပါဘုရား။

ဆရာ အဲဒါက တေဇောဓါတ်၏ အနိစ္စ, ဒုက္ခ, အနတ္တကို ပြောဒါကွဲ၊ ဒုက္ခသစ္စာ အနက်လေးချက်ကို ပြအုံးမယ် မောင်စိန်ရဲ့။

တပည့် ပြတော်မူပါဘုရား။

ဆရာ ပကတိ မီးသည် ထင်းမရှိသော ကောင်းကင်မှာ လောင်နိုင်ရဲ့လား။

တပည့် မလောင်နိုင်ပါဘုရား။

ဆရာ အေးဒီလိုပေါ့၊တေဇောခေါ်တဲ့ မီးဓါတ်ဟာလဲထင်းနဲ့တူတဲ့ ပထဝီ,အာပေါ,ဝါယောရှိမှ ပူနိုင်အေးနိုင်တယ်၊ ဒီလိုဆိုတော့ ပထဝီ, အာပေါ, ဝါယော, တည်းဟူသော အကြောင်းတရားတို့က ပူအောင်လုပ်မှ ပူရအေးအောင်လုပ်မှ အေးရတယ် မဟုတ်လား။

တပည့် မှန်ပါတယ်ဘုရား။

ဆရာ အဲဒါ သင်္ခတ သဘောလို့ခေါ်တယ်။

တပည့် မှန်ပါဘုရား။

www.dhammaransi.com



ဆရာ ပူလိုက်အေးလိုက်နဲ့ ဖေါက်ပြန်၍မနေပါလား။

တပည့် ဖေါက်ပြန်နေပါတယ်ဘုရား။

ဆရာ အဲဒါ ဝိပရိဏာမ သဘောလို့ ခေါ်တယ်။

တပည့် မှန်ပါဘုရား။

ဆရာ အဲဒီလိုဖေါက်ပြန်သည့်အတွက် အိုဘေး, နာဘေး, သေဘေးကို ပူမနေရပါလား။

တပည့် ပူနေရပါတယ်ဘုရား။

ဆရာ အဲဒါ သန္တာပသဘောလို့ ခေါ်တယ်။

တပည့် မှန်ပါဘုရား။

ဆရာ ဘယ်လိုပင် ပူသော်လဲမရ၊ ဝိပရိဏာမသဘော နှိပ်စက်ခြင်းကြောင့် အိုကြ, နာကြ, သေကြနဲ့ ဖြစ်မနေပါလား။

တပည့် ဖြစ်နေပါတယ်ဘုရား။

ဆရာ အဲဒါ ပီဠနသဘောလို့ ခေါ်တယ်။

တပည့် မှန်ပါတယ်ဘုရား။

ဆရာ အဲဒီလို သင်္ခတသဘော, ဝိပရိဏာမသဘော, သန္တာပသဘော, ပီဠနသဘောရှိနေတဲ့ တေဇောဓါတ်ကို ငါ့အတ္တဟုရင်း, ငါ့ဟာဟုရင်း, ငါတကားဟုရင်း စွဲလမ်းခြင်းငှါ သင့်ပါ့မလား။

တပည့် မသင့်ပါဘုရား။

ဆရာ ကဲကြိုက်တာကို ဆင်ခြင်စေဘို့ ဝါယောကိုပြောကြအုံးစို့ မောင်စိန်ရဲ့။

တပည့် ပြောတော်မူပါဘုရား။

www.dhammaransi.com



ဆရာ လူမမာများသည် ရပ်ပြီးနေချင်ပေမဲ့ ရပ်၍နေနိုင်ရဲ့လား၊ထိုင်ပြီးနေချင်ပေမဲ့ ထိုင်ပြီးနေနိုင်ရဲ့လား။

တပည့် မနေနိုင်ပါဘုရား။

ဆရာ အဲဒါ ထောက်ခံဝါယော ပျက်နေလို့ဟုမှတ်၊ကျန်းမာတဲ့လူတွေကတော့ ထိုင်ချင်ယင်ထိုင်နိုင်, ရပ်ချင်ယင်ရပ်နိုင်, တုံးလုံးနေချင် တုံးလုံးနေလို့ ရတယ် နေချင်သလိုနေလို့ မရပါလား။

တပည့် ရပါတယ်ဘုရား။

ဆရာ အဲဒါ ထောက်ခံဝါယော၏ သဘောလို့ခေါ်တယ် လူမမာများမှာ သွားချင်လို့ သွားနိုင်ရဲ့လား။

တပည့် မသွားနိုင်ပါဘုရား။

ဆရာ အဲဒါ လှုပ်ရှားဝါယောပျက်တာဟုမှတ်၊ လူမာတွေကတော့ လှုပ်ချင်ယင် လှုပ်နိုင်တယ်၊ သွားချင်ယင် သွားနိုင်တယ်မဟုတ်လား။

တပည့် သွားချင်ယင် သွားနိုင်ပါတယ်ဘုရား။

ဆရာ အဲဒါ လှုပ်ရှားဝါယောတဲ့ မှတ်မိရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အဲဒီ လှုပ်ရှားမှုသဘော, ထောက်ခံမှု သဘောမှာ သဏ္ဌာန်ရှိရဲ့လား။

တပည့် မရှိပါဘုရား။

ဆရာ ဒီလှုပ်ရှားမှု ထောက်ခံမှုသဘောကို ပုဂ္ဂိုလ် သတ္တဝါ, သူတပါး, ယောက်ျား, မိန်းမ, အသက် လိပ်ပြာလို့ ဆိုနိုင်ပါ့မလား။

တပည့် မဆိုနိုင်ပါဘုရား။

www.dhammaransi.com



ဆရာ　အမြဲတန်း လှုပ်ရှားရှ်နေသလား။

တပည့်　မနေပါဘုရား။

ဆရာ　အမြဲတန်းတည်ငြိမ်၍နေမလား။

တပည့်　မနေပါဘုရား။

ဆရာ　ဒီလိုဆိုယင် မြဲတယ်ဆိုမလား မမြဲဘူးဆိုမလား။

တပည့်　မမြဲဘူးဆိုရမှာပါဘုရား။

ဆရာ　လှုပ်ရှားမှုမှ ထောက်ခံမှုသို့, ထောက်ခံမှုမှ လှုပ်ရှားမှုသို့ ဖေါက်ပြန်၍ မနေလား။

တပည့်　ဖေါက်ပြန်၍ နေပါတယ်ဘုရား။

ဆရာ　ဖေါက်ပြန်သည့်အတွက် အိုကြရ, နာကြရ, သေကြရ၏၊ ဒီလိုဆိုတော့ ချမ်းသာတယ်ဆိုမလား ဆင်းရဲတယ် ဆိုမလား။

တပည့်　ဆင်းရဲတယ်ဆိုရမှာဘဲဘုရား။

ဆရာ　မဖေါက်ပြန်အောင် တားဆီးနိုင်သူ, အစိုးရရှိပါ့မလား။

တပည့်　မရှိပါဘုရား။

ဆရာ　အဲဒါက ဝါယော၏ အနိစ္စ, ဒုက္ခ, အနတ္တကိုပြဒါက္ခဲ့ ဒုက္ခသစ္စာ အနက်လေးချက်ကို ပြအုံးမယ်။

တပည့်　မှန်ပါပြတော်မူပါဘုရား။

ဆရာ　လေထန်ဒါ ဘယ်ရာသီလဲကွဲ။

တပည့်　နွေရာသီမှာ လေထန်ပါတယ်ဘုရား။

ဆရာ　လေငြိမ်တာက ဘယ်ရာသီလဲကွဲ။

တပည့်　ဆောင်းရာသီမှာ လေငြိမ်ပါတယ်ဘုရား။

www.dhammaransi.com



ဆရာ သွားလိုတဲ့ စိတ်ဖြစ်တဲ့အခါ သွားမှု၌ ကြောင့်ကြ ဗျာပါရ မဖြစ်ဘူးလား။

တပည့် ဖြစ်ပါတယ်ဘုရား။

ဆရာ အဲဒီဗျာပါရသဘောသည် အပူဓါတ်ကွဲမောင်စိန်ရဲ့၊ ၎င်းအပူဓါတ်ကြောင့် စိတ္တဇ လှုပ်ရှားဝါယောဖြစ်ရဒါ၊ ဒီတော့အပူကြောင့် လှုပ်ရှားဝါယောဖြစ်ရဒါ မထင်ရှားဘူးလား။

တပည့် ထင်ရှားပါတယ်ဘုရား။

ဆရာ သွား၍ညောင်းလာတော့နားပါအုံးမယ်ဆိုတဲ့စိတ် ဖြစ်လာတယ်၊ ၎င်းစိတ်ဖြစ်လာယင် ကြောင့်ကြစိုက်မှုဗျာပါရအပူချုပ်၍ စိတ်အေးဖြစ်လာတယ်မဟုတ်လား။

တပည့် အေးပြီးလာပါတယ်ဘုရား။

ဆရာ ၎င်းအအေးဓါတ်ကြောင့် ထောက်ခံ ဝါယောဖြစ်မလာပါလား။

တပည့် ဖြစ်လာပါတယ်ဘုရား။

ဆရာ ဒီလိုဆိုတော့လှုပ်ရှားဝါယောနဲ့ထောက်ခံဝါယောသည် မိမိတို့ သတ္တဝါနဲ့ မိမိတို့ ဘာသာ မဖြစ်နိုင်တဲ့ စိတ်သီတ စိတ်ဥဏှတို့ကြောင့်သာ ဖြစ်နိုင်ဒါမဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ အဲဒီလိုသီတ ဥဏှထောက်ပံ့မှုဖြစ်နိုင်တဲ့သဘောကို သခ်ဘာသဘောလို့ ခေါ်တယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

www.dhammaransi.com



ဆရာ — သီတ, ဥဏှကို ထောက်ပံ့၍ ဖြစ်လာပေမဲ့ အမြဲမတည်ဘဲ ထောက်ခံဝါယောမှ လှုပ်ရှားဝါယောသို့ လှုပ်ရှားဝါယောမှ ထောက်ခံဝါယောသို့ ဖောက်ပြန်၍မနေလား။

တပည့် — နေပါတယ်ဘုရား။

ဆရာ — အဲဒီလို ဖောက်ပြန်၍နေတဲ့ သဘောကို ဝိပရိဏာမ သဘောလို့ ခေါ်တယ်ကွဲ့။

တပည့် — မှန်ပါဘုရား။

ဆရာ — ၎င်းဖောက်ပြန်မှုရှိနေတဲ့အတွက် အိုဘေး, နာဘေး, သေဘေးတွေကို ပူပန်၍မနေရပါလား။

တပည့် — ပူပန်နေရတယ်ဘုရား။

ဆရာ — အဲဒီပူပန်နေရတဲ့ သဘောကို သန္တာပ သဘောလို့ ခေါ်တယ်ကွဲ့ မောင်စိန်ရဲ့။

တပည့် — မှန်ပါဘုရား။

ဆရာ — ဘယ်လိုပင် ပူပန်ပြီးနေပေမဲ့ ဝိပရိဏာမသဘောက နှိပ်စက်သည့်အတွက် အိုကြရ, နာကြရ, သေကြရ, တယ်မဟုတ်လား။

တပည့် — မှန်ပါ အိုကြရ, နာကြရ, သေကြရပါတယ်ဘုရား။

ဆရာ — အဲဒါ ပီဠနသဘောလို့ ခေါ်တယ်ကွဲ့မောင်စိန်ရဲ့။

တပည့် — မှန်ပါဘုရား။

ဆရာ — အဲဒီလို သင်္ခတသဘော, ဝိပရိဏာမသဘော, သန္တာပ သဘော, ပီဠနသဘောရှိနေတဲ့ ဝါယောကိုငါ့အတ္တ

www.dhammaransi.com



ဟုရှင်း, ငါ့ဟာဟုရှင်း, ငါတကားဟုရှင်း စွဲလမ်းခြင်းငှါ သင့်ပါမည်လား။

တပည့် မသင့်ပါဘုရား။

ဆရာ ပထဝီ, တေဇော, ဝါယောကိုပြပြီးအာပေါကိုမပြဘဲထားခဲ့လို့ မသင့်လျော်ဘူးကွဲ၊ သို့သော်လဲ တရားရှုသူကတော့ "ကောဝမ္မော" ဆိုသည့်အတိုင်း ကြိုက်ရာကို ရွေးပြီးရှုပေါ့၊ အာပေါဆိုတဲ့ သဘောက စမ်းသပ်လို့မရဘူး၊ဉာဏ်နဲ့မှ သိရတယ်၊ဒါကြောင့် အာပေါကို သုခုမရုပ်, ဒူရေရုပ်, အပ္ပဋိဃ ရုပ်လို့ ဆိုတယ်၊ အာပေါကို ကော်နဲ့တူတယ်လို့ သိရမယ်။ စက္ကူနှစ်ချပ်ကို ကော်နဲ့ကပ်ပြီး ကိုင်ကြည့်စမ်းပါ၊ ဘယ်ဘက်ကိုဘဲ ကိုင်ကိုင် စက္ကူကိုသာ ထိမယ်၊ ကော်ကိုမထိဘူး၊ ဒါပေမဲ့ စက္ကူနှစ်ချပ်ကပ်နေဒါဟာအတွင်းဏာ ကော်ရှိလို့ဘဲဆိုဒါသိရသလိုမင်း၏ ခန္ဓာကိုယ်မှာ တကယ်ရှိတဲ့ မာသဘောနဲ့ ပူသဘောကို တခုစီ ခွဲကြည့်စမ်းပါ ရပါ့မလား။

တပည့် မရပါဘုရား။

ဆရာ အဲဒီလိုခွဲမရအောင် ကပ်နေ့ဒါဟာ အာပေါ၏သတ္တိကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အာပေါကလဲ ၂-မျိုးရှိတယ်၊ ဖွဲ့စည်းအာပေါ, ယိုစီး အာပေါတဲ့၊ ဆောင်းတွင်း အခါကိုယ်တွင်းမှ ချွေးတို့ ကိုယ်ငွေ့တို့ အပြင်သို့ထွက်နိုင်ရဲ့လား။

တပည့် မထွက်နိုင်ပါဘုရား။

www.dhammaransi.com



ဆရာ　မထွက်နိုင်အောင် ရုပ်တခုနှင့် တခုကိုတွဲကပ်ပြီး ဖွဲ့စည်း ထားဒါဟာ ဖွဲ့စည်းအာပေါ၏ သတ္တိပေါ့ကွဲ မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ဆရာ　နွေရာသီကျတော့ ကိုယ်တွင်းမှ ချွေးတွေ အပြင်သို့ ထွက်မလာဘူးလား။

တပည့်　ထွက်လာပါတယ်ဘုရား။

ဆရာ　အဲဒီလို အပြင်သို့ ထွက်လာစေတဲ့ သဘောကို ယိုစီး အာပေါလို့ ခေါ်တယ်ကွဲ မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ဆရာ　ယခုပြောခဲ့ဒါကတော့ တရားနာသူ၏ဥာဏ်မြင်သာရုံ ပြောဒါကွဲ၊ ၎င်းဓါတ်ကြီး ၄-ပါးကို ဋီကာကျော် အဖွင့် အတိုင်း ပြောရမယ် ဆိုယင် "ပထနဋ္ဌေန- သဟဇာတ်တရားတို့၏၊ တည်ရာဟူသော အနက်ကြောင့်၊ ပထဝီ- ပထဝီမည်၏၊ ယော ရူပသဘာဝေါ— အကြင်ရုပ်သဘောသည်၊ အာပေတိ- သဟဇာတ်တရားတို့သို့ ပျံ့နှံ့တတ်၏၊ ဣတိ-ထို့ကြောင့်၊ အာပေါ- အာပေါမည်၏" တဲ့၊ အဲဒါက ဖွဲ့စည်းအာပေါကို ပြဒါကွဲ၊ တနည်း— "ယောရူပသဘာဝေါ— အကြင်ရုပ်သဘောသည်၊ အာပါယတိဗြူဟေတိ- ပွါးစေတတ်၏၊ဣတိတသ္မာ-ထို့ကြောင့် အာပေါ-အာပေါမည်၏" တဲ့၊ အဲဒါက ယိုစီးအာပေါကိုပြတယ်၊ တေဇေတိ- သဟဇာတ်တရားတို့ကို ရင့်ကျက်စေတတ်၏၊ ဣတိ တသ္မာ-ထို့ကြောင့်၊ တေဇော-တေဇောမည်၏၊ ဝါယတိ-အရပ် တပါးသို့ ရောက်စေတတ်၏၊ ဣတိတသ္မာ- ထို့ကြောင့်၊ဝါယော

www.dhammaransi.com



ဝါယောမည်၏” အဲဒီအဖွင့်တွေကို အကုန်ပြရယင် တရားနာသူ၏ ဥာဏ် မလိုက်နိုင်မှာစိုး၍ သိလွယ်ရုံဘဲ ပြောခဲ့တယ်မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ကဲ.....တရားကို ဆက်ကြစို့ကွဲ၊ ဖွဲ့စည်းမှု, ယိုစီးမှု သဘောမှာ သဏ္ဌာန်ရှိရဲ့လား။

တပည့် မရှိပါဘုရား။

ဆရာ ၎င်းဖွဲ့စည်းမှု, ယိုစီးမှုသဘောကို ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ အသက်လိပ်ပြာလို့ ဆိုနိုင်ပါ့မလား။

တပည့် မဆိုနိုင်ပါဘုရား။

ဆရာ အမြဲတန်းဖွဲ့စည်း၍ နေသလား။

တပည့် မနေပါဘုရား။

ဆရာ အမြဲတန်း ယိုစီး၍နေသလား။

တပည့် မနေပါဘုရား။

ဆရာ ဒီလိုဆိုယင် မမြဲတဲ့ တရားမဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ ဖွဲ့စည်းလိုက် ယိုစီးလိုက်နဲ့ ဖေါက်ပြန်၍မနေလား။

တပည့် နေပါတယ်ဘုရား။

ဆရာ ဒီလိုဆိုယင် ဝိပရိဏာမ တရားပေါ့။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ ဖေါက်ပြန်သောကြောင့် အိုကြရ, နာကြရ, သေကြရတယ်၊ ဒီလိုဆိုတော့ ဖေါက်ပြန်ဒါ ဆင်းရဲတယ်ဆိုမလား၊ ချမ်းသာတယ်ဆိုမလား။

တပည့် ဆင်းရဲပါတယ်ဘုရား။

www.dhammaransi.com



ဆရာ မဖေါက် ပြန်ရအောင်ရှင်း၊ မအို၊ မနာ၊ မသေရ အောင်ရှင်း၊ တားဆီးနိုင်သူ အစိုးရသူရှိရဲ့လား။

တပည့် မရှိပါဘုရား။

ဆရာ ဒီလိုဆိုတော့ အနတ္တတရားပေါ့။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ အဲဒါက အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ တို့ကို ပြတာကွဲ၊ ဉာဏ်ကို ရင့်သည်ထက် ရင့်လာအောင် ဒုက္ခသစ္စာ အနက် လေးချက်ကို ပြအုံးမယ်။

တပည့် မှန်ပါ ပြတော်မူပါဘုရား။

ဆရာ အာပေါသည်၊ အပူအအေးတို့က ဖွဲ့စည်းအောင် ယိုစီးအောင်ပြုမှ ဖွဲ့နိုင် ယိုနိုင်တယ်မဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ အဲဒီလို သူများပြုသလို ဖြစ်ရတဲ့သဘောကို သင်္ခတ သဘောလို့ ခေါ်တယ်ကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ဖွဲ့စည်းလိုက်၊ယိုစီးလိုက်နဲ့ ဖေါက်ပြန်၍မနေလား။

တပည့် နေပါတယ်ဘုရား။

ဆရာ အဲဒီလို ဖေါက်ပြန်တဲ့ သဘောကို ဝိပရိဏာမလို့ ခေါ်တယ်ကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အဲဒီလို ဖေါက်ပြန်သည့်အတွက် အိုဘေး၊ နာဘေး၊ သေဘေးကို ပူပြီးမနေရပါလား။

တပည့် ပူနေရပါတယ်ဘုရား။

www.dhammaransi.com



ဆရာ ၎င်းပူပန်ရတဲ့ သဘောကို သန္တာပ သဘောလို့ ခေါ်တယ်ကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ပူပန် နေရပေမဲ့ မရဘဲ ဝိပရိဏာမ နှိပ်စက်ခြင်းကြောင့် အိုကြရ, နာကြရ, သေကြရနဲ့ ဆင်းရဲပြီး မနေရဘူးလား။

တပည့် ဆင်းရဲပြီး နေရပါတယ်ဘုရား။

ဆရာ အဲဒီလို အနှိပ်စက် ခံနေရတဲ့ သဘောကို ပီဠန သဘောလို့ ခေါ်တယ်ကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ယခု ပြောခဲ့ပြီးတဲ့ သင်္ခတ, ဝိပရိဏာမ, သန္တာပ, ပီဠနသဘော လေးခုရှိနေတဲ့ အာပေါကိုငါ့အတ္တဟုရင်း, ငါ့ဟာဟုရင်း, ငါတကာ ဟုရင်း, စွဲလမ်းခြင်းငှါ သင့်ပါမည်လား။

တပည့် မသင့်ပါဘုရား။

ဆရာ ယခု ပြောခဲ့ပြီးတဲ့ပထဝီ, အာပေါ, တေဇော, ဝါယော လေးခုတို့တွင် ဘယ်သဘောမှ သဏ္ဌာန် ပါသလဲ။

တပည့် ဘယ်သဘောမှာမှ သဏ္ဌာန်မပါ ပါဘုရား။

ဆရာ ဘယ်သဘောမှာမှ သဏ္ဌာန်မပါပေမဲ့ ၎င်းလေးခု ပေါင်းစုမိတဲ့အခါ သဏ္ဌာန်ပေါ်၍ မလာပါလား။

တပည့် ပေါ်လာပါတယ်ဘုရား။

www.dhammaransi.com



ဆရာ　ပင်ကိုယ်က မရှိ ပေါင်းစုမှ ပေါ်လာသောကြောင့် အရိပ်လို့ ခေါ်တယ်၊ ဥပမာ သစ်ပင်နဲ့ နေရောင် မပေါင်းမိခင်က အရိပ်ရှိရဲ့လား။

တပည့်　မရှိပါဘုရား။

ဆရာ　သစ်ပင်နဲ့ နေရောင် ပေါင်းဆုံမိတဲ့အခါ အရိပ်ပေါ် ပြီးမလာဘူးလား။

တပည့်　ပေါ်၍လာပါတယ်ဘုရား။

ဆရာ　၎င်းအရိပ်သည် သစ်ပင်ဟုတ်ရဲ့လား။

တပည့်　မဟုတ်ပါဘုရား။

ဆရာ　အေး.....ဒီလိုဘဲ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော တို့ မပေါင်းမိခင်က သဏ္ဌာန်မရှိဘူး၊ ပေါင်းမိတော့ သဏ္ဌာန်၊ နိမိတ်၊ အရိပ် ပေါ်လာတယ်၊ ပေါ်လာ ခြင်းကြောင့် ၎င်းသဏ္ဌာန်သည် အဟုတ်ရှိမဟုတ် အရိပ်မျှသာဟု မသိဘဲ စွဲလမ်းမှု တဏှာ ဥပါဒါန် ဖြစ်ကြတယ် မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ဆရာ　သဏ္ဌာန်သည် အဟုတ်ရှိ မဟုတ် အရိပ်မျှသာ ဖြစ်သောကြောင့် သဏ္ဌာနပညတ်လို့ ခေါ်တယ်ကွဲ့ မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ဆရာ　၎င်းသဏ္ဌာနပညတ်ကြောင့် သတ္တဝါတွေ ဒိဋ္ဌိစွဲကြ တဏှာစွဲကြနဲ့ အပါယ်ငရဲ ကျကြရတယ်၊ စွဲပုံကို ပြောအုံးမယ်၊ အရှေ့အရပ်က နေထွက်လာတဲ့

www.dhammaransi.com



အချိန်မှာ အနောက်တောင်ရိုး၌ မိုးဖွဲ ကျနေယင် ၎င်း အနောက်တောင်ရိုးမှာ သက်တန့်မပေါ်လား။

**တပည့်** ပေါ်လာပါတယ်ဘုရား။

**ဆရာ** ပေါ်လာတဲ့အခါ မသိသူတို့သည် ၎င်းသက်တန့်ကို 'အကောင်ကြီး' လို့ မထင်ပါလား။

**တပည့်** ထင်ကြပါတယ်ဘုရား။

**ဆရာ** အဲဒီလိုပေါ့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓါတ်ကြီး လေးပါး ပေါင်းမိတဲ့အခါ သဏ္ဌာန် ပေါ်လာရောကွဲ၊ ၎င်း သဏ္ဌာန်ကြောင့် လူဘဲ၊ နတ်ဘဲ၊ ဗြဟ္မာဘဲ၊ စသည်ဖြင့် ဒိဋ္ဌိ စွဲကြတယ်၊ ၎င်းဒိဋ္ဌိကြောင့် အပါယ် ငရဲကို ကျရတယ်၊ ဒါက ဒိဋ္ဌိစွဲပုံ၊ တဏှာစွဲပုံကို ပြောအုံးမယ်၊ ဘီလူး၏ ပင်ကိုယ်ရုပ်သည် အလွန်ကြောက်စရာ ကောင်းသော်လဲ လှပချောမောတဲ့ အပျိုကလေးဟန် ဖန်ဆင်းပြီး ပြတဲ့အခါ ယောကျ်ားတွေဟာ တဏှာဖြင့် သာယာပြီး အနားကပ်မိသဖြင့် ဘီလူးအစားမခံရပါလား။

**တပည့်** ခံကြရပါတယ်ဘုရား။

**ဆရာ** အဲဒီသို့ပေါ့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဓါတ်ကြီး လေးပါးတို့သည် ပင်ကိုယ်က သဏ္ဌာန် မရှိ၍ သာယာစရာ မရှိတဲ့အပြင် ပထဝီ လွန်၍ သေကြရ၊ အာပေါ လွန်၍ သေကြရ၊ တေဇော လွန်၍ သေကြရ၊ ဝါယောလွန်၍ သေကြရသောကြောင့် ဘီလူးနဲ့တူတယ်၊ ကြောက်စရာကောင်း

www.dhammaransi.com



ပေတယ် ဒါပေမဲ့ ဓါတ်ကြီးလေးပါးတို့ ပေါင်းမိတဲ့ အခါ သဏ္ဌာန်ပေါ်လာသောကြောင့် ဒီလူကလေး က ချောလိုက်တာ ဒီမိန်းကလေးက လှလိုက်တာနဲ့ တွယ်တာရစ်ပတ် တဏှာ ဓါတ်ခိုက်ပြီး သေကြတဲ့ အခါအပါယ်ကျရတယ်မဟုတ်လားကွဲမောင်စိန်ရဲ့။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ သဏ္ဌာန်သည် အရိပ်သာလျှင်ဟုတ်၏၊ ပညတ်သာ တည်း၊ အဟုတ်ရှိမဟုတ်၊ အဟုတ်ရှိက ဓါတ်ကြီး ၄-ပါးသာ ဖြစ်သည်၊ ၎င်းဓါတ်ကြီး ၄-ပါးသည်၊ လူကိုသေစေ တတ်သောကြောင့် "သေမင်း" ဆို သည်မှာ ဓါတ်ကြီး ၄-ပါးသာတည်းဟုကေန်အမှန် သိပါက သာယာပါအုံးမလား။

တပည့် မသာယာပါဘုရား။

ဆရာ အေး····ဒါကြောင့်မသာယာအောင် သဏ္ဌာန်ကို ဖေါက်၍ ဓါတ်သို့ ရောက်အောင် ဉာဏ်နဲ့ကြည့် ကြကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ယခုပြတဲ့ တရားက အဘိဓမ္မာနည်းနဲ့ ပြဒါကွဲ့၊ ဉာဏ်ကြီးပါမှ သဘောပေါက်တယ်၊ သို့အတွက် သုတ္တန်နည်းနဲ့ ပြအုံးမယ် မောင်စိန်ရဲ့။

တပည့် မှန်ပါ ပြတော်မူပါဘုရား။

ဆရာ ရှေးဦးစွာ မိမိခန္ဓာကိုယ်ကို ရှုရမယ်၊ ဘယ်လိုရှုရမ လဲဆိုတော့ အထက်ဆံဖျားမှ အောက်ခြေဖဝါးအထိ အရေပါး

www.dhammaransi.com



ဖြင့် ဖုံးလွှမ်း၍ထားအပ်သော ဤကိုယ်ကောင်ကြီးသည် အထူးထူးသော မစင်ကြယ်၍ ရွံစဘွယ်သော အရာဝတ္ထုတို့၏ အစုအဝေးကြီးပါတကား····ဆံပင်, မွေးညှင်း, ခြေသည်း၊ လက်သည်း, သွား, အရေ, အသား, အကြော, အရိုး, ခြင်ဆီ, အညို့, နှလုံး, အသည်း, အမြှေး, အဖျင်း, အဆုတ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်, သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်ဟုဆိုအပ်သော မစင်မကြယ် ရွံစဘွယ် အတိတ္တိုသာတည်း ဥပမာမည်သည်ကား သလေးတိုဖြင့်ရင်း၊ စပါးတို့ဖြင့်ရင်း၊ ပဲနောက်တို့ဖြင့်ရင်း၊ ပဲလွန်းတို့ဖြင့်ရင်း၊နှမ်းတို့ဖြင့်ရင်း၊ဆန်တို့ဖြင့်ရင်း၊ ပြည့်သောအိတ်ကဲ့သို့ ဤကိုယ်ကာယကြီးသည် အထူးထူးသော ရွံစဘွယ်တို့ဖြင့် ပြည့်သော ကိုယ်ခန္ဓာကြီးပါကလားဟု ရှုံရှာသော စိတ်ပေါက်လာအောင်ရှုရမယ်၊ပြီးတော့ ကိုးပေါက်သော ဒွါရမှ အမြဲတန်း ရွံစဘွယ်တွေသာ ထွက်ခြင်းသည် ရွံစဘွယ်တွေနှင့်သာ ပြည့်၍နေသောကြောင့်ဘဲဟု ဆင်ခြင်ရမယ်။ ဒါကြောင့် ဘုရားက အောက်ပါ ဂါထာကို ဟောတော်မူတယ်။

**အာတုရံ အသုစိံ ပူတိံ၊ ပဿ ခေမေ သမုဿယံ၊**
**ဥဂ္ဃရန္တံ ပဂ္ဃရန္တံ၊ ဗာလာနံအဘိပတ္ထိတံ။**

ခေမေ-အို ချစ်သမီးခေမာ၊ အာတုရံ- ကိုးဆဲ့ရှစ်ဖြာ အနာရောဂါတို့ဖြင့် ကျင်နာထိုးကျင့်ထသော၊ အသုစိံ- မစင်မကြယ် ရွံစဘွယ်လည်း အလွန်ကောင်းထသော၊ ပူတိံ-ညှီဟောင် ပုပ်သိုး မကောင်းသောအနံ့လည်းထိုးထသော၊ သမုဿယံ- အရိုးတည်းဟူသော အခြင်ဝါးတို့ဖြင့်စီစဥ်၍ ထားအပ်သော ဥဂ္ဃရန္တံ

www.dhammaransi.com



အထက်သို့လည်း တရံမပျက် ရှဲစဘွယ်တွေ ထွက်၍ နေထသော၊ ပဋ္ဋရန္တံ–အောက်သို့လည်း အမြဲမသွေ ရှံစဘွယ်တွေ ထွက်၍နေထသော၊ ဣမံရူပံ–ဤသူ ငါမဟုတ်သည့် အကောင်ပုပ်ကြီးကို၊ ပဿ-စေ့စေ့ငှ သေချာစွာရှုစမ်းပါလေ့၊ဗာလာနံ ဘာမှန်းမသိ အကန်းအတိုဖြစ်သော ပုထုဇဉ်တို့အား၊ အဘိပတ္တံ တံ-မစင်မြင်ငြား ခွေးငတ်လားသို့ အားပါးတရ အလွန်လျှင် တောင့်တကြလေကုန်သတည်း။

အဲဤကဲ့သို့ မိမိကိုယ်ခန္ဓာကြီးကို ရွံရှာလာအောင် ရှုရမယ်၊ အဲဤကဲ့သို့ရှု၍ရွံရှာစိတ်တွေပေါက်ပြီးလာယင် ကာမတဏှာတွေ ခြောက်ပြီးမသွားပေဘူးလားကွဲ့ မောင်စိန်ရဲ့။

တပည့် ခြောက်နိုင်ပါတယ်ဘုရား။

ဆရာ ကာမတဏှာ ခြောက်သွားယင် အနာဂါမ်တည်နိုင်ဒါပေါ့ကွဲ့၊ ဉာဏ်ထက်ယင် ရဟန္တာဖြစ်နိုင်တယ်၊ တနည်း.... ရှုပုံကို ပြောအုံးမယ်၊ ခေါင်းရိုးတခြား ပေါင်ရိုးတခြား နံရိုးတခြားစီနေတဲ့ အရိုးတွေကိုမြင်တဲ့အခါ မိမိခန္ဓာကိုယ်ကို ဆောင်ပြီး မိမိဦးခေါင်းရိုးကို ခွေးတကောင်ကအရှေ့သို့ချီသွား ပေါင်ရိုးကို ခွေးတကောင်က အနောက်သို့ချီသွား၊ လက်မောင်းရိုးကို ခွေးတကောင်က တောင်အရပ်သို့ချီသွား၊ နံရိုးကို ခွေးတကောင်က မြောက်အရပ်သို့ ချီသွားသည်ရှိသော် ဤကိုယ်ပုံသဏ္ဍာန်သည် မရှိတော့ပါကလား၊ တကယ်ရှိမဟုတ်တဲ့ ပုံသဏ္ဍာန်ကို ငါတို့သည် ဉာဏ်မရှိ၍ သာယာနေကြဒါပါကလား၊ မိမိကိုယ်ခန္ဓာကို ပုံသဏ္ဍာန်ပျောက်အောင်ရှု၍ သဏ္ဍာန်ပျောက်သွားယင် တဏှာ

www.dhammaransi.com



၏ အာရုံမရှိသောကြောင့် တဏှာသည် မဖြစ်တော့ပြီချုပ်တော့၏၊ ကာမတဏှာ ချုပ်ယင်လဲ အနာဂါမ် တည်တော့၏၊ ဥာဏ်ကြီးယင် ရဟန္တာဖြစ်နိုင်၏။

အေး ဒါကြောင့် မိမိသဏ္ဍာန်ကို ရှုဘွယ်ကောင်းအောင် ရှု၍ ပုံသဏ္ဍာန် ပျောက်ကာ ကာမတဏှာခြောက်၍ အနာဂါမ် မဂ်သို့ ပေါက်လွယ်ကြပါစေသတည်း။

သိက္ခာသုံးပါး မြတ်တရား ပြီး၏။

---

## သာသနာသုံး ပုလဲကုံးတရားတော်

ဆရာ မောင်စိန်ရေ။

တပည့် ဘုရား။

ဆရာ ဒီနေ့တော့ "သာသနာသုံး ပုလဲကုံး" ဆိုတဲ့ တရားကို ဟောရလိမ့်မယ် မောင်စိန်ရဲ့။

တပည့် မှန်ပါ ဟောတော်မူပါဘုရား။

ဆရာ သာသနာသုံးဆိုဒါကပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာကိုခေါ်တယ်၊ ပရိယတ္တိသာသနာ ဆိုဒါက မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ ပဋကတ်သုံးပုံကို ခေါ်တယ်၊ ပဋိပတ္တိသာသနာ ဆိုဒါက တရားတော်လာတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်မှုကို ခေါ်တယ်၊ ပဋိဝေဓသာသနာဆိုဒါက အားထုယ်၍ရတဲ့ မဂ်, ဖိုလ်, နိဗ္ဗာန်ကို ခေါ်တယ်

တပည့် မှန်ပါဘုရား။

www.dhammaransi.com



ဆရာ　ဂုဏ်းသာသနာ သုံးရပ်တို့တွင် ပဋိဝေဓ ခေါ် မဂ်ဖိုလ်, နိဗ္ဗာန်ကို ရခြင်းသည် ပဋိပတ်ခေါ် ကျင့်ကြံအားထုတ်မှု ရှိသည့်အတွက် ရကြတယ်၊ ပဋိပတ်ခေါ် ကျင့်ကြံအားထုတ်မှု သည်လည်း ပရိယတ်ခေါ် ကျင့်နည်း ကြံနည်းတွေကြောင့်သာ အားထုတ်နိုင်ကြတယ်၊ သို့အတွက်ပရိယတ္တိ သာသနာကတိုင်နဲ့ တူတယ်၊ ပဋိပတ္တိသာသနာကထုပ်, လျှောက်, ဒိုင်း,မြားနဲ့ တူ တယ်၊ ပဋိဝေဓသာသနာက အမိုးအထွတ်နဲ့ တူတယ်၊ ဒီတော့ သာသနာ သုံးရပ်တို့တွင် ပရိယတ္တိ သာသနာ တော်ကြီးသည် မူလ ဘူတကြီး ဖြစ်မနေဘူးလား မောင်စိန်ရဲ့။

တပည့်　ဖြစ်နေပါတယ်ဘုရား။

ဆရာ　တနည်းအားဖြင့် ပရိယတ္တိသာသနာက ဆေးနည်းနဲ့တူတယ်၊ပဋိပတ္တိသာသနာကဆေးနည်းအတိုင်း ဖော်စပ်ဒါနဲ့တူတယ်၊ပဋိဝေဓသာသနာကရောဂါ ပျောက်၍ ချမ်းသာခြင်းသို့ရောက်တာနဲ့တူတယ်ကွဲ့ မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ဆရာ　ပရိယတ္တိသာသနာတော်ကြီးသည် မူလဘူတဖြစ်၍ အဘိုးတန်သောကြောင့် ဘုရားရှင် လက်ထက်တော်မှစ၍ ယခု တိုင်အောင် ပညာရှိ သူတော်ကောင်းကြီးတွေ အဆက်ဆက် မ ပျောက်ပျက်ရအောင် ဆောင်ရွက်တော်မူခဲ့ကြပေတယ်၊ ဆောင် ရွက်ခဲ့ပုံကို ပြောအုံးမယ်၊မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူ တဲ့ အခါ ပုထုဇဉ်, သောတာပန်, သကဒါဂါမ် ရဟန်းတို့သည် ပြင်းထန်စွာ ငိုကြွေသတဲ့၊ ဒီတော့ တောထွက်ရဟန်း သုဘဒ္ဒက

www.dhammaransi.com



"ငါ့ရှင်တို့ မငိုကြနဲ့၊ ရှင်ကြီးဂေါတမသည် ငါတို့အား အာပတ်အမျိုးမျိုးဖြင့် ချုပ်ချယ်တယ်၊ ယခုတော့ ငါတို့သဘောအတိုင်းနေကြရတော့မယ်၊ ငိုစရာ မဟုတ်ပါဘူး" လို့ ပြောသတဲ့၊ ဒီစကားကို ကြားရတော့ ရှင်မဟာကဿပသည် ဓမ္မသံဝေဂ ဖြစ်တော်မူသတဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဖြစ်စရာပါဘဲဘုရား။

ဆရာ ဒါနဲ့ ရှင်မဟာကဿပသည်၊ သင်္ဂါယနာ တင်ရန်ပဋိသမ္ဘိဒါပတ္တ ဆဠာဘိည ရဟန္တာအပေါင်း ၄၉၉-ပါးကိုရွေးကောက်တော်မူတယ်၊ ၅၀၀-ပြည့်ဘို့ ၁-ပါး လိုနေတယ်၊ ၎င်း ၁-ပါးက ရှင်အာနန္ဒာအတွက် ချန်ထားတော်မူတယ်၊ ဘာကြောင့် ချန်ရသလဲဆိုတော့ ရှင်အာနန္ဒာက သောတာပန်သာရှိသေးတယ်၊ သို့သော်လဲ ပရိယတ္တိ အရာမှာတော့ အကျွမ်းကျင်ဆုံးဖြစ်နေတဲ့အပြင် ရှင်မဟာကဿပနဲ့လဲ အကျွမ်းအဝင်ဆုံးဖြစ်နေတယ်၊ ဒီတော့ ဆန္ဒာဂတိလိုက်တယ်လို့ သူဘပါးတို့ကကဲ့ရဲ့ဘွယ်ရှိတဲ့အတွက် ချန်ထားတော်မူတယ်ကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါ ကြည်ညိုစရာတွေပါဘုရား။

ဆရာ အဲဒီလို ရှင်မဟာကဿပ မထေရ်က ကိုယ်တိုင်မရွေးသဖြင့် သံဃာတော်တို့က ရှင်အာနန္ဒာကို တင်မြှောက်ကြရတယ်၊ ဒီနေရာမှာ ရဟန္တာတွေ အများကြီး ရှိနေပါလျက်သောတာပန်ဖြစ်တဲ့ ရှင်အာနန္ဒာကို တင်ရဒါက ပရိယတ္တိ အရာမှာအကျွမ်းကျင်ဆုံးဖြစ်လို့ တင်ရဒါဖြစ်တယ်၊ ပရိယတ္တိသည်သူ့နေရာနဲ့သူ အဘိုးမတန်ပါလား မောင်စိန်ရဲ့။

တပည့် အဘိုးတန်လှပါတယ်ဘုရား။

ဆရာ ရှင်အာနန္ဒာသည် ပရိယတ္တိအရာမှာ အကျွမ်းကျင်ဆုံးဖြစ်တဲ့အပြင် မြတ်စွာဘုရားထံမှ တိုက်ရိုက် သင်ကြားထားတဲ့ ပရိယတ်ဖြစ်သောကြောင့် တေဝိဇ္ဇ သုက္ခဝိပဿက ရဟန္တာတွေကို ချန်လှပ်၍ ရှင်အာနန္ဒာကို ရွေးကောက်တင်မြှောက်ကာ သံဃာတော် ၅၀၀-ဖြင့် ပထမသင်္ဂါယနာ တင်တော်မူခဲ့ကြတယ်၊ ကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အဲဒီလို ပထမ သင်္ဂါယနာတင်ပြီးသည့်နောက် နှစ်ပေါင်း ၁၀၀-လောက်ကြာပြန်တော့ ရဟန်းအချို့တို့ ငွေအလှူခံမှုကြောင့် ရှင်မဟာယသ တိုက်တွန်းချက်အရ ဒုတိယသင်္ဂါယနာတင်ရပြန်တယ်၊ ငွေ အလှူခံမှုသည် သင်္ဂါယနာ တင်ရလောက်အောင် ဆိုးသွမ်းတဲ့ ဒုမှုကြီးကွဲ၊ သို့သော်လဲ ငါတို့ဗမာပြည်မှာတော့ ပန်းဖြစ်နေတယ်၊ ရှေးတုန်းက ဝိနည်းကို မသင်ဘူးတဲ့ ရှမ်းဘုန်းကြီးတပါးက ငွေ ၁၀ဝိ-ကို ခိုးပြီးမန္တလေးကို ဘုရားဖူးရောက်လာသတဲ့၊ ဒါနဲ့ တဲခိုတဲ့ကျောင်းမှာ စာချဘုန်းကြီးက သံဃာတော်တွေကို စာချနေသတဲ့ ချတဲ့ စာဝါက ဝိနည်းဖြစ်သဖြင့် "ပါဒ ဝါ ပါဒါရဟံ ဝါ" ပုဒ်ကို အဓိပ္ပါယ်ပြောသတဲ့၊ ပါဒ ဝါ ဆိုဒါ ငွေတမတ်ကို ဆိုတယ်၊ ပါဒါရဟံ ဝါ- ဆိုဒါ တမတ်တန်ပစ္စည်းကိုဆိုတယ်၊ ဒါကြောင့် ငွေတမတ်ကို ဖြစ်စေ၊ တမတ်တန်ပစ္စည်းကိုဖြစ်စေ ခိုးယင် ပါရာဇိကကျတယ်လို့ ပြောသတဲ့၊ ဒီတော့ ရှမ်းဘုန်းကြီးက သူတို့ဗမာဘုန်းကြီးများမှာငွေတမတ်ကလေးနဲ့ဘဲ ပါရာဇိကကျတယ်၊ငါတို့ရှမ်းပြည်မှါ

www.dhammaransi.com



ငွေ ၁၀ဝိ-ခိုးဒါတောင် မကျဲဘူး၊ ဗမာပြည်ဟာ မနေအပ်ပါဘူး လို့ အောက်မေ့သတဲ့၊ အဲဒီလိုဘဲ ငါတို့ ဗမာဘုန်းကြီးတွေလဲ ရဟန္တာတွေဟာ ဒို့ဗမာပြည်မှာ မနေသင့်ဘူးလိုများ ရှိကြမလား မသိဘူးကွဲ မောင်စိန်ရဲ့။

တပည့် ငွေမက်တဲ့ ဘုန်းကြီးကတော့ ရှိမှာဘဲဘုရား။

ဆရာ ထို့နောက်မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်တော်မူ၍ နှစ်ပေါင်း ၂၃၅- နှစ်မြောက်တွင် ဓမ္မာသောကမင်း လက်ထက်မှာသာသနာတော်သို့ဝင်၍ တိတ္ထိတို့ နှောက်ယှက်သောကြောင့် အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်ကို အမှူးပြုလျက် တတိယ အကြိမ်သင်္ဂါယနာ တင်ကြရပြန်တယ်၊ ၎င်း တတိယ သင်္ဂါယနာ တင်ပြီးသည့်နောက် သာသနာတော်သည် သီဟိုဠ်ကျွန်းနှင့်တကွ ၉-တိုင်း ၉-ဌာနသို့ ပြန့်နှံ့သွားလေရာ သထုံပြည် တိုင်အောင် ရောက်လာတယ်ကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ၉-တိုင်း ၉-ဌာနသို့ ပြန့်နှံ့၍ သီဟိုဠ် ကျွန်းမှာ များစွာစည်ပင် ထွန်းကား၍ နေစဉ် ဗြဟ္မဏတိဿ သူပုန်ဘေးကြီး ဖြစ်ပေါ်လာ၍ ပြည်ရွာ မငြိမ်မသက်သောကြောင့် ရဟန်းများစွာပင် ဇမ္ဗူဒိပ်ယပြည်သို့ ကူးသွားကြရတယ် ထိုအခါပိဋကတ်တတ်ကျွမ်းသော ပုဂ္ဂိုလ်ကြီးတို့သည် သီဟိုဠ်ကျွန်းမှာ ကျန်ရစ်ခဲ့ကြ၍ လူများလဲ တောထဲ၌ ပုန်းအောင်းနေကြရသဖြင့် ဆွမ်းကိုမဆုံထားဘိ သစ်သီး သစ်ရွက်ကိုတောင်မှ ဝအောင်မဘုဥ်း

www.dhammaransi.com



ပေးကြရဘူးတဲ့ကွဲ၊ ဤကဲ့သို့ အာဟာရ မမျှတကြဲသော်လဲ ရထားသော ပိဋကတ်တို့ မေ့ပျောက်မည် စိုးသောကြောင့် ရေ စိုတဲ့ သဲပြင်ပေါ်မှာ လျောင်းကာ နေပြီးလျှင် ရင်မပူရအောင် ရင်ဘတ်ပေါ်တွင် သဲစိုအထုပ်ကိုတင်၍ ရွတ်အံ သရဇ္ဈာယ်ကာ ဆောင်ရွက်ခဲ့ကြရရှာတယ်၊ ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်တွေကိုလဲ ချီး ကျူးစရာ ပိဋကတ်တော်ကြီး၏ အဘိုးတန်မှုသည်လည်း အံ့စရာ ဘဲ မဟုတ်လား မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ထိုနောက် သူပုန် ဘေးကြီး အေးငြိမ်းသွားတဲ့ အခါ အားလုံး သံဃာတွေ သီဟိုဠ် ကျွန်းသို့ ပြန် ရောက်ကြသဖြင့် နောက်နောင်အခါ ယခုလိုဘေး ဖြစ်ခဲ့ယင် နောင်လာနောက်သားတို့ ပိဋကတ်တော် ကို နှုတ်တက်ဆောင်ရွက်ရန် ခဲယဉ်းမည်ကိုမြင်ကြ၍ ပရိနိဗ္ဗာန် စံတော်မူပြီး နှစ်ပေါင်း ၄၅၀-လောက် တွင် ဝဋ္ဋဂါမဏိ မင်းလက်ထက်၌ ပိဋကတ်တော် များကို ပေရွက်ပေါ်မှာရေး၍ စတုတ္ထ သင်္ဂါယနာ တင်တော်မူခဲ့ကြရပြန်တယ်၊ အဲဒီလို ပရိယတ္တိ တိုင် ကြီးသည်၊ မယိုင်လဲသည့် အတွက် ယခုထိတိုင် ဗမာပြည်တလွှားမှာ သာသနာရောင်ခြည်များသန်း နေတယ် မဟုတ်လားကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အဲဒီလို ပရိယတ္တိနေမင်းကြီး ပေါ်ထွန်းနေသည့် အတွက် သာသနာ၁ အချိန်မှာ မကြားသိရတဲ့

www.dhammaransi.com



စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရားတို့၏ နံမည်တွေကို ကြားသိကြရ, ဝိပဿနာ ပွါးသဖြင့် ကိုယ်ဘိုင်တွေ့ကြရနဲ့ ကျေးဇူးတွေသိတ်ပြီး များဒါပေါ့၊ ဒါကြောင့်.....

**ဗုဒ္ဓါဒိစ္စေ အနုပ္ပန္နေ၊ ဗုဒ္ဓစန္ဒေ အနုဂ္ဂတေ၊**
**တေသံ သဘာဝဓမ္မာနံ နာမမတ္တံ နနာယတိ၊**

ဗုဒ္ဓါဒိစ္စေ-ဘုရားတည်းဟူသော နေမင်းသည်၊ (ဝါ) ယခုအခါ မှာဆိုယင် ပရိယတ္တိတည်းဟူသောနေမင်းသည်၊အနုပ္ပန္နေ-မပေါ်ထွန်း မပွင့်ပေါ်လာသည်ရှိသော်၊ ဗုဒ္ဓစန္ဒေ- ဘုရားတည်းဟူသော လမင်းသည်၊(ဝါ) ပရိယတ္တိတရားတည်းဟူသောလမင်းသည်၊အနုဂ္ဂတေ- မပေါ်ထွန်းမပွင့်ပေါ်လာသည်ရှိသော်၊တေသံ သဘာဝ ဓမ္မာနံ- ထိုစိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တို့၏၊ နာမမတ္တံ-အမည်မျှကို၊ နနာယတိ- ပိုင်းခြားမှတ်သား၍ သိနိုင်ကြရမည်မဟုတ်ပါတကား။

တပည့် သာဓု-သာဓု-သာဓု။

ဆရာ မောင်စိန်ရေ။

တပည့် ဘုရား။

ဆရာ ဆေးနည်းသည် ဘယ်လိုပင် အဘိုးတန်ပေမဲ့ ပေါ်ပြီးမစားပါက ဆေးနည်းကို ငွေအများကြီးပေးပြီး ဝယ်ရကျိုး နပ်ပါ့မလား။

တပည့် မနပ်ပါဘုရား။

www.dhammaransi.com



ဆရာ　　အေးဒီလိုဘဲကွဲ့ ပရိယတ္တိတရားတော်ကြီးသည် အင်မတန်မွန်မြတ်ပေမဲ့ ပဋိပတ္တိ တည်းဟူသော ဆေးဖေါ်စားခြင်းကို မလုပ်ပါက ပုထုဇဉ် အရှုံးရောဂါ ပျောက်ပါ့မလားကွဲ့ မောင်စိန်ရဲ့။

တပည့်　　မပျောက်ပါဘုရား။

ဆရာ　　အရှုံးမပျောက်က ကြောက်စရာကောင်းပုံကိုပြောအုံးမယ်၊ ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော အခါ ကုန်သည်ညီနောင် ၂-ယောက်တို့သည် သာသနာတော်၌ ရဟန်းပြုကြသတဲ့၊ ညီအစ်ကို ၂- ယောက်တို့တွင် အစ်ကို၏ နံမည်က 'သာဂတ'လို့ခေါ်တယ်၊ညီ၏နံမည်က 'ကပိလ' လို့ခေါ်တယ်၊ မိခင်၏ နာမည်က 'သာဓိနီ' တဲ့၊ ညီမငယ်၏ နံမည်က 'တာပနာ' လို့ ခေါ်သတဲ့၊ ညီအစ်ကို ၂-ယောက်ရဟန်းပြုပြီးတဲ့နောက် ညီမငယ်နဲ့ အမေတို့လဲ ဘိက္ခုနီမ ပြုကြတယ်တဲ့ကွဲ့၊ ညီအစ်ကို ရဟန်း ၂-ပါးတို့လဲ ငါးဝါတို့ပတ်လုံး ဥပဇ္ဈာယ်ဆရာ၏ ဝတ်ကြီး ဝတ်ငယ်ကိုပြုပြီးလျှင် သာသနာတော်၌ ပြုလုပ်ဘွယ်ရာ ဓုရ ဘယ်နှစ်ပါး ရှိပါသလဲလို့ လျှောက်ထားကြသတဲ့၊ ဒီတော့ ဆရာက "ဂန္ထဓုရခေါ် စာသင်ခြင်းနဲ့ ဝိပဿနာဓုရခေါ် ဝိပဿနာ ပွါးခြင်းလို့ နှစ်ပါးရှိကြောင်း" ကို မိန့်တော်မူသတဲ့၊ ဒါနဲ့ အစ်ကိုဖြစ်တဲ့ သာဂတ-က ငါတော့ အသက်ကြီးပြီ၊ သို့အတွက် လိုရင်းဖြစ်တဲ့ ဝိပဿနာကိုသာပွါးများတော့မယ်လို့ စိတ်ကို ဆုံးဖြတ်ကာ အရဟတ္တဖိုလ်တိုင်အောင်သော ကမ္မဋ္ဌာန်းကိုယူ၍ တောသို့ဝင်ကာ အားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်သွားတယ်။

www.dhammaransi.com



ညီဝယ်ဖြစ်တဲ့ ကပိလက ငါတော့ ငယ်သေးတယ်၊ ကြီးမှ ဝိပဿနာကိုပွါးအံ့၊ ယခုအခါ စာသင်ဦးအံ့ဟု ဆုံးဖြတ်ကာ ပိဋကသုံးပုံကို သင်ယူရာ ပိဋကတ် သုံးပုံကို တတ်မြောက်သဖြင့် ကြီးကျယ်သော အခြံအရံ,ပြန်ပြောသောလာဘ်သပ္ပကာတို့ဖြင့် ပြည့်စုံသောကြောင့် ငါကဲ့သို့သောသူ ဇမ္ဗူမှာ ရှား၏ဟု စာမာန်ယစ်ပြီးလျှင် 'အပ်သောတရားကို မအပ်ဟုဟော၍,မအပ်သောတရားကို အပ်တယ်,ဟု ဟောသတဲ့၊သီလကိုချစ်တဲ့ ရဟန်းတို့က"ငါ့ရှင်ကပိလ ဤကဲ့သို့မဟောပါနှင့်"ဟု တားမြစ်ကြသော်လဲ"သင်တို့ကား ငါ့လောက်မသိ" ဟု ဆဲရေးတိုင်းထွာခြင်းကို ပြုသတဲ့၊ ပုထုဇဉ် အရှုးရောဂါ မပျောက်တဲ့အပြင် ပိုပြီးမရှုးဘူးလား

တပည့် ပိုပြီး ရှုးနေပါတယ်ဘုရား။

ဆရာ ဒါနဲ့ အစ်ကိုဖြစ်တဲ့ သာဂတမထေရ်ထံသို့ သွားပြီး ဒီအကြောင်းကို လျှောက်ထားကြတော့ သာဂတာ မထေရ်က ညီငယ်ထံ ချင်းကပ်ပြီးလျှင်' 'ငါ့ညီအသင်ကဲ့သို့သော ပိဋကတ်ကို တတ်ကျွမ်းသောသူသည် ပဋိပတ် တရားကို ကြိုးစားပါက သာသနာတော်၏ အသက်သာဘွယ်ဖြစ်မှာပါဘဲ၊ အဘဲ့ကြောင့် ပဋိပတ်ကို ပယ်၍ ကပြောင်း ကပြန် ဟောနေသလဲဟု ဆုမ္မသော်လဲ အစ်ကိုသည် စာတလုံးမျှ သိသူ မဟုတ်ဟု စာမာန်ယစ်ကာ အစ်ကို၏ အဆုံး အမကို မယူဘူးတဲ့၊ ဒါနဲ့ အစ်ကိုလဲ့ မင်းပြုတဲ့ ကံဖြင့်ပင် ထင်ရှားလတ္တံ့ ဟုပြောကာ ကြွသွားတော်မူသတဲ့၊ ကဲဘယ်လောက် ကြောက်စရာကောင်းလဲ မောင်စိန်ရဲ့။

တပည့် မှန်ပါ ကြောက်စရာပါဘုရား။

www.dhammaransi.com



ဆရာ　အစ်ကို ပြောလို့မှ မရဘူးဆိုတော့ အားလုံးသော သူတော်ကောင်းတို့သည်စွန့်ပစ်၍ထားကြသတဲ့ ဒါနဲ့ ဘဲမကောင်းသော ရဟန်းတို့ဖြင့် ခြံရံလျက်လှည့်လည်ကာ ကဿပ ဘုရား၏ သာသနာကို ဆုတ်ယုတ်အောင် ပြုနေသတဲ့၊ နောက်မျှားမကြာမီ သေဆုံး၍ အဝီစိငရဲမှာ ဖြစ်ရေ့တဲ့၊ အမိဖြစ်တဲ့ သာဓိနီနဲ့ နှစ်မ တာပနာ တို့လဲ ကပိလ ရဟန်းသို့ အတုလိုက်ကာပြောဆိုမှုကြောင့် အဝီစိမှာ ဖြစ်ကြရှတယ်တဲ့ မောင်စိန်ရဲ့။ (အကျယ်ကို သိလိုမှု ဓမ္မပဒမှာ ကြည့်လေ)

တပည့် မှန်ပါလန့်စရာပါဘုရား။

ဆရာ　ကဿပမြတ်စွာဘုရား ထင်ရှားရှိစဉ်ကဘဲ ငါးရာကုန်သော ယောကျ်ားတို့သည် ရွာကို လုယက် ဖျက်ဆီးခြင်းကို ပြု၍ ခိုးမှု တိုက်မှုတို့ဖြင့် အသက်မွေးကြသတဲ့၊ ဒါနဲ့ လူတွေက မခံနိုင်ဘဲ စုရုံးပြီးကာ သူခိုးတို့ကို အစဉ်လိုက်၍ တိုက်ကြသတဲ့၊ ဒီတော့ သူခိုးတို့မှာ ရွာနားသို့ မချဉ်းကပ်ရဲဘဲ တောသို့ဝင်ကာ ပြေးကြ၍ ပုန်းအောင်း ရာကို ရှာသော်လဲ မတွေ့ကြသဖြင့် တောကျောင်းနေ ရဟန်းထံ ချဉ်းကပ်ပြီး "အရှင်ဘုရား တပည့်တော်တို့၏ ကိုးကွယ်ရာဖြစ်တော်မူပါ" ဟု လျှောက်ထားကြတယ်တဲ့၊ မထေရ်က "ဒါယကာတို့ သင်တို့အား သီလနဲ့တူတဲ့ ကိုးကွယ်ရာသည်မရှိ၊ အလုံးစုံသော သင်တို့သည် ငါးပါးသီလကို ဆောက်တည်ကြကုန်လော့" ဟု မိန့်တော်မူသဖြင့် ခိုးသားငါးရာတို့သည် "ကောင်းပါပြီ" ဟု ဝန်ခံ၍ သီလကို ဆောက်တည်ကြတယ်တဲ့၊ သီလ ဆောက်တည် ပြီးလတ်သော် မထေရ်က "ဒါယကာတို့သီလရှိကုန်သော သင်တို့သည် အသက်

www.dhammaransi.com



ဟူသော အကြောင်းကြောင့်လဲ သီလကို မလွန်ကျူးကြနဲ့”လို့ ဆိုမှသဖြင့် “ကောင်းပါပြီ” ဟု ဝန်ခံကြသတဲ့ကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါ ချီးမွမ်းဘွယ်ရာပါဘုရား။

ဆရာ ထိုနောက် ဇနပုဒ်သားတို့သည် ထိုအရပ်သို့ ရောက်လာ၍ ခိုးသားတို့ကို တွေ့တဲ့အခါ အလုံးစုံသော ခိုးသားတို့ကို သတ်ဖြတ်ကြတယ်တဲ့၊ ခိုးသားတို့လဲ သေကြေပျက်စီးကြ၍ ခိုးသားကြီးက နတ်သားကြီး ခိုးသားအငယ်တွေက နတ်သားကလေးတွေ ဖြစ်ကြသတဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါသီလသည် အားကိုးဘွယ်ရာပါဘုရား။

ဆရာ အဲဒီလို နတ်သားတွေဖြစ်ကြ၍ ဘုရား ၂-ဆူတို့ကြားကာလဝယ် လူ့ပြည်နတ်ပြည် စုန်ဆန်သွားလျက်နေတယ်ငါတို့ ဂေါတမမြတ်စွာ ပွင့်တော်မူလာတဲ့အခါ အိမ်ခြေ ငါးရာရှိတဲ့ တံငါရွာကြီး၌ နတ်သားကြီးက တံငါသည်ကြီး အိမ်မှာ ဖြစ်၍ နတ်သားကလေးတွေက တံငါသည်ကလေး အိမ်တွေမှာ ဖြစ်ကြရတယ်တဲ့၊ တံငါသည်ကြီးသည် ငါ့သားနဲ့ အတူဖွါးသူ ရှိသလားလို့ စုံစမ်းတဲ့အခါ ကလေး ငါးရာကို တွေ့ရသဖြင့် အားလုံးသော ကလေးတို့အား ရိက္ခာကံကျွေးကို ပေး၍ သူ၏ သားနဲ့အတူ ကစားစေတယ်တဲ့၊ ထိုအခါ ကပိလ ရဟန်းကြီးသည် ငရဲမှ ကျွတ်ခဲ့၍ ကံအကြွင်းကြောင့် အစိရဝတီ မြစ်၌ အဆင်းကားရွှေ့ခံတွင်းအနံ့ကားပုပ်အနံ့ဘွယ်ကောင်းအောင် ပုပ်စော်နံတဲ့ ငါးကြီး ဖြစ်လာဘယ်တဲ့၊ တနေ့သော အခါ၊ နတ်သား ဘဝမှ စုတေခဲ့ကြတဲ့ လုလင်ပျိုတို့သည် မိဘတို့၏

www.dhammaransi.com



အလုပ်ဖြစ်တဲ့ တံငါအလုပ်ဖြင့် အစိရဝတီမြစ်၌ ငါးဘမ်းကြရာ ကပိလ ငါးကြီးကို မိရောတဲ့ ဓမောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အဲဒီလို ဘမ်းမိတဲ့အခါ ရွှေအဆင်းရှိသောကြောင့် ဘုရင့်ထံ ဆက်သကြတယ်တဲ့၊ ဒီတော့ ဘုရင်ကြီးကလဲ အင်မတန်လှတဲ့ ငါးကြီးဘဲ မြတ်စွာဘုရားထံ ယူသွားရယင် တရားထူးနာရမှာဘဲလို့ အောက်မေ့ကာ ကျောင်းတော်ကိုယူသွားတယ်တဲ့ ကျောင်းတော်သို့ ရောက်တဲ့အခါ ငါးကြီး၏ ခံတွင်းဖွင့်ကာမျှဖြင့် ဇေတဝန် ကျောင်းတော်ကြီးသည် အပုပ်နံ့ဖြင့် လှိုင်သွားသတဲ့၊ ဒီတော့ မင်းကြီးက "မြတ်စွာဘုရား အဘယ်ကြောင့် ရွှေအဆင်းကြီးကဲ့သို့လှ၍အဘယ့်ကြောင့်ခံတွင်းပုပ်ရသလဲ" လို့ လျှောက်ထားတယ်တဲ့၊ ဒါနဲ့ မြတ်စွာဘုရားက 'မြတ်သောမင်းကြီး ဤငါးသည် ကဿပမြတ်စွာဘုရား၏ သာသနာတော်၌ ကပိလ အမည်ရှိသော ရဟန်းသည် ဖြစ်၏၊ ပိဋကတ်သုံးပုံကို တတ်၏၊ စာပေပို့ချ၏၊ အပ်သည်ကို မအပ်၊ မအပ်သည်ကို အပ်တယ်၊ ဟု ဟော၍ သာသနာတော်ကို ဆုတ်ယုတ်စေ၏၊ သူတော်ကောင်းတွေကို ဆဲရေး၏၊ တိုက်တို့ကြောင့် အဝီစိငရဲသို့ကျ၍ ကံအကြွင်းဖြင့် ယခုအခါ ငါးဖြစ်ရ၏၊ ဘုရား၏ ဂုဏ်တို့ကို ဟောပြောသည့်အတွက် ရွှေကဲ့သို့အဆင်းလှ၍ သူတော်ကောင်းကို ဆဲရေးလျက် မအပ်သည်ကို အပ်၏၊ အပ်သည်ကို မအပ်ဟု ပြောခြင်းကြောင့် ခံတွင်းပုပ်စော်နံရ၏" ဟု မိန့်တော်မူပြီးတော့ "မြတ်သောမင်းကြီး ထိုငါးကို စကားပြောစေမယ်" လို့ အမိန့်ရှိသဖြင့် မင်းကြီးက 'ပြောပါစေ" ဟု လျှောက်သတဲ့။

www.dhammaransi.com



ထိုအခါ မြတ်စွာဘုရားက ထိုငါးကို 'သင်သည် ကပိလ ဟုတ်သလော'ဟု မေးတော်မူတယ်၊ ငါးက'မြတ်စွာဘုရား ဟုတ်ပါတယ်ဘုရား'လို့ လျှောက်သတဲ့ မြတ်စွာဘုရားက 'အသင်သည် ဘယ်က လာခဲ့ဒါလဲ'လို့ မေးတော်မူသဖြင့် ငါးက 'မြတ်စွာဘုရား အဝီစိမှ လာခဲ့ပါတယ်' လို့ လျှောက်သတဲ့၊ မြတ်စွာဘုရားက 'အသင်၏ အကိုကြီး သာဂတသည် ဘယ်ကို သွားသလဲ' လို့ မေးတော့ငါးက 'မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပါပြီ' လို့ လျှောက်တယ်တဲ့၊ 'သင်၏မိခင် သာဓနီကားဘယ်မှာလဲ'လို့ မေးတဲ့အခါ 'မြတ်စွာဘုရားငရဲကြီး၌နေရပါတယ်'လို့ လျှောက်သားသတဲ့၊ 'သင်၏ နှစ်မ တာပနာ ဘယ်မှာလဲ'လို့မေးတဲ့အခါ 'ငရဲကြီးမှာပါဘုရား'လို့လျှောက်ထားသတဲ့၊ 'ယခုဘဝ သေပြီးယင် သင်ဘယ်ကို သွားရမှာလဲ'လို့ မေးတဲ့အခါ 'မြတ်စွာဘုရား အဝီစိကို ပြန်ရအုံးမှာပါ'လို့ လျှောက်ထားပြီး နှလုံးမသာယာသဖြင့် ဦးခေါင်းကို လှေဖြင့်ဆောင့်ပြီးလျှင် သေ၍ ငရဲမှာဖြစ်ရ ရှာတယ်တဲ့၊ ပဋိပတ်မရှိယင်စာကို ဘယ်လိုတတ်သော်လဲ ငရဲက မလွတ်ပါဘူး၊ ထိုကြောင့် ကြောက်စရာမကောင်းပါလား။

တပည့် ကြောက်စရာပါဘုရား။

ဆရာ ဆေးနည်းကို သိသော်လဲ ဆေးကိုဖေါ်၍မစားပါက ရောဂါမပျောက်သလိုဘဲ ဖြစ်မနေဘူးလား။

တပည့် ဖြစ်နေပါတယ်ဘုရား။

ဆရာ တနည်းအားဖြင့် ပရိယတ်သည် ဝက်သားနဲ့ တူတယ်၊ ပဋိပတ်သည် ဆိတ်သား၊ ကြက်သွန်နဲ့တူတယ် ပဋိဝေဓသည်ဝက်သားဟင်း၏ အရသာနဲ့တူတယ်

www.dhammaransi.com



ဒါကြောင့် ပရိယတ်တွင် တန့်မနေကြဘဲ ပဋိပတ်ကို လဲ ဖက်ပါမှ ဝက်သားဟင်း၏ အရသာနဲ့ တူတဲ့ ပဋိဝေဓကိုရကြမည်ဖြစ်သောကြောင့် ပဋိပတ်ကို ပရိယတ်ထက်ပိုပြီး လေးစားကြဘို့ လိုတယ်ကွဲ။

တပည့်　မှန်ပါဘုရား။

ဆရာ　ပရိယတ်ဆိုဒါ သုံးမျိုးရှိတယ်၊ ယခုကာလဘုန်းကြီး တွေ ဆရာ့ထံမှာ ဒူးတုပ်ပြီး သင်ယူ မှတ်တာက ဥဂ္ဂဟပရိယတ်လို့ ခေါ်တယ်၊မသိဒါကိုမေးမြန်းပြီး မှတ်သားဒါက ပရိပုစ္ဆာ ပရိယတ်လို့ ခေါ်တယ် တရားနာရင်း မှတ်သားတာက သဝန ပရိယတ်လို့ ခေါ်တယ်၊သညာသိမှန်ယင် ပရိယတ်ဘဲ၊အဲဒီတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြန်လိုလားသူမှာ သဝန ပရိယတ်ကိုမှတည်ပြီး ပဋိပတ်ကိုကြိုးစားကြဘို့သာ သင့်တော်တယ်၊ ကပိလနဲ့ သာဂတတို့ ညီအစ်ကို ၂-ပါးကိုသာကြည့်ကွဲ မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ပရိယတ္တိ သာသနာခန်းပြီး၏။

---

## ပဋိပတ္တိ သာသနာခန်း

ဆရာ　ပဋိပတ်ကိုအားထုတ်တဲ့ နေရာမှာ ပုဂ္ဂိုလ်လေးမျိုးရှိ တယ်၊ (၁) ဒုက္ခပဋိပဒါဒန္ဓာဘိညာ (၂)ဒုက္ခာ ဋိ ပဒါ ခိပ္ပါဘိညာ (၃) သုခပဋိပဒါ ဒန္ဓာဘိညာ

www.dhammaransi.com



(၄) သုခပဋိပဒါ ခိပ္ပါဘိညာ အဲဒီလို လေးမျိုးရှိတယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ပထမ ပဋိပဒါနယ်၊ အဘိညာနယ်လို့ နှစ်ခုခွဲပြီး မှတ်ရမယ်၊ ဝိပဿနာဉာဏ် ၁၀-ပါး တွင် အခြေခံ ဖြစ်တဲ့ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ် ၂-ပါးကို ပဋိပဒါနယ်လို့ ခေါ်တယ်၊ ဘင်္ဂဉာဏ်မှစ၍ မဂ်ဉာဏ် တိုင်အောင် အထက်ဉာဏ်များကို အဘိညာနယ်လို့ ခေါ်တယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ သို့အတွက် ဒုက္ခပဋိပဒါ ဆိုဒါက သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ် ၂-ပါးကို ဆင်ခြင်၍ လွယ်လွယ်နဲ့ သဘောမမိနိုင်ဒါကိုဆိုတယ်၊ ဒန္ဓာဘိညာဆိုဒါက သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ်ကို ရပြီးသော်လဲ ဘင်္ဂဉာဏ်မှစ၍ အထက်ဉာဏ်များကို ဆင်ခြင်၍ လွယ်လွယ်နဲ့ သဘောမပေါက်နိုင်ဘဲ ဖြေးညှင်းစွာ ရတဲ့ ပုဂ္ဂိုလ်ကို ခေါ်တယ်၊ ပေါင်းလိုက်တော့ ပဋိပဒါနယ်၊ အဘိညာနယ် နှစ်ခုလုံးတွင် ကြန့်ကြာသူကို ဒုက္ခ ပဋိပဒါ ဒန္ဓာ ဘိညာလို့ ခေါ်တယ်ကွဲ့၊ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ဒုက္ခ ပဋိပဒါခိပ္ပါဘိညာ ဆိုဒါက သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ် ၂-ပါးကို ရအောင် ဆင်ခြင်တဲ့

www.dhammaransi.com



နေရာမှာသာ ကြန့်ကြာ၍ ဂုဏ်ဉာဏ် ၂-ပါးကိုရဒါ နဲ့ တပြိုင်နက် အထက် ဉာဏ်များကို တဆက်ထဲ ရသွားသူကို ခေါ်တယ်ကွဲ မေစင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ဆရာ　သုခပဋိပဒါ ဒန္ဓာဘိညာ ဆိုဒါက အောက်ဉာဏ် ၂—ပါးကို လွယ်လွယ်နဲ့ သဘောမိသော်လဲ ဘင် စသော အထက်ဉာဏ်မှာ တော်တော်နဲ့ မရနိုင်ဘဲ ဖြေးဖြေး သာသာ ရလာသူကိုခေါ်တယ်ကွဲ မောင် စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ဆရာ　သုခပဋိပဒါ ခိပ္ပါ ဘိညာ ဆိုဒါက အောက်ဉာဏ်၊ အထက်ဉာဏ် ၂-နယ်လုံးတွင် ခဲယဉ်းခြင်းမရှိပါဘဲ အလွယ်တကူရတဲ့သူကို ခေါ်တယ်မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ဆရာ　ဒုက္ခ ပဋိပဒါ ဖြစ်ရဒါကာ တဏှာ အားကြီးသော ကြောင့်ဖြစ်ရ၍ ဒန္ဓာဘိညာဖြစ်ရဒါကမောဟအား ကြီးလို့ ဖြစ်ရတယ် ဒါကြောင့် တဏှာခေါင်းပါးက သုခပဋိပဒါဖြစ်၍၊မောဟခေါင်းပါးက ခိပ္ပါဘိညာ ဖြစ်တယ်လို့ အဋ္ဌကထာများကဆိုတယ်၊သို့အတွက် တဏှာ ပါးအောင်ဟု ရည်ရွယ်ပြီး မြတ်စွာဘုရား ဟောတော်မူတဲ့ သန္တုဋ္ဌိ သလ္လေခ တရားများကို သူ တော်ကောင်း ပုဂ္ဂိုလ်တွေ ကျင့်ကြ တယ်ကွဲ မောင် စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

www.dhammaransi.com



ဆရာ သန္တုဋ္ဌိဆိုဒါက ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ မိမိ၌ရှိတဲ့ ပစ္စည်းဖြင့်ရောင့်ရဲ တင်းတိမ်တယ် ကောင်းသည်အတွက်လဲ မသာယာ မကောင်းသည့်အတွက်လဲ စိတ်မဆိုးချေ၊ မျှတယင်ပြီးရောလို့ နှလုံးသွင်းလျက်နေ၏၊ မိမိ၌ မရှိသည်ကို မတမ်းတချေ သလ္လေခ ဆိုဒါက မိမိမှာရှိတဲ့ ပစ္စည်းအားလုံးကို မသုံးဆောင်ဘဲ မကောင်းဒါကိုသာ သုံးဆောင်၍ ကောင်းဒါကို သူတပါးအား ပေးကမ်းလှူဒါန်း၏၊ ရနိုင်သော ပစ္စည်း အားလုံးကိုလဲမလဲ သုံးလောက်ရုံသာ ယူ၏၊ ဓုတင် ၁၃-ပါးသည်လည်း သလ္လေခ တရားတွေဘဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ သန္တုဋ္ဌိတရားကိုမြတ်စွာဘုရားဟောမုံကတော့....

**ဂါရဝေါစ နိဝါတောစ၊ သန္တုဋ္ဌိစ ကတညုတာ**

**ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ။**

ဘာသာဒဝပုတ္တ-ငါ၏ထံမှောက် လာရောက် လျှောက်ထားအိုနတ်သား၊ ဂါရဝေါစ-အသက်သိက္ခာ ဂုဏ်ဝါပြောထူ ရှိသေထိုက်သောသူတို့ကို ကြည်ဖြူဝပ်စင်း ရှိသေကိုင်းရှိုင်းရခြင်းရင်း နိဝါတောစ-ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးနှင့် ချိုကျိုးနွားလား ဒွန်းစဏ္ဍားမျှ နိမ့်ချရသော မာန်မာန ရှိရခြင်းရင်း၊ သန္တုဋ္ဌိစ လောဘ ပယ်ရှဲ ရသမျှဖြင့်သာ နှစ်သက် ရောင့်ရဲရခြင်းရင်း ကတညုတာစ-ကောင်းစွာပြုဘူး သူ့ကျေးဇူးကို အထူးဆင်ခြင် သိမြင်အောက်မေ့ရခြင်းရင်း၊ ကာလေန-သင့်တင့်လျှောက်ပတ်

www.dhammaransi.com



သောအခါ၌၊ ဓမ္မသာဝနဥ္စ- ရှိသေဝပ်စင်း တရားနာရခြင်းရှင်း၊ တော်-သရုပ်ဖေါ်ကြား ဤငါးပါးသည်၊ ဥတ္တမံ-ကဲထူးလွန်မြတ် ချီးမွမ်းအပ်သော၊ မင်္ဂလံ- သတ္တဝါအများ ကြီးပွါးကြောင်းဖြစ်သော မင်္ဂလာတရားပေတည်း။

တပည့် သာဓု၊ သာဓု၊ သာဓု။

ဆရာ ဂုဏ်းသန္တုဋ္ဌိ ၊ သလ္လေခ တရားတွေဟာ အဘိဇ္ဈာ, ဗျာပါဒ ဆိုတဲ့ လောဘ, ဒေါသတွေကို ခေါင်းပါးစေတဲ့ တရားတွေဘဲ၊ သိက္ခာ ၃-ပါးမှာ သီလသိက္ခာ ဖြစ်တယ်၊ ဒီနေရာမှာ ရှင်းစရာ တခုရှိတယ်၊ ဗမာပြည်မှာ သက်သတ်လွတ် စားခြင်းသည် သလ္လေခဘဲလို့ မှတ်ထင်ကြသဖြင့် အတော်မျက်နှာကြီးနေတယ်၊ သလ္လေခ ဆိုဒါ သက်န်း အများရှိရာတွင် မကောင်းတဲ့ သက်န်းကိုမိမိသုံးဆောင်၍ ကောင်းတဲ့သက်န်းကို သူတပါးအား လှူဒါန်းခြင်း, သို့မဟုတ် သက်န်း သုံးထည်အပြင် လက်မခံခြင်း, ဆွမ်းဟင်းအများရှိရာဝယ် မကောင်းဒါကိုသာ မိမိသုံးဆောင်၍ ကောင်းဒါကို သူတပါးအားလှူဒါန်းခြင်း, သို့မဟုတ်ကောသနိုက်ခုတင်, ပတ္တပိုဏ်ခုတင်, ခလုပစ္ဆာဘတ္တိကခုတင် ဆောက်တည်ခြင်း စသော အကျင့်တွေကိုခေါ်တယ်၊ ပစ္စည်းကို မသတ်မှတ်ရဘူး၊ သတ်မှတ်ယင် သတ်မှတ်ထားတဲ့ ပစ္စည်းကို ဥပါဒါန်တရား ကပ်လာဒါဘဲ။

ဥပမာ….အသားဟင်းကို မစားအံ့၊ ဟင်းသီး ဟင်းရွက်ကိုသာ စားအံ့ဟု သတ်မှတ်လိုက်ယင် ဥပါဒါန်သည် အသားဟင်းကို လွှတ်ပြီး ဟင်းသီး ဟင်းရွက် အပေါ်မှာ စွဲကပ် လာဒါဘဲ၊ ဥပါဒါန်ပခုံးပြောင်းခြင်းသာဖြစ်တယ်၊ဥပါဒါန်အစားရှော့မသွား

www.dhammaransi.com



ချေ၊ အကယ်၍ ဟင်းသီးဟင်းရွက်ကို စားယင် ဥပါဒါန် အား ရော့ပါတယ်ဆိုက ကျွဲ နွား မြင်း ဆိတ် တိရစ္ဆာန်စသော အရွက်စား သတ္တဝါတို့သည် ဥပါဒါန်မရှိတန်ရာ၊ ရှိနေသည်မှာ အထင်အရှား ဖြစ်သောကြောင့် သလ္လေခသို့ မသွင်းသင့်ပေ၊ သန္တုဋ္ဌိ ဆိုရမှာလဲ ခက်ဘယ်၊ ဘာ့ကြောင့် ဆိုသော် အလှူ အတန်းရှိတဲ့အခါ အသားဟင်းသာ များ၍ ဟင်းသီး ဟင်းရွက် ဟင်းသက်သက်ပါခဲပေသည်၊ ထိုကဲ့သို့ မပါပြန်က မရှိတဲ့ ဟင်းသီးဟင်းရွက်ကို တမ်းတချပြန်သောကြောင့် သန္တုဋ္ဌိဆိုရမှာလဲကျပ်ပေသည်၊ သက်သတ်လွတ် စားကြတဲ့ သူတို့သည် စား၍ကောင်းအောင် အဆာအမျိုးမျိုးတို့ဖြင့် ပြုလုပ်ကြရသောကြောင့် သလ္လေခလဲ မဟုတ်ချေ၊ အလွန်တာဝန်လေးပေသည်၊ဒီတော့ သလ္လေခလဲဖြစ်, သန္တုဋ္ဌိလဲဖြစ်, သလ္လေခလဲ ဖြစ်အောင် ဘယ်လိုလုပ်ရမလဲ၊တကာ-တကာမ လှူဒါကိုသာ စားအံ့ဟု ဆောက်တည်၍ စားဘန်ရုံမျှသာ ခံယူခြင်းသည် သုံးပါးလုံးနဲ့ ဆီလျော်၏ ရှင်းပါအံ့၊ လှူဒါကိုသာ စားပါအံ့ဟု ဆောက်တည်ထားသဖြင့် ဘာကို လှူမည်ဟုမသိသောကြောင့် ဥပါဒါန်သည် မရှိသည့်ပြင် မရှိဒါကို မတမ်းတသောကြောင့် သန္တုဋ္ဌိဖြစ်၏၊ စားတန်ရုံသာ လက်ခံ၍ အပိုကို မယူခြင်းသည် သလ္လေခဖြစ်တယ်၊ တမင်ဂရုပြုသည် မဟုတ်ဘဲ လှူဒါကိုသာ ယူသောကြောင့် သလ္လေခလဲ ဖြစ်လေသည်၊ အဲဒီလို ဘာကိုဟု မသတ်မှတ်ဘဲ လှူဒါကို သုံးစွဲလောက်ရုံခံယူ၍ ခံယူတဲ့ ပစ္စည်းကိုလဲ မသာယာမှ ဥပါဒါန် အားရော့သွားမယ်မဟုတ်လားကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

www.dhammaransi.com



ဆရာ မြတ်စွာဘုရား ရှိစဉ်က ဒေဝဒတ်သည် ငါးသက် သတ်လွတ်အကျင့်ကို တောင်းခဲ့ပြီးပါပြီ၊ မြတ်စွာ ဘုရားခွင့်မပြု ခဲ့ပါဘူး၊ တောင်းပုံက ဒီလိုတဲ့….လူတွေဟာ ဘာကိုကြည်ညို သလဲလို့ စဉ်းစားတော့ ခေါင်းပါးတဲ့အကျင့်ကို ကြည်ညိုတယ် ဆိုဒါကို ဒေဝဒတ်က သိတယ်၊ ဒါနဲ့ ဒေဝဒတ်က အကြံရလာ တယ်၊ ငါသည် ခေါင်းပါးတဲ့ အကျင့်ကိုတောင်းယင် မြတ်စွာ ဘုရားက ပေးမည်မဟုတ်၊မပေးယင်ငါကား ခေါင်းပါးတဲ့ အ ကျင့်ကို ကျင့်၏၊ ရှင်ဂေါတမကား မကျင့်နိုင်ဟု ဝါဒဖြန့်ယင် ငါ့အား လူအကြည်ညိုများမှာဘဲလို့ စိတ်ကူးပြီး မြတ်စွာဘုရား ထံ ချဉ်းကပ်၍ လျှောက်ထားတယ်၊ လျှောက်ထားပုံက "မြတ် စွာဘုရား ရဟန်းတို့အား အသက်ထက်ဆုံး သက်သတ်လွတ်စား ပါစေ၊မစားယင် အာပတ်ဖြင့် ပညာတော်မူပါ" လို့လျှောက် ထားတော့ မြတ်စွာဘုရားက "အစွန်းသုံးပါးမှ စင်ကြယ်တဲ့ အ သားကိုခွင့်ပြုထားပြီးဖြစ်တယ်"လို့ ပြန်ပြီးမိန့်တော်မူလိုက်တယ် ထို့နောက် တသက်လုံး ပံ့သုကူသင်္ကန်းဆောင်ဘို့ တသက်လုံး သစ်ပင်းရင်းကျောင်းမှာနေဘို့ တသက်လုံးတောကျောင်းမှာနေ ရင့်တသက်လုံး ဆွမ်းခံ၍သာ စားဘို့များကိုလဲ လျှောက်ထား တယ်၊မြတ်စွာဘုရားက ခွင့်မပြုပါဘူး၊ အကယ်၍သာ ဒီသက် သတ်လွတ်သည် သလ္လေခတရားဖြစ်ခဲ့ယင် ဓုတင် ၁၄-ပါး ဟော တန်ရာ၏၊မဟောခဲ့သဖြင့် သလ္လေခ မဟုတ်ဘူးဆိုဒါ သိရမယ်ကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အကယ်၍ သလ္လေခ အကျင့်ကို ကျင့်လိုပါက ဓုတင် ၁၃-ပါးစလုံးကို ဖြစ်စေ၊ မိမိ နိုင်သလောက်

www.dhammaransi.com



ဖြစ်စေ ကျင့်ကြရင် သလ္လေခဖြစ်တာပါဘဲ၊မျက်နှာ ကြီးရမယ့် ဓုတင်က မျက်နှာငယ်၍ မကြီးရမယ့် သက်သတ်လွတ်က မျက်နှာ ကြီးနေသောကြောင့် သာ အပန်းခံပြီး ပြေရှင်းနေရတာကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ပြောစရာ ရှိသေးတယ်၊ မြတ်စွာဘုရားအလောင်း ဘဝက သစ်သီးသစ်ရွက်တွေကို စားပြီး ကျင့်ခဲ့တဲ့ ဘဝတွေကို ဘယ့်နှယ် ဆိုမလဲလို့ ပြောစရာ ရှိပါတယ်၊ အဲဒါက သန္တုဋ္ဌိ သလ္လေခ ဖြစ်ပါတယ်၊ ဘာ့ကြောင့်လဲ ဆိုတော့ တောထဲမှာ သစ်သီးသစ်ရွက်မှ တပါး ဘာမျှမရှိသောကြောင့် ရှိတဲ့သစ်သီး သစ်ရွက်ကို စား၍ မရှိသော အသားဟင်းကို မတမ်းတချေ၊ အဲဒါက သန္တုဋ္ဌိ ဖြစ်တယ်၊ တခါ သစ်သီး သစ်ရွက်တို့ကိုလဲ ဗမာပြည်က သက်သတ်လွတ် ဆရာတို့လို ဆီတွေ ကြက်သွန် ကြော်တွေနဲ့ စားကောင်းအောင် တမင်အပင်ပန်းခံပြီး လုပ်တာ မဟုတ်. ရေနဲ့ပြုတ်၍ ဗိုက်ပြည့်ယင် ပြီးရောလို့ သဘောထား ကာ စားကြခြင်းကြောင့် သလ္လဟုကလဲဖြစ်, သလ္လေခလဲ ဖြစ် လေသည်ဟု မှတ်ကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ စင်စစ်မှာ ဒီသန္တုဋ္ဌိ သလ္လေခဆိုဒါ သီလမျှသာ ရှိ ပါသေးတယ်၊ ဝိပဿနာပွါးမှုပြုတဲ့အခါ တဏှာ သောင်းကျန်း လွန်းသောကြောင့် ထိန်းထားခြင်းပါဘဲ. ကိလေသာကို အမြစ် ပြတ် မသေစေနိုင်သေးပါဘူး၊ ၎င်းသန္တုဋ္ဌိ, သလ္လေခသည် ပညာနဲ့မတွဲဘဲ ရှေ့ကိုတိုးပြီး ကျင့်လိုက်ယင် အတ္တကိုလမထာ

www.dhammaransi.com



နုယောဂ ဖြစ်သွားတတ်တယ်၊ မြတ်စွာဘုရားသည် ပထမတော့ သန္တုဋ္ဌိ, သလ္လေခ တွင်ဘဲ ကျင့်နေပါတယ်၊ မရနိုင်တာနဲ့ ပညာနဲ့ မတွဲဘဲ ရှေ့ကိုတိုးလိုက်ရာ အတ္တကိလမထာနုယောဂ ဖြစ်ပြီး ခြောက်နှစ်တိုင်တိုင်လုံး ပင်ပန်းဆင်းရဲပြီး ဘုရားလဲ မဖြစ်ပါဘူး၊ နောက်မှ အကျင့်ကိုလျှော့ပြီး သန္တုဋ္ဌိတရားတွင် ထား၍ မယ်သုဇာ လှူတဲ့ နို့ဆွမ်းကို စားပြီး ပညာနဲ့တွဲတော့မှ ဘုရားဖြစ်လာတယ် မဟုတ်လား။

တပည့် မှန်ပါတယ်ဘုရား။

ဆရာ ဒါကို မသိကြတော့ အချို့ပုဂ္ဂိုလ်တွေက သူများနဲ့ မတူအောင် အဝတ်ထူးမှု, သူများနဲ့မတူအောင် အစားထူးမှု သူများနဲ့မတူအောင် အနေထူးမှု,အကျင့်လို့ ထင်ကြတယ်၊ဒီလို လူတွေဟာ မိစ္ဆာဒိဋ္ဌိတိုနိုင် တွေ့ယင် အလွယ်နဲ့ ယုံကြည်ပြီး မိစ္ဆာဒိဋ္ဌိဘက်ကို ပါသွားကြဒါဘဲ၊ မိစ္ဆာဒိဋ္ဌိ အကျင့်တွေကမူ သူတကာနှင့် မတူ့ထူးအောင်ကျင့်ကြတာဖြစ်တယ်၊ ရေစိမ်ကျင့်တယ်, မီးကင် ကျင့်တယ်, ဆူးပေါ်မှာအိပ်ပြီး ကျင့်တယ်, နွားချေးချပ်ကို စားကျင့်တယ်, အဝတ်မဝတ်ဘဲကျင့်တယ်, ဆွမ်းခံတဲ့နေရာမှာလဲ တအိမ်သာ ခံပါမယ်ဟုရင်း, တလမ်းသာ ခံပါမယ်ဟုရင်း စိဋ္ဌာန်၍ ကျင့်ကြတယ်၊သူများနှင့် မတူအောင်ကျင့်မှု ဆိုယင် ဒိဋ္ဌိတွေကိုသာ ကိုးကွယ်စရာ ဖြစ်မနေပါလား။

တပည့် ဖြစ်နေပါတယ်ဘုရား၊

ဆရာ အချို့ကလဲ ဒုက္ခပဋိပဒါဆိုဒါ ဆင်းဆင်း ရဲရဲကျင့် ရတယ်၊ ကျားကိုက်ခံရတဲ့ ဗျဂ္ဃမထေရ်တို့ မိမိဒူးကို မိမိချိုးတဲ့ မထေရ်တို့ကို ကြည့်ပါလား စသည်ဖြင့် ပြောလေ့ရှိကြတယ်၊

www.dhammaransi.com



ကျွားကိုက်ခံရတဲ့ မထေရ်သည် ကျွားကိုက်လို့ပင် မဂ်ကိုရဒါ လား၊ သို့မဟုတ် ကျွားမကိုက်မီက စီးဖြန်းနေကျဖြစ်တဲ့ ဘာဝ နာကိုပွါးနေရာ ကျွားကိုက်သော်လဲ ဝေဒနာကို မခံစားနိုင်ပါဘဲ စီးဖြန်းမြဲ ကမ္မဋ္ဌာန်းကို ရှေးကထက်တိုး၍ စီးဖြန်းသဖြင့် ရဒါ လားဆိုဒါ စီစစ်သင့်တယ်၊ ဒူးကိုချိုးတဲ့ မထေရ်ဟာလဲ ဒူးကို ချိုးလို့ မဂ်ကိုရဒါလား၊ ဒူးကိုချိုးခြင်းသည် ခိုးသားတို့ယုံကြည် ပြီး စောင့်ဆိုင်းရုံမျှသာဖြစ်၍ ဆင်ခြင်မှုကို ရှေးကထက် တိုးပြီး အားထုတ်သဖြင့် မဂ်ကို ရဒါလားဆိုဒါ စီစစ်ရမယ် အကယ်၍ ပင်ပန်းခြင်းကြောင့် မဂ်ကို ရဒါပါ ဆိုယင် ငရဲသားတို့သည် ရဟန္တာချည်း ဖြစ်သင့်တယ်၊ အသုရကာယ်ဓါ ပြိတ္တာတို့သည် အနာဂါမ်ချည်းဖြစ်သင့်တယ်၊ တစ္ဆေ့မှင်စာဓါ ပြိတ္တာတို့သည် သကဒါဂါမ်တွေချည်း ဖြစ်သင့်တယ်၊ တိရစ္ဆာန်တို့သည် သော တာပန်တွေချည်း ဖြစ်သင့်တယ်၊ အပါယ်လေးဘုံသားတို့သည် မဂ်နဲ့မတန်သူတွေ ဖြစ်သောကြောင့် ဆင်ခြင်မှု ဉာဏ်သာ လို ရင်းဖြစ်တယ်၊ ဒုက္ခပဋိပဒါဆိုဒါ ဆင်ခြင်ပွါးများမှုကို ပြုရာ၌ ဘယ်လိုဒုက္ခနဲ့ ကြုံတွေ့ရစေကာမူ ၎င်းဒုက္ခတွေကို သည်းခံပြီး မရှော့တဲ့ ဇွဲလုံ့လတို့ဖြင့် ဆင်ခြင်မြဲ ဆင်ခြင်နေဒါကို ခေါ်တယ် တမင်ဆင်းရဲအောင် လုပ်ရဒါမဟုတ်၊ တဏှာတွေ သောင်းကျန်း ၍ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်ကို မရနိုင်ဒါလို့ ထင်ယင် သန္နိဋ္ဌာ, သဒ္ဓါတရားတို့နဲ့ တွဲဘက်ကာ ဆင်ခြင်မှုကိုပြုရတယ် ဒါမှ နည်းမှန်ကျတယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ယခုပြောခဲ့ဒါက ပဋိပတ် အလွဲတွေကို စီစစ်ပြီး ပြဒါ၊ ပဋိပတ် အစစ်ကတော့ ဝိပဿနာ ဉာဏ်ကို ရအောင်

www.dhammaransi.com



ဆင်ခြင်ဒါကို ခေါ်တယ်၊ အဲဒါကိုပင် အလုပ်လို့လဲ ခေါ်တယ်၊ ပဋိပတ်လို့လဲခေါ်တယ်၊အကျင့်လို့လဲခေါ်တယ်၊ကမ္မဋ္ဌာန်းအားထုတ်မှုလို့လဲခေါ်တယ်၊ ဝိပဿနာဉာဏ်ကို ရအောင် ဆင်ခြင်တဲ့နေရာမှာ အတ္တကိလမထာနုယောဂဘက်သို့လဲ မယိမ်းစေရ၊ ကာမသုခလ္လိကာနုယောဂဘက်သို့လဲမတိမ်းစေမှ မဇ္ဈိမပဋိပဒါကျဘယ်၊မဇ္ဈိမ ပဋိပဒါကျမှလဲ မဂ်ကိုရတယ်၊ တဘက်ဘက်သို့ ယိမ်းသွားယင် မရဘူးကွဲ့ မောင်စိန်ရဲ့။

တပည့်  မှန်ပါဘုရား။

ဆရာ  ဗမာပြည်ရှိ သံဃာတို့သည် ပရိယတ္တိ သာသနာမှာတော့ ၈၀-ရာခိုင်နှုန်းရှိသည့်အတွက် အားရစရာပါဘဲ၊ ပဋိပတ္တိသာသနာကျတော့ ၂၀-ရာခိုင်နှုန်းတောင် ပြည့်မယ်လို့ မထင်၊ ပဋိပတ်အရာမှာ အားငယ်နေကြတယ်၊ ဒီလိုသာ ပဋိပတ်ကိုပစ်ထားကြယင် ဗမာပြည်သည် ဗုဒ္ဓဘာသာ တိုင်းပြည်ဖြစ်ကြောင်းကို အစိုးရက ဘယ်လိုကျေညာပေမဲ့ အသံသာရှိ၍ အဆံ မပါပါဘူး ပဋိပတ်ကို ၇၀-ရာခိုင်နှုန်းလောက် ကြိုးစားကြယင် အစိုးရက မကျေညာသော်လဲ သာသနာတော်ကြီးသည် ကြီးပွါးတိုးတက်လာမှာ သေချာပါတယ်၊ မြတ်စွာဘုရား လက်ထက်က ဘယ်တိုင်းပြည်မှ ဤကဲ့သို့ မကျေညာခဲ့ချေ၊ ဆိုလိုရင်းမှာ အစိုးရကို အားမကိုးကြဘဲ မိမိ အားရှိသလောက် ကြိုးစားကြဘို့သာ တိုက်တွန်းပါကယ်၊ လက်ရှိ အခြေအနေမှာ အတော် ဆိုးဝါးနေပါတယ်၊ ဘာသာခြားပုဂ္ဂိုလ် ကြည်ညိုဘို့ မပြောနဲ့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ပင် ကြည့်၍ မရအောင် ဆိုးဝါးနေဒါကို မြို့ကြီးပြကြီးတို့၌ အထင်အရှား တွေ့နေရပေတယ်၊ မပြင်ကြဘဲ

www.dhammaransi.com



ဤအတိုင်းသာ ဆက်လက်၍ သွားနေကြယင် သာသနာတော်သည် မတွေ့ဝ ့တဲ့ အခြေသို့ မလွဲပုံသေ ရောက်ရချေတော့မယ် သို့အတွက် တကာ တကာမတို့နှင့်တကွ သာသနာချစ် ရဟန်းတို့သည် ပဋိပတ်ကိုသာ အားပေးကြမှ ဘုရားကို ချစ်ရာကျမယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ပဋိပတ် ဆိုသည်မှာ အတ္တကိလမထာ နုယောဂ, ကာမသုခလ္လိကာ နုယောဂ, ဆိုတဲ့ အယုတ်တရား ၂–ပါးသို့ မရောက်စေဘဲ ဝိပဿနာဆင်ခြင်မှုကိုခေါ်တယ်လို့ ပြောခဲ့ပြီးပါပြီ၊ ဝိပဿနာဉာဏ် ၁၀-ပါးတို့တွင်လဲ သမ္မသန ဉာဏ်သည် မူလဘူတ လက်ဦးဆင်ခြင်ရမည့် ဉာဏ်ပေတည်း၊ သမ္မသန ဉာဏ်ဆိုသည်မှာ ရုပ် နာမ် ၂–ပါးကို ဖြစ်စေ, ခန္ဓာငါးပါးကို ဖြစ်စေ, ပညာဘ်စင်၍ ပရမတ်သားကိုမြင်အောင် ဆင်ခြင်မှုကို ဆိုတယ်၊ သို့အတွက် ခန္ဓာငါးပါးကို သိအောင် ပထမ လုပ်ရမယ်၊ ခန္ဓာ ငါးပါး ဆိုသည်မှာ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ကို ခေါ်တယ်၊ ရူပက္ခန္ဓာဆိုသည်မှာ ဖေါက်ပြန်တတ်တဲ့ ရုပ်အစုကို ခေါ်တယ်၊ ဝေဒနာက္ခန္ဓာဆိုသည်မှာ အာရုံ၏ အရသာကို ခံစားတတ်တဲ့ သဘောကို ခေါ်တယ်၊ သညာက္ခန္ဓာ ဆိုသည်မှာ မှတ်သားတတ်တဲ့ သဘောကို ခေါ်တယ်၊ သင်္ခါရက္ခန္ဓာ ဆိုသည်မှာ ကောင်းမှုမကောင်းမှုတို့၌ တိုက်တွန်းတတ်တဲ့ သဘောကို ခေါ်တယ်၊ ဝိညာဏက္ခန္ဓာဆိုသည်မှာ အာရုံကို သိတတ်တဲ့ သဘောကို ခေါ်တယ်၊ ခန္ဓာကိုယ်မှာ တကယ်ရှိ အဟုတ်ရှိကား ၎င်း

www.dhammaransi.com



သဘော ၅-ခုသာ ရှိပေတယ်၊ သို့အတွက် ၎င်းသဘောစတရား ငါးပါးကို ပညတ်စင်အောင် ကြည့်ရှုမယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ဆောင်းရာသီ၏ အအေးဥတု၊ နွေရာသီ၏ အပူဥတုကို ကိုယ်ကစယနဲ့ တွေ့ရသလို ခန္ဓာငါးပါး၏ သဘောတရားတို့ကိုလဲ ဉာဏ်နဲ့တွေ့အောင် ဆင်ခြင်ရမယ်၊ ဉာဏ်နဲ့တွေ့ယင် တဆင့်တက်ပြီး ဆင်ခြင်ရမှာက ဆောင်းရာသီ၏ အအေးဥတု နွေရာသီ၏ အပူဥတုသည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ အသက်၊ လိပ်ပြာ၊ မဟုတ်ဘဲ သဘောအားလျော်စွာ ဖြစ်နေသကဲ့သို့ ၎င်းခန္ဓာငါးပါး သဘောတရားတို့သည်လည်း ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား မိန်းမ၊ အသက် လိပ်ပြာ မဟုတ်၊ အကြောင်းအား လျော်စွာ ဖြစ်ပေါ်နေတဲ့ သဘာဝတရားတို့သာ ဖြစ်ပါကလားလို့ ကျေနပ်တဲ့ ဉာဏ်အမြင်၊ ပိုင်နိုင်တဲ့ ဉာဏ်အမြင်၊ ရဲရင့်တဲ့ ဉာဏ်အမြင်၊ မတုန်လှုပ်တဲ့ ဉာဏ်အမြင်၊ ခိုင်ခံ့တဲ့ ဉာဏ်အမြင်၊ ပေါက်အောင် အားထုတ်ရမယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ဒီလိုပညတ်ကင်းစင်၍ ပရမတ်ဉာဏ်ကို ရလစတဲ့ အခါ သမ္မသနဉာဏ်ကိုရပြီဖြစ်၍ ဥဒယဗ္ဗယဉာဏ်ဖြင့် အတ္တစွဲကို ခွါခြင်းငှါ ခန္ဓာငါးပါးတို့၏ အကြောင်းကို ရှာရလိမ့်မယ်၊ ဘယ်လိုရှာရမလဲ ဆိုတော့ ရူပက္ခန္ဓာခေါ် ဖေါက်ပြန်တတ်တဲ့ ရုပ်အစုသည် အာဟာရမရှိပါက အသက်ရှင်နိုင်ပါ့မလား။

တပည့် မရှင်နိုင်ပါဘုရား။

www.dhammaransi.com



ဆရာ ဥပမာပေးအုံးမယ်၊ ရေနံဆီမီးခွက်သည် ရေနံဆီ မရှိက မီးတောက်ရဲ့လား။

တပည့် မတောက်ပါဘုရား။

ဆရာ ရေနံဆီ ထဲ့လိုက်ယင် မီးတောက်ပြီးမလာပါလား။

တပည့် လာပါတယ်ဘုရား။

ဆရာ အဲဒီလိုဘဲ အာဟာရကို မစားရယင် ရုပ်ကလာပ်က္ခန္ဓာ ကြီးသည် ပိန်ချုံးပြီး သေမသွားပါလား။

တပည့် သေသွားရပါတယ်ဘုရား။

ဆရာ အာဟာရကို နေ့စဉ်စားပေးယင် ကျန်းမာဖွံ့ဖြိုးပြီး အသက်မရှည်ပါလား။

တပည့် ရှည်ပါတယ်ဘုရား။

ဆရာ ဒီတော့ အာဟာရ ထောက်ပံ့ယင် ရူပက္ခန္ဓာဖြစ်၍ အာဟာရ မထောက်ပံ့ယင် ရူပက္ခန္ဓာ ချုပ်ရတယ် မဟုတ်လား။

တပည့် မှန်ပါတယ်ဘုရား။

ဆရာ သို့အတွက် ရူပက္ခန္ဓာ၏ အကြောင်း တရားသည် အာဟာရ မဖြစ်ပါလား။

တပည့် ဖြစ်ပါတယ်ဘုရား။

ဆရာ အေး....ဒါကြောင့် ထမင်းစားတဲ့အခါ အာဟာရ ဇရုပ်တွေ တဖွါးဖွါး ဖြစ်နေသည်ကို ဉာဏ်နဲ့မြင် အောင် ဆင်ခြင်ရမယ်၊ ပြီးတော့ ယခုဖြစ်နေတဲ့ ရုပ် တရားတို့သည် မစားမီက မရှိ၊ စားဆဲခဏ၌ တဖွါး

www.dhammaransi.com



ဖွါး ဖြစ်ကြကုန်၏၊ သို့အတွက် ရုပ်သည် အတ္တ မဟုတ်ပါကလားဟု ဉာဏ်ဖြင့် ပိုင်အောင် ရှုရ မယ်၊ ပိုင်ယင် ဥစ္ဆေဒဒိဋ္ဌိ သေတော့၏၊ ညနေကျ၍ ဗိုက်ထဲမှာ အာဟာရ မရှိတဲ့အခါ အာဟာရဇ ရုပ်တွေ တဖြုတ်ဖြုတ်နဲ့ ချုပ်ကုန်လိမ့်မယ်၊ ချုပ် တာကို မြင်အောင် ဉာဏ်နဲ့ဆင်ခြင်ရမယ်၊ မြင်တဲ့ အခါ ဪ အာဟာရမရှိ၍ ရုပ်တို့ ချုပ်ခြင်းသည် ရုပ်နဲ့စပ်တဲ့ အတ္တမရှိလို့ဘဲဟု ပိုင်အောင် ရှုရမယ် ပိုင်ယင် သဿတဒိဋ္ဌိ သေတော့၏ ၎င်းဒိဋ္ဌိ ၂-ပါး သေယင် ဥဒယဗ္ဗယ ဉာဏ်ကို ပိုင်တော့ဒါပေါ့၊ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ယခုပြဒါက သမုဒယ, အတ္ထင်္ဂမ ၂-ပါးကို ပြဒါ အဿာဒနှင့် အာဒီနဝ ၂-ပါးကို ပြအုံးမယ်ကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါ ပြတော်မူပါဘုရား။

ဆရာ တခါတရံ ရူပက္ခန္ဓာကြီးသည် ကောင်းတဲ့အာဟာရ ထောက်ပံ့သဖြင့် ကျန်းမာ၍ မချမ်းသာပါလား။

တပည့် ချမ်းသာပါတယ်ဘုရား။

ဆရာ အဲဒီလို ရူပက္ခန္ဓာကြီး ကျန်းမာသဖြင့် စိတ်ချမ်းသာ ဒါက အဿာဒတဲ့၊ ဗမာလိုတော့ သာယာဘွယ် လို့ခေါ်တယ်မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

www.dhammaransi.com



ဆရာ ။ ။ ငှင်း ရူပက္ခန္ဓာကြီးသည် ဘယ်လိုပင် ကျန်းမာ၍ အဿာသဖြစ်သော်လဲ ဇရာမီးက အမြဲတန်းလောင်နေသဖြင့် တဖြေးဖြေးအိုလာတယ်မဟုတ်လား။

တပည့် ။ ။ အိုလာပါတယ်ဘုရား။

ဆရာ ။ ။ အဲဒီလို ပျိုရာကအိုပြီးလာ့ဒါ မြဲတယ်လို့ ဆိုမလား, မမြဲဘူးလို့ ဆိုမလား။

တပည့် ။ ။ မမြဲဘူးလို့ဆိုရပါမယ်ဘုရား။

ဆရာ ။ ။ အို၍လာတဲ့အခါ မျက်စိကမှုံ, နားကထိုင်း, ခါးကကိုင်း, သွားတွေကကျိုး, ဆံပင်တွေကဖြူ, အရေတွေကတွန့်, သလိပ်တွေကပေါ, ချောင်းဆိုး တဟုတ်ဟုတ်နဲ့ ၉၆–ဖြာ ရောဂါ တည်းဟူသော သေမင်း၏ တပ်တော်သားများ အနှိပ်အစက်ကို မခံရပါလား။

တပည့် ။ ။ ခံရပါတယ်ဘုရား။

ဆရာ ။ ။ ဒီလို အနှိပ်စက်ခံရဒါကို ချမ်းသာတယ်ခေါ်မလား, ဆင်းရဲတယ်ခေါ်မလား။

တပည့် ။ ။ ဆင်းရဲတယ် ခေါ်ရပါမယ်ဘုရား။

ဆရာ ။ ။ ဒီသို့သေမင်း၏ တပ်ဘော်သားတို့၏ အနှိပ်အစက်ကို ကာကွယ်နိုင်တဲ့ အနှစ်သာရ ခန္ဓာကိုယ်မှာ ရှိရဲ့လား။

တပည့် ။ ။ မရှိပါဘုရား။

ဆရာ ။ ။ ငှင်းမမြဲမှုအနိစ္စ, ဆင်းရဲမှုဒုက္ခ, အနှစ်သာရ မရှိတဲ့ အနတ္တတရားဘို့သည် အာဒိနဝဘဲ မောင်စိန်ရဲ့။

တပည့် ။ ။ မှန်ပါဘုရား။

ဆရာ ၎င်းအာဒီနဝ ဗမာလို အပြစ်တွေကို မမြင်ကြလို့ ငါ၏ကိုယ်ဟု တွယ်တာကြဒါပေါ့၊ အကယ်၍သာ မြင်ပါမူကား မတွယ်တာတဲ့အပြင် ငြီးငွေ့ပြီးမလာပါလား။

တပည့် လာပါတယ်ဘုရား။

ဆရာ ငြီးငွေ့လာဒယင် ၎င်းရူပက္ခန္ဓာမှ လွတ်လိုသောစိတ် ဖြစ်မလာဘူးလား။

တပည့် ဖြစ်လာပါတယ်ဘုရား။

ဆရာ လွတ်လိုသောစိတ်ဖြစ်လာယင် ရူပက္ခန္ဓာ ချုပ်ရာကိုသာ ချမ်းသာမှုအဖြစ်ဖြင့် မြင်ပြီးမလာပါလား။

တပည့် မြင်လာပါတယ်ဘုရား။

ဆရာ အဲဒါ ဂေါတြဘူဉာဏ် ခေါ်တယ်၊ ၎င်းဂေါတြဘူဉာဏ်ဖြင့် ချမ်းသာမှုအစစ်ကိုမြင်တော့ ချမ်းသာတုဖြစ်တဲ့ အသာဒတရားကို လက်လွှတ်ထား ချမ်းသာစစ်ကိုသာ လုံးလုံးလျားလျား အားထားတဲ့ စိတ်ဖြစ်မလာပါလား။

တပည့် ဖြစ်လာပါတယ်ဘုရား။

ဆရာ အဲဒါက မဂ်စိတ်ပေါ်တာတဲ့၊ မသိမီက ကြွေးတုံးကို ရွှေထင်ပြီး တရိုတသေ သိမ်းစည်း ထားရာ ရွှေစစ်ကို မြင်တော့ ကြွေးတုံးကြီးကို လွှင့်ပစ်လိုက်သလိုပေါ့ မောင်စိန်ရဲ့

တပည့် မှန်ပါဘုရား

ဆရာ အဲဒီလိုမဂ်စိတ်ဖြင့် အစွဲအလမ်းအတွယ်အတာတွေကို ဖြတ်လိုက်တော့ စွဲလမ်းမှု တွယ်တာမှုမှ လွတ်

www.dhammaransi.com



မသွားပါလား။

တပည့် လွှတ်သွားပါတယ်ဘုရား။

ဆရာ အဲဒီလို လွှတ်တာကို နိဿရဏလို့ ခေါ်တယ်ကွဲ၊ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ တရားဆိုဒါ ခန္ဓာ ငါးပါးတို့တွင် တပါးပါး၌ အာဒီနဝ ဉာဏ်ပေါက်၍ တဏှာခြောက်ခမ်းသွားယင် ပြီးဒါပါဘဲ၊ ဒါပေမဲ့ စွဲလမ်းဒါချင်း မတူဘူး အချို့က ရူပက္ခန္ဓာမှာ စွဲလမ်းတယ်၊ အချို့က ဝေဒနာက္ခန္ဓာမှါစွဲလမ်းတယ်အချို့ကသညာက္ခန္ဓာမှာစွဲလမ်းတယ်၊အချို့က သင်္ခါရက္ခန္ဓာမှာစွဲလမ်းတယ်၊ အချို့က ဝိညာဏက္ခန္ဓာမှာ စွဲလမ်းတယ်၊ ဒါကြောင့်.... ဝေဒနာက္ခန္ဓာကိုလည်း သမုဒယ, အတ္တင်္ဂမ, အဿာဒ, အာဒီနဝ, နိဿရဏ ငါးပါးတို့ဖြင့် ပြကြအုံးစို့ကွဲ မောင်စိန်ရဲ့။

တပည့် ပြတော်မူပါဘုရား။

ဆရာ ဥပမာပေးအုံးမယ်၊ မီးခြစ်ခဲ, မီးခြစ်ဆံ, ခြစ်ခတ်ခြင်း ၎င်းသုံးခု မပေါင်းစုဘဲ မီးတောက် ပေါ်ပါ့မလား။

တပည့် မပေါ်ပါဘုရား။

ဆရာ ၎င်းသုံးခု ပေါင်းစုမိယင် မီးတောက်ပေါ်ပြီးမလာပါလား။

တပည့် လာပါတယ်ဘုရား။

www.dhammaransi.com



ဆရာ   အဲဒီလိုဘဲ အာရုံဒွါရ,ဝိညာဉ်-၎င်းသုံးပါးမပေါင်း စုမိဘဲ ခံစားမှုဝေဒနာဖြစ်ပေါ်၍မလာဘူး၊ပေါင်း စုမိမှ ပေါ်လာတယ် မောင်စိန်ရဲ့။

တပည့်   မှန်ပါဘုရား။

ဆရာ   ၎င်းသုံးပါးပေါင်းစုမိဒါကို ဖဿလို့ခေါ်တယ်၊၎င်း ဖဿဖြစ်မှ ဝေဒနာဖြစ်ရတယ်မဟုတ်လား။

တပည့်   ဟုတ်ပါတယ်ဘုရား။

ဆရာ   ဖဿချုပ်ယင် ဝေဒနာကော ချုပ်မသွားပါလား။

တပည့်   ချုပ်သွားပါတယ်ဘုရား။

ဆရာ   ဖဿဖြစ်ယင် ဝေဒနာဖြစ်တာက သမုဒယ၊ ဖဿ ချုပ်ယင်ဝေဒနာချုပ်တာကအတ္တင်္ဂမလို့ခေါ်တယ် ၎င်းသမုဒယ, အတ္တင်္ဂမကို ဉာဏ်နဲ့မြင်အောင် ဆင် ခြင်ရမယ်၊ဒါမှ ဥစ္ဆေဒ, သဿတ ၂-ပါးသေမှာကွဲ မောင်စိန်ရဲ့။

တပည့်   မှန်ပါဘုရား။

ဆရာ   အဿာဒနဲ့ အာဒီနဝ ၂—ပါးကိုပြုကြအုံးစို့ ဝေ ဒနာက ငါးမျိုးရှိတယ်၊ သုခဝေဒနာ,ဒုက္ခဝေဒနာ သောမနဿဝေဒနာ,ဒေါမနဿဝေဒနာ, ဥပေက္ခာ ဝေဒနာတဲ့၊ ၎င်းငါးပါး တို့တွင် သုခ ဝေဒနာနဲ့ သောမနဿဝေဒနာ ၂-ပါးသည် အဿာဒ သာ ယာဘွယ်ဘဲကွဲ မောင်စိန်ရဲ့။

တပည့်   မှန်ပါဘုရား။

www.dhammaransi.com



ဆရာ ဘယ်လိုပင် အာယာဒဖြစ်ပေမဲ့ ငင်းဝေဒနာ ၂-ပါးသည် ဖဿဖြစ်ယင် ဖြစ်ရ၍ ဖဿ ချုပ်ယင် ချုပ်ရသောကြောင့် မမြဲတဲ့ အနိစ္စအဖြစ်, ဇာတိဇရာ့မရဏမီးလောင်ခံရတဲ့ ဒုက္ခအဖြစ်, ဖေါက်ပြန်တတ်တဲ့ ဝိပရိဏာမအဖြစ်, မိမိဘာသာဖြစ်နိုင်တဲ့ သတ္တိမရှိ ဖဿပြုပြင်သလို ဖြစ်ရတဲ့ အနတ္တအဖြစ်တွေ ရှိမနေပါလား။

တပည့် ရှိနေပါတယ်ဘုရား။

ဆရာ အဲဒါ သုခဝေဒနာနဲ့ သောမနဿ ဝေဒနာတို့၏ အပြစ် အာဒီနဝဘဲ၊ ကျန်ဝေဒနာများမှာ "နူရာဝဲစွဲ လဲရာသူခိုးထောင်း" ဆိုဒါလို ပင်ကိုယ်ကပင် ဆင်းရဲတဲ့ဝေဒနာတွေဖြစ်၍ သာယာဘွယ် မရှိတဲ့ အပြင် အနိစ္စ, ဒုက္ခ, ဝိပရိဏာမ, အနတ္တ, တည်းဟူသော အပြစ်အနာတွေ ဖိလိုက်ပြန်တော့ ကြောက်စရာပင် ကောင်းပြီးမလာပါလား။

တပည့် ကြောက်စရာတွေပါဘုရား။

ဆရာ ယခုပြဒါက အဿာဒနှင့် အာဒီနဝ ဖြစ်တယ်၊ နိဿရဏကို ပြကြအုံးစို့၊ ငင်းဝေဒနာ ၂-ပါးတို့၏ အပြစ် အာဒီနဝတို့ကိုမြင်လာယင် ငြီးငွေ့ပြီးမလာပါလား။

တပည့် ငြီးငွေ့လာပါတယ်ဘုရား။

ဆရာ ငြီးငွေ့လာယင် ငင်းဝေဒနာက္ခန္ဓာတို့မှ လွတ်လိုတဲ့ စိတ်ပေါ်ပြီးမလာဘူးလား။

တပည့် လာပါတယ်ဘုရား။

www.dhammaransi.com



သရာ　ဝေဒနာက္ခန္ဓာမှ လွတ်လိုတဲ့စိတ်ပေါ်လာယင် ဝေဒနာက္ခန္ဓာ၏ချုပ်ရာကိုသာ ချမ်းသာမှုအဖြစ်ဖြင့်မြင်ပြီးမလာပါလား။

တပည့်　မြင်လာပါတယ်ဘုရား။

သရာ　အဲဒီအမြင်ဉာဏ်ကို ဂေါတြဘူဉာဏ်လို့ ခေါ်တယ်၊ ၎င်းဉာဏ်ဖြင့် ချမ်းသာမှု အစစ်ကို မြင်တော့ချမ်းသာမှုမစစ်တဲ့ ဝေဒနာတို့၏ အပေါ်မှာ စွဲလမ်းခဲ့တဲ့ စွဲလမ်းမှု တွယ်တာမှုတို့ကို ဖြတ်ပစ်တဲ့စိတ် ပေါ်မလာပါလား။

တပည့်　ပေါ်လာပါတယ်ဘုရား။

သရာ　အဲဒီလို ချမ်းသာစစ်ကို အာရုံပြုပြီး စွဲလမ်းမှု တွယ်တာမှုကို ဖြတ်ပစ်တဲ့ စိတ်ကို မဂ်စိတ်လို့ ခေါ်တယ် မောင်စိန်ရဲ့။

တပည့်　မှန်လာပါတယ်ဘုရား။

သရာ　ရန်သူတွေကိုစစ်သားတွေကသတ်ပစ်သဖြင့်အောင်ပွဲခံတဲ့ မင်းကြီးကဲ့သို့ မဂ်ဉာဏ်ဖြင့် ကိလေသာကို သတ်လိုက်တော့ ရန်သူဘေးမှ အေးမြတဲ့ သုခကို ခံစားမှုစိတ် ဖြစ်မလာဘူးလား။

တပည့်　လာပါတယ်ဘုရား။

သရာ　အဲဒီစိတ်ကို ဖိုလ်စိတ်လို့ ခေါ်တယ်၊အဲဒီလို ကိလေသာတို့မှ လွတ်မြောက်ပြီးလာဒါကို နိဗ္ဗာန်လို့ ခေါ်တယ်ကွဲ့ မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

www.dhammaransi.com



ဆရာ ယခု ပြခဲ့ဒါက ဝေဒနာက္ခန္ဓာ၏ ပဋိပတ် စခန်းလမ်းစဉ် ဖြစ်တယ်၊ ကြိုက်ရာကို ဆင်ခြင်စေဘို့ သညာက္ခန္ဓာကိုလဲ သမုဒယ, အတ္ထင်္ဂမ, အဿာဒ, အာဒီနဝ, နိဿရဏတို့ဖြင့် ပြကြအုံးစို့ကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါ ပြတော်မူပါဘုရား။

ဆရာ အာရုံ့, ဒွါရ, ဝိညာဉ်-ဂုဏ်းသုံးပါးတို့ဖြင့် ပေါင်းဆုံမိခြင်းဟု ဆိုအပ်သော ဖဿ မဖြစ်ဘဲ မှတ်သားမှု သညာဖြစ်နိုင်ပါ့မလား။

တပည့် မဖြစ်နိုင်ပါဘုရား။

ဆရာ အေး ဒါကြောင့် ဖဿဖြစ်မှ သညာ ဖြစ်ရတယ် အဲဒါက သမုဒယခေါ်တယ်၊ဖဿချုပ်တော့သညာ ချုပ်မသွားပါလား။

တပည့် ချုပ်သွားပါတယ်ဘုရား။

ဆရာ အဲဒါက အတ္ထင်္ဂမလို့ခေါ်တယ်၊စင်စစ်မှာ ဂုဏ်းသမုဒယနဲ့ အတ္ထင်္ဂမတို့သည် ဥဒယဗ္ဗယဉာဏ်ဘဲ၊ ဒီဉာဏ်ကိုမရယင် သတ္တဝါတို့ ထင်ပုံက ဒီလိုကွဲ၊ မှတ်တတ်တဲ့ ငါသည် အမြဲတန်းရှိနေပြီး မှတ်စရာပေါ်ယင် ထပြီးမှတ်လိုက်တယ်လို့ ထင်တတ်တယ်၊သမုဒယနဲ့ အတ္ထင်္ဂမတို့ကို မြင်မှသာ ဩော် မှတ်တဲ့ ငါရယ်လို့ ရှိဒါမဟုတ်၊ဖဿက ထောက်ပံ့လိုက်ယင် မှတ်သားမှုသည် အကြောင်းအားလျော်စွာဖြစ်ပေါ်၍လာရဒါပါကလား ဖဿချုပ်ယင် မှတ်သားမှုလဲ ချုပ်ရတော့ဒါဘဲ သူ၏ ပင်ကိုယ်သတ္တိ ဘာမှမရှိပါကလား၊ အဲဒီလို အသိဉာဏ် ပေါ်လာတယ်၊

www.dhammaransi.com



သမုဒယကို မြင်ယင် ဥစ္ဆေဒသော ၏ အတ္တဂ္ဂမက်မြင်ယင် သဿတ သေတယ်ကွဲ မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ဆရာ　အဿာဒ၊ အာဒီနဝကိုပြကြအုံးစို့၊ ကောင်းတဲ့ဣဋ္ဌာ ရုံကို မှတ်သားရဒါဟာ အဿာဒဘဲ၊ ဘယ်လိုပင် ကောင်းတဲ့ အာရုံကို မှတ်သားရပေမဲ့ ဖဿဖြစ် ယင်ဖြစ်ရ၍ ဖဿချုပ်ယင် ချုပ်ရတဲ့ အနိစ္စအဖြစ်၊ ဇာတိ၊ ဇရာ၊ မရဏာမီးလောင်ခံနေရတဲ့ ဒုက္ခအဖြစ်၊ ဖေါက်ပြန်တတ်တဲ့ ဝိပရိဏာမ အဖြစ်တွေ ရှိမနေ ပါလား။

တပည့်　ရှိနေပါတယ်ဘုရား။

ဆရာ　ရူပသညာ၊ သဒ္ဒသညာ၊ ဂန္ဓသညာ၊ ရသ သညာ၊ ဖေါဋ္ဌဗ္ဗသညာ၊ ဓမ္မသညာ–၎င်း ၆-ပါးကိုကောင်း မကောင်း ၂-ပါးနဲ့မြှောက် ၁၂-ပါးရတယ်၊ ၎င်း ၁၂-ပါးသော သညာတိုင်းမှာ အနိစ္စ၊ ဒုက္ခ၊ ဝိပရိ ဏာမဆိုတဲ့ အဖြစ်တွေ ရှိတာချည်း မဟုတ်လား မောင်စိန်ရဲ့။

တပည့်　ရှိဒါချည်းပါဘဲဘုရား။

ဆရာ　ဒီလို သညာက္ခန္ဓာမှာ အဖြစ်တွေကိုမြင်ယင် ငြီးငွေ့ ၍ မလာပါလား။

တပည့်　လာပါတယ်ဘုရား။

ဆရာ　ငြီးငွေ့ယင် သညာက္ခန္ဓာမှ လွတ်လိုစိတ် ဖြစ်မလာ ပါလား။

တပည့်　ဖြစ်လာပါတယ်ဘုရား။

www.dhammaransi.com



ဆရာ — လွတ်လိုတဲ့ စိတ်ဖြစ်ယင် သညာက္ခန္ဓာ ချုပ်ရာကို သာ အချမ်းသာဆုံးအဖြစ်မြင်၍ မလာပါလား၊

တပည့် — မြင်လာပါတယ်ဘုရား။

ဆရာ — အဲဒါက ဂေါတြဘူဥာဏ် ရင်းဥာဏ်ဖြင့် ချမ်းသာ စစ်ကိုမြင်တော့ ချမ်းသာမစစ်တဲ့ ခန္ဓာ၌တွယ်တာ စွဲလမ်းမှုကိုဖြတ်၍ ချမ်းသာစစ်ကိုသာ လုံးလုံးအာ ရုံပြုတဲ့ စိတ်ပေါ်မလာပါလား။

တပည့် — ပေါ်လာပါတယ်ဘုရား။

ဆရာ — အဲဒါက မဂ်စိတ်ဖြစ်တယ်၊ မဂ်စိတ်ဖြင့် ကိလေသာ တွေကို သတ်၍ ကိလေသာ သေသွားတော့ ရန်သူ ဘေးမှအေးမြတဲ့သုခကိုခံစားတဲ့ စိတ်ပေါ်မလာပါ လား။

တပည့် — ပေါ်လာပါတယ်ဘုရား။

ဆရာ — အဲဒါက ဖိုလ်စိတ်ဖြစ်တယ်၊ အဲဒီလို မဂ်စိတ်၊ ဖိုလ် စိတ်တွေဖြစ်လာတော့ စွဲလမ်းမှု၊ တွယ်တာမှုမှ လွတ် မလာပါလား။

တပည့် — လွတ်ရပါတယ်ဘုရား။

ဆရာ — အဲဒီလို ကိလေသာတို့မှ လွတ်ရဲဒါကို နိဿရဏ ခေါ်တယ်ကွဲ့ မောင်စိန်ရဲ့။

တပည့် — မှန်ပါဘုရား။

ဆရာ — သင်္ခါရက္ခန္ဓာဆိုဒါ ဝေဒနာ သညာမှကြွင်းတဲ့ စေ တသိက်ငါးဆယ်ကို ခေါ်တယ်၊ ဒါပေမဲ့ လိုရင်းဖြစ် တဲ့ စေတနာ စေတသိက်ကိုဘဲ ပြောမယ်၊ ရင်း စေ

www.dhammaransi.com



တနာသည် ကုသိုလ်ဖြစ်စရာအာရုံ, အကုသိုလ်ဖြစ် စရာအာရုံ,ဒွါရ, ဝိညာဉ်တို့ပေါင်းဆုံမိမှ ဖြစ်တယ် မဟုတ်လား။

တပည့်　ဟုတ်ပါတယ်ဘုရား။

ဆရာ　အကြောင်းတရားသုံးပါးပေါင်းဆုံမိခြင်းဖဿချုပ် ယင် သူလဲချုပ်ရတယ်မဟုတ်လား။

တပည့်　ချုပ်ရပါတယ်ဘုရား။

ဆရာ　ဒီလိုဆိုတော့ လူတွေက ငါကုသိုလ်ကို လုပ်တယ်, ငါအကုသိုလ်လုပ်တယ် စသည်ဖြင့် တခုရက သတ္တဝါ ရှိသယောင်ယောင် ထင်နေကြဒါ မှားမကုန် ဘူး လား။

တပည့်　မှားပါတယ်ဘုရား။

ဆရာ　အဲဒီအမှားကိုပယ်ချင်လို့ သမုဒယ, အတ္ထင်္ဂမကိုပြဒါ ကွဲ၊ သမုဒယ, အတ္ထင်္ဂမ ၂-ပါးဖြင့် ဒိဋ္ဌိကို သတ်၍ အဿာဒ အာဒီနဝ ၂-ပါးဖြင့် တဏှာကိုသတ်ပြီး နိဿရဏဖြင့် နိဗ္ဗာန်ကိုပြတယ်ကွဲ မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ဆရာ　ကုသိုလ်ကိုဖြစ်စေ, အကုသိုလ်ကိုဖြစ်စေ, သောမနဿ ဝေဒနာနဲ့ ယှဉ်တွဲပြီးပြုလုပ်ယင် အဿာဒဖြစ် တယ်၊သို့သော်လဲ ဘာဝေဒနာနဲ့ဘဲ ယှဉ်တွဲ၍ပြုစေ ကာမူ စေတနာသည် မမြဲမှု အနိစ္စ, ဆင်းရဲမှု ဒုက္ခ, ဖေါက်ပြန်မှု ဝိပရိဏာမအပြစ်ရှိဒါချည်းဘဲ မဟုတ် လား။

တပည့်　ဟုတ်ပါတယ်ဘုရား။

www.dhammaransi.com



ဆရာ ရုံခါအာကုသိုလ်စေတနာဖြစ်လိုက်၊ ရုံခါကုသိုလ်စေတနာဖြစ်လိုက်၊ ရုံခါအဗျာကတစေတနာဖြစ်လိုက်နဲ့ တလှဲ့စီ ဖြစ်နေတာယ်မဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ အဲဒီလို မမြဲမှုရှိယင် ဆင်းရဲမှုနဲ့ ဖောက်ပြန်မှုဆိုဒါ တခါထဲ ပါလာဒါဘဲ၊ သဘာဝက တမျိုးစီပေမဲ့ ဖြစ်တဲ့အခါ ပူးတွဲပြီးဖြစ်ကြတယ်၊ မီးတောက်ရယ်၊ အပူဓါတ်ရှယ်၊ အခိုးရယ်- ၎င်းသုံးခုသည်ခွဲမရ တွဲနေသလို အနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမ ဆိုတဲ့ သင်္ခါရတရားတို့၏ အပြစ်အာဒီနဝတွေလဲ တွဲပြီးဖြစ်ကြဒါဘဲကွဲမောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား

ဆရာ သင်္ခါရက္ခန္ဓာမှာရှိတဲ့ ၎င်းအပြစ်တွေကို မြင်ယင် မငြီးငွေ့ဘဲ နေနိုင်ပါမလား

တပည့် မနေနိုင်ပါဘုရား။

ဆရာ ငြီးငွေ့လာယင်သင်္ခါရက္ခန္ဓာမှလွတ်လိုတဲ့စိတ် မဖြစ်ဘူးလား။

တပည့် ဖြစ်ပါတယ်ဘုရား။

ဆရာ လွတ်လိုတဲ့စိတ်ဖြစ်ယင် သင်္ခါရက္ခန္ဓာချုပ်ရာကိုသာ အေးမြချမ်းသာတဲ့ အဖြစ်ဖြင့် မမြင်ဘူးလား။

တပည့် မြင်ပါတယ်ဘုရား။

ဆရာ ဥပမာ — လူတယောက်သည် နေမရ ထိုင်မရဖျားနာနေယင်၎င်းရောဂါပျောက်မှုချမ်းသာမှာဘဲလို့

www.dhammaransi.com



ရောဂါချုပ်ရာကို ချမ်းသာသုခအဖြစ်ဖြင့်မြင်သလို မြင်လာဒါဘဲ မောင်စိန်ရဲ့.

တပည့်　မှန်ပါဘုရား။

ဆရာ　သင်္ခါရက္ခန္ဓာ ချုပ်ရာသာအအေးဆုံးလို့ ရှေးဦးစွာ မြင်တဲ့စိတ်သည့် ဂေါတြဘုဉာဏ်ဖြစ်တယ်၊ ၎င်းဉာဏ်ဖြင့် ချမ်းသာစစ်ကိုမြင်ယင် ချမ်းသာမစစ်တဲ့ ခန္ဓာ၌ တွယ်တာ စွဲလမ်းမှုတို့သည် တခါထဲပြတ်ကုန်ဒါဘဲကွဲ မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ဆရာ　ခန္ဓာ၌ တွယ်တာ စွဲလမ်းမှုကို ဖြတ်လိုက်တဲ့ စိတ်ကို မဂ်စိတ်လို့ ခေါ်တယ်၊ ၎င်းမဂ်စိတ်သည် ချမ်းသာစစ်ဖြစ်တဲ့ နိဗ္ဗာန်ကို အာရုံပြုလျက် တွယ်တာစွဲလမ်းမှုကိုဖြတ်တယ်၊ ဥပမာ— ပိုးစစ်ကိုမမြင်ဘူးသောကြောင့် နာနတ်ချည် လုံချည်ကိုစွဲလမ်းနေရာ ပိုးစစ်ကို မြင်တဲ့အခါ နာနတ်ချည်လုံချည်၌ စွဲလမ်းမှု ပြတ်သွားသလိုပေါ့ မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ဆရာ　ရန်သူတွေ သေကုန်တဲ့အခါ ရန်သူ မရှိခြင်းကို အကြောင်းပြု၍ ဝမ်းသာမှု ဖြစ်မလာဘူးလား။

တပည့်　ဖြစ်လာပါတယ်ဘုရား။

ဆရာ　အဲဒီလိုပေါ့ ကိလေသာရန်သူတွေ သေသွားတဲ့အခါ ကိလေသာချုပ်ရာကို အာရုံပြုလျက် ချမ်းသာတဲ့ ဖိုလ်စိတ်ဖြစ်တာဘဲကွဲ မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

www.dhammaransi.com



ဆရာ ၎င်းကိလေသာတွေ သေကုန်တော့ ကိလေသာ ရန်သူ ဘေးမှ မလွတ်ဘူးလား။

တပည့် လွတ်ပါတယ်ဘုရား။

ဆရာ အဲဒီလို ကိလေသာမှလွတ်တာကို နိဿရဏလို့ ခေါ်တယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ဝိညာဏက္ခန္ဓာ ဆိုဒါ အဘိဓမ္မာ နည်းအားဖြင့် ပြောရယင် စိတ်အကျဉ်း ၈၉၊ အကျယ် ၁၂၁-ပါးကို ခေါ်တယ်၊ သုတ္တန်နည်းအားဖြင့် ပြောရယင် စက္ခုဝိညာဉ်, သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်, မနောဝိညာဉ်, ၎င်း ၆-ပါးကို ခေါ်တယ်၊ ၎င်း ခြောက်ပါးတို့တွင် စက္ခုဝိညာဉ်ခေါ်မြင်စိတ်သည် မျက်စိ,အဆင်း, အလင်း နှလုံးသွင်းဟု ဆိုအပ်သော အကြောင်းတရား လေးပါးတို့ မပေါင်းဆုံမိဘဲနဲ့ ဖြစ်နိုင်ပါ့မလား။

တပည့် မဖြစ်နိုင်ပါဘုရား။

ဆရာ အကြောင်းတရား ၄-ပါးတို့ ချုပ်ယင် သူမချုပ်ဘဲ နေနိုင်ပါ့မလား။

တပည့် မနေနိုင်ပါ၊ ချုပ်ရပါတယ်ဘုရား။

ဆရာ အကြောင်းတရား လေးပါးဖြစ်ယင် သူဖြစ်ရတယ်၊ အဲဒါက သမုဒယလို့ ခေါ်တယ်၊ အကြောင်းတရား လေးပါးချုပ်ယင် သူချုပ်ရတယ်၊ အဲဒါကအတ္ထင်္ဂမလို့ ခေါ်တယ်ကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

www.dhammaransi.com



ဆရာ ရုံခါကောင်းတဲ့ ရူပါရုံကိုမြင်တယ်၊ အဲဒါကဣဋ္ဌာ ဒ သာယာဘွယ်ဘဲ၊ ရုံခါမကောင်းတဲ့ ရူပါရုံကိုမြင် တယ်၊ ရုံခါအလတ်စားရူပါရုံကိုမြင်တယ်၊သူ့အာရုံ နဲ့ သူ့စိတ်ဖြစ်တယ်၊ စိတ်တခုထဲက အာရုံသုံးမျိုး စလုံးကို မြင်သည် မဟုတ်ချေ၊ သူ့မီးခြစ်ဆံနဲ့ သူ့မီးတောက် အသီးအသီးဖြစ်ကြသလို ဖြစ်သော ကြောင့် မြင်စိတ်မှာ မမြဲတဲ့အနိစ္စ၊ ဆင်းရဲတဲ့ဒုက္ခ၊ ဖေါက်ပြန်တဲ့ ဝိပရိဏာမ အပြစ်တွေ ရှိနေတယ်၊ မဟုတ်လား။

တပည့် ရှိပါတယ်ဘုရား။

ဆရာ အဲဒီအပြစ်တွေဟာ အာဒီနဝဘဲကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ပုထုဇဉ်တွေ မိမိကိုယ်ကို မိမိ သာယာတာဟာ ဒီအပြစ်တွေကို မမြင်လို့ သာယာကြတယ် မြင်ယင် သာယာတို့ ဝေးစွ၊ ငြီးငွေ့ပြီး မလာပါလား

တပည့် လာပါတယ်ဘုရား။

ဆရာ ငြီးငွေ့ယင် ၎င်းခန္ဓာမှ လွတ်လိုစိတ်ဖြစ်မလာပါ လား။

တပည့် ဖြစ်ပါတယ်ဘုရား။

ဆရာ လွတ်လိုတဲ့စိတ် ဖြစ်ယင် ခန္ဓာချုပ်ရာကိုသာအေး မြမှု အဖြစ်ဖြင့် မြင်၍မလာပါလား။

တပည့် လာပါတယ်ဘုရား။

www.dhammaransi.com



ဆရာ  ဒီနေ့ရာမှာ "ချုပ်တာနဲ့ ချုပ်ရာ" ကိုကွဲပါစေ၊ ချုပ်တာက ဘင်ခဏ၊ သင်္ခါရ တရားတို့၏ ချုပ်ရာက သင်္ခတသုခခေါ် အသင်္ခတ တရားဖြစ်တယ်၊ ဥပမာ ကိုင်းတောကြီးအလယ်မှာကြာမျိုးငါးပါးနဲ့ ပြည့်စုံတဲ့ ရေအိုင်ကြီး ရှိတယ်၊နွေရာသီကျတော့ အရပ်လေးမျက်နှာမှ တောမီးလောင်လာတယ်၊ ၎င်းမီးတွေဟာ ရေကန် နှခမ်းမှာ ငြိမ်းကြသလို ငြိမ်းရာ ရေကန်က နိဗ္ဗာန်နဲ့ တူတယ်၊ မီးတောက်က ကိလေသာနဲ့တူတယ်၊ ကိုင်းတောကြီးက ခန္ဓာငါးပါးနဲ့ တူတယ်၊ မီးတောက်ငြိမ်းဒါက ခန္ဓာနဲ့ ကိလေသာ ချုပ်တာနဲ့ တူတယ်လို့ မှတ်ကွဲ မောင်စိန်ရဲ့။

တပည့်  မှန်ပါဘုရား။

ဆရာ  ၎င်းချမ်းသာစစ်ကို ရှေးဦးစွာမြင်ဒါက ဂေါတြဘူဉာဏ်လို့ ခေါ်တယ်၊၎င်းဉာဏ်ဖြင့် ချမ်းသာအစစ်ကို မြင်တော့ ချမ်းသာစစ်မဟုတ်တဲ့ ခန္ဓာ၌ တွယ်တာတဲ့ ကိလေသာတို့သည် ကင်းပြတ်ကုန်ဒါပေါ့ ကိလေသာရန်သူ ကင်းပြတ်ယင် ရန်သူ ဘေးမှ အေးမြတဲ့ သုခကိုရတော့ဒါပေါ့၊ အဲဒီလို ကိလေသာမှ လွတ်ရဒါကိုပင် နိဿရဏလို့ ခေါ်တယ်၊ မောင်စိန်ရဲ့။

တပည့်  မှန်ပါဘုရား။

ဆရာ  ပဋိပတ္တိစခန်းသည် ရုပ်, နာမ် ၂-ပါးကိုဖြစ်စေ, ခန္ဓာ ငါးပါးကို ဖြစ်စေ, အာယတန ၁၂-ပါးကို

www.dhammaransi.com



ဖြစ်စေ, ဓါတ် ၁၈-ပါးကို ဖြစ်စေ, သမုဒယ, အတ္တင်္ဂမ, အဿာဒ, အာဒီနဝ, နိဿရဏဟု ဆို အပ်သော စခန်း ငါးခုသို့ ဉာဏ်ရောက်ယင် ပြီး တော့ဒါဘဲ၊ ဉာဏ်သည် ၎င်းစခန်း ငါးပါးအတိုင်း သွားနေဒါကို ပဋိပတ်လို့ ခေါ်ဒါဘဲ၊ဒါမှတပါး ပဋိပတ် မရှိပြီ၊ သမုဒယ, အတ္တင်္ဂမ ၂-ပါးဖြင့် ပဋိပဒါနယ်ကိုပြ၍ အဿာဒ, အာဒီနဝ,နိဿရဏ ၃-ပါးဖြင့် အဘိညာနယ်ကို ပြတယ်၊ ပဋိပဒါ, အဘိညာ စုံယင် ပဋိပတ် ကိစ္စပြီးတော့တာပေါ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ပဋိပတ္တိအခန်းပြီး၏။

## ပ ဋိ ဝေ ဓ အ ခ န်း

ဆရာ ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓါတ်တရားတို့ကို ပဋိပတ္တိနည်းအတိုင်းဆင်ခြင်ပွါးများသဖြင့်ပုဂ္ဂိုလ် သတ္တဝါ, ငါ, သူတပါး, ယောကျာ်း, မိန်းမမဟုတ် ပုံတွေ,အသက် လိပ်ပြာ မရှိပုံတွေ, ကာရက သတ္တိ ဝေဒက သတ္တိ မရှိပုံတွေကို ကိုယ်ပိုင် ဉာဏ်နဲ့ မြင် တော့ တသံသရာလုံးက စွဲခဲ့တဲ့ အမှားစွဲတို့သည် ချုပ်ငြိမ်းမသွားပါလား။

တပည့် သွားပါတယ်ဘုရား။

www.dhammaransi.com



ဆရာ မိုးခေါင်ယင် မျိုးစေ့တွေအပင် မပေါက်နိုင်သလို ဒိဋ္ဌိ ဝိစိကိစ္ဆာ မိုးခေါင်ယင် တသံသရာလုံးက မိုက်ခဲ့တဲ့ အကုသိုလ်မျိုးစေ့တို့သည် အပါယ်ခန္ဓာ ဖြစ်စေနိုင်ပါတော့မလား။

တပည့် မဖြစ်စေနိုင်တော့ပါဘုရား။

ဆရာ အပါယ်ခန္ဓာမဖြစ်ရယင်အပါယ်ဒုက္ခတွေချုပ်မကုန်ဘူးလား။

တပည့် ချုပ်ကုန်ပါတယ်ဘုရား။

ဆရာ အပူချုပ်ယင် ဘာကိုတွေ့သလဲ။

တပည့် အအေးကိုတွေ့ရပါတယ်ဘုရား။

ဆရာ အမှောင်ချုပ်ယင်ဘာကိုတွေ့ရသလဲ။

တပည့် အလင်းကိုတွေ့ပါတယ်ဘုရား။

ဆရာ ထို့အတူ အပါယ်ဒုက္ခတွေ ချုပ်ကုန်ယင် ဘာကိုတွေ့ရမှာလဲ။

တပည့် အအေးသုခကို တွေ့ရမှာပါဘုရား။

ဆရာ အဲဒါက ပထမပဋိဝေဓသောတာပန်လို့ခေါ်တယ်ကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အနိစ္စ သုံးမျိုးရှိတယ်၊ အဒ္ဓါနအနိစ္စ၊ သန္တတိအနိစ္စ၊ ခဏိကအနိစ္စတဲ့၊ အဒ္ဓါနအနိစ္စ ဆိုဒါက အနိစ္စအကြမ်း၊ သန္တတိအနိစ္စက အလတ်စား၊ ခဏိကအနိစ္စက အနုစား၊ ပုထုဇဉ်ဘဝတုန်းက ထင်ဒါက သေယင် ရုပ်ကြီးသာပုပ်ပြီးကျန်ခဲ့တာ နာမ်တရားသည် တဘဝမှ တဘဝသို့ ကူးသန်းသွားလာနေတယ်လို့

www.dhammaransi.com



ထင်ခဲ့ကြတယ်၊ သောတာပန် တည်လာတော့ အဲဒီ အထင်မှား ပျောက်ပြီးဘဝဟောင်းက ရုပ်နာမ်ခန္ဓာသည် ဘဝသစ်သို့ မပါ ဘဝဟောင်းက ကံဓါတ်ကြောင့် ဘဝခန္ဓာအသစ် ပေါ်လာရ ဒါဘဲ၊ အတိတ်ခန္ဓာသည် ပစ္စုပ္ပန်ဘဝသို့မလာ၊ ပစ္စုပ္ပန်ခန္ဓာလဲ အနာဂတ်သို့မသွားချေ၊ သို့သော်လဲ အတိတ်ကံကြမ္မာကြောင့် ပစ္စုပ္ပန် ခန္ဓာပေါ်ရတယ်၊ ပစ္စုပ္ပန်ကံကြမ္မာကြောင့် အနာဂတ် ခန္ဓာ ပေါ်ရတယ်လို့ မြင်လာတယ်၊ အဲဒီအမြင်သည် အဒ္ဓါနု အနိစ္စကို မြင်ဒါကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ နောက်တဆင့် တက်ပြီးတော့ အလတ်စား ဖြစ်တဲ့ သန္တတိ အနိစ္စကိုမြင်လာပြန်တယ်၊ ယခင်ဒုက္ခထက် နုံတဲ့ဒုက္ခတွေကို မြင်လာပြန်တယ်၊ အဲဒီလို အနိစ္စ, ဒုက္ခအလတ်စားတွေကို မြင်လာတော့ ကာမရာဂ, ဗျာပါဒ ဆိုတဲ့ တရားတွေကို ခေါင်းပြီးလာတယ် ခေါင်းပါးလာတော့ သောတာပန် ဘဝထက် ကိလေသာ အပူအအိုက် မသက်သာပါလား။

တပည့် သက်သာလာပါတယ်ဘုရား။

ဆရာ အဲဒါကဒုတိယပဋိဝေဓသောသနာပေါ့မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ တရားတွေကို မြင်သဖြင့် သကဒါဂါမ်ထက်ပိုပြီး ငြိမ်းဌေးတဲ့ ဉာဏ်အားတွေ ဟာ ကြီးလာတော့ ကာမရာဂ,ဗျာပါဒတရားတွေ အကြွင်းမဲ့ ချုပ်သွားဒါပေါ့၊ ကာမတဏှာမိုးခေါင်

www.dhammaransi.com



သွားယင် ကာမကုသိုလ် မျိုးစေ့တွေ ကာမသုဂတိဘုံမှာ အပင်ပေါက်ပါတော့မလား။

တပည့် မပေါက်နိုင်တော့ပါဘုရား။

ဆရာ ကာမသုဂတိဘုံတည်းဟူသောအခင်းထဲမှာ ကာမပုဂ္ဂိုလ်အပင်မပေါက်ယင်ကာမဒုက္ခတွေချုပ်မကုန်ပါလား။

တပည့် ချုပ်ကုန်ပါတယ်ဘုရား။

ဆရာ ကာမဒုက္ခ, ကာမကိလေသာအပူတွေချုပ်ယင်သုခကို ရတော့ဒါဘဲမဟုတ်လား။

တပည့် ရပါတယ်ဘုရား။

ဆရာ အဲဒီသုခကို တတိယ ပဋိဝေဓ သာသနာလို့ခေါ်တယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အနိစ္စ, ဒုက္ခ, ဝိပရိဏာမ-တရားတို့ကို မြင်၍ အနာဂါမ် ထက် ပိုပြီးငြီးငွေ့လာတော့ ဘဝတဏှာတွေအားလုံး မောဟ မာနဥဒ္ဓစ္စတို့နှင့်တကွကိလေသာအားလုံးတခုမကျန်ချုပ်သွားဒါပေါ့၊အဲဒီလိုချုပ်၍ဘဝတဏှာမိုး, မာနမိုးခေါင်သွားယင် ရူပမျိုးစေ့ အရူပမျိုးစေ့တွေ ပေါက်နိုင်ပါတော့မလား။

တပည့် မပေါက်နိုင်တော့ပါဘုရား။

ဆရာ ကိလေသာ မိုးတွေ မရှိခြင်းကြောင့် အပူအအိုက်ဒုက္ခတွေချုပ်မသွားပါလား။

တပည့် ချုပ်သွားပါတယ်ဘုရား။

www.dhammaransi.com



ဆရာ　ကိလေသာ အပူအအိုက် ဒုက္ခတွေ ချုပ်သွားယင် ဘာကို တွေ့ရမှာလဲ။

တပည့်　အေးမြတဲ့သုခကို တွေ့ရမှာပါဘုရား။

ဆရာ　မသေမီ ကိလေသာ အပူအအိုက်မှ ငြိမ်းဒါက သဉပါဒိသေသ နိဗ္ဗာန်၊ နောက်ထပ်ခန္ဓာကြီးမဖြစ် လာတော့ပြီဖြစ်သောကြောင့် ခန္ဓာဒုက္ခမှငြိမ်းအေး ရဒါက အနုပါဒိသေသ နိဗ္ဗာန်၊ အဲဒါကို စထုတ္ထ ပဋိဝေဓ သာသနာလို့ခေါ်တယ် မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ဆရာ　ကိလေသာဝဋ်တည်းဟူသော တဏှာ, မာန, ဒိဋ္ဌိမိုး သုံးပါး ခေါင်ခြင်းသည် ကိလေသဝဋ် ပျက်သည် မည်တယ်၊ မိုးမရွာယင် မျိုးစေ့တွေ မပေါက်သလို ကိလေသဝဋ်ပျက်တော့ ကာမ, ရူပ, အရူပမျိုးစေ့ တည်းဟူသော ကမ္မဝဋ်လဲ ပျက်ရတော့ဒါပေါ့၊ မျိုး စေ့တွေ ခြောက်ကုန်ယင် အပင်မရှိနိုင်ဒါလို ကမ္မ ဝဋ်ပျက်ယင် ဝိပါကဝဋ်လဲ ပျက်ရပြန်တော့ဒါပေါ့ မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ဆရာ　ဝဋ်သုံးပါးပျက်ယင် ပဋ်သုံးပါးမှ ထွက်မြောက်ရာ နိဗ္ဗာန်ကို ရတော့ဒါပေါ့ မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ဆရာ　လောကကြီးမှာ သားမမွေးတဲ့ သတ္တဝါတွေကို ယောကျ်ားခေါ်သလား, မိန်းမခေါ်သလား။

တပည့်　ယောကျ်ားလို့ ခေါ်ပါတယ်ဘုရား။

www.dhammaransi.com



ဆရာ အဲ ထို့အတူ ခြောက်ဒွါရမှာ ကိလေသာ သား မမွေးယင် အဌမုရိသ စာရင်းထဲသို့ ပါဝင်တယ်၊ သားမွေးယင် မယားတရာရှိစေကာမူ ယောက်ျား မိန်း ယောက်ျားမီးနေသယ်၊ဘုန်းကြီးဖြစ်ယင်ဘုန်း ကြီး မီးနေသယ်၊ စစ်ဗိုလ်ဖြစ်ယင် စစ်ဗိုလ် မီးနေ သယ်၊ ဝန်ကြီးဖြစ်ယင် ဝန်ကြီးမီးနေသယ်ပေါ့ကွဲ၊ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ပရမတ်ယောက်ျားဖြစ်ယင် သာသနာသုံးရပ် ကိုယ် မှာ ကပ်တယ်၊ ကပ်ပုံက ဒီလိုကွဲ၊ တရားနာတဲ့အခါ တရားကို မှတ်သားဒါက သညာသိမို့ ပရိယတ္တိ သာသနာ၊ ဟောတဲ့အတိုင်း သဘောပေါက်အောင် ဆင်ခြင်ဒါက ပဋိပတ္တိ သာသနာ၊ ဆင်ခြင်သဖြင့် တရားတော်အတိုင်း မှန်မှန်ကန်ကန် မြင်ဒါက ပဋိ ဝေဓ သာသနာ၊ ကိုင်း သာသနာသုံးရပ် ကိုယ်မှာ ကပ်ပြီမဟုတ်လား။

တပည့် ကပ်ပါပြီဘုရား။

ဆရာ သာသနာသုံးရပ် ကိုယ်မှာကပ်ယင် ဘုန်းကြီးတပါး မှ မရှိတဲ့ အင်္ဂလန် အမေရိကန် ပြည်မှာ နေသော် လဲ သာသနာမဆိတ်သုဉ်းပါဘူး၊ ဗမာပြည် တပြည် လုံးရှိ ဘုန်းကြီးတွေအားလုံး သေကုန်သော်လဲ မိမိ မှာ သာသနာရှိရက်ဘဲ၊ သာသနာ ၅၀၀၀-စေ့၍ ကုန်သွားသော်လဲ ပုထုဇဉ်တွေမှာသာကုန်၏၊ မိမိ မှာ မကုန်ပါဘူး၊ နောက်ထပ် ဘုရားတဆူမှ မပွင့်

www.dhammaransi.com



တောဘူးဆိုသော်လဲ ပုထုဇဉ်တွေသာ ပူစရာဖြစ်၍ မိမိအတွက်မပူ၊ ကမ္ဘာကြီးပျက်သော်လဲမိမိသန္တာန်မှာ သာသနာမပျက်၊ အင်မတန်ခိုင်ခံ့တဲ့ ချမ်းသာကြီးကို ရထားဒါ ဝမ်းသာစရာ မဟုတ်လား။

တပည့် ဝမ်းသာစရာပါဘုရား။

ဆရာ အေး—ဒါကြောင့် သာသနာသုံးရပ်ကိုယ်မှာကပ်၍ ပရမတ်ယောကျ်ားအစစ်ဖြစ်ကာ ကိလေသာ သားမွေးရတဲ့ ဒုက္ခမှ အေးမြတဲ့နိဗ္ဗာန်ကို လျှင်အမြန် ရလွယ်ကြပါစေကုန်သတည်း။

သာသနာသုံး ပုလဲကုံး တရားတော်ပြီး၏။

---

## နှယ်ခွဲ့သမား သုံးဦးသား

ဆရာ မောင်စိန်ရေ။

တပည့် ဘုရား။

ဆရာ ယနေ့ "နှယ်ခွဲ့သမား သုံးဦးသား" အကြောင်းကို ဟောရလိမ့်မယ်ကွဲ့။

တပည့် မှန်ပါ ဟောတော်မူပါဘုရား။

ဆရာ တဏှာစ ဒိဋ္ဌိမာနေ့ာတိ၊ ဝဋ္ဋတ္တိ ကလိသမ္ဘဝေ။
သံသရမ္ဟိ ပပဥ္စတ္တိ၊ ဂါဟတ္တံ ဒုက္ခံတေ ဇနေ။

တဏှာစ-အရာရာမှာ အာသာခင်မင် တွယ်တာငင်၍ အစဉ်မွေ့ာက်မှုစေး တဏှာဆိုတဲ့တရားငင်း၊ ဒိဋ္ဌိစ-အမှားခေါင်းဆောင်အခမှောင်ဇရှု့သွား ဒိဋ္ဌိဆိုတဲ့တရားငင်း၊မာနေ့ာစ- ကမ်းခွန်မှုန်

www.dhammaransi.com



ကောင်း မယှဉ်းပုံတူ တလူလူထောင်လွှား မာနဆိုတဲ့ တရားငင်း ကူဘိကူမေ-တကယ့် အစွမ်း ထက်ထက်နှင့် လက်နက် မခြား ဤသုံးပါးတို့သည်၊ ကလိသမ္ဘဝေ- ဆင်းရဲခြင်း၏ အကြောင်း မကောင်း ယုတ်မာ ဝါသနာဆိုး အကုသိုလ် အမျိုးမျိုးတို့ကို ဝဍ္ဎုန္တိ- တနေ့တခြား များသည့်ထက် များအောင် တိုးပွါးစေ တတ်ကုန်၏၊ ဧတေ-ထိုမာနတဏှာ ငါငါစွဲငြိ ဒိဋ္ဌိတရား နယ်ချဲ့ သမားတို့သည်၊ သံသရမ္ပိ- သုံးပုံဝဋ်မီး သံသရာကြီးကိုလည်း၊ ပပဉ္စေန္တိ-လူ့ပြည်မှ နတ်ပြည် နတ်ပြည်မှ ငရဲ ဗြဟ္မာ့ဘုံ အထက် စွဲ၍ ပန္နက်သဲ့ နယ်ကျယ်အောင် တကယ်ပင် ချဲ့ထွင်ကြလေကုန် ၏၊ ဒုက္ခိတော ဇနေ-သံသရာဝဋ်တွင်း ကရွတ်ကွင်းမှ မလွတ်ကင်း ကြသူ ဆူဆူ သောင်းသောင်း ဒုက္ခိတ သတ္တဝါ အပေါင်းတို့ကို လည်း၊ ဂါဟန္တိ-ဇာတိနှင့်တွဲ ဇရာနှင့်မခွဲဘဲ နာပွဲက အတန်တန် သေဘို့ရန် မငြင်းတမ်းဟု အပြင်းဘမ်းကာ နှိပ်စက်၍နေကြလေ ကုန်၏။

တပည့် သာဓု-သာဓု-သာဓု။

ဆရာ လောကကြီးမှာ နယ်ချဲ့သမား ဆိုဒါ အင်္ဂလိပ်, အမေရိကန်, ပြင်သစ်, ၎င်းတို့ သုံးဦးကို ခေါ်ကြဒါ မဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ စင်စစ် နယ်ချဲ့ သမားကတော့ သူတို့၏ အတွင်းမှာ ရှိတဲ့ တဏှာ, မာန, ဒိဋ္ဌိတို့က ချဲ့ဒါကွဲ၊ အင်္ဂလိပ်, အမေရိကန် ပြင်သစ်ဆိုဒါက ပညတ်တွေပါ မချဲ့ တတ်ပါဘူး မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

www.dhammaransi.com



ဆရာ တဏှာ, မာန, ဒိဋ္ဌိ-ၡင်းသုံးပါး အတွင်းသန္တာန်မှာ ရှိသေးယင် နယ်ခွဲသမားဘဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ဝဋ်သုံးပါးကို ပထမဆုံးပြောပြီးမှ နယ်ခွဲပုံကိုပြောလို့လွယ်တဲ့အတွက်ဝဋ်သုံးပါးကိုပြောကြအုံးစို့ကွဲ့ ကိလေသ ဝဋ်ကြောင့် ကမ္မဝဋ် ဖြစ်ရတယ်၊ ၎င်း ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်ဖြစ်ရတယ်၊ ၎င်းဝိပါက ဝဋ်ကြောင့် တဖန် ကိလေသဝဋ် ဖြစ်ကြရပြန်တယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ဥပမာ-မိုးရွာသောကြောင့်မျိုးစေ့တို့ အပင်ပေါက်ကြရတယ်၊ အပင်ကြောင့် အသီးသီးကြရသလိုပေါ့၊ မိုးက ကိလေသဝဋ်နဲ့ တူတယ်၊ မျိုးစေ့က ကမ္မဝဋ် မိုးက ကိလေသဝဋ်နဲ့ တူတယ်၊မျိုးစေ့က ကမ္မဝဋ်နဲ့ တူတယ်၊ အပင်က ဝိပါကဝဋ်နဲ့ တူတယ်ကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ကဲ ဒိဋ္ဌိက နယ်ခွဲပုံကို ပြောကြစို့ သောတာပန် မတည်သေးသမျှ ပုထုဇဉ်ဘဝမှာ ဒိဋ္ဌိသည် အနုသယအားဖြင့် အမြဲတန်း ကိန်းနေတယ်၊ ဒီတော့ပုထုဇဉ်သန္တာန်မှာဒိဋ္ဌိမိုးသည် အမြဲတန်းရွာလျက်မနေပါလား။

တပည့် နေပါတယ်ဘုရား။

www.dhammaransi.com



ဆရာ ပုထုဇဉ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာလဲ ရံခါ ကာယဒုစရိုက်ကို ပြုလိုက်, ရံခါ ဝစီဒုစရိုက်ကိုပြုလိုက်, ရံခါ မနောဒုစရိုက်ကိုပြုလိုက်နဲ့ ဖြစ်ခဲ့နေပါလား။

တပည့် နေပါတယ်ဘုရား။

ဆရာ ကိလေသဝဋ္ဋ်ခေါ် ဒိဋ္ဌိမိုးက အမြဲရွာနေတော့ ဖြစ်တိုင်းဖြစ်တိုင်းသော ဒုစရိုက်မျိုးစေ့တို့သည် မိုးမိ၍ မနေပါလား။

တပည့် မိုးမိနေပါတယ်ဘုရား။

ဆရာ မိုးမိတဲ့ ဒုစရိုက်မျိုးစေ့ ကမ္မဝဋ္ဋ်တို့သည် ဝိပါကဝဋ္ဋ်တည်းဟူသော အပါယ်ခန္ဓာ အပင်တို့ကို ပေါက်ရောက်စေတယ်မဟုတ်လား။

တပည့် မှန်ပါဘုရား။

ဆရာ ကျောင်းအမကြီး ဝိသာခါသည် သူ၏ လင်ကိုရင်း, သားသမီး, မြေး, မြစ်တို့ကိုရင်း, ပစ္စည်း ဉစ္စာတို့ကိုရင်း, ချစ်ခင်တွယ်တာခြင်းသည် လောဘအကုသိုလ်မဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ သူ၏မြေးကလေး သုမနသေသွားတော့ ငိုယိုမြည်တမ်းဒါဟာ ဒေါမနဿအကုသိုလ် မဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ ဝိသာခါမှာ ဒိဋ္ဌိခေါ် နယ်ချဲ့သမား သေတဲ့အတွက် ငင်းအကုသိုလ်များသည် အပါယ်လေးပါးကို ပစ်ချနိုင်ရဲ့လား။

တပည့် မချနိုင်ပါဘုရား။

www.dhammaransi.com



ဆရာ  ဒိဋ္ဌိရှိပါက အနည်းငယ်သော အကုသိုလ်ကလေး ပင် ဖြစ်ငြားသော်လဲ အပါယ်သို့ ချပုံကို ပြောအုံး မယ်ကွဲ့ မောင်စိန်ရဲ့။

တပည့်  မှန်ပါ ပြောတော်မူပါဘုရား။

ဆရာ  ကဿပ မြတ်စွာဘုရားရှင် လက်ထက်တော်က အမျိုးသားတစ်ယောက်သည်သာသနာတော်၌ သဒ္ဓါယုံကြည်သဖြင့် ရဟန်းပြုလျက် သီလတရားမညှိုးနွမ်းရအောင် စောင့်ရှောက်သတဲ့၊ တနေ့သ၌ ထိုရဟန်းငယ်သည် မြစ်တွင်း၌ လှေဖြင့် ခရီးထွက်သွားရာ ကမ်းနဘေးရှိ တခုသော ပိန်းမျက်ချုံ၌ အရွက်တခုကို ဆွဲကိုင်ခြင်းကိုပြုသတဲ့၊ လှေသည် အဟုန်ဖြင့် သွားသောကြောင့် မြက်ရွက်သည်ပြတ်သွားရှာတဲ့၊ ထိုအခါ ရဟန်းငယ်သည်၊ ဤအပြစ်ကား မကြီးကျယ်ပါဘူးဟု အောက်မေ့လျက် ဒေသနာမကြားဘဲနေမိသတဲ့၊ ဒီလိုနဲ့ သာသနာတော်မှာ အနှစ်နှစ်သောင်းတိုင်တိုင် သည်းစွာသော လုံ့လဖြင့် သမဏဓမ္မ-သဘာဝလမ်း ရဟန်းတို့၏တရားကို ပွါးများအားထုတ်ပါသော်လဲ သေခါနီးကာလ သမယမှာ ပိန်းရွက်ဖြင့် လည်၌ ရစ်သကဲ့သို့ ထင်မြင်လာ၍ ဒေသနာကြားလိုပါသော်လဲ ဒေသနာခံရဟန်း မရှိသဖြင့် ငါ၏သီလသည် မစင်ကြယ်လေစွတကားလို့ ကုက္ကုစ္စတရားဖြစ်သောကြောင့် သေသည်၏အခြားမဲ့၌ တခုသောသစ်ပင်ကို ပြုဖြင်မယွင်း လုံးချင်းထွင်းတဲ့ လှေစကျင်း ပဏာမရှိတဲ့ နဂါးမင်းဖြစ်ရတယ်တဲ့ မောင်စိန်ရဲ့။ (အကျယ်ကိုလိုမူ ဓမ္မပဒမှာ ကြည့်လေ)

တပည့်  မှန်ပါ ကြောက်စရာပါဘုရား။

www.dhammaransi.com



ဆရာ ဒီချဟန်းကလေး ပြုသည့် ကုက္ကုစ္စသည် ဘာမျှ မကြီးကျယ်သော်လဲ ပုထုဇဉ်ဘဝဖြစ်၍ ဒိဋ္ဌိမိုး မပ်သောကြောင့်မျိုးစေ့အောင်မြင်ကါအပါယ်ဘုံမှါ ဖြစ်ရတယ်၊အဲဒါဒိဋ္ဌိကနယ်ခဲ့တာပေါ့ခမောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အင်္ဂုလိမာလတို့, သန္တတိ အမတ်ကြီးတို့ ပြုတဲ့ကံသည် ထိုချဟန်းထက် မဆိုးပါလား။

တပည့် ဆိုးပါတယ်ဘုရား။

ဆရာ ဆိုးသော်လဲ ဒိဋ္ဌိမိုး ခေါင်သောကြောင့် အပါယ်ခန္ဓာအပင်ပေါက်ရဲ့လား။

တပည့် မပေါက်တော့ပါဘုရား။

ဆရာ အကုသိုလ်မျိုးစေ့တို့သည် ဒိဋ္ဌိမိုးမိမှ အပါယ်ခန္ဓာအပင်ပေါက်နိုင်ကြတယ်၊ ဒီတော့ သတ္တဝါတွေကို အောက်သံသရာမှ မလွတ်ရအောင် ချည်ထားတဲ့ကြိုးနဲ့ မတူဘူးလား။

တပည့် တူပါတယ်ဘုရား။

ဆရာ လူဖြစ်သော်လဲ ငရဲသို့ ပြန်သွားရ, နတ်ဖြစ်သော်လဲ ငရဲသို့ ပြန်သွားရ, ဗြဟ္မာဖြစ်သော်လဲ ငရဲသို့ ပြန်သွားရ, ဒီလိုဖြစ်နေရဒါ ဒိဋ္ဌိကြောင့်ပေါ့၊ ဥပမာနွားများကို ကြိုးရှည်ရှည်နဲ့ လှံထားသလိုမနေပါလား။

တပည့် နေပါတယ်ဘုရား။

www.dhammaransi.com



ဆရာ အေး….ဒါကြောင့်

**ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပ ဂတိံ ဂတာ၊**
**ဘဝဂ္ဂတ္တမ္ပိ၊ သမ္ပတ္တာ၊ ပုန အာယန္တိ ဒုဂ္ဂတိံ၊**

ပုညတေဇေန-ကောင်းမှုရှိန်ဇော်အာနုဘော်သည်၊ဥက္ခိတ္တာ-ပင့်ကော် မြှောက်တင်အပ်သည်ဖြစ်၍၊ ကာမရူပဂတိံ- ကာမ သုဂတိဘုံ ရူပဗြဟ္မာဘုံသို့၊ ဂတာ-ပြုခဲ့သော ကံအလျောက် လာရောက်၍ နေကြရကုန်သော ပုထုဇဉ် ပုဂ္ဂိုလ်တို့သည်ငှင်း၊ ဘဝဂ္ဂတ္တမ္ပိ-အထက်ဆုံးဘဝဂ်ဟု ဆိုအပ်သော ဘုံထွတ်ဘုံဖျားသို့၊ သမ္ပတ္တာ ပြုခဲ့သောကံအလျောက် လာရောက်၍နေကြကုန်သော ပုထုဇဉ် ဗြဟ္မာကြီးတို့သည်ငှင်း၊ ဒုဂတိံ- အမြဲနေရာ တူလှစွာသည့် အပါယ်လေးရွာ ဟူသော ဒုဂ္ဂတိတဝ ဘုံဌာနသို့၊ ပုနအာယန္တိ-ဘဖန်တုံ့ ခေါက် အရှိန်ပျောက်က လာရောက်ကြရပြန်လေကုန်၏။

တပည့် သာဓု-သာဓု-သာဓု။

ဆရာ ဒိဋ္ဌိလက်ရှိနဲ့ ဘယ် အကုသိုလ်ဘဲဖြစ်ဖြစ် မိုးမိပြီးသားဖြစ်၍ ကမ္မဝဋ်ဖြစ်တော့ဒါဘဲ၊ ကမ္မဝဋ် ဖြစ်ယင် အပါယ်လေးဘုံမှာ အပါယ်ခန္ဓာ တည်းဟူသော ဝိပါကဝဋ် ဖြစ်မှာဘဲ၊ သို့အတွက် အောက်အပါယ် သံသရာကို နယ်ခွဲဒါက ဒိဋ္ဌိလို့ မှတ်ကွဲ့မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ငှင်းဒိဋ္ဌိစွဲပုံက ၂၀-ရှိတယ်၊ ခန္ဓာ တပါးမှာ စွဲပုံလေးမျိုးရှိသဖြင့် ခန္ဓာ ၅-ပါးမှာ စွဲပုံ ၂၀-ဖြစ်

www.dhammaransi.com



တယ်၊ ရူပက္ခန္ဓာမှာ ငှပုံလေးမျိုးကို ပြောမယ်ကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါ ပြောတော်မူပါဘုရား။

ဆရာ "ရူပံ အတ္တတော သမနုပဿတိ၊ရူပံ-ရုပ်ကို၊အတ္တတော- အတ္တအားဖြင့်၊ သမနုပဿတိ-ရှု၏" ရုပ်သည်ပင် အတ္တတည်း၊အတ္တလည်း ရုပ်ပင်တည်း၊ရုပ်နဲ့ အတ္တနှစ်ခုမဟုတ် တခုထဲသာဖြစ်တယ်လို့ စွဲလမ်းတယ်။ မီးလျှံနဲ့ အဆင်းသည် နှစ်ခုမဟုတ်၊ တခုထဲသာ ဖြစ်သကဲ့သို့ဘဲလို့ စွဲလမ်းခြင်းမျိုး ဖြစ်တယ် အဲဒါကို ဥစ္ဆေဒဒိဋ္ဌိလို့မှတ်ကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ပြီးတော့တမျိုးက "ရူပဝန္တံ ဝါ အတ္တာနံ-၊ရူပဝန္တံ-ရုပ်ရှိသော၊ အတ္တာနံ- အတ္တကိုသမနုပဿတိ—ရှု၏" အရိပ်ရှိတဲ့ သစ်ပင်ကဲ့သို့ နာမ်တရားကို အတ္တလို့ယူ၍ ရုပ်တရားကား နာမ်၏ အရိပ်အရောင်ဘဲလို့ယူခြင်းကို ဆိုတယ်၊ အဲဒါက သဿတအစွဲလို့ မှတ်ကွဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ပြီးတော့တမျိုးက "အတ္တနိ ဝါ ရူပံ၊အတ္တနိ-အတ္တ၌ ရူပံ-ရုပ်တည်း" ပန်းမှာအနံ့ရှိသကဲ့သို့နာမ်တရားသည် ပန်းနဲ့တူတယ်၊ အနံ့သည် ရုပ်နဲ့တူတယ်လို့ ယူခြင်းကို ဆိုတယ်၊ ဒါလဲ သဿတ ဒိဋ္ဌိဘဲကွဲ့၊ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

www.dhammaransi.com



ဆရာ　ပြီးတော့ဘမျိုးက''ရူပသမ္မိဝါ အတ္တာနံ၊ရူပသမ္မိဝါ-ရုပ်၌မူလည်း၊ အတ္တာနံ- အတ္တကို၊ သမနုပဿတိ-ရှု၏'' ကြုတ်ထဲမှာ ပတ္တမြားရှိသကဲ့သို့ ရုပ်တည်းဟူသော ကြုတ်ထဲမှာလဲပတ္တမြားနဲ့ တူတဲ့နာမ်ရှိတယ်ယူခြင်းကို ဆိုတယ်၊ ဒီအစွဲဟာလဲ သဿတဒိဋ္ဌိဘဲ မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ဆရာ　ရူပက္ခန္ဓာမှာ စွဲပုံလေးမျိုးရှိသလို ဝေဒနာက္ခန္ဓာမှာ လေးမျိုး၊သညာက္ခန္ဓါမှာလေးမျိုး၊သင်္ခါရက္ခန္ဓာမှာ လေးမျိုး၊ဝိညာဏက္ခန္ဓာမှာ လေးမျိုး ပေါင်း ၂၀-ရှိတယ်မဟုတ်လား။

တပည့်　ရှိပါတယ်ဘုရား။

ဆရာ　ဂင်း ၂၀-တို့တွင် ခန္ဓာ၁- ပါး၌ ဥစ္ဆေဒစွဲပုံတမျိုးစီပါသောကြောင့် ဥစ္ဆေဒပေါင်း ၅-ပါး၊ သဿတစွဲပုံ ၃-မျိုးစီပါသောကြောင့် သဿတပေါင်း ၁၅-ပါး၊ ပေါင်း ၂၀-ဖြစ်တယ်၊ ဂင်းဒိဋ္ဌိတို့သည် အရက်နဲ့တူတယ်၊ ဘယ်လိုတူသလဲလို့ဆိုတော့ အရက်မူးယင် ဘယ်မကောင်းမှုကိုမဆို ပြုရဲသလို ဒိဋ္ဌိရှိတဲ့သူသည်လဲ ကြောက်စရာကောင်းတဲ့ ပဉ္စာနန္တရိယကံငါးပါးကိုပင် ပြုရဲသောကြောင့် အရက်နဲ့တူတယ်၊ သို့အတွက် ဒိဋ္ဌာသဝလို့ခေါ်တယ် မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ဆရာ　ပြီးတော့ ရေလှိုင်းတံပိုးသည် သတ္တဝါတို့ကို မိမိအောက်သို့ ရောက်အောင် နှစ်မြှုပ်သကဲ့သို့ ဒိဋ္ဌိသည်လည်း သတ္တဝါတို့ကို အပါယ်လေးရွာ တည်း

www.dhammaransi.com



ဟူသော အောက်နရက်မှာ မြှုပ်တတ်သောကြောင့် သူ့ကို ဒိဋ္ဌေစဉ်လို့ ခေါ်ပြန်တယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ပြီးတော့ လှံထမ်းပိုးမှာ ယှဉ်က ထားတဲ့ နွားသည် လှံပေါ်ရှိ ဝန်အပေါင်းကို ရုန်းခြင်းဖြင့် ပင်ပန်း သလို ဒိဋ္ဌိရှိတဲ့ သူသည်လည်း အပါယ် လေးပါး တည်းဟူသော လှံ၌ ယှဉ်က နေရသဖြင့် ပင်ပန်း ရကား ဒိဋ္ဌိယောဂလို့ ခေါ်တယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ပြီးတော့ သစ်ငုတ်မှာ ဖွဲ့ချည်ထားတဲ့နွားသည် ၎င်း သစ်ငုတ် အနားမှ မခွါနိုင်ဘဲ သွားလိုရာ မသွားနိုင် သကဲ့သို့ ဒိဋ္ဌိရှိတဲ့ သူသည်လည်း အပါယ် လေးပါး တည်းဟူသော သစ်ငုတ်နှင့်မကင်းနိုင်ဘဲ သွားလိုရာ နိဗ္ဗာန်သို့မသွားနိုင်သောကြောင့် ဂန္ထလို့ခေါ်တယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ မြွေအဘမ်းခံရသော ဘားသည် မရုန်းနိုင်ဘဲ သကဲ့ သို့ ဒိဋ္ဌိသည်လည်း အဖြေရခက်ခဲလှသောကြောင့် ဒိဋ္ဌုပါဒါန်လို့ ခေါ်တယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ပြီးတော့ ကျွန်းစေ့အတွင်းရှိ အပင်ပေါက်မည့် သဘောသည် ဘယ်လိုပင် တောမီး လောင်ငြားသော် လဲ့ မခန်းခြောက်ဘဲ အပင် ပေါက်စေနိုင်သကဲ့သို့

www.dhammaransi.com



ဒိဋ္ဌိသည်လည်း သတ္တဝါတွေ ဘယ်နှစ်ကြိမ်ပင် သေသော်လဲ ခန်းခြောက်ခြင်းမရှိ၊ အမြဲကိန်းနေသောကြောင့် ဒိဋ္ဌာနုသယလို့ ခေါ်တယ် မောင်စိန်ရဲ့။

တပည့်   မှန်ပါဘုရား။

ဆရာ   ပြီးတော့ကြိုးသည်နွားကိုတိုင်နားမှမခွါနိုင်အောင် ချည်ထားနိုင်သကဲ့သို့ ဒိဋ္ဌိသည်လည်း သတ္တဝါတို့ကို ဝဋ္ဋသုံးပါးမှ မလွတ်ရအောင် ချည်ထားသောကြောင့် ဒိဋ္ဌိသံယောဇဉ်လို့ခေါ်တယ်မောင်စိန်ရဲ့

တပည့်   မှန်ပါဘုရား။

ဆရာ   ပြီးတော့ ၎င်းဒိဋ္ဌိသည် စိတ်ကို ညစ်နွမ်းစေတတ်သောကြောင့် ဒိဋ္ဌိကိလေသာလို့ခေါ်တယ်၊ အဲဒီလို သတ္တိ အမျိုးမျိုးကြောင့် နံမည် အမျိုးမျိုး ရတယ် မောင်စိန်ရဲ့။

တပည့်   မှန်ပါဘုရား။

ဆရာ   ၎င်းသက္ကာယဒိဋ္ဌိ ၂၀-သည် လိုရင်းကို ချုပ်လိုက်ယင် မရှိဒါကို အရှိထင်မှု၊ မဟုတ်တာကို အဟုတ်ထင်မှုပါဘဲ၊ မရှိဒါကို အရှိထင်မှုက ရုပ်နာမ် ခန္ဓာအပြင် အသက် လိပ်ပြာသည် မရှိချေ၊ မရှိပါဘဲ ရှိတယ်လို့ ထင်နေခြင်းသည် ဒိဋ္ဌိ ဖြစ်တာဘဲ၊ ရှိတယ်လို့ထင်တဲ့ အတွက် မသာချတဲ့အခါ ပုဝါကဒလးနဲ့ သဲ့ပြီး လိပ်ပြာယူခဲ့ကြရတယ်၊ ၎င်းပုဝါကို အရှေ့အိမ်ဦးမှာ ထားကြရတယ်၊ ၎င်းလိပ်ပြာသည် အိမ်မှာ ၇-ရက်နေပြီးမှ သွားလိုရာသို့ သွားတယ်လို့ ထင်ကြတယ်၊ သို့အတွက် ၇- ရက်ကြာမှ ရက်လည်ဆွမ်း ကျွေးကြတယ်၊ တရုတ်တို့က

www.dhammaransi.com



တော့ ကြက်ကလေးကို မသာချတဲ့အခါ ခေါင်းပေါ်မှာတင်ပြီး ယူခဲ့ကြတယ်၊ သင်းချိုင်းကျမှ လွှတ်တယ်၊ အဓိပ္ပါယ်က အသက် လိပ်ပြာသည့် ကြက်ကလေးကိုစီးပြီး ရွာကိုပြန်ခဲ့အောင်လို့ ဖြစ် တယ်၊ ပုထုဇဉ်မှန်ယင် ငင်းအသက် လိပ်ပြာစွဲ ရှိဒါချည်းဘဲ၊ တမျိုးစီ စွဲကြဒါဘဲ ရှိတယ် မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား၊

ဆရာ ဒီနေရာမှာ ပုံကလေးပြောအုံးမယ် ရှေးတုန်းက မိန်းမ နှစ်ယောက် ရှိသတဲ့၊ တယောက်က ရွှေရောင်းတယ်၊ တယောက်က စားကုန် သောက်ကုန် ရောင်းသတဲ့၊ သူတို့နှစ် ယောက်ဟာ သူ့ကုန်ငါဝယ် ငါ့ကုန်သူဝယ်ပြုကြသတဲ့ ရွှေသယ် ကလဲ ရောင်းတဲ့အခါ ဆီမစိမ်တဲ့ ရွှေးနဲ့ချိန်၍ ရောင်းတယ်၊ ဝယ် တဲ့အခါကျတော့ ဆီစိမ်တဲ့ ရွှေးနဲ့ချိန်ပြီးဝယ်သတဲ့၊ ဈေးသယ် ကလဲ ရောင်းတဲ့အခါ အလေးမီးဖုတ်နဲ့ရောင်းပြီး ဝယ်တဲ့အခါ မီးမဖုတ်တဲ့အလေးနဲ့ ချိန်ပြီးဝယ်တယ်ဆိုဘဲ၊ အဲဒီတော့ထိုမိန်းမ နှစ်ယောက်ဟာ သူ့အလိမ် ငါခံရ, ငါ့အလိမ် သူခံရ,ဖြစ်နေကြ သတဲ့၊ ဒါနဲ့ အတွင်းက မကျေမနပ် ဖြစ်နေကြတယ်တဲ့၊ တခု သော နေ့ရာသီ တာကူး ကဆုန် ကျတော့ရွှေကုန်သယ် အိမ်ကို မီးလောင်ပါရောတဲ့၊ ဒီတော့ဈေးသည်က "ရွှေကိုဆီစိမ် တထိန် ထိန်ဟဲ့"လို့ အော်ကျယ်အော်ကျယ်ဆိုသတဲ့၊တော်တော်ကလေး ကြာတော့ မီးက ဈေးသယ်အိမ်ကိုပါ ကူးစက်ပြီး လောင်ပါရော တဲ့၊ ဒီတော့ရွှေသယ်က"သူလိမ် ငါလိမ်ထိန်လို့ဝင်းစ"လို့ လက် စား ချေဘယ်တဲ့၊ အဲဒီလိုဘဲ ပုထုဇဉ်မှန်ယင် သူက တမျိုးမှား ငါကတမျိုးမှစး တမှားထဲမှားနေကြဒါဘဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား၊

www.dhammaransi.com



ဆရာ   ရုပ်နာမ် ခန္ဓာတို့သည် အသက်လိပ်ပြာမဟုတ်ပါဘဲ ဟုတ်တယ်လို့ ထင်ကြတယ်၊ သို့အတွက် သက္ကာယ ဒိဋ္ဌိ ၂၀- ဖြစ်လာတယ်၊ အကျယ် ပွါးလိုက်တော့ ဒိဋ္ဌိပေါင်း ၆၂-ပါးဖြစ်တယ်၊ ၎င်း၆၂-ပါးသော ဒိဋ္ဌိတို့သည်ကားမြှုံးကြီးနဲ့ တူတယ်၊ သတ္တဝါတို့ သည် မြှုံးတွင်းရှိ ငါးတွေနဲ့ တူကျတယ်၊ အပါယ် လေးပါးက တံငါသည်ကြီးနဲ့ တူတယ်မောင်စိန်ရဲ့။

တပည့်   မှန်ပါဘုရား။

ဆရာ   လမ်းများကိုမစွန့်ဘဲမော်တော်ကားနဲ့ဘဲသွားသွား သင်္ဘောနဲ့ဘဲသွားသွား လှေနဲ့ဘဲသွားသွား အလို ရှိတဲ့ မြို့ကို ရောက်ပါ့မလား။

တပည့်   မရောက်နိုင်ပါဘုရား။

ဆရာ   အေးဒီလိုပေါ့ အသက် လိပ်ပြာစွဲကို မစွန့်နိုင်သမျှ ကာလပတ်လုံး အလှူပေးချင်သလိုပေး၊ သီလစောင့် ချင်သလိုစောင့် သမာဓိကိုပွါးချင်သလိုပွါး နိဗ္ဗာန် ကိုတော့ ဘယ်တော့မှ မရောက်ဘူးလို့ မှတ်ကွဲ၊ ဘာကြောင့်လဲ ဆိုတော့ ဒိဋ္ဌိမိုးမိနေတဲ့ ဒါန သီလ သမထ တို့သည် ကာမ သုဂတိဘုံ, ရူပဘုံသို့သာ ရောက်စေနိုင်တယ်၊ နိဗ္ဗာန်ကိုမရောက်စေနိုင်ဘူးဒိဋ္ဌိ ကိလေသ ဝဋ်ကြောင့် ဒါနသီလ သမထ တို့သည် ကမ္မဝဋ် ဖြစ်ကြရတယ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် ဖြစ်ကြရတယ်၊ ဝိပါကဝဋ်ကြောင့် ကိလေသ ဝဋ် တဖန် ပြန်ဖြစ် ရပြန်တယ်၊ အဲဒီလို ဝဋ်သုံးပါးက

မထွက်ရသဖြင့် နိဗ္ဗာန်ကို မရောက်နိုင်ဘူးလို့ ပြောဒါကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဒိဋ္ဌိနယ်ချဲ့ပုံပြီး၏။

---

ဆရာ တဏှာက သံသရာချဲ့ပုံကို ပြောကြအုံးစို့, တဏှာဆိုဒါ ကာမုပါဒါန်ကိုခေါ်တယ် "ဥပါဒါနပစ္စယာဘဝေါ" လို့ ဆိုတယ်မဟုတ်လား၊ ဥပါဒါန်ကြောင့် ဘဝဖြစ်ရတယ်၊ ဖြစ်ပုံကတော့ လူတယောက်သည် နတ်အဖြစ်ကို တဏှာဖြင့် တမ်းတ၍ ဒါန သီလကိုပြုတယ်၊ ထိုသူသည် သေသည်၏အခြားမဲ့၌ ရင်းကံကြောင့် နတ်ဖြစ်ရတယ်၊ သံသရာမှမထွက်ဘူး၊ ဗြဟ္မာဘဝကို တဏှာဖြင့် တမ်းတပြီး ဈာန်ပွားလိုက်တယ်၊ သေသည်၏အခြားမဲ့၌ ရင်းကံကြောင့် ဗြဟ္မာဖြစ်ရတယ်၊ သံသရာမှ မထွက်ချေ၊ ဘာ့ကြောင့်လဲ ဆိုတော့ဒါန သီလ သမထမျိုးစေ့ကို တဏှာမိုးမိသဖြင့် နတ်ခန္ဓာ ဗြဟ္မာခန္ဓာ အပင် ပေါက်ကုန်တဲ့အတွက် နိဗ္ဗာန်ကို မရဒါကွဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ယခုပြောခဲ့ဒါက အထက်သံသရာကိုချဲ့ဒါ၊ အောက်သံသရာကိုချဲ့ပုံကိုလဲ ပြောအုံးမယ် ငွေကိုလိုချင်တဲ့ တဏှာကြောင့် သူ့တပါးအသက်ကို သတ်ဖြတ်ပြီး ရောင်းစားကြတော့ သေသည်၏ အခြားမဲ့၌ ရင်း အကုသိုလ်ကံကြောင့် အပါယ်ကျရတယ်၊ မဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

www.dhammaransi.com



ဆရာ သူတပါးဥစ္စာကို လိုချင်တဲ့ တဏှာကြောင့် အဒိန္နာဒါန်ကိုပြုကြတယ်၊ဖေါင်ဒွဗ္ဗတဏှာကြောင့် ကာမေသုကျူးလွန်ကြတယ်သူတပါးပစ္စည်းကိုလိုချင်၍မုသားပြောကာ လိမ်ကြတယ်၊ ပိသုဏာဝါစာကို ပြောကြတယ်၊ ၎င်းကံတွေကြောင့် သေသည်၏ အခြားမဲ့၌အပါယ်ကိုကျရပြန်တယ်၊ အဲဒီလိုအပါယ်သို့ကျရဒါဘာကြောင့်လဲ၊ဒုစရိုက်တို့ကို ကျူးလွန်၍ဖြစ်တယ်၊ဒုစရိုက်တို့ကို ဘာကြောင့်ကျူးလွန်ကြသလဲတဏှာအကြောင်းခံ၍ကျူးလွန်ကြတယ်၊အရင်းကိုစစ်ယင်အမြစ်မြေက ဆိုဒါလို အပါယ်သို့ ကျရဒါအရင်းကိုစစ်ယင် တဏှာဘဲမဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ ကဿပမြတ်စွာဘုရား လက်ထက်ဝယ် တခုသောရွာ၌ ရဟန်း ၂-ပါးတို့သည် အညီအညွတ် နေကြတယ်တဲ့၊ တပါးက ဝါတော် ၆၀=ရ၍ တပါးက ဝါတော် ၅၉=ဝါ ရသတဲ့ ဝါငယ်တဲ့ မထေရ်က ဝါကြီးတဲ့ မထေရ်ကို သာမဏေကဲ့သို့ အလုံးစုံသော ဝတ်ကြီး ဝတ်ငယ်တို့ကို ပြုသတဲ့၊ တမိငမ်းတွင်းဆောင်းတဲ့ ညီအစ်ကို အရင်းကဲ့သို့ ချစ်ကြတယ်တဲ့ တနေ့သော အခါ ထိုမထေရ် ၂-ပါးနေ့ရာသို့ တရားဟောတတ်တဲ့ ရှုဟန်း တပါး ရောက်လာသတဲ့၊ ထိုနေ့ဟာလဲ တရားနာတဲ့ နေ့ဖြစ်၍ မထေရ် ၂—ပါးက ဓမ္မကထိကရဟန်းကို ချီးမြှောက်ခြင်းကိုပြု၍ တရားဟောရန် တိုက်တွန်းကြတယ်တဲ့၊ ဓမ္မကထိကရဟန်းကလဲ တိုက်တွန်းတဲ့ အတိုင်း ဟောပြောရာ သဘောကျပြီး မိုးသောက်တဲ့အခါ ဓမ္မကထိက ရဟန်းကို ခေါ်ပြီး အဦးဖြစ်တဲ့ ရွာသို့

www.dhammaransi.com



ဆွမ်းအလို့ငှါဝင်၍ ထိုရွာ၌ ဆွမ်းစားခြင်းကိစ္စပြီးဆုံးလေလျှင် "ငါ့ရှင် မနေ့ကဟောတဲ့ နေရာမှသာလျှင် အနည်းငယ်သော တရားကို ဟောစကြားပါ" လို့ တိုက်တွန်းပြန်သဖြင့် ဟောပြန်ဘယ်လူဘို့ကလဲ တရားကိုနာရ၍ နက်ဖြန် အလို့ငှါ ပင့်ကြပြန်တယ်၊ ဤနည်းဖြင့် အနီးအနားပတ်ဝန်းကျင် ဆွမ်းခံရွာတို့၌ ၂-ရက် ၂-ရက်တို့ပတ်လုံး ထိုဓမ္မကထိက ရဟန်းကိုခေါ်၍ ဆွမ်းအလို့ငှါ လှည့်လည်ကြတယ်တဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ဓမ္မကထိကရဟန်းသည် နှစ်ပါးကုန်သောကျောင်းနေရဟန်းတို့၏နေ့ညဉ့်တွေအဖြစ်ကိုသိ၍အကြံဖြစ်သတဲ့၊ ဘယ်လိုအကြံ ဖြစ်သလဲဆိုတော့ "ငါသည် ဤနှစ်ပါးသော မထေရ်တို့ကို ကုန်းတိုက်ကာ ထွက်သွားစေ၍ဤကျောင်း၌နေယင်ကောင်းမှာဘဲ" လို့ ကြံစည်တယ်တဲ့၊ ဘယ်လောက်ယုတ်မာသလဲ မောင်စိန်ရဲ့။

တပည့် မှန်ပါ ယုတ်မာပါတယ်ဘုရား။

ဆရာ ဒီလို ယုတ်မာတဲ့အကြံ ဖြစ်တာ ဘာကြောင့်လဲဆိုတော့ ကျောင်းကို မက်မောတဲ့ တဏှာကြောင့် မဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ အဲဒီလိုကြံပြီးသော် ထိုဓမ္မကထိကသည် ညနေချမ်းအခါ မထေရ်ကြီးထံသွား၍ ရဟန်းတို့ထသွားတဲ့အခါ ဆုတ်နစ်ပြန်လာပြီးလျှင် မထေရ်ကြီးသို့ချဉ်းကပ်၍ "အရှင်ဘုရားအနည်း

www.dhammaransi.com



ငယ် လျှောက်ထားဘွယ် ရှိပါတယ်”လို့ လျှောက်ထားတဲ့အခါ မထေရ်ကြီးက “ငါ့ရှင်လျှောက်ပါ” လို့ ခွင့်ပေးတယ်တဲ့၊ ထိုအခါ ဓမ္မကထိက ရဟန်းသည် အနည်းငယ် ကြံစည်တွေးတော၍ “အရှင်ဘုရား စကားမည်သည် အလွန်များသော အပြစ်ရှိပါ၏” ဟု လျှောက်ပြီးလျှင် မပြောတော့ဘဲ ထပြန်သွားသတဲ့၊ လျှောက်ထားစရာ ရှိသော်လဲ မလျှောက်လိုတဲ့ဟန် ပြုဒါပေါ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ နောက်တနေ့ကျတော့ မထေရ်ငယ်ထံ ချဉ်းကပ်ပြီး ဤနည်းအတိုင်းဘဲ ပြုပြန်တယ်တဲ့၊ ဤနည်းအတိုင်း ၂-ရက် ၃-ရက်တို့ပတ်လုံးပြုလုပ်၍ ၃-ရက် မြောက်လတ်သော် မထေရ် ၂-ပါးမှာ အနည်းငယ်စီ စိတ်စနောင့်စနင်း ဖြစ်လာကြသတဲ့၊ ထိုအခါ ဓမ္မကထိက ရဟန်းက မထေရ်ကြီးထံ ချဉ်းကပ်၍ “အရှင်ဘုရား…..အနည်းငယ် လျှောက်ထားစရာ ရှိသော်လဲ မလျှောက်ရဲပါ” လို့ လျှောက်သတဲ့၊ ဒီတော့ မထေရ်ကြီးက “ပြောသာ ပြောပါ” လို့ အတင်းအကျပ် ခိုင်းသဖြင့် “အရှင်ဘုရား မထေရ်ငယ်သည် အရှင်ဘုရားတို့နှင့်တကွ သုံးဆောင်ခြင်း ပြုပါ၏လော” ဟု လျှောက်သတဲ့၊ ဒီတော့ မထေရ်ကြီးက “သုံးဆောင်ပါတယ်၊ ငါတို့ ၂- ယောက်သည် ညီအစ်ကို အရင်းကဲ့သို့ ချစ်ခင်ခြင်း ရှိပါတယ်” လို့ ပြောသတဲ့၊ ဒါနဲ့ ဓမ္မကထိက ရဟန်းက “အရှင်ဘုရား မထေရ်ငယ်သည် တပည့်တော်အား ဤသို့ပြောပါသည်၊ သူတော်ကောင်းအသင်သည် အမျိုးကောင်းသားတည်း၊ ဤမထေရ်ကြီးနှင့်ပေါင်းသင်းသည်ရှိသော် စုံစမ်း၍ ပေါင်းဖော်လော့ဟု ပြောပါသည်” ဟု

www.dhammaransi.com



လျှောက်ထားတဲ့အခါ မထေရ်ကြီးသည် အမျက်ထွက်၍ ဒုတ် ဖြင့်ခတ်မိသော အိုးကွဲသို့ စိတ်ဝမ်းကွဲသွားတယ်တဲ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား ဝမ်းနဲစရာပါဘဲ။

**ဆရာ** မထေရ်ငယ်ထံသို့ ချဉ်းကပ်ပြီး ဒီနည်းအတိုင်းပြော ပြန်ရာ မထေရ်ငယ်လည်း အမျက်ထွက်၍ စိတ်ဝမ်းကွဲပြားသွား သတဲ့၊ အဲဒီလို စိတ်ဝမ်းကွဲပြားကြသဖြင့် မထေရ်ကြီးက အ ရှေ့တံခါးဖြင့် ထွက်သွား၍ မထေရ်ငယ်က အနောက် တံခါး ဖြင့် ထွက်သွားတယ်တဲ့၊ မထေရ် ၂- ပါးမရှိတော့ ဓမ္မကထိက ရဟန်းသည် အကြံအောင်၍ စိတ်ကျေနပ်စွာ ကျောင်းမှာ ပိုင် ပိုင်ကြီး နေတိုင်ဘယ်တဲ့၊ အဲဒီလိုနဲ့ အနှစ် ၁၀၀- ရှိလတ်သော် ထိုမထေရ် ၂-ပါးတို့သည် တခုသော ကျောင်းမှာ ဆုံမိကြပြန် သဖြင့် တယောက်နှင့် တယောက် နောက်ကြောင်းကို ပြန်၍ ပြောကြရာ ဓမ္မကထိက ရဟန်းကုန်းတိုက်မှန်းကို ထိုအခါမှသိ၍ ၎င်းဓမ္မကထိက ရဟန်းကို ထိုကျောင်းမှ မောင်းထုတ်ကြပြီး မူလကျောင်းမှာဘဲ ရှေးကလို နေကြပြန်တယ်တဲ့၊ ဓမ္မကထိက ရဟန်းလဲ တခြားသို့ထွက်သွား၍ စိတ်ချမ်းသာခြင်းကို မရဘဲ သေ၍ ကဿပဘုရားနဲ့ ဂေါတမဘုရား ၂-ဆူတို့၏အကြား ကာ လပတ်လုံး အဝီစိမှာခံရပြီး၊ ငါတို့ဘုရား ပွင့်လာတဲ့အခါ အဝီစိမှ ကျွတ်၍ ဂိဇ္ဈကုဋ်ခေါင်မှာ ဇက်ပြိတ္တာကြီးဖြစ်ရသတဲ့၊ (အကျယ် ကိုလိုမူ ဓမ္မပဒမှာကြည့်ပါ) ဤကဲ့သို့ အပါယ်ကို.ကျရဒါ ဘာ ကြောင့်လဲ၊ ကျောင်းကို မက်တဲ့ တဏှာကို အကြောင်းခံပြီး ပိသုဏာဝါစာကံကို ကျူးလွန်မိ၍ ဖြစ်ရဒါမဟုတ်လား။

တပည့် မှန်ပါတယ်ဘုရား။

www.dhammaransi.com



ဆရာ　အဲဒါက တဏှာကို အကြောင်းခံပြီး ပိယရူပသာတာရံ ကိုကျူးလွန်၍ ဖြစ်ရဒါ၊ ဒုစရိုက်ကို မကျူးလွန်ဘဲ တဏှာသက်သက်နဲ့ အပါယ်မှာ ဖြစ်ရဒါ ရှိသေးတယ် မောင်စိန်ရဲ့။

တပည့်　မှန်ပါ ပြောပါအုံးဘုရား။

ဆရာ　ရှေးတုန်းက လင်က တောင်သူဖြစ်၍ တောသို့သွားကာ အလုပ်ကို ပြုလုပ်နေခိုက် မယားက အိမ်မှာ လင်ငယ် နေတယ်တဲ့၊ အတော်ကြာ၍ ၎င်းအမှုထင်ရှားမှာ စိုးတဲ့အတွက် လင်ငယ်ကို အကြံပေးသတဲ့၊ "မောင်…. မင်းနဲ့ ငါ ဒီလိုချည်း နေကြယင် လင်ကြီးသိလိမ့်မယ်၊ သို့အတွက် လင်ကြီးပြန်လာယင် ငါ ခေါင်းလျှော်ခိုင်းလိုက်မယ်၊ ရေချိုးဆိပ်က စောင့်ပြီးသာ သတ်ပေဘော့"လို့ ပြောတယ်တဲ့၊ လင်ငယ်ကလဲ မိန်းမ ပြောတဲ့အတိုင်း ထက်သစွာသော ဒါးကိုယူ၍ ရေဆိပ်သို့သွားကာ ပုန်းနေတယ်တဲ့၊ ဒါနဲ့ မျှားမကြာမီ လင်ကြီးသည် တောမှပြန်လာရာ မယားက လောကွတ်ပျူငှါလုပ်၍ ခေါင်းလျှော်ခိုင်းသဖြင့် ခေါင်းလျှော်အိုးကိုဆွဲ၍ ရေချိုးဆိပ်ကို သွားရာ လင်ငယ်သတ်၍ သေတယ်တဲ့ မောင်စိန်ရဲ့။

တပည့်　မှန်ပါဘုရား။

ဆရာ　သေခါနီးမှာ မယားကိုစွဲပြီးသေသဖြင့် အိမ်မှာ မြွေကြီးဖြစ်၍ မယားထံ ချစ်ဇောနဲ့ လာပြန်ရာ လင်မယား ၂-ယောက်ဝိုင်းပြီး ရိုက်ကြသဖြင့် ဒုတိယအကြိမ် သေပြီး တဖန် ၎င်းအိမ်မှာပင် ခွေးကြီးဖြစ်ရပြန်တယ်၊ ၎င်းခွေးသည် ထိုမိန်းမ နောက်သို့ တကောက်ကောက် လိုက်နေသဖြင့် ရွာသားတို့က ခွေးမုဆိုးလို့ ခေါ်ကြတယ်တဲ့၊ ဒါနဲ့ မိန်းမကရှက်ပြီး ခွေးကို ရေ

www.dhammaransi.com



ကန်နားသို့ခေါ်ပြီး လယ်ပင်းမှာ အိုးဆွဲလျက်ရေကန်ထဲသို့ ပစ်ချလိုက်ရာ ရေနစ်၍ တတိယအကြိမ် သေရပြန်တယ်၊ ထိုနောက် ဒီအိမ်မှာပင် နွားကြီးဖြစ်၍ မိန်းမနောက်သို့ တကောက်ကောက် လိုက်ပြန်ရာ နွားသတ်သမားသို့ ရောင်းလိုက်သဖြင့် စတုတ္ထ အကြိမ် သေရပြန်တယ်၊ အဲဒီလို တိရစ္ဆာန် သုံးဘဝဖြစ်ရဒါ ဘာကြောင့်လဲ တဏှာကြောင့်မဟုတ်လား။

တပည့် မှန်ပါဘုရား။

ဆရာ ဒီလိုဆိုတော့ ငရဲကိုစွဲပြီး သေတဲ့လူတော့ ရှိမယ်မထင်ဘူးလို့ ပြောမယ်ဆိုယင် ပြောစရာရှိပါတယ် ရှိမယ်လို့မထင်ပေမဲ့ ရှိဒါဘဲ၊ အကုသိုလ်ကြောင့် ငရဲကျမယ့် သူသည် သေခါနီးအခါမှာ ငရဲနိမိတ်ထင်လာတယ်၊ အဲဒီလို ထင်တဲ့အခါ ၎င်းငရဲဘုံကြီးကိုပင် မိမိ၏နေရာအဖြစ်ဖြင့် ထင်မြင်ပြီးစွဲလမ်းဒါဘဲ၊ စွဲလမ်းတဲ့အခါမှာ စုတိစိတ်ကျပြီး ငရဲမှာဖြစ်ရတယ်၊ သင်မုန်းစက်ငရဲကို နတ်ပန်းထင်ပြီးတောင်းတဲ့ မိတ္တဝိန္ဒက ဝတ္ထုကို ကြည့်ပါလား။ အကုသိုလ်၏ အစွမ်းကြောင့် မကောင်းဒါကို အကောင်းထင်ရတယ်။ ထင်တဲ့အခါ စွဲလမ်းဒါဘဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ယခုပြောခဲ့ဒါက ပုထုဇဉ်သန္တာန်မှာရှိတဲ့ တဏှာကနယ်ချဲ့ပုံဖြစ်တယ်၊ သောတာပန်, သကဒါဂါမ်တို့သည် ဘဝဖြတ်မသွားဘဲ နောက်ထပ် ဘဝအသစ် ဖြစ်ရဒါ တဏှာကြောင့်ဘဲ၊ ကာမတဏှာသည် အနုသယအားဖြင့် ရှိနေတော့ သောတာပန်, သကဒါဂါမ်တို့ ပြုလုပ်တဲ့ ဒါန, သီလ မျိုးစေ့တို့ကို တဏှာမိုးမိစေတယ်၊ တဏှာမိုးမိတဲ့အတွက် ကာမကုသိုလ်တို့

www.dhammaransi.com



သည့်ကာမဘုံမှာ ဘဝခန္ဓာအပင်တွေကို ပေါက်စေပြန်တယ်၊ ဘဝခန္ဓာ အပင်ပေါက်တယ်ဆိုယင် ဇာတိဒုက္ခ, ဇရာဒုက္ခ, မရဏဒုက္ခ, ပိယေဟိဝိပ္ပယောဂဒုက္ခ, အပ္ပိယေဟိသမ္ပယောဂ ဒုက္ခ တည်းဟူသော အကိုင်းအခက်, သောက ပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသတည်းဟူသော အရွက်တို့သည် ဝေနေအောင် ဖြာထွက်လာဒါဘဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ဒါကြောင့် မြတ်စွာဘုရားက ဒီလိုဟောတော်မူပြန်တယ်----

**တဏှာယ ဇာယတီ သောကော၊ တဏှာယ ဇာယတီ ဘယံ၊**

**တဏှာယ ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။**

တဏှာယ-ငါးဝအာရုံ ကာမဂုဏ်ကို ခုံမင်တွယ်တာ တိုတဏှာကြောင့်၊ သောကော—စိုးရိမ်ပူးဆွေး ငိုကြွေးရခြင်းသည် ဇာယတိ-မသွဲရှောင်သာ ဖြစ်ပေါ်၍လာရလေ၏၊ တဏှာယ-ငါးဝအာရုံ ကာမဂုဏ်ကို ခုံခင်တွယ်တာ ထိုတဏှာကြောင့်၊ ဘယံ-ကြောက်စရာအဖုံဖုံ ဘေးမျိုးစုံသည်၊ ဇာယတိ- မလွဲရှောင်သာ ဖြစ်ပေါ်၍လာရလေ၏ တဏှာယ- ချစ်ခင်တွယ်တာ ထိုတဏှာမှ၊ ဝိပ္ပမုတ္တဿ- ကင်းလွတ်သော ရဟန္တာပုဂ္ဂိုလ်အား၊ သောကော- စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းသည်ရင်း၊ ဘယံ- ကြောက်စရာအဖုံဖုံ ဘေးမျိုးစုံသည်ရင်း၊ ကုတော-ဘယ်ခါကာလ-သမယမှ၊ နတ္ထိ-မုချပုံသေ မဖြစ်နိုင်လေတော့သည်တကား။

တပည့် သာဓု-သာဓု-သာဓု။

www.dhammaransi.com



ဆရာ အဲဒီလို တဏှာ တည်းဟူသော ကိလေသ ဝဋ်ကြောင့် ကုသိုလ်, အကုသိုလ်တို့သည် ကမ္မဝဋ်ဖြစ်သွားရတယ်၊ ၎င်းကမ္မဝဋ်ကြောင့် ဘဝခန္ဓာတည်းဟူသော ဝိပါကဝဋ်ဖြစ်ရတယ်၊ ၎င်းဝိပါကဝဋ်ကြောင့် တဖန် ကိလေသဝဋ် ဖြစ်၍ အဆုံးမရှိဘဲ လှည့်ဘီးလည်သလို ဖြစ်နေကြရတယ် မဟုတ်လား။

ဘပည့် ဟုတ်ပါတယ်ဘုရား။

## တဏှာနယ်ချဲ့ပုံပြီး၏။

---

ဆရာ မာန နယ်ချဲ့ပုံက ဒီလိုကွဲ၊ မာနရှိယင် သူတော်ကောင်းထံ မချဉ်းကပ်လိုဘူး မချဉ်းကပ်ယင် သပ္ပုရိသသံသေဝ မဖြစ်ဘူး၊ သပ္ပုရိသသံသေဝ မရှိယင် သဒ္ဓမ္မဿဝနမဖြစ်ဘူး၊ သဒ္ဓမ္မဿဝန မရှိယင် ယောနိသောမနသိကာရ မဖြစ်ဘူး၊ ယောနိသောမနသိကာရ မရှိယင် ဓမ္မာနုဓမ္မပဋိပတ် မဖြစ်ဘူး၊ ၎င်းအင်္ဂါလေးပါး မရှိယင် မင်္ဂကို မရနိုင်ဘူး၊ မင်္ဂကိုမရယင် သံသရာက မထွက်နိုင်သဖြင့် တဝဲလယ်လယ် နေရဒါ မာနကြောင့် မဟုတ်လား။

တပည့် မှန်ပါဘုရား။

ဆရာ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်တို့သည် ကြီးကျယ်တဲ့ လူ့စည်းစိမ်ကို ပစ်ပြီး မအိုရာ, မနာရာ, မသေရာ, နိဗ္ဗာန်ကို ရှာရန် ရသေ့ရဟန်းပြု၍ သိဉ္စည်းဆရာထံမှာတပည့်

www.dhammaransi.com



ခံကြတယ်၊ စပါးမရှိသူထံ ချဉ်းကပ်သော်လဲ စပါး မရနိုင်သလို သိဉ္စည်းကြီး ကိုယ်တိုင်မှ နိဗ္ဗာန်ကို မသိတော့ ဘယ်ပေးနိုင်မှာ လဲ၊ ဒါနဲ့ တဦးက တရားရယင်တဦးကို ပြောစတမ်းလို့ ကတိက ဝတ်ထားပြီး နိဗ္ဗာန်ကိုသိသူ ဘယ်မှာ ရှိပါသလဲလို့ စုံစမ်းပြီး သွားလာ လှည့်ပတ်ကာ နေကြတယ်တဲ့၊ နောက်များမကြာမီ ရှင်သာရိပုတ္တရာသည် အဿဇိမထေရ်နှင့်တွေ့ပြီး နိဗ္ဗာန်ကို ရ လာသဖြင့် ကတိကာဝတ်အတိုင်း ရှင်မောဂ္ဂလာန်အား ပြောပြန် တယ်၊ ရှင်မောဂ္ဂလာန်လဲ နိဗ္ဗာန်ကို ရသွားပြန်တယ်၊ သောတာ ပန် တည်ပြီးသူသည် မိစ္ဆာအယူရှိသူကို အဘယ်မှာလျှင် ဆရာ တင်တော့မှာလဲ မတင်လိုတော့ဘူး၊ သို့အတွက် ၂-ဦးသားတို့ မြတ်စွာဘုရားထံသွားဘို့ ပြင်ကြပြီးလျှင် ဆရာဖြစ်တဲ့ သိဉ္စည်း ကို ခေါ်ကြတယ်၊ "ဆရာ ယခု ဘုရားပွင့်ပြီ မအိုရာ မနာရာ မသေရာ နိဗ္ဗာန်ကို ရနိုင်ပြီ၊ ဒါကြောင့် ရှင်ဂေါတမထံ သွားကြ စို့" လို့ ပြောကြတော့ သိဉ္စည်းက "အို....တပည့်တို့ အိုးကြီး လုပ်ပြီးသူသည် သူတပါးထံတွင် အိုးငယ်မလုပ်လိုတော့ဘူး" လို့ ပြောတယ်၊ ဆရာလုပ်ပြီးမှ သူတပါးအလုပ်ကို မလုပ်တော့ဘူး လို့ ဆိုဒါပေါ့၊ ဒီတော့ ရှင်သာရိပုတ္တရာက "ဆရာ ဒီလိုစိတ်ကို မထားပါနဲ့ နိဗ္ဗာန်ကို ရဘို့သာ လိုရင်းဖြစ်ပါတယ်၊ ဂုဏ်ကြီး ဒါ ဂုဏ်ငယ်တာတွေကို ပမါန မထားပါနဲ့" လို့ ပြောသော် လဲ "အိုတပည့်တို့ လောကမှာလူမိုက်က များတယ်၊ ပညာရှိက နဲတယ်၊ လူမိုက်က ငါ့ထံလာလိမ့်မယ်၊ ပညာရှိက ဂေါတမထံ သွားလိမ့်မယ်၊သို့ဖြစ်၍ ငါကားပရိသတ်နဲမယ်မဟုတ်လို့"ပြော သတဲ့၊ ဒါမာန မဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

www.dhammaransi.com



ဆရာ အဲဒီလိုခေါ်မရတော့ သူတို့ ၂-ပါး ဦးစီးပြီးသူတို့၏ တပည့်တွေကိုပါခေါ်ပြီး မြတ်စွာဘုရားထံ သွားကြတယ်၊ သိဥ္စည်းလဲ မဇ္ဈိမရကြောင့် သွေးအန်တယ်၊ နောက် သေပြီးငရဲကျတယ်၊ ယခုထိမလွတ်သေးချေ (အကျယ်ကိုသိလိုမူ ဓမ္မပဒမှာကြည့်လေ) အဲဒီလို သံသရာထဲမှာ ကြာရဒါ မာနကြောင့် မဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ ဘုရားအလောင်းသည် ဇောတိပါလပုဏ္ဏားဘဝက ကဿပဘုရားသည် ဒုက္ကရစရိယာကို ခြောက်နှစ် ကျင့်၍ ဘုရားဖြစ်တယ်ဆိုဒါကိုကြားဒါနဲ့ ငါဘုရား ဖြစ်တဲ့အခါ ခြောက်နှစ်ကျင့်ပြလိုက်မယ်၊ ဒီခြောက် ရက်ကလေးနဲ့ ဘာအသုံးကျမှာလဲလို့ မာနထောင် လွှားကာ ပြောဆိုမိသဖြင့် ဘုရားဖြစ်မည့် ဘဝမှာ အလွယ်နဲ့ မဂ်ဖိုလ်ကို မရနိုင်ဘဲ ခြောက်နှစ်တို့ပတ် လုံး ပင်ပန်းစွာ ကျင့်နေရဒါလဲ မာနကြောင့်ဘဲ မဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ အဲဒါကပုထုဇဉ်မာနသည် သံသရာကိုချဲ့ပုံဖြစ်တယ်၊ အနာဂါမ်သည် သေယင်ပြဟ္မာဖြစ်ရဒါဘာ့ကြောင့် လဲ၊မာနကို မပယ်ရသေးလို့ဖြစ်ရဒါပေါ့၊မာနသည် အနုသယ အားဖြင့် အနာဂါမ်၏ သန္တာန်မှာရှိနေ လေတော့ အနာဂါမ်ရတဲ့စျာန် ကုသိုလ်သည် မာန မိုးမိပြီး ပြဟ္မာ ခန္ဓာ ဖြစ်ရတယ်၊ အဲဒီလိုနိဗ္ဗာန်ကို

www.dhammaransi.com



ဒေါက်ရှောက်မသွားနိုင်ဘဲ ပြဟ္မာဘုံမှာ တဝဲလယ်လယ် ဖြစ်နေရဒါ မာနကြိုး ရှိလို့မဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ ဧင်းဘကျာ့, မာန, ဒိဋ္ဌိသည်ကြိုးနဲ့တူတယ်၊ သတ္တဝါတွေက နွားနဲ့တူတယ်၊ သုံးဆဲ့တဘုံက မြက်ခင်းနှင့် တူတယ်၊ နိဗ္ဗာန်က လူတွေ စိုက်ပျိုးထားတဲ့ သစ်ပင်တွေနဲ့တူတယ်၊နွားသည်လှုံထားတဲ့ကြိုးကို ပြတ်အောင်မရုန်းနိုင်ယင် လူတွေ စိုက်ပျိုးထားတဲ့ စားကောင်းသောက်ဘွယ်အပင်ကိုစားရပါမလား။

တပည့် မစားရပါဘုရား။

ဆရာ အေး…ဒီလိုပေါ့ တဏှာ, မာန, ဒိဋ္ဌိ တည်းဟူသောကြိုးကို ပြတ်အောင် မရုန်းနိုင်တဲ့သူလဲနိဗ္ဗာန်၏အရသာကို မရပေဘူးပေါ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ မိမိကိုလှုံထားတဲ့ကြိုးကိုပြတ်အောင်ရုန်းနိုင်တဲ့နွားသည် စားကောင်းသောက်ဘွယ် အပင်ကို စားရခြင်း, သွားလိုရာသို့ သွားနိုင်ခြင်း ဆိုတဲ့ ချမ်းသာသုခကို မရပါလား။

တပည့် ရပါတယ်ဘုရား။

ဆရာ အေး… ဒီလိုပေါ့၊ ဧင်းတဏှာ, မာန, ဒိဋ္ဌိကြိုးကို ပြတ်အောင် ရုန်းနိုင်တဲ့ အရိယာ ပုဂ္ဂိုလ်တို့သည် မရောက်ချင်တဲ့အပါယ်သို့ မရောက်ရဘဲ ချမ်းသာခြင်း, မိမိကြိုက်ရာဘုံတွင် ချမ်းသာစွာနေနိုင်သည့်

www.dhammaransi.com



အပြင် နိဗ္ဗာန်၏ အရသာကို ခံစားနိုင်ခြင်းဟု ဆို အပ်သော ချမ်းသာမှုကို ရတယ်မဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ ဝင်းကြိုးသည် မမြင်ရအောင် သေးပေမဲ့ အင်မတန် ခိုင်တယ်၊ ခိုင်ကြောင်းကို မြတ်စွာဘုရားက ဒီလို ဟောတော်မူတယ်။

**ဗန္ဓနာဂါရ ကာမမှိ၊ သံယောဇနေန ရဇ္ဇုယာ၊**
**ဂဝိဝါယ ဗန္ဓိတာ သတ္တာ၊ နသက္ကောန္တိ စလေတဝေ။**

ဗန္ဓနာဂါရကာမမှိ- ကာမဂုဏ် ခေါ်သမုတ်သည့် အချုပ် ထောင်တော်ကြီး အတွင်း၌၊ သံယောဇမေန- မရုန်းနိုင်အောင် ချည်နှောင်လေဘိ သံယောဇဉ်အမည်ရှိသော၊ ရဇ္ဇုယာ-ခိုင်မာ တန်ပြင်းကြိုးဆယ်စင်းဖြင့် ဂဝိဝါယ-တင်းသည်ထက်တင်းအောင် လည်ပင်းရေမျိုထက်၌၊ ဗန္ဓိတာ-ရုန်းနိုင်လျှင်ရုန်း၊ဖြတ်နိုင်လျှင် ဖြတ် နင်တကယ်ကျွပ်ကရော့ဟု ဓါတ်သော့ကြီး ခိုင်ခိုင်ဖြင့် သံ တိုင်တွင် တုပ်နှောင် အပ်ကုန်သော၊ သတ္တာ—လူနှော နတ်ပါ ပြဟ္မာမကျန် သတ္တဝါ အနန္တမှန်သမျှတို့သည်၊ စလေတဝေ-ငါ အစွမ်းကောင်းသားကဘဲ ယောကျ်ားဘသားဟု ကြိမ်းဝါးကာ ကြိတ်သော်လည်း တဆိတ်ကလေးမျှ လှုပ်ရှားစေနိုင်ခြင်းငှါ၊ နသက္ကောန္တိ-တတ်နိုင်ဘိုဝေးပါရဲ့ အငေးသားမှိုင်ကာ နေကြရ ကုန်မည်သာတည်း။

တပည့် သာဓု-သာဓု-သာဓု။

ဆရာ ဝင်းသံယောဇဉ်ကြိုးတို့ကိုသီလအားနဲ့ ရုန်းသော်လဲ မပြတ်ဘူး၊ သမာဓိအားနဲ့ ရုန်းသော်လဲ မပြတ်ဘူး၊ပညာအားနဲ့

www.dhammaransi.com



ရှုန်းမှုပြတ်တယ်....ပညာဆိုဒါ အစိတ်စိတ်အမွှာမွှာ ခွဲခြားလျက် (ဝါ) အကြောင်းအကျိုးကို ပိုင်းခြားလျက် ဝေဘန်သုံးသပ်ဆင်ခြင် ပွါးများအားထုတ်မှုကို ခေါ်တယ်၊ အဲဒီလိုဝေဘန်ဒါ သုံးသပ်တာ၊ ဆင်ခြင်ဒါ၊ ပွါးများဒါ၊ အားထုတ်တာစကိုပင် ပဋိပတ်လို့ခေါ်တယ်၊ ကမ္မဋ္ဌာန်းအလုပ်လို့ ခေါ်တယ်၊ ဒါကြောင့် သက္ကာယဒိဋ္ဌိစွဲပုံ ၂၀-ကို ဝေဘန်ကြစို့၊ သုံးသပ်ကြစို့၊ ဆင်ခြင်ကြစို့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ရူပက္ခန္ဓာ၌ စွဲပုံလေးမျိုးတို့တွင် ပထမစွဲပုံက ရုပ်သည်ပင်ငါ၊ ငါသည်ပင် ရုပ် ဆိုတယ် မဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ ရုပ်သည်ငါ-ငါသည်ရုပ် ဟုတ်ရိုးမှန်ယင် မအိုသင့်၊ မနာသင့်၊မသေသင့်ပေဘူး၊ယခုတော့ အိုဒါ၊နာဒါ၊ သေဒါကို အထင်အရှား မတွေ့ရပါလား။

တပည့် တွေ့ရပါတယ်ဘုရား။

ဆရာ နေ့စဉ်နဲ့အမျှ အဟာရကို မှီဝဲပြီးနေရဒါလဲ အထင်အရှားဘဲမဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ အကယ်၍ ရုပ်သည်ငါ-ငါသည် ရုပ်ဟုတ်ခဲ့သော်-အာဟာရကို မမှီဝဲဘဲနေနိုင်ရမယ်၊ယခုအာဟာရကို မမှီဝဲဘဲ တည်တံ့နိုင်ရဲ့လား။

တပည့် မတည်တံ့နိုင်ပါဘုရား။

www.dhammaransi.com



ဆရာ  အာဟာရ၏ အထောက်အပံ့ကိုရယင် ရုပ်တရားသည် ဖြစ်မလာဘူးလား။

တပည့်  ဖြစ်လာပါတယ်ဘုရား။

ဆရာ  အာဟာရချုပ်ယင် ရုပ်တရားကော ချုပ်မသွားပါလား။

တပည့်  ချုပ်သွားပါတယ်ဘုရား။

ဆရာ  ဒီလိုဆိုတော့ ရုပ်သည် အာဟာရကို အမြဲတန်း မှီခိုနေရ၍ အာဟာရပြုသလို နေရတဲ့ သင်္ခတ တရား မဟုတ်ပါလား။

တပည့်  ဟုတ်ပါတယ်ဘုရား။

ဆရာ  ရုပ်သည် အာဟာရကို အမှီမပြုဘဲ မိမိအစွမ်းနဲ့ မိမိ ဖြစ်နိုင်တဲ့ သတ္တိရှိရဲ့လား။

တပည့်  မရှိပါဘုရား။

ဆရာ  မရှိသောကြောင့် အတ္တသဘောမှ မဆိတ်သုဉ်းပါလား။

တပည့်  ဆိတ်သုဉ်းပါတယ်ဘုရား။

ဆရာ  အဲဒီသို့ ရုပ်တရားသည် သင်္ခတ သဘော၊ သုညတ သဘောဖြစ်လေတော့ "ရုပ်သည် ငါ၊ ငါသည် ရုပ်" ဟု စွဲလမ်းတဲ့ အစွဲသည် မှားမနေဘူးလား။

တပည့်  မှားပါတယ်ဘုရား။

ဆရာ  ကျန် သုံးပါးကတော့ "နာမ်က ပိုင်ရှင်–ရုပ်က နာမ်၏ ပစ္စည်းအဖြစ်" စွဲလမ်းဒါဘဲ၊ ဒီတော့နာမ်ကို စီစစ်ရလိမ့်မယ်၊ အာရုံနဲ့ ဝတ္ထုတို့ ပေါင်းစုခြင်း

www.dhammaransi.com



ဖဿ မဖြစ်ဘဲ နာမ်တရားဖြစ်နိုင်ပါမလား။

တပည့်　မဖြစ်နိုင်ပါဘုရား။

ဆရာ　စက္ခုနဲ့ ရူပါရုံ မပေါင်းဆုံခင်က မျက်စိထဲမှာမြင်စိတ်ရှိရဲ့လား။

တပည့်　မရှိပါဘုရား။

ဆရာ　အေး ဟုတ်တယ်၊ မီးခြစ်ခွံနဲ့ မီးခြစ်ဆံ မထိခိုက်မီ ဘယ်အထဲမှာမှ မီးမရှိပါဘူး၊ ထိခိုက်မှ မီးပေါ်လာတာ မဟုတ်လား။

တပည့်　ဟုတ်ပါတယ်ဘုရား။

ဆရာ　ဒီလိုဆိုတော့ ရုပ်သည် နာမ်၏ပစ္စည်း လိုလို့ ရုပ်ဟူသောအိမ်ထဲမှာ နာမ်တရားက ကိန်းနေဒါလိုလို စွဲသမ်းကြတဲ့ အစွဲတွေဟာ မမှားပါလား။

တပည့်　မှားပါတယ်ဘုရား။

ရူပက္ခန္ဓာ၌ စွဲလမ်းပုံလေးမျိုး ပြေရှုပြီး၏။

ဆရာ　ဝေဒနာက္ခန္ဓာ၌ စွဲပုံလေးမျိုးတို့တွင် ပထမစွဲပုံက 'ဝေဒနာသည် ငါ၊ ငါသည်ပင်ဝေဒနစ'လို့ စွဲတယ် အကယ်၍ ဝေဒနာသည် ငါဖြစ်ခဲ့သော် သေခက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ ဆိုတဲ့ မကောင်းတဲ့ ဝေဒနာတို့သည် ဘာပြု၍ဖြစ်ကြသလဲ၊ငါမဟုတ်၍ အကြောင်းထောက်ပံ့သလို ဖြစ်ကြရတယ်မဟုတ်လား။

တပည့်　မှန်ပါတယ်ဘုရား။

www.dhammaransi.com



ဆရာ ကောင်းတဲ့ အာရုံ မထောက်ပံ့တဲ့ သောမနဿ ဝေဒနာဖြစ်နိုင်ပါ့မလား။

တပည့် မဖြစ်နိုင်ပါဘုရား။

ဆရာ မကောင်းတဲ့အာရုံ ထောက်ပံ့ပါက ဒေါမနဿ ဝေဒနာမဖြစ်ချင်သော်လဲ ဖြစ်ရတယ်မဟုတ်လား။

တပည့် ဖြစ်ရပါတယ်ဘုရား။

ဆရာ အလတ်စားအာရုံ ထောက်ပံ့မှ ဥပေက္ခာဝေဒနာ ဖြစ်ရဒါမဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ ဒီလိုဆိုတော့ အာရုံ၏သဘောအတိုင်း ဝေဒနာဖြစ်ရ ဒါမဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ အဲဒီလို ဝေဒနာသည် အကြောင်းထောက်ပံ့သလို ဖြစ်ရတဲ့ အကျိုးပရမတ်တရားဖြစ်သောကြောင့် ငါ ဟုတ်နိုင်ပါမလား။

တပည့် မဟုတ်နိုင်ပါဘုရား။

ဆရာ အကယ်၍ ငါဆိုယင် မိမိသဘောအတိုင်း ဖြစ်နိုင် ရမယ် ယခုတော့ဖြစ်ရဲ့လား။

တပည့် မဖြစ်ပါဘုရား။

ဆရာ ကျန်တဲ့စွဲပုံ-သုံးမျိုးကတော့ "ဝေ စတုသုခန္ဓေသု တိဏ္ဏံ တိဏ္ဏံ ဝသေန ဒွါဒသသု ဌာနေသု ရူပါရူပ မိဿကော အတ္တာ ကထိတော" လို့ သံယုတ်အဋ္ဌ ကထာက ဆိုသောကြောင့် ရုပ် နာမ်ကို အတ္တဟု

www.dhammaransi.com



ယူပြီး ဝေဒနာကို ၎င်းအတွက် ပစ္စည်းသာတွယ် စွဲလမ်းဒါသဲ၊ ဝေဒနာ၏ အကြောင်းသည် အာရုံ, ဒွါရ, ဝိညာဉ်တို့ဖြစ်တယ်၊ အာရုံ,ဒွါရက ရုပ်တရား ဝိညာဉ်က နာမ်တရားဖြစ်တယ် ဒါပေမဲ့ ၎င်းသုံးပါး သည် တခုနဲ့တခု တိုင်ပင်ညှိနှိုင်းပြီး ဝေဒနာကို ထောက်ပံ့ကြဒါမဟုတ်ဥပမာထုံးနဲ့နှင့်းပေါင်း စပ်လိုက်ယင်ပြုန်းဆို အနံ့ဆောင်သည့် ဓါတ်သဘော အားလျော်စွာပေါ်လာရဒါလိုအာရုံ,ဒွါရ,ဝိညာဉ် တို့ ပေါင်းဆုံမိဒါနဲ့ ကပ္ပိုင်နက် ဝေဒနာဖြစ်ပေါ် လာဒါဘဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အဲဒါလို အာရုံ,ဒွါရ, ဝိညာဉ်တို့သည် တခုနဲ့ တခု တိုင်ပင်ညှိနှိုင်းခြင်းမရှိတဲ့ အတွက် ငါရာဂ မမှာလို့ ဟောတော်မူဒါပေါ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ကုလားကြီးနဲ့ ကုလားမတို့ ပေါင်းစပ်၍ရတဲ့ သား သည် ကုလားတလေးသာဖြစ်သလို ဝေဒနာ၏ အ ကြောင်းဖြစ်တဲ့ အာရုံကလဲ ဆိုင်ရာ အကြောင်း တရားကြောင့် ဖြစ်ပေါ်လာရတဲ့အတွက် အနတ္တ ဖြစ်တယ်ဒွါရကလဲဆိုင်ရာအကြောင်းတရားကြောင့် ဖြစ်ရသောကြောင့် အနတ္တဖြစ်တယ်၊ ဝိညာဉ်ကလဲ အာရုံ, ဒွါရတို့ကြောင့် ဖြစ်ရတဲ့အတွက် အနတ္တ

www.dhammaransi.com



ဖြစ်တယ်၊ အနတ္တ သုံးပါးကြောင့်ဖြစ်ရတဲ့ ဝေဒနာ လဲ အနတ္တဘဲဖြစ်ရမှာမဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ အေးဒါကြောင့်"ဝေဒနာရှိတဲ့ငါ၊ ငါ၌ဝေဒနာရှိ၏ ဝေဒနာထဲ၌ ငါရှိ၏" ဟု စွဲလမ်းကြမှုသည် အကြောင်း အကျိုးကိုမသိ၍စွဲလမ်းကြဒါမောင်စိန်ရဲ့

တပည့် မှန်ပါဘုရား။

## ဝေဒနာ၌ အစွဲဖြေခန်းပြီး၏။

ဆရာ သညာက္ခန္ဓာ၌ စွဲပုံလေးမျိုးတို့တွင် ပထမစွဲပုံက"သညာသည်ငါ၊ ငါသည်ပင် သညာလို့ စွဲလမ်းတယ်၊ အကယ်၍ သညာသည် ငါဖြစ်ခဲ့သော် စာသင်တဲ့နေရာမှာ တခါသင်ဘူးယင် ဗမေ့သင့်ပေဘူး၊ ယခုတော့ သင်ဘူးတဲ့စာတွေ ခဏခဏ မမေ့ဘူးလား။

တပည့် မေ့ပါတယ်ဘုရား။

ဆရာ မင်းမေ့ချင်လို့ မေ့ဒါလား၊ သူ့သဘောအတိုင်း မေ့ဒါလား။

တပည့် သူ့သဘောအတိုင်း မေ့ဒါပါဘုရား။

ဆရာ အေး–ဒါကြောင့်သညာ၏အကြောင်းထောက်ပံ့ သလောက်သာသညာဖြစ်၍ အထောက်အပံ့အား ကုန်ယင် သညာချုပ်ရတယ်မဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

www.dhammaransi.com



ဆရာ သညာသည် အာရုံ,ဒွါရ,ဝိညာဉ်တို့ ပေါင်းစပ်ကာ ထောက်ပံ့မှ ဖြစ်ရဒါမဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

ဆရာ ဒီလိုဆိုယင် သူ့အစွမ်းနဲ့သူ ဖြစ်နိုင်တဲ့ အတ္တသတ္တဝါ သညာမှာ ဆိတ်သုဉ်းမနေဘူးလား။

တပည့် ဆိတ်သုဉ်းနေပါတယ်ဘုရား။

ဆရာ အတ္တသတ္တဝါမရှိယင် အနတ္တမဟုတ်လား။

တပည့် အနတ္တပါဘုရား။

ဆရာ ကျန်တဲ့စွဲပုံ သုံးမျိုးကတော့ ရုပ်နာမ်ကို အတ္တစွဲ၍ သညာကို ၎င်းအတ္တ၏ ပစ္စည်းသဘွယ် စွဲလမ်းခြင်းဘဲ၊ ဒီတော့ အကြောင်းဖြစ်တဲ့ ရုပ်နာမ်ကို စစ်ရ လိမ့်မယ်၊ အာရုံက ဒွါရနဲ့ ဝိညာဉ်ကို "ဟေ့.... ဒွါရ, မင်းက သညာကိုနိဿယသတ္တိဖြင့် ကျေးဇူး ပြုကွဲ ငါက အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုမယ်၊ ဝိညာဉ်က သမ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုပါ"လို့ တိုင်ပင်ခြင်းရှိရဲ့လား။

တပည့် မရှိပါဘုရား။

ဆရာ တိုင်ပင်ခြင်းမရှိပါဘဲ အကြောင်းသုံးခုပေါင်းစုမိတဲ့ အခါ မိမိတို့၏ဆိုင်ရာသတ္တိဖြင့်ကျေးဇူးပြု၍သညာ ဖြစ်ရသည်၊ ၎င်းသညာ၏အကြောင်းတရားတို့သည် လည်း ဆိုင်ရာအကြောင်းတရားတို့ကြောင့် ဖြစ်ရတဲ့ အနတ္တတရားတွေမဟုတ်လား။

တပည့် ဟုတ်ပါတယ်ဘုရား။

www.dhammaransi.com



ဆရာ   သင်္ခါရတရားဆိုဒါ အကြောင်းကင်းပြီး ဘယ်တော့မှမိမိဘာသာအလျောက် မဖြစ်နိုင်ဘူးမောင်စိန်ရဲ့။

တပည့်   မှန်ပါဘုရား။

ဆရာ   ရှေးတုန်းက ဘုန်းကြီးကျောင်းမှာရွာထဲက လှူထားတဲ့ ကြက်ဖလေးတကောင်ရှိတယ်တဲ့၊ ၎င်းကြက်ဖကို ရွာထဲက ကြောင်မကြီးက ကိုက်သွားသတဲ့ ဒီတော့ ကျောင်းသားတွေက 'အရှင်ဘုရား ကြက်ဖကလေးကို ကြောင်မကြီး ကိုက်ချီ၍သွားပါပြီ'လို့ ဘုန်းကြီးကို လျှောက်ကြသတဲ့၊ ဒီတော့ဘုန်းကြီးက "ဒီကြောင်မကြီးကိုလဲ နိုင်သူပေါ်အုံးမှာပါကွယ်" လို့အမိန့်ရှိသတဲ့၊ ဒါနဲ့ ၂-ရက် ၃-ရက်ခန့် ကြာတော့ ကြောင်မကြီးက ကြက်ရှိသေးသလားလို့ တဖန်လာပြီး အကြည့်မှာ ကျောင်းက ခွေးကြီးကကိုက်၍ သေပါရောတဲ့၊ ဒီတော့ ကျောင်းသားတွေက 'အရှင်ဘုရား ကြောင်မကြီးကို ခွေးကြီးကိုက်လို့ သေသွားပါပြီ' လို့ ဘုန်းကြီးကို လျှောက်ကြပြန်သတဲ့၊ ဒီတော့ ဘုန်းကြီးက "ဒီခွေးကြီးကိုလဲ နိုင်သူပေါ်အုံးမှာပါကွယ်" လို့ အမိန့်ရှိပြန်တယ်တဲ့၊ ဒါနဲ့ ၄-၅-ရက် ကြာတော့ ကျောင်းသားတွေက ဒန့်ပူသား ခုတ်ဘို့ တောထဲသို့သွားရာ ခွေးကြီး ပါလာဒါနဲ့ ခွေးကြီးကို ကျားကိုက်ပါရောတဲ့၊ ဒီတော့ ကျောင်းသားတွေက 'အရှင်ဘုရား ခွေးကြီးကို ကျားကိုက်သွားပါပြီ" လို့ လျှောက်သတဲ့ ဒီတော့ ဘုန်းကြီးက'ဒီကျားကိုလဲ နိုင်သူ ပေါ်အုံးမှာပါကွယ်'လို့ အမိန့်ရှိပြန်တယ်တဲ့။

ဒါနဲ့ ၄-၅-ရက်ကြာတော့ မုဆိုးထောင်၍ မိနေတဲ့ သမင်ကို ကျားကစားနေသဖြင့် ကျားကိုမုဆိုးပစ်သောကြောင့် ကျားသေပြန်ရောတဲ့၊ ဒါနဲ့ ကျောင်းသားတွေက 'အရှင်ဘုရား

www.dhammaransi.com



ကျားကြီးကို မုဆိုးပစ်၍ သေသွားပြီ' လို့ လျှောက်ကြပြန်တယ် တဲ့၊ ဒီတော့ ဘုန်းကြီးက 'ဒီမုဆိုးကိုလဲ နိုင်သူ ပေါ်အုံးမှာပါ ကွယ်' လို့ အမိန့်ရှိပြန်သတဲ့၊ ဒါနဲ့ အတော်ကလေးကြာတော့ အခြားတောမှာ သမင်ရှာ၍မရသဖြင့် ဘုရင်အားမဲ့ပေးထားတဲ့ တောမှာ ဆတ်မစမ်းပိုးကြီးကိုပစ်၍ ရပါရောတဲ့၊ဒီတော့အစောင့် ကလာပြီး ဘမ်းကာ ဘုရင်ကို ပြတယ်တဲ့၊ ဒါနဲ့ ဘုရင်ကြီးက 'ငါအားမဲ့ပေးထားတဲ့ တောမှာ ငါ့ကိုပမာမခန့် ပစ်ရကောင်း လား' လို့ စိတ်ဆိုးကာ မုဆိုးကိုသတ်ပါရောတဲ့၊ ဒါနဲ့ကျောင်း သားတွေက 'အရှင်ဘုရား—မုဆိုးကြီးသည် အားမဲ့ ပေးထားတဲ့ တောမှာ ဆတ်မဝမ်းပိုးကို ပစ်သောကြောင့် ဘုရင် သတ်၍ သေပြီတဲ့ဘုရား' လို့ လျှောက်ကြတယ်တဲ့၊ ဒီတော့ဘုန်းကြီးက 'မောင်တို့ နောက်ကို မလျှောက်ကြနဲ့တော့ မင်းတို့ငါတို့ မင်း ဒဏ်သင့်တော့မယ်' လို့ ပိတ်လိုက်ရတယ်တဲ့၊ အဲဒီလိုဘဲ သင်္ခါရ တရားဆိုဒါ အဆင့်ဆင့် ကျေးဇူးပြုပြီးဖြစ်နေ ကြဒါအကြောင်း ကင်းပြီးတခုမှ မဖြစ်နိုင်သောကြောင့် အားလုံးအနတ္တတွေချည်း ဘဲ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ အဲဒီလို သညာ၏ အကြောင်းတရားတို့ကလဲ အနတ္တ, အကျိုးဖြစ်တဲ့ သညာကလဲ အနတ္တ ဖြစ်လေတော့ 'သညာရှိတဲ့ငါ, ငါ၌သညာရှိ၏, သညာ၌ ငါရှိ၏' ဆိုတဲ့ အစွဲသည် မမှားပါလား။

တပည့် မှားပါတယ်ဘုရား။

သညာက္ခန္ဓာ၌စွဲပုံလေးမျိုးအပြေပြီး၏။

www.dhammaransi.com



ဆရာ  သင်္ခါရက္ခန္ဓာ၌ ဖွဲ့ပုံလေးမျိုးတို့တွင် ပထမစွဲပုံက "သင်္ခါရက္ခန္ဓာသည်ပင် ငါ, ငါသည်ပင် သင်္ခါရက္ခန္ဓာ" လို့စွဲတယ်၊ အကယ်၍ သင်္ခါရက္ခန္ဓာသည် ငါဖြစ်ခဲ့ယင် ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် ဘဝကိုဖြစ်စေတတ်တဲ့ စေတနာ သင်္ခါရက္ခန္ဓာသည် မရှိတန်ရာ၊ သင်္ခါရက္ခန္ဓာသည် ငါမဟုတ်သော ကြောင့်သာ မကောင်းတဲ့စေတနာက မကောင်းတဲ့ အကျိုးကို ဖြစ်စေ၍ ကောင်းတဲ့ စေတနာသည် ကောင်းတဲ့အကျိုးကို ဖြစ်စေတယ်မဟုတ်ပါလား။

တပည့်  မှန်ပါဘုရား။

ဆရာ  အကုသိုလ်ဖြစ်စရာ အာရုံက မထောက်ပံ့ဘဲ အကုသိုလ် စေတနာဖြစ်နိုင်ပါမလား။

တပည့်  မဖြစ်နိုင်ပါဘုရား။

ဆရာ  ဆိုင်ရာဒွါရက မထောက်ပံ့ဘဲ အကုသိုလ်စေတနာ ဖြစ်နိုင်ပါမလား။

တပည့်  မဖြစ်နိုင်ပါဘုရား။

ဆရာ  ဝိညာဉ်မဖြစ်ဘဲနဲ့ အကုသိုလ် စေတနာ ဖြစ်နိုင်ပါ့ လား။

တပည့်  မဖြစ်နိုင်ပါဘုရား။

ဆရာ  အကုသိုလ်ဖြစ်စရာ အာရုံ, ဒွါရ, ဝိညာဉ်တို့ထောက် ပံ့မှ ဖြစ်ရတယ်ဆိုတော့ သင်္ခါရက္ခန္ဓာမှာ မိမိဘာ သာဖြစ်နိုင်တဲ့ အတ္တသတ္တိမဆိတ်သုဉ်းပါလား။

တပည့်  ဆိတ်သုဉ်းပါတယ်ဘုရား။

www.dhammaransi.com



ဆရာ အဲဒီလို ဆိတ်သုဉ်းဒါကို မသိကြလို့ "သင်္ခါရက္ခန္ဓာ သည် ငါ-ငါသည် သင်္ခါရက္ခန္ဓာ" လို့ စွဲလမ်းကြဒါ ပေါ့ မောင်စိန်ရဲ့။

တပည့် မှန်ပါဘုရား။

ဆရာ ကျန်သုံးပါးကတော့ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ တို့မှာ ပြခဲ့သလိုပါဘဲ၊ သင်္ခါရက္ခန္ဓာနဲ့ စပ်၍နေတဲ့ အတ္တတမျိုး ရှိသေးတယ်၊ သင်္ခါရက္ခန္ဓာသည် ငါ့အတ္တ၏ အသုံးအဆောင် ပစ္စည်းသဘွယ်သာ ဖြစ်တယ်လို့ စွဲလမ်းဒါဘဲ၊ သင်္ခါရက္ခန္ဓာနဲ့ စပ်တဲ့ အရာသည် ငါ၏အကြောင်းဖြစ်တဲ့အာရုံ,ဒွါရ,ဝိညာဉ် တို့သည်သာ ရှိပါတယ်၊ ငါ့အာရုံ, ဒွါရ, ဝိညာဉ်တို့လဲ မိမိတို့၏ ဆိုင်ရာအကြောင်း ထောက်ပံ့မှု ဖြစ်နိုင်သောကြောင့် သူတို့လဲ အနတ္တတရားဘဲ၊ အဲဒီလို အကြောင်းတရားသုံးပါးလုံးက အနတ္တ ဖြစ်လေတော့ "သင်္ခါရက္ခန္ဓာရှိတဲ့ ငါ- ငါ၌ သင်္ခါရက္ခန္ဓာ ရှိ၏ သင်္ခါရက္ခန္ဓာ၌ ငါရှိ၏" ဟု စွဲလမ်းခြင်းသည် မမှားပါလား။

တပည့် မှားပါတယ်ဘုရား။

## သင်္ခါရက္ခန္ဓာ၌ စွဲပုံလေးမျိုး အနေဖြင့်ပြီး၏။

ဆရာ ဝိညာဏက္ခန္ဓာ၌ စွဲပုံ လေးမျိုးတို့တွင် ပထမစွဲပုံက "ဝိညာဏက္ခန္ဓာသည်ပင်ငါ- ငါသည်သည်ပင်ဝိညာဏက္ခန္ဓာ"လို့ စွဲတယ်၊ အကယ်၍ ဝိညာဏက္ခန္ဓာ သည် ငါဆိုယင် မျက်စိ, အဆင်း, အလင်း, နှလုံး သွင်းတို့ မထောက်ပံ့မှုမြင်စိတ်သည်ရှိရဲ့လား။

တပည့် မရှိပါဘုရား။

www.dhammaransi.com



ဆရာ ။ ။ ဝင်းအကြောင်းတရား လေးပါး မထောက်ပံ့ဘဲ နေယင် သူ့ဘာသာသူ ဖြစ်နိုင်ရဲ့လား။

တပည့် ။ ။ မဖြစ်နိုင်ပါဘုရား။

ဆရာ ။ ။ ထောက်ပံ့၍ဖြစ်လာပါပြီ အကြောင်းတရားတို့ချုပ်သွားယင် မချုပ်ဘဲနေနိုင်ရဲ့လား။

တပည့် ။ ။ မနေနိုင်ပါဘုရား။

ဆရာ ။ ။ နား၊ အသံ၊ အာကာသ၊ မနသိကာရတို့ မထောက်ပံ့မိ ကြားစိတ်သည် ပင်ကိုယ်က ရှိနှင့်ရဲ့လား။

တပည့် ။ ။ မဖြစ်နိုင်ပါဘုရား။

ဆရာ ။ ။ ဝင်းအကြောင်းတရားလေးပါးတာ မထောက်ပံ့ဘဲ သူ့ဘာသာသူ ဖြစ်နိုင်ရဲ့လား။

တပည့် ။ ။ မဖြစ်နိုင်ပါဘုရား။

ဆရာ ။ ။ အကြောင်းထောက်ပံ့၍ ဖြစ်လာပါပြီ၊ အကြောင်းချုပ်ယင် မချုပ်ဘဲ နေနိုင်ရဲ့လား။

တပည့် ။ ။ မနေနိုင်ပါဘုရား။

ဆရာ ။ ။ နှာခေါင်း၊ အနံ့၊ ဝါယောဓါတ်၊ မနသိကာရတို့ မထောက်ပံ့ဘဲ နံသိစိတ်သည် ပင်ကိုယ်က ရှိနှင့်ရဲ့လား။

တပည့် ။ ။ မရှိနှင့်ပါဘုရား။

ဆရာ ။ ။ ဝင်းအကြောင်းတရားတို့ မထောက်ပံ့ဘဲ သူ့ဘာသာသူ ဖြစ်နိုင်ရဲ့လား။

တပည့် ။ ။ မဖြစ်နိုင်ပါဘုရား။

www.dhammaransi.com



ဆရာ  အကြောင်းတရားတို့ ထောက်ပံ့၍ဖြစ်လာပါပြီ၊ အကြောင်းတရားတို့ ချုပ်တဲ့အခါ မချုပ်ဘဲ နေနိုင်ရဲ့လား။

တပည့်  မနေနိုင်ပါ ချုပ်ရပါတယ်ဘုရား။

ဆရာ  လျှာ၊ အရသာ၊ အစိုဓါတ်၊ မနသိကာရတို့ မထောက်ပံ့မီ လျက်သိစိတ်သည် ပင်ကိုယ်က ရှိနှင့်ရဲ့လား။

တပည့်  မရှိနှင့်ပါဘုရား။

ဆရာ  အကြောင်းတရားတို့မထောက်ပံ့ဘဲသူ့ဘာသာသူ ဖြစ်နိုင်ရဲ့လား။

တပည့်  မဖြစ်နိုင်ပါဘုရား။

ဆရာ  အကြောင်းတရားတို့ထောက်ပံ့၍ဖြစ်လာပါပြီ၊ အကြောင်းချုပ်ယင် မချုပ်ဘဲ နေနိုင်ရဲ့လား။

တပည့်  မနေနိုင်ပါ ချုပ်ရပါတယ်ဘုရား။

ဆရာ  ကာယပသာဒ, ဖောဋ္ဌဗ္ဗာရုံ, မနသိကာရတို့ မထောက်ပံ့မီ ပင်ကိုယ်က တွေ့သိစိတ်သည် ရှိနှင့်ရဲ့လား။

တပည့်  မရှိနှင့်ပါဘုရား။

ဆရာ  ၎င်းအကြောင်းတရားတို့ မထောက်ပံ့ဘဲ သူ့ဘာသာသူ ဖြစ်နိုင်ရဲ့လား။

တပည့်  မဖြစ်နိုင်ပါဘုရား။

ဆရာ  အကြောင်းတရားတို့ ထောက်ပံ့၍ ဖြစ်လာရပါပြီ၊ အကြောင်းချုပ်ယင် မချုပ်ဘဲနေနိုင်ရဲ့လား။

တပည့်  မနေနိုင်ပါဘုရား။

www.dhammaransi.com



ဆရာ မနောဒွါရ, ဓမ္မာရုံ, မပေါင်းဆုံမိဘဲ တွေးတောကြံ စည်မှုသည် ပင်ကိုယ်က ရှိနိုင်ရဲ့လား။

တပည့် မရှိနိုင်ပါဘုရား။

ဆရာ အကြောင်းတရားတို့မထောက်ပံ့ဘဲသူ့ဘာသာသူ ဖြစ်နိုင်ရဲ့လား။

တပည့် မဖြစ်နိုင်ပါဘုရား။

ဆရာ အကြောင်းတရားတို့ ထောက်ပံ့၍ ဖြစ်လာပြီ၊ အ ကြောင်းချုပ်ယင် မချုပ်ဘဲနေနိုင်ရဲ့လား။

တပည့် မနေနိုင်ပါ ချုပ်ရပါတယ်ဘုရား။

ဆရာ အဲဒီလို ခြောက်ပါးသောဝိညာဉ်တို့သည်အကြောင်း မထောက်ပံ့မိကမရှိ၊ထောက်ပံ့မှုဖြစ်လာပြီး အ ကြောင်းချုပ်ယင် မချုပ်ဘဲမနေနိုင်၊ ချုပ်သွားရဒါ ငါဟုတ်နိုင်ပါ့မလား။

တပည့် မဟုတ်နိုင်ပါဘုရား။

ဆရာ ကျွန်သုံးပါးစွဲပုံက ဝေဒနာ, သညာတို့မှာပြခဲ့သလို ပါဘဲ၊ ဝိညာဏက္ခန္ဓာနဲ့ စပ်တဲ့ အတ္တသည် ရှိ၏ ဝိညာဏက္ခန္ဓာသည် ၎င်းအတ္တ၏ ပစ္စည်း သဘွယ် ဖြစ်တယ်လို့ စွဲလမ်းဒါဘဲ၊ ဝိညာဏက္ခန္ဓာနဲ့ စပ်တဲ့ အရာသည် အာရုံ, ဒွါရ, မနသိကာရတို့သာ ရှိပါ တယ်၊ ၎င်းတို့လဲ ဆိုင်ရာ အကြောင်းတို့ကြောင့် ဖြစ်ရတဲ့ အနတ္တ တရားတို့သာ ဖြစ်တယ်၊ အဲဒီလို ဆိုတော့'ဝိညာဉ်ရှိတဲ့ငါ၊ ငါ၌ဝိညာဉ်ရှိ၏၊ဝိညာဉ်၌

www.dhammaransi.com



ငါရှိ၏' ဟု စွဲလမ်းကြခြင်းသည် မမှားပါလား။
တပည့်　မှားပါတယ်ဘုရား။

ဒိဋ္ဌိအစွဲ ဖြေခန်းပြီး၏။

---

## တဏှာစွဲ မာနစွဲ ဖြေခန်း
## ရာဟုလောဝါဒသုတ်

ဆရာ　မောင်စိန်ရေ....
တပည့်　ဘုရား။
ဆရာ　ရာဟုလောဝါဒ သုတ်ကို ဟောမှာမို့ ငါဆရာက ဘုရားကိုယ်စား၊ မောင်စိန်က ရာဟုလာ ကိုယ်စား ပြောကြရလိမ့်မယ် မောင်စိန်ရဲ့။
တပည့်　မှန်ပါဘုရား။
ဆရာ　သတ္တဝါတို့၏ သန္တာန်မှာရှိတဲ့ စက္ခုပသာဒ (ဝါ) မျက်စိအကြည်သည် ငယ်စဉ်က ကြည်လင်ပြီး ကြီးရင့်တဲ့အခါမှုန်၍လာခြင်း၊ အချို့မှာကန်းသွားခြင်း ဖြစ်တဲ့အတွက် မြဲတယ်ဆိုမလား၊ မမြဲဘူးလို့ ဆိုမလား။
တပည့်　မမြဲဘူးလို့ ဆိုရပါမယ်ဘုရား။
ဆရာ　မမြဲတဲ့အတွက် ကြည်ရာက မှုန်ရ၊ ကန်းရှဒါကို ချမ်းသာတယ်ဆိုမလား၊ ဆင်းရဲတယ်ဆိုမလား။
တပည့်　ဆင်းရဲတယ်လို့ ဆိုရပါမယ်ဘုရား။
ဆရာ　မြဲလဲမမြဲ လွန်ဆင်းရဲတဲ့ မျက်စိသည် ကြည်လင်ရာမှ မှုန်ခြင်း၊ ကန်းခြင်း၊ ဖြစ်တဲ့အတွက် ဖောက်ပြန်

www.dhammaransi.com



တယ်လို့ ဆိုမလား, မဖေါက်ပြန်ဘူးလို့ ဆိုမလား။

တပည့် ဖေါက်ပြန်တယ်လို့ ဆိုရပါမယ်ဘုရား။

ဆရာ ဒီလိုဆိုတော့ မြဲလဲမမြဲ လွန်ဆင်းရဲပြီးလျှင် ဖေါက်ပြန်တတ်တဲ့မျက်စိကိုငါ၏ မျက်စိလို့ တဏှာဖြင့်၎င်း ထိုမျက်စိသည် ငါဖြစ်တယ်လို့ မာနဖြင့်၎င်း, ထိုမျက်စိသည် ငါ၏ အတ္တာဘဲလို့ ဒိဋ္ဌိဖြင့်၎င်း စွဲလမ်းခြင်းငှါ သင့်ပါမလား။

တပည့် မသင့်ပါလား။

ဆရာ ရူပါရုံသည် သစ်ရာမှ ဟောင်းခြင်း, အရောင်တောက်ပရာမှ အရောင်မှိန်ခြင်းကြောင့် မြဲတယ်ဆိုမလား, မမြဲဘူးဆိုမလား။

တပည့် မမြဲပါဘုရား။

ဆရာ မမြဲတဲ့ ရူပါရုံကို ချမ်းသာတယ်ဆိုမလား, ဆင်းရဲတယ်ဆိုမလား။

တပည့် ဆင်းရဲတယ်ဆိုရပါမယ်ဘုရား။

ဆရာ ရူပါရုံသည် သစ်ရာမှ ဟောင်းတဲ့အတွက် ဖေါက်ပြန်တယ်ဆိုမလား, မဖေါက်ပြန်ဘူးဆိုမလား။

တပည့် ဖေါက်ပြန်တယ် ဆိုရပါမယ်ဘုရား။

ဆရာ ဒီလိုဆိုတော့မြဲလဲမမြဲ လွန်ဆင်းရဲပြီး ဖေါက်ပြန်တဲ့ ရူပါရုံကို ငါ၏ရူပါရုံလို့ တဏှာဖြင့်၎င်း, ရူပါရုံသည် ငါဖြစ်တယ်လို့ မာနဖြင့်၎င်း, ရူပါရုံသည် ငါ၏အတ္တာလို့ ဒိဋ္ဌိဖြင့်၎င်း စွဲလမ်းခြင်းငှါ သင့်ပါမလား။

တပည့် မသင့်ပါဘုရား။

www.dhammaransi.com



ဆရာ မျက်စိနဲ့ အဆင်း မပေါင်းဆုံမိခင်က မြင်စိတ်သည် မရှိသေး၊ ပေါင်းဆုံမိတဲ့အခါ ဖြစ်လာပြီး မျက်စိ အဆင်းချုပ်က ချုပ်ပျောက်ရတဲ့ မြင်စိတ်သည် မြဲ သလား မမြဲဘူးလား။

တပည့် မမြဲပါဘုရား။

ဆရာ မမြဲတဲ့မြင်စိတ်ကို ချမ်းသာတယ်ဆိုမလား ဆင်းရဲ တယ်ဆိုမလား။

တပည့် ဆင်းရဲတယ်ဆိုရပါမယ်ဘုရား။

ဆရာ မြင်ပြီးချုပ်ပျောက်ရတဲ့မြင်စိတ်ကို ဖောက်ပြန်တယ် ဆိုမလား မဖောက်ပြန်ဘူးဆိုမလား။

တပည့် ဖောက်ပြန်တယ်ဆိုရပါမယ်ဘုရား။

ဆရာ မြဲလဲမမြဲ လွန်ဆင်းရဲပြီး ဖောက်ပြန်သတဲ့ မြင်စိတ်ကို ငါ၏မြင်စိတ်လို့ တဏှာဖြင့်ငင်း မြင်စိတ်သည် ငါ ဖြစ်တယ်လို့ မာနဖြင့်ငင်း မြင်စိတ်သည် ငါ၏အတ္တ လို့ ဒိဋ္ဌိဖြင့်ငင်း စွဲလမ်းခြင်းငှါ သင့်ပါမလား။

တပည့် မသင့်ပါဘုရား။

ဆရာ မျက်စိ အဆင်း မြင်စိတ်—ငင်းသုံးပါးတို့ ပေါင်း ဆုံမိခြင်းကို ဖဿလို့ ခေါ်တယ်၊ ရုံခါဆုံလိုက် ရုံခါ မဆုံချေ၊ သို့အတွက်ငင်းဖဿကို မြဲတယ်ဆိုမလား မမြဲဘူးဆိုမလား။

တပည့် မမြဲဘူးဆိုရပါမယ်ဘုရား။

ဆရာ မမြဲတဲ့ ဖဿကို ချမ်းသာတယ်ဆိုမလား ဆင်းရဲ တယ်ဆိုမလား။

တပည့် ဆင်းရဲတယ်ဆိုရပါမယ်ဘုရား။

www.dhammaransi.com



ဆရာ  မမြဲတဲ့ဖဿကို ဖေါက်ပြန်တယ်ဆိုမလား မဖေါက်ပြန်ဘူးဆိုမလား။

တပည့်  ဖေါက်ပြန်တယ် ဆိုရပါမယ်ဘုရား။

ဆရာ  မြဲလဲမမြဲ လွန်ဆင်းရဲပြီး ဖေါက်ပြန်တဲ့ ဖဿကို ငါ၏ ဖဿလို့ တဏှာဖြင့်ရင်း, ဖဿသည် ငါဖြစ်တယ်လို့ မာနဖြင့်ရင်း, ဖဿသည် ငါ၏အတ္တလို့ ဒိဋ္ဌိဖြင့်ရင်း, စွဲလမ်းခြင်းငှါ သင့်ပါမလား။

တပည့်  မသင့်ပါဘုရား။

ဆရာ  ဖဿဖြစ်ယင် ဝေဒနာ,သညာ,သင်္ခါရတို့ ဖြစ်ရမြဲမို့ ၎င်းဝေဒနာ, သညာ, သင်္ခါရတို့သည် ဖဿမဖြစ်မီက မရှိသေး၊ ဖဿဖြစ်တဲ့အခါ ဖြစ်လာပြီး ဖဿချုပ်ယင် ချုပ်သွားရတဲ့အတွက် မြဲတယ် ဆိုမလား မမြဲဘူးဆိုမလား။

တပည့်  မမြဲဘူးဆိုရပါမယ်ဘုရား။

ဆရာ  မမြဲတဲ့ ဝေဒနာ, သညာ, သင်္ခါရတွေကို ချမ်းသာတယ်ဆိုမလား, ဆင်းရဲတယ်ဆိုမလား။

တပည့်  ဆင်းရဲတယ်ဆိုရပါမယ်ဘုရား။

ဆရာ  မြဲလဲမမြဲ လွန်ဆင်းရဲတဲ့ ဝေဒနာ သညာ, သင်္ခါရတွေကို ဖေါက်ပြန်တယ်ဆိုမလား, မဖေါက်ပြန်ဘူးဆိုမလား။

တပည့်  ဖေါက်ပြန်တယ်လို့ ဆိုရပါမယ်ဘုရား။

ဆရာ  ဒီလိုဆိုတော့ မြဲလဲမမြဲ လွန်ဆင်းရဲ၍ ဖေါက်ပြန်တဲ့ ဝေဒနာ, သညာ, သင်္ခါရတွေကို ငါ၏ဝေဒနာ,ငါ၏

www.dhammaransi.com



သညာ, ငါ၏ သင်္ခါရလို့ တဏှာဖြင့်ရင်း, ဝေဒနာသည် ငါဖြစ်တယ်၊သညာသည် ငါဖြစ်တယ် သင်္ခါရသည် ငါဖြစ်တယ်လို့ မာနဖြင့်ရင်း, ဝေဒနာသည် ငါ၏အတ္တ, သညာသည် ငါ၏အတ္တ, သင်္ခါရသည် ငါ၏အတ္တလို့ ဒိဋ္ဌိဖြင့်ရင်း စွဲလမ်းခြင်းငှါ သင့်ပါမလား။

တပည့် မသင့်ပါဘုရား။

ဆရာ သောတပသာဒခေါ် နားသည် ကြည်လင်ရာမှ ရုံခါအူခြင်းသို့ရင်း, ရုံခါ နားပင်းခြင်းသို့ရင်းရောက်ရတဲ့အတွက် မြဲအယ်ဆိုမလား, မမြဲဘူးဆိုမလား။

တပည့် မမြဲပါဘုရား။

ဆရာ မမြဲတဲ့နားကိုဆင်းရဲတယ်ဆိုမလား, ချမ်းသာတယ်ဆိုမလား။

တပည့် ဆင်းရဲတယ်ဆိုရပါမယ်ဘုရား။

ဆရာ မြဲလဲမမြဲ လွန်ဆင်းရဲတဲ့ နားကို ဖေါက်ပြန်တယ်ဆိုမလား, မဖေါက်ပြန်ဘူးဆိုမလား။

တပည့် ဖေါက်ပြန်တယ်ဆိုရပါမယ်ဘုရား။

ဆရာ ဒီလိုဆိုတော့ မြဲလဲမမြဲ လွန်ဆင်းရဲပြီး ဖေါက်ပြန်တဲ့နားကို ငါ၏နားလို့ တဏှာဖြင့်ရင်း, နားသည် ငါဖြစ်တယ်လို့ မာနဖြင့်ရင်း, နားသည် ငါ၏အတ္တလို့ ဒိဋ္ဌိဖြင့်ရင်း စွဲလမ်းခြင်းငှါ သင့်ပါမလား။

တပည့် မသင့်ပါဘုရား။

www.dhammaransi.com



ဆရာ အသံသည်ဖြစ်ပေါ်လာပြီးချုပ်သွားရသောကြောင့် မြဲတယ်ဆိုမလား, မမြဲဘူးဆိုမလား။

တပည့် မမြဲဘူးဆိုရပါမယ်ဘုရား။

ဆရာ မမြဲတဲ့အသံကိုချမ်းသာတယ်ဆိုမလား, ဆင်းရဲတယ်ဆိုမလား။

တပည့် ဆင်းရဲတယ်ဆိုရပါမယ်ဘုရား။

ဆရာ မြဲလဲမမြဲ လွန်ဆင်းရဲတဲ့အတွက် ဖောက်ပြန်တယ်ဆိုမလား, မဖောက်ပြန်ဘူးဆိုမလား။

တပည့် ဖောက်ပြန်တယ် ဆိုရပါမယ်ဘုရား။

ဆရာ မြဲလဲမမြဲ လွန်ဆင်းရဲ၍ ဖောက်ပြန်တဲ့အသံကို ငါ၏အသံလို့ တဏှာဖြင့်၎င်း, အသံသည်ငါဖြစ်တယ်လို့ မာနဖြင့်၎င်း, အသံသည် ငါ၏အတ္တလို့ ဒိဋ္ဌိဖြင့်၎င်း စွဲလမ်းခြင်းငှါ သင့်ပါမလား။

တပည့် မသင့်ပါဘုရား။

ဆရာ အသံနဲ့ နား မပေါင်းဆုံခင်က ကြားစိတ်သည် မရှိသေး၊ ၎င်း ၂-ပါး ပေါင်းမိယင် ကြားသိစိတ်ဖြစ်လာပြီး အသံချုပ်က ချုပ်သွားရသော ကြားသိစိတ်ကို မြဲတယ်ဆိုမလား, မမြဲဘူးဆိုမလား။

တပည့် မမြဲဘူးဆိုရပါမယ်ဘုရား။

ဆရာ မမြဲတဲ့ ကြားသိစိတ်ကို ချမ်းသာတယ် ဆိုမလား, ဆင်းရဲတယ်ဆိုမလား။

တပည့် ဆင်းရဲတယ် ဆိုရပါမယ်ဘုရား။

www.dhammaransi.com



ဆရာ မြဲလဲမမြဲ လွန်ဆင်းရဲတဲ့ ကြားသိစိတ်ကို ဖောက်ပြန်တယ်ဆိုမလား၊ မဖောက်ပြန်ဘူးဆိုမလား။

တပည့် ဖောက်ပြန်တယ်လို့ ဆိုရပါမယ်ဘုရား။

ဆရာ ဒီလိုဆိုတော့ မြဲလဲမမြဲ လွန်ဆင်းရဲ၍ ဖောက်ပြန်တဲ့ ကြားသိစိတ်ကို ငါ၏ ကြားသိစိတ်လို့ တဏှာဖြင့်၎င်း၊ ကြားသိစိတ်သည် ငါဖြစ်တယ်လို့ မာနဖြင့်၎င်း၊ ကြားသိစိတ်သည် ငါ၏အတ္တလို့ ဒိဋ္ဌိဖြင့်၎င်း စွဲလမ်းခြင်းငှါ သင့်ပါမလား။

တပည့် မသင့်ပါဘုရား။

ဆရာ နား၊ အသံ၊ ကြားသိစိတ် ၎င်းသုံးပါး ပေါင်းဆုံမိခြင်းကို ဖဿလို့ ခေါ်တယ်၊ ၎င်းဖဿသည် နား၊ အသံ၊ ကြားသိစိတ်တို့ ဆုံမိတဲ့အခါဖြစ်၍ မဆုံမိတဲ့အခါမဖြစ်ချေသို့အတွက် မြဲတယ်ဆိုမလား၊ မမြဲဘူးဆိုမလား။

တပည့် မမြဲဘူးဆိုရပါမယ်ဘုရား။

ဆရာ မမြဲတဲ့ ဖဿကို ချမ်းသာတယ်ဆိုမလား၊ ဆင်းရဲတယ် ဆိုမလား။

တပည့် ဆင်းရဲတယ်ဆိုရပါမယ်ဘုရား။

ဆရာ မြဲလဲမမြဲ လွန်ဆင်းရဲတဲ့ ဖဿကို ဖောက်ပြန်တယ်ဆိုမလား၊ မဖောက်ပြန်ဘူးဆိုမလား။

တပည့် ဖောက်ပြန်တယ်ဆိုရပါမယ်ဘုရား။

ဆရာ ဒီလိုဆိုတော့ မြဲလဲမမြဲ လွန်ဆင်းရဲ၍ ဖောက်ပြန်တဲ့ ဖဿကို ငါ၏ဖဿလို့ တဏှာဖြင့်၎င်း၊ ဖဿသည်

www.dhammaransi.com



ငါဖြစ်တယ်လို့ မာနဖြင့်၎င်း၊ ဖဿသည်ငါ၏အတ္တလို့ ဒိဋ္ဌိဖြင့်၎င်း စွဲလမ်းခြင်းငှါ သင့်ပါမည်လား။

တပည့် မသင့်ပါဘုရား။

ဆရာ သောတ သမ္ဖဿဖြစ်ယင် "ဖဿပစ္စယာ ဝေဒနာ သညာသင်္ခါရ" တို့ ဖြစ်ရမြဲမို့ ၎င်းဝေဒနာ၊ သညာ သင်္ခါရတို့သည် ဖဿမဖြစ်မီက မဖြစ်သေး၊ ဖဿ ဖြစ်ယင် ဖြစ်၍ ဖဿချုပ်ယင်ချုပ်ရသောကြောင့် မြဲတယ်ဆိုမလား၊ မမြဲဘူးဆိုမလား။

တပည့် မမြဲပါဘုရား။

ဆရာ မမြဲတဲ့ ဝေဒနာ၊ သညာ၊ သင်္ခါရတို့ကို ချမ်းသာတယ်ဆိုမလား၊ ဆင်းရဲတယ်ဆိုမလား။

တပည့် ဆင်းရဲတယ်ဆိုရပါမယ်ဘုရား။

ဆရာ မမြဲတဲ့ ဝေဒနာ၊ သညာ၊ သင်္ခါရတို့ကို ဖောက်ပြန်တယ်ဆိုမလား၊ မဖောက်ပြန်ဘူးဆိုမလား။

တပည့် ဖောက်ပြန်တယ်ဆိုရပါမယ်ဘုရား။

ဆရာ ဒီလိုဆိုတော့ မြဲလဲမမြဲ လွန်ဆင်းရဲ၍ ဖောက်ပြန်တဲ့ ဝေဒနာ၊ သညာ၊ သင်္ခါရတို့ကို ငါ၏ ဝေဒနာ၊ သညာ၊ သင်္ခါရလို့ တဏှာဖြင့်၎င်း၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့သည် ငါဖြစ်တယ်လို့ မာနဖြင့် ၎င်း၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့သည် ငါ၏အတ္တလို့ ဒိဋ္ဌိဖြင့်၎င်း စွဲလမ်းခြင်းငှါသင့်ပါမလား။

တပည့် မသင့်ပါဘုရား။

(ကျန်တဲ့ ဃာန ပသာဒ၊ ဂန္ဓာရုံ၊ ဃာန ဝိညာဉ်စိတ်၊ ဖဿ၊ ဝေဒနာ၊ သညာ၊ သင်္ခါရတို့၌၎င်း၊ ဇိဝှါ ပသာဒ၊ ရသာရုံ၊ ဇိဝှါ

www.dhammaransi.com



ဝိညာဉ်စိတ်, ဖဿ, ဝေဒနာ, သညာ, သင်္ခါရတို့၌ရှင်း, ကာယ ပသာဒ, ဖေါဋ္ဌဗ္ဗာရုံ, ကာယဝိညာဉ် စိတ်, ဖဿ, ဝေဒနာ, သညာ, သင်္ခါရတို့၌ရှင်း၊ မနောဒွါရ, ဓမ္မာရုံ, မနောဝိညာဉ်, ဖဿ, ဝေဒနာ, သညာ, သင်္ခါရတို့၌ရှင်း ဆင်ခြင်ကြလေ)

ဆရာ ယခုဟောခဲ့တဲ့ အတိုင်း ခန္ဓာကိုယ်၌ မမြဲဒါတွေ ဆင်းရဲဒါတွေ ဖေါက်ပြန်ဒါတွေကိုမြင်ယင် ထိုခန္ဓာကိုယ်ကြီး၌ ငြီးငွေ့၍ လာလိမ့်မယ်၊ ငြီးငွေ့ယင် တပ်မက်ခြင်းကင်းလာပါ လိမ့်မယ်၊ တပ်မက်ခြင်းကင်းယင် တဏှာ, မာနာမှ လွတ်လာပါ လိမ့်မယ်၊ ကိလေသာမှ လွတ်ယင် နိဗ္ဗာန်ကို ရပါတော့သည်၊ သို့အတွက် ခန္ဓာကိုယ်၌ မမြဲဒါတွေ ဆင်းရဲဒါတွေ ဖေါက်ပြန် ဒါတွေကို မြင်အောင်ရှု၍ငြီးငွေ့တဲ့ ဉာဏ်ပေါ်ကာ ကိလေသာမှ လွတ်ကြရ၍ နိဗ္ဗာန်ကို ရလွယ်ကြပါစေသတည်း။

ပြီးပါပြီ။

www.dhammaransi.com

# သာသနာ့ရန်စွယ် ဓမ္မန္တရာယ်

## နိဒါန်း

အခါတပါး၌ မြတ်စွာဘုရားသည် ရဟန်းသံဃာ ငါးရာခြံရံလျက် ရာဇဂြိုဟ်မြို့နဲ့ နာလန္ဒမြို့တို့၏အကြား၌ အဝေးရှည်သော ခရီးကို ကြွချီတော်မူတယ်၊ ထိုအခါ သုပ္ပိယ ပရိဗိုဇ်သည်လည်း တပည့်ဖြစ်တဲ့ ဗြဟ္မဒတ်လုလင်နဲ့ ရာဇဂြိုဟ်မြို့နဲ့ နာလန္ဒမြို့တို့၏ အကြား၌ ခရီးသွားသတဲ့၊ ထိုသို့သွားကြရာဝယ် သုပ္ပိယပရိဗိုဇ်သည် များစွာသောအကြောင်းတို့ဖြင့် ဘုရား၏ကျေးဇူးမဲ့ကိုရင်း တရားတော်၏ ကျေးဇူးမဲ့ကိုရင်း, သံဃာတော်တို့၏ ကျေးဇူးမဲ့ကိုရင်း ပြောဆိုကဲ့ရဲ့တယ်၊ ၎င်း၏တပည့် ဗြဟ္မဒတ်လုလင်က များစွာသော အကြောင်းတို့ဖြင့် ဘုရား၏ကျေးဇူးကိုရင်း,တရားတော်၏ကျေးဇူးကိုရင်း,သံဃာတော်၏ ကျေးဇူးကိုရင်း ပြောဆိုလျက် ဆရာတပည့် ၂-ယောက်တို့သည် အချင်းချင်း ဆန့်ကျင့်ဘက်ဖြစ်ကာ ဘုရား၏ရင်း, သံဃာ၏ရင်း နောက်မှ အစဉ်လိုက်ကြတယ်တဲ့။

ဒါနဲ့ မြတ်စွာဘုရားသည် အမ္ဗလဋ္ဌိက ဥယျာဉ် အတွင်းရှိ မင်းကွန်း၌ (၀၁) မင်းတို့ကစားရာဗိုလ်တဲ၌ ရဟန်းသံဃာနှင့်တကွ တညတဲခိုရန်ချဉ်းကပ်ကြတယ်၊ သုပ္ပိယပရိဗိုဇ်ဆရာတပည့် ၂-ယောက်လဲ ထိုအမ္ဗလဋ္ဌိက ဥယျာဉ်မှာပင်တဲခိုလျက် ဆရာက ရတနာသုံးပါး၏ ကျေးဇူးမဲ့ကိုပြော၍ တပည့်က ရတနာသုံးပါး၏ ကျေးဇူးကိုပြောကာ နေထိုင်ကြလေတယ်။

www.dhammaransi.com



အဲဒီလိုတဲခိုညအိပ်ကြပြီးဖြစ်၍ မိုးသောက်လတ်သော် ရဟန်းတို့သည် စောစောထ၍ မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို ချီးမွမ်းကြပြီးလျှင် သုပ္ပိယပရိဗိုဇ်ဆရာတပည့် ၂-ယောက်တို့၏စကားသည် အချင်းချင်း ဆန့်ကျင်ဘက် ဖြစ်နေတဲ့အကြောင်းကို ပြောကြပြန်ပါတယ်၊ ထိုအခါ မြတ်စွာဘုရားကြွလာ၍ ရဟန်းတို့ ဘာစကားပြောကြသလဲလို့ မိန့်တော်မူတဲ့အခါ ရဟန်းတို့က မိမိပြောဆိုတဲ့ စကားကို လျှောက်ထားကြလေတယ်။

ထိုအခါ မြတ်စွာဘုရားက ရဟန်းတို့····ငါဘုရား၏ကျေးဇူးမဲ့ကိုရင်း, တရားတော်၏ကျေးဇူးမဲ့ကိုရင်း, သံဃာတော်၏ကျေးဇူးမဲ့ကိုရင်း တပါးသော သူတို့သည် အကယ်၍ ပြောဆိုငြားအံ့ သင်တို့သည် ထိုသူအပေါ်၌ စိတ်ဆိုးခြင်းကို မပြုအပ်၊ မပြုကြနဲ့. အကယ်၍ စိတ်ဆိုးငြားအံ့ ဒေါသ တည်းဟူသော အန္တရာယ်သည် သင်တို့၏အပေါ်သို့ ကျရောက်လာလိမ့်မယ်၊ ထိုဒေါသသည် သင်တို့၏ ဈာန်,မဂ်,ဖိုလ်ကို အန္တရာယ်ပြုလိမ့်မယ်၊ ဤမျှကာ မဟုတ်သေး၊စိတ်ဆိုးသည်ရှိသော် သူတပါးတို့ ဆိုတဲ့စကားကို ကောင်းစွာ ဆိုအပ်သည်ဟုရင်း, မကောင်းသဖြင့် ဆိုသည်ဟုရင်း, မဆုံးဖြတ်နိုင်ချေ၊ အမှန်ကိုလဲ အမှား၊ အမှားကိုလဲ အမှားလို့ ထင်တတ်တယ်၊ သို့အတွက် စိတ်မဆိုးကြပါဘဲ သင်ပြောတဲ့စကားသည်ဤအကြောင်းကြောင့်မဟုတ်၊တိုအကြောင်းကြောင့် မမှန်လို့ ကောင်းမွန်စွာ ဖြေဆိုရမယ်လို့ မိန့်တော်ပါတယ်။

ထို့အပြင် (ချစ်သားရဟန်းတို့ တပါးသောသူတို့သည် ငါဘုရား၏ ကျေးဇူးကိုရင်း၊ တရားတော်၏ ကျေးဇူးကိုရင်း၊

www.dhammaransi.com



သံဃာတော်၏ကျေးဇူးကိုရင်း ပြောဆိုကြပြီးအံ့၊ သင်တို့သည် ဝမ်းသာခြင်းကို မပြုအပ် မပြုကြနဲ့၊ အကယ်၍ ဝမ်းသာခြင်း ရွှင်မြူးခြင်းကိုပြုကြပြီးအံ့၊ ထိုရွှင်မြူးခြင်းသည်သင်တို့အား အန္တရာယ်ကို ပြုတတ်ပေတယ်၊ ထိုမျှသာ မကသေး သူတပါးတို့၏ စကားကို ကောင်းသည်ဟူရင်း မကောင်းဘူးဟုရင်း မဆုံးဖြတ်နိုင်ချေ၊ သို့အတွက် ဝမ်းမြောက်ခြင်း, ရွှင်မြူးခြင်းကိုမပြုပါဘဲ သင်တို့၏စကားသည် ဤအကြောင်းကြောင့် ဟုတ်၏ ထိုအကြောင်းကြောင့် မှန်၏ဟု ကောင်းမွန်စွာဝန်ခံအပ်၏) ဟု မိန့်တော်မူပါတယ်။

ထိုသို့ မြတ်စွာဘုရား မိန့်တော်မူချက်အရ ရတနာသုံးပါးအား စွပ်စွဲကဲ့ရဲ့သည်ကို မြင်ယင် စိတ်မဆိုးပါဘဲ စွပ်စွဲတဲ့အတိုင်း မဟုတ်ကြောင်းကို ပြေဆိုရမည်မှာ ဘုရားသားတော်တိုင်း၏ တာဝန်ကျပေတယ်၊ အကယ်၍ စွပ်စွဲသူကို ကြောက်၍ရင်း, ချစ်၍ရင်း, မပြေဆိုပါက ဘုရားသားတော် မပီသချေ သို့အတွက် ကြောက်ခြင်း, ချစ်ခြင်း ၂-ပါးကို ပစ်ပယ်ကာ ဓမ္မန္တရာယ်စာအုပ်အတွင်းရှိ စွပ်စွဲချက်များကို ပြေဆိုရပါမယ်၊ စွပ်စွဲသူကို မုန်း၍ ပြေဆိုဒါလဲမဟုတ်၊ အစိုးရကို ချစ်၍ ပြေဆိုဒါလဲမဟုတ် မြတ်စွာဘုရား၏ မျက်နှာ တခုကိုသာ ကြည့်၍ ပြေဆိုပါသတည်း။

www.dhammaransi.com



## ဗမာကွန်မြူနစ်တို့၏ စွပ်စွဲချက် (၁)

ဒီကမ္ဘာမှာဖြင့် လွတ်လင်ရေးကို ဘယ်နည်းနဲ့မှ ရနိုင်တော့မယ်မဟုတ်၊ ဒီကမ္ဘာမှ လွတ်မြောက်မှသာလျှင်၊ ဒီဘဝကလွတ်မြောက်မှသာလျှင် လွတ်မြောက်ရေးရနိုင်တော့မယ်ဆိုတဲ့ စိတ်အပျက်ကြီးပျက်မှုကို အစွဲပြု၍ ပေါ်ပေါက်လာတဲ့ ဝါဒသည် နိဗ္ဗာန်ဝါဒဖြစ်တယ်။

### အဖြေ

ကွန်မြူနစ်များသည် 'နောက်ဘဝ' မရှိဟု ယူဆသော ဥစ္ဆေဒဝါဒသမားများဖြစ်ကြ၍ ယခုဘဝ မသေခင် စားရေးဝတ်ရေး မပူပန်ခြင်းကိုပင် ဘဝ၏လွတ်လပ်မှု နိဗ္ဗာန်ဟု ယူဆကြလေသည်၊ မြတ်စွာဘုရားသည် ဘုရားဖြစ်တဲ့ ဘဝလောက် ပါရမီမရင့်သေးမီ သုဒ္ဓောဒနစကြာမင်းဘဝတုန်းက ကမ္ဘာပေါ်ရှိ လူများအပေါင်းကို နတ်တို့နဲ့မခြား လူ့စည်းစိမ်ကို ပေးခဲ့ဘူးလေသည်၊ ဘာအလုပ်ကိုမှ မလုပ်စေဘဲ အာရုံငါးပါး ကာမဂုဏ်တရားတို့နဲ့သာ ပျော်မွေ့၍နေနိုင်အောင် လောကကြီးကို ဖန်တီးခဲ့လေသည်၊ ဘယ်ကွန်မြူနစ် တိုင်းပြည်မှာမှ ဤကဲ့သို့ မသာနိုင်ပါ၊ လူတိုင်းလူတိုင်းကို အလုပ်လုပ်ခိုင်းထားသည်မှာ မျက်မြင် ကိုယ်တွေ့ ဖြစ်ကြပါသည်၊ ကွန်မြူနစ်တို့၏ လွတ်မြောက်မှုနိဗ္ဗာန်မျိုးကို စကြာမင်းတောင်မှ ဖြစ်စရာမလိုဘဲ ရိုးရိုးဘဝနဲ့ဘဲ များစွာသော ဘဝတို့မှာ လောကကြီး၏ ချမ်းသာမှုကို ဖန်တီးခဲ့သည်မှာ နိပါတ်တော်တို့၌ အထင်အရှား ဖြစ်ပေသည်၊ မြတ်စွာဘုရားဖြစ်တဲ့ ဘဝမှာကား ကွန်မြူနစ်တိုင်းပြည်၏ သာယာဝပြောမှုကိုဆိုထားဘိ စကြာမင်းတို့၏စည်းစိမ်ကိုရင်း နတ်တို့၏

www.dhammaransi.com



စည်းစိမ်ကိုရင်း၊ ဗြဟ္မာတို့၏ စည်းစိမ်ကိုရင်း တံ့တွေးပမာ ရှိရှာဘော်မူလေသည်၊ သိဒ္ဓတ္ထမင်းသား၏ စည်းစိမ်သည် နတ်နဲ့ မခြားပေ၊ စကြာမင်းစည်းစိမ်ကိုလဲ ရမှာ အသေအချာ ဖြစ်ပေသည်၊ ယသော်ဓရာ၏ အလှသည်လည်း လူ့ပြည်တွင် ပြိုင်ဘက်ကင်းလေသည်၊ ထိုကဲ့သို့သော စည်းစိမ်ကြီးကို ပစ်ပယ်၍တောထွက်လာခဲ့သည်မှာ ရှိရှာ၍ပင် မဟုတ်ပါလား၊ ထိုမျှနဲ့ပင် လွတ်လပ်မှုကို မရနိုင်ဆိုတဲ့ စွပ်စွဲချက်ကို ဖြေပြီးပါပြီ။

စိတ်ပျက်မှုနဲ့ ငြီးငွေ့မှုကို ကွန်မြူနစ်များ မကွဲပြား၍ စွပ်စွဲထားခြင်းဖြစ်ပါသည်၊ စိတ်ပျက်မှုမှာ ဒေါမနဿဝေဒနာ စိတ်မရွှင်လန်းမှုကိုဆိုပါသည်၊ ငြီးငွေ့မှုဆိုသည်မှာ အမှန်တရားကို မြင်သဖြင့် သာယာခြင်း၊ တက်မက်ခြင်းမရှိဘဲ လောဘ၊ ဒေါသ၊ တို့ ကင်းစင်ကာ စိတ်၏တည်ငြိမ်မှု၊ သမာဓိကြီးလာမှု၊ စိတ်၏ ချမ်းမြေ့မှုကို ဆိုပါသည်၊ စိတ်ပျက်မှုနှင့် ငြီးငွေ့မှုမှာ အဖြူနဲ့ အမဲကဲ့သို့ရင်း၊ နံ့သာတုံးနဲ့ မစင်တုံးကဲ့သို့ရင်း၊ အလင်းရောင်နဲ့ အမှောင်ကဲ့သို့ရင်း ကွာခြားပါသည်၊ သိဒ္ဓတ္ထမင်းသားသည် သူအို သူနာ သူသေတို့ကို မြင်တဲ့အခါ ဒိခန္ဓာကိုယ်ကြီး ဘယ်လိုပင် ပြုပြင်၍ထားစေကာမူ ဘယ်လိုပင်ကျွေးမွေး၍ထားစေကာမူ ဘယ်လိုပင် အလိုလိုက်၍ ယုယထားစေကာမူ—ဒိခန္ဓာကိုယ်ကြီး ကား အိုရမည်သာတည်း၊ နာရမည်သာတည်း၊ သေရမည်သာတည်းဟု အမှန်ကိုသိလာတယ်၊ ဤစည်းစိမ်သည် ဘယ်လိုပင် ကြီးကျယ်သော်လဲ ပစ်ထားခဲ့ရမှာကား သေချာပေသည်၊ အခြံအရံ ဘယ်လိုပင်ပေါ်စေကာမူ သေယင်ဘယ်သူမှ မပါလာပေဟု အမှန်တရားကို မြင်လာပေသည်၊ ထိုကဲ့သို့ အမှန်တရားကို မြင်သဖြင့် မိမိခန္ဓာကိုယ်ကိုရင်း၊ စည်းစိမ်ကိုရင်း၊ အခြံအရံကိုရင်း၊

www.dhammaransi.com



မမက်မောတော့ချေ၊ မက်မောကွယ်တာခြင်းကား အလွန်တရာ ပင်ပန်းလှသည်၊ စိတ်လဲ လေးလံပေသည်၊ မမက်မော မတွယ် တာတဲ့အခါ စိတ်သည် အေးမြ၍ ပေါ့သာပေသည်၊ တိုနောက် ရဟန်းကိုမြင်တော့ ရှင်လန်းပြီး တောထွက်တော်မူပေသည်၊ ဤ ကား စိတ်ပျက်မှုနဲ့ ငြီးငွေ့မှုကို ခွဲခြား၍ ချပြခန်းတည်း။

## ဗမာကွန်မြူနစ်တို့၏ စွပ်စွဲချက် (၂)

မူလဘုရား ၂-ပါးအစ, ပဋိစ္စသမုပ္ပါဒ် အလယ်, နိရောဓ သစ္စာ့အဆုံးရှိတဲ့ နိဗ္ဗာန်ဝါဒသည် လွတ်မြောက်ရေး လမ်းကို စိတ်ကူးယဉ်တကာ့ စိတ်ကူးယဉ် အကျဆုံးသောနည်းဖြင့် ဆင် ခြင်ရှာ ရောက်ပေသည်။

## အဖြေ

စိတ်ကူးယဉ် ဆိုသည်မှာ မဖြစ်နိုင်တဲ့နည်းကို ဆိုပါသည် အရပ်စကား ပြောရယင် "လေဘမ်း ဝါးတန်းစီး—လေထဲမှာ တိုက်အိမ်ဆောက်" ဆိုတဲ့စကားနဲ့ အတူတူပင်ဖြစ်နိုင်၍ သဘာဝ ကျပုံကို ဖြေပါမည်၊ မန်ကျည်းပင်ကို ဥပမာတင်ကြပါစို့ မန် ကျည်းပင်သည် ဆောင်းအခါ အရွက်ကျွေလိုက်, မိုးဦးကျလာတဲ့ အခါ အရွက်နုလိုက်နဲ့ မသေနိုင်ဘဲ အဓွန့်ရှည်စွာ နေနိုင်ခြင်း သည် ဘာကြောင့်လဲလို့ အကြောင်းကို ရှာသော် အမြစ်ကို တွေ့ရပေသည်၊ အမြစ်ကနေ၍ တပင်လုံးသို့ မြေဆီသြဇာကို ပို့ ပေးခြင်းကြောင့် ၎င်းအပင်သည် မသေဘဲ ကျွေလိုက်, နုလိုက်, နဲ့ အဓွန့်ရှည်စွာ နေနိုင်ပေသည်၊ မန်ကျည်းပင်၏ အမြစ်ကို ဖြတ်လိုက်ယင် တပင်လုံးရှိအရွက်တို့ ကျွေကျကာ့ အကိုင်း အ

www.dhammaransi.com



ခက်နှင့်တကွ ပင်စည်ကြီးပါအမြစ်မှ နောက်ထပ် တဖန် ဘယ်တော့မှ မဖြစ်ပေါ်လာခြင်းသို့ ရောက်ရှိပေသည်။

ထို့အတူ သတ္တဝါတို့သည်လည်း ခန္ဓာကိုယ်ကြီး၏ အမြစ်ကို မောဟက ဖုံးထားသဖြင့် အမြစ်ကိုမမြင်ကြချေ၊ သို့အတွက် ခန္ဓာကြီးကို တွယ်တာကြကုန်၏၊ တွယ်တာသဖြင့် ခန္ဓာကိုယ်ကြီး အကျိုးငှါ ရံခါ အကုသိုလ်ကို ပြုကြကုန်၏၊ ရံခါ ကုသိုလ်ကိုပြုကြကုန်၏၊ ကုသိုလ် အကုသိုလ်ဟူသော အကြောင်းကြောင့် ကောင်းတဲ့ဘဝ မကောင်းတဲ့ဘဝ ဖြစ်ကြရကုန်၏၊ ဘဝခန္ဓာဖြစ်ပြန်ယင် ၎င်းဘဝ၏အမြစ်ကို ဖုံးလွှမ်းတဲ့မောဟ တွယ်တာတဲ့ တဏှာတို့ ဖြစ်ကြပြန်၏၊ ၎င်းမောဟ, တဏှာတို့ကို အကြောင်းခံလျက် ကုသိုလ် အကုသိုလ်တို့ကို ပြုကြကုန်၏၊ ၎င်းကုသိုလ် အကုသိုလ်တို့ကြောင့် ဘဝခန္ဓာတို့ဖြစ်ကြရပြန်၏၊ သံသရာသည်မဆုံးတော့ချေ၊ တဏှာနဲ့ မောဟသည် မန်ကျည်းပင်၏အမြစ်နှင့်တူ၏၊ မန်ကျည်းပင်သည် ခန္ဓာငါးပါးနှင့်တူ၏၊ ကျွေလိုက် နှုလိုက်နဲ့ နေခြင်းသည် တဘဝပြီးတဘဝဖြစ်နေသည်နှင့်တူ၏ ဤကား မူလဘာရား ၂-ပါးအစ, ပဋိစ္စသမုပ္ပါဒ် အလယ်ကိုပြခြင်းတည်း။

အကြင်အခါ ပညာရှိသူတော်ကောင်းတို့နှင့် တွေ့၍ တရားတော်မြတ်ကို နာကြားရလေရာ သဒ္ဓါတရားဖြစ်ပြီး တရားတော်၌လာသည့်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့ယင် ခန္ဓာကိုယ်ကြီး၏ဖြစ်ပုံ,ပျက်ပုံသနစ်စုံကို အမှန်အတိုင်း သိလာပါလိမ့်မယ်၊ ထိုအခါ အမှန်သိက မောဟပျောက်၍ တဏှာခြောက်ပါလိမ့်မယ်၊ တဏှာ, မောဟ ၂-ပါးချုပ်ယင် ဘဝခန္ဓာ အပင်ချုပ်ပါလိမ့်မယ်၊ ဘဝခန္ဓာအပင် ဘယ်တော့မှမဖြစ်ယင် ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခ, ပိယေဟိဝိပ္ပယောဂ

www.dhammaransi.com



ဒုက္ခ, အပ္ပိယေဟိ သမ္ပယောဂ ဒုက္ခ-ဟု ဆိုအပ်သော ခန္ဓာနဲ့ စပ်သမျှ ဒုက္ခတို့သည် ဘယ်တော့မှ မဖြစ်လာတော့ချေ၊ ဒုက္ခ မှန်သမျှ မဖြစ်ယင် သုခတရားတခုသာ အမြဲတန်း ရှိ၍ နေ ပေလိမ့်မည်မှာ မလွဲပေ၊ လက်တွေ့ ကျင့်သုံးသူတိုင်း နိဗ္ဗာန သစ္စာကို တွေ့ကြရပေသည် (ဤကား နိရောဓသစ္စာကို အကျဉ်း မျှ ဖြေခန်းပြီး၏)

ဗမာကွန်မြူနစ် အဆို (၃)

ဗုဒ္ဓဘာသာတွင် သတ္တဝါတို့၏ အသက် ဘယ်ကစသလဲ ဆို တဲ့ပုစ္ဆာကိုစိုးစဉ်းမျှဖြေရှင်းခြင်းငှါ လုံ့လမပြုသည့်ပြင် သတ္တဝါ တို့၏ အစကိုပင် မရှာဖွေရန် တားမြစ်ထားသည်ကို တွေ့ရပေ သည်၊ သတ္တဝါတို့၏ အစကို ရှာဖွေခြင်းသည် နိဗ္ဗာန်လမ်းနဲ့ မသက်ဆိုင်ဟု ဆိုထားပေသည်၊ သတ္တဝါတို့၏ အစကို လူတို့ ရှာဖွေ၍ တွေ့ရှိ သွားပါက နိရောဓသစ္စာ၏ မဖြစ်နိုင်ကြောင်းကို တွေ့ရှိသွားမည် စိုးသောကြောင့် တားမြစ်ထားဟန် လက္ခဏာ ရှိပေသည်၊ ထို့ကြောင့် ငါတို့၏ အနုပဋ္ဌလောမ ရုပ်ဝါဒသည် ဗုဒ္ဓဘာသာနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပေသည်။

အဖြေ

သတ္တဝါတို့၏ အသက်သည် မရှိဟု ဗုဒ္ဓဘာသာတွင် ဆိုထား သည်၊ ခန္ဓာ၊ ငါးပါး နာမ် ရုပ်တရားက လွဲ၍ အသက် ဆိုသည် မှာ မရှိပါ၊ ရှိတယ်လို့ထင်ခြင်းသည် အထင်မှားမှုမျှသာ ဖြစ် သည်၊ အကယ်၍ အသက်လိပ်ပြာ ရှိခဲ့သော် ထိုအသက် လိပ်ပြာသည် ခန္ဓာကိုယ်ကို အစိုးရသင့်ပေသည်၊ အစိုးရယင် မအိုတန်ရာ, မနာတန်ရာ, မသေတန်ရာ, အလိုမရှိအပ်တဲ့ အိုမှု,

www.dhammaransi.com



နာမှု သေမှုကို လက်ငင်းတွေ့နေရသဖြင့် အသက်လိပ်ပြာ မရှိကြောင်းမှာ ထင်ရှားပေသည်၊ သို့သော် သတ္တဝါတို့၏ သန္တာန်ဝယ် အမြင်မှားမှု ဒိဋ္ဌိရှိနေသဖြင့် မရှိကို အရှိထင်၍ ရှိဒါကိုမသိမြင်ချေ၊ ကိုးပေါက်သောဒွါရမှ ရွံဘွယ်လိလိ စက်ဆုပ်ဘွယ် အဘိတ္တိ အမြဲထွက်နေသည်ကို နေ့စဉ်နဲ့အမျှ တွေ့ရပါလျက် အနှစ်သာရ ရှိသယောင် ထင်မှားနေသည်မှာ ဉာဏ်ရှိသူတိုင်း ဝန်ခံရပေမည်၊ ထို့ကြောင့်လဲ ပုထုစဉ်တို့ကို အကန်းတွေလို့ မြတ်စွာဘုရားက ဆိုခဲ့ပေသည်၊ 'နဇီဝေါ-အသက်လိပ်ပြာမရှိ' လို့ ဟောတော်မူတဲ့ စကားသည်ပင် အဖြေမဟုတ်ပါလော၊ ဉာဏ်မရှိ၍သာ အဖြေကို အဖြေမှန်းမသိ ဖြစ်နေကြ၏။

အစဆိုသည်ကိုလဲ "သံသာရပုဗ္ဗကောဋိ နပညာယတိ" လို့ ဖြေထားပြီးဖြစ်သည်၊ သံသရာ၏ အစသည် မရှိချေ၊ မရှိပုံကို ဖြေဆိုဦးအံ့၊ သစ်ပင်သည် မျိုးစေ့မရှိဘဲ မပေါက်နိုင်သောကြောင့် အပင်လဲအစမဟုတ်၊ အစေ့လဲ အပင်မရှိဘဲ မဖြစ်နိုင်သောကြောင့် အစေ့သည်လည်း အစမဟုတ် (ဝါ) အစမရှိသလို ခန္ဓာသည် ကံကြမ္မာမရှိဘဲ မဖြစ်နိုင်သောကြောင့် ခန္ဓာကလဲ အစမဟုတ်ချေ၊ ခန္ဓာမရှိဘဲ ကံကြမ္မာမဖြစ်နိုင်သောကြောင့် ကံကြမ္မာကလဲ အစမဟုတ်ချေ၊ ခန္ဓာကြောင့် ကံကြမ္မာဖြစ်၍ ကံကြမ္မာကြောင့် ခန္ဓာဖြစ်ကာ နိယာမ သဘောအတိုင်း ဖြစ်ကာ ပျက်ကာ နေကြရလေ၏။

သတ္တဝါတို့၏ အစကို မရှာဖွေရန် တားမြစ်ခဲ့ပေသည်၊ ဆိုသည်မှာ မဟုတ်ချေ၊ မြတ်စွာဘုရားသည် အဘယ်သူ၏ စကားကိုမဆို မစဉ်းမစား မဆင်ခြင်ဘဲ ပြောတိုင်းမယုံရန် ကာလာမ ပုဏ္ဏားအား ဟောကြားခဲ့ပေသည်၊ သို့သော် မြတ်စွာဘုရား

www.dhammaransi.com



သည် အကျိုးရှိတဲ့တရားကိုသာ ဆင်ခြင်ခိုင်းပေသည်၊ ဥပမာ- "ယုန်ချို့၊ လိပ်မွေး၊ ဗုဇ္ဇန်သွေး" ကိုရအောင် ရှာခိုင်းခြင်းဖြင့် အကျိုးမရှိသလို မရှိတဲ့တရားကို အရှာခိုင်းဘဲမရှိဒါကိုမှန်မှန်း သိအောင်သာ ဟောကြားတော်မူပေသည်၊ မြတ်စွာဘုရား၏ တရားတော်သည် သန္ဒိဋ္ဌိက ဂုဏ်မြောက်သဖြင့် ဘာကိုမှ ကြောက်စရာမလိုပေ၊ ဧကာလိကဂုဏ်မြောက်သဖြင့် မည်သူ့ အားမျှ မလိမ်ချေ။

အနုပဋ္ဋိလောမ ရုပ်ဝါဒနဲ့ ဖြောင့်ဖြောင့် ဆန့်ကျင်နေပေသည်ဆိုသည်မှာမှန်ပေသည်၊ ပညာရှိ၏အမြင်နဲ့ ပညာမဲ့၏အမြင်သည် ဆန့်ကျင်ရပေမည်၊ ပညာမဲ့၏ အမြင်နဲ့ မဆန့်ကျင်က ပညာရှိမဟုတ်ပေ၊ အနုပဋ္ဋိလောမ ရုပ်ဝါဒကို ကြံဆတဲ့ ကားလ်မာ့(က်စ်)၊ လီနင်၊ စတာလင်၊ အိန်ဂျလ်တို့သည် အစိန္တေယျ လေးပါး၏ အရှင်မဟုတ်ချေ၊ ငါတို့၏ဘုရားကား အစိန္တေယျ လေးပါး၏ အရှင်ဖြစ်ပေသည်၊ အတိတ် အနာဂါတ်၊ ပစ္စုပ္ပန် ကာလ သုံးပါးစလုံးကို သိမြင်ပေသည်၊ လီနင်၊ စတာလင်တို့ကား သတ္တဝါပေါင်းများစွာကို သတ်ဖြတ် ညှဉ်းဆဲခဲ့ပေသည်၊ ငါတို့ဘုရားကား သတ္တဝါပေါင်းများစွာကို ချမ်းသာသုခကိုသာ ပေးခဲ့၍ မည်သူ့အားမျှ မနှိပ်စက်ချေ၊ ဆန့်ကျင်ဘက်ကျသော အရာတို့မှာ ရေး၍မကုန်အောင် များပြားလှပေသည်။

## ဗမာကွန်မြူနစ်တို့၏ အဆို (၃)

ဘာသာရေးသည် ပြည်သူလူထုကို မူးယစ်စေတဲ့ ဘိန်းနဲ့တူသည်ဟု မာ့(က်စ်)နဲ့ အိန်ဂျလ်တို့က ပြောဆို ခဲ့ကြပေသည်။

www.dhammaransi.com



## အဖြေ

ကွန်မြူနစ်များသည် ရုပ်ဝါဒ ဖြစ်သည့်အတိုင်း "သေယင် မြေကြီးဖြစ်၏၊ နောက်ဘဝမရှိ" ဟု ဥစ္ဆေဒအယူရှိကြလေသည်၊ သို့အတွက် ဆိုလိုရင်းမှာ ဘိန်းစားများသည် ဘိန်းမူးတဲ့အခါ သူဌေးသူကြွယ်ဖြစ်၍ စိတ်ကူးယဉ်သော်လဲ ဘိန်းမူးပြေတဲ့အခါ အဝတ်အစား အစုပ်အနုပ်နဲ့သာ နေရသလို ဘာသာရေးသမားတို့လဲ အနာဂတ်ကောင်းစားရေးကို မြော်တွေး၍ ကောင်းမှုကိုလုပ်ပေမဲ့ နောက်ဘဝ မရှိသောကြောင့် ဘိန်းစားနဲ့သာ တူလေသည်ဟု ဆိုလေသည်။

နောက်ဘဝ ရှိမရှိကို လက်တွေ့ပြရယင် လူဝင်စားများကို ပြရပေမည်၊ လောက၌ လူဝင်စားများကို ရံခါ တွေ့ရပေသည်၊ ထိုသူတို့သည် လွန်ခဲ့တဲ့ဘဝက နေခဲ့ရပုံ၊ တိုင်ခဲ့ရပုံကို အစုံအလင် ပြောနိုင်ကြပေသည်၊ သဘာဝစကားနဲ့ပြောရယင် နောက်ဘဝမရှိဟု ယူယင် ကံကြမ္မာမရှိဟုလည်း ယူရပေမည်၊ အကယ်၍ ကံကြမ္မာမရှိခဲ့သော် ယောကျ်ား အချင်းချင်း တူသင့်ပေသည်၊ မိန်းမအချင်းချင်းလဲ တူသင့်ပေသည်၊ ယခုမှာယောကျ်ားအချင်းချင်းကို မဆိုထားဘိ တမိတဘတည်းမှ မွေးဖွါးခဲ့တဲ့ ညီအစ်ကို အရင်း ညီအစ်မ အရင်းပင် တယောက်နဲ့ တယောက် မတူကြချေ၊ ဤကဲ့သို့မတူကြသည်မှာ ကံရှိ၍ပင် မဟုတ်ပါလော ကံရှိယင်လဲ နောက်ဘဝ ရှိရတော့မည်မှာ သေချာလှပေသည်၊ နောက်ဘဝ ရှိပါက ဘာသာရေးသည် ဘိန်းနဲ့ မတူနိုင်ချေ။

အကြောင်းတရားရှိယင် အကျိုးတရားသည် ဆီးမရ တားမရ ဖြစ်လာမည်ကား သေချာပေသည်၊ ဥပမာ-မန္တစ်သက်ဘွယ်

www.dhammaransi.com



ကောင်းတဲ့ ရူပါရုံကို မည်သူမျှမမြင်လိုပေ ဒါပေမဲ့ မနှစ်သက်ဘွယ် ရူပါရုံနဲ့ မျက်စိတိုက်ဆိုင်မိယင် မမြင်လိုသော်လဲမြင်ရပေသည်၊ မနှစ်သက်ဘွယ်ကောင်းတဲ့ အသံနဲ့နား တိုက်ဆိုင်မိယင် မကြားလိုသော်လဲ ကြားရပေသည်၊ မနှစ်လိုဘွယ် ကောင်းတဲ့ အနံ့နဲ့ နှာခေါင်းတွေ့ဆုံယင် မနံလိုသော်လည်း နံကြရပေသည်၊ တို့အတူ လူနဲ့လူချင်း မတူကြသည်ကို တွေ့ရသဖြင့် သတ္တဝါတို့၏ အကြောင်းကံ ရှိကြောင်းကို မငြင်းနိုင်ပေ၊ အကြောင်းကံ ရှိသည့်အတွက် ခွေး, ဝက်, ကြက်, ငှက်, တို့ မဖြစ်လိုသော်လဲ ဖြစ်ကြရပေသည်၊ စိတ်ကောင်းသူ နဲ့၍ စိတ်မကောင်းသူများခြင်းကြောင့်အကျိုးပေးကောင်းသူနဲ့၍အကျိုးပေးမကောင်းသူ ပေါ်များရပေသည်၊ ဤသည်ကို ငြင်း၍ မရပေပေ၊ ဤကဲ့သို့ ကံတရားရှိခြင်းကြောင့် ဘာသာရေးသည် ဘိန်းနှင့်မတူချေ။

## ဗမာကွန်မြူနစ် အဆို (၅)

ခေတ်မှီတဲ့ ကုန်ထုတ်စွမ်းအားစုများ တိုးတက် လာခြင်းကို ချုပ်ချယ်ထားတဲ့ အရင်းရှင် နယ်ချဲ့စနစ်ကို တွန်းလှန် ဖြိုဖျက်ယိုက်မှသာလျှင် ခေတ်မှီတဲ့ ရုပ်ပတ်ဝန်းကျင် အခြေအနေများ ပေါ်ပေါက်လာကာ ဘာသာရေးသည်လည်း တဖြေးဖြေး တိမ်ကော သွားရပေမည်။

## အဖြေ

သံသရာမှာ အမြဲတည်ရှိနေတဲ့ ဘာသာရေးသည် ၂-မျိုးရှိပေသည်၊ ၎င်းတို့ကား ဥစ္ဆေဒနဲ့ သဿတတို့ ပေတည်း၊ပုထုဇဉ်မှန်ယင် ၎င်း ၂-မျိုးတို့တွင် တမျိုးမျိုးတော့ရှိရပေမည်၊ကွန်မြူ

www.dhammaransi.com



နှစ်တို့ကား ဥစ္ဆေဒ ဝါဒသမားများ ဖြစ်ကြပေသည်၊ ခရစ်ယန် မဟာမေဒင်, ဗြာဟ္မဏဘာသာ, ဟိန္ဒူ, ဗုဒ္ဓဘာသာ အမည်ခံ ပုထုဇဉ်များ, နတ်ကိုးကွယ်သူ ၎င်းတို့ အားလုံးသည် ကေစ္စ သဿတဝါဒသမားများ ဖြစ်ကြကုန်၏၊ ယခုအခါ ဥစ္ဆေဒ ဝါဒသမားတို့သည် ရုပ်ပတ်ဝန်းကျင်ကို အသွင် ပြောင်းအောင် အားထုတ်ကာ ၎င်းကို အကြောင်းပြုလျက် သဿတ ဝါဒကို တိုက်ဖျက်နေခြင်းသာ ဖြစ်ပေသည်၊ တိုက်ဖျက်ပုံမှာ တရုပ်တို့ သည် ကြေးစံနီနတ်ကို ကိုးကွယ်ကြပေသည်၊ ဥစ္ဆေဒ ဝါဒ သမားများသည် မနုဿတို့၏ ၊ စွည်းများကို အဓမ္မသိမ်းယူပြီး လျှင် ဆင်းရဲသူတို့အား ဝေပေးကြလေသည်၊ ၎င်းနောက်ကြေး စံနီ နတ်ရုပ်ရှိရာသို့ ပစ္စည်းရသူအပေါင်းကို ခေါ်ဆောင်လျက် မေးမြန်းလေသည်၊ "မင်းတို့ ရှေးတုန်းက ဆင်းရဲမွဲတေလျက် နေကြရသည် ယခုပစ္စည်းဥစ္စာများ ရှိလာကြသည်၊ ၎င်းပစ္စည်း တွေကို ဘယ်သူပေးသလဲ"လို့ မေးပါသည်၊ ပစ္စည်းရသူအပေါင်း က "ကွန်မြူနစ်ပါတီက ပေးပါသည်" ဟု ဖြေကြရပါသည် "ဒီနတ်ကြီးကို ကိုးကွယ်ဒါ ဘယ်လောက်ကြာပြီးလဲ"ဟု မေးပါ သည်၊ 'မွေးကတဲက ကိုးကွယ်လာခဲ့ပါသည်'ဟု ဖြေကြရပါသည်၊ 'ဘာပေးဘူးသလဲ'ဟု မေးပါသည်၊ 'ဘာမှမပေးဘူးပါ'ဟုဖြေကြ ရပါသည်၊ 'ဘာမှ ပေးဘော်မရတဲ လူ့တထံက ပစ္စည်းကို ယူ ဘော်ရတဲ့အရုပ်ကို ကိုးကွယ်ခြင်းဖြင့် အကျိုးမရှိ ရိုက်ချိုးရမည်' ဟု ဆိုကာရိုက်ချိုးစေသည်၊ ဤနည်းဖြင့် တိုက်ဖျက်ကြောင်းကို ကျော်လင်း စာပေဖြန့်ချိရေးမှထုတ်ဝေတဲ့ မော်စီတုန်း၏ လက် ရွေးစဉ်ဆိုတဲ့ စာအုပ်မှာပါပေသည်၊ သတိပြုရန်မှာ....အကယ် ၍ ငါတို့၏ ဗမာပြည်ကို ဥစ္ဆေဒဝါဒသမားများ လွှမ်းမိုးလာ

www.dhammaransi.com



ယင်လဲ တရုပ်ပြည်မှ ကြေးစံနီ နတ်ရုပ် အချိုးခံရသလို စေတီ ရုပ်ပွါးတို့ ဘေးသင့် ကုန်မည်ကား မလွဲပေ၊ ဓမ္မန္တရာယ် စာအုပ် အတွင်းရှိ ရုပ်ပွါးအချို့ကို ကြည့်ကြကုန်လော့။

ဘာသာရေးသည် တိမ်ကောသွားရပေမည် ဆိုသည်မှာ.... သူတို့သည် ဥစ္ဆေဒဖြစ်နေမှန်းကို မသိတဲ့အတွက် သဿတများ ကိုသာ ဘာသာရေးဟု အောက်မေ့၍ဆိုခြင်း ဖြစ်ပေသည် စင် စစ်မှာ ကွန်မြူနစ် လွှမ်းမိုးတဲ့နယ်တို့မှာ ဥစ္ဆေဒဝါဒ ကြီးစိုးထွန်း ကား၍ ကွန်မြူနစ်မရှိတဲ့နယ်တို့မှာ သဿတဝါဒ ထွန်းကားနေ ပေသည်၊ ဤဥစ္ဆေဒနှင့် သဿတဝါဒသည် "ကမ္ဘာနှင့် မြေဇာ" ဆိုသလို သံသရာမှာ အမြဲရှိနေပေသည်၊ ဥစ္ဆေဒကို လွတ်ယင် သဿတဖြစ်သည်၊ သဿတကိုလွတ်ယင် ဥစ္ဆေဒဖြစ်သည်၊ ထို ဝါဒ ၂-ခုမှ လွတ်မြောက်ရန်မှာ သောတာပန်ဖြစ်မှ လွတ်ကြ လေသည်။

ဗုဒ္ဓဝါဒသည် ဥစ္ဆေဒလဲမဟုတ် သဿတလဲ မဟုတ်ချေ၊ ၎င်း ၂-ပါးကလွတ်မှ ဗုဒ္ဓဘာသာအစစ်ဖြစ်သည်၊ သောတာပန် တည်မှလဲ လွတ်ပေသည်၊ ဥစ္ဆေဒကား "သေဟင် မြေကြီးဖြစ် သည်၊ နောက်ဘဝမရှိ" ဟု ယူသည်၊ ကေစ္စသဿတကား "ရုပ် တရားသာ ပုပ်ဆွေး၍ နာမ်တရားသည် တဘဝမှ တဘဝသို့ ကူးပြောင်းကာ သွားလာလှည့်ပတ်၍နေသည်" ဟု ယူပေသည် ဗုဒ္ဓ ဝါဒကား နောက်ဘဝ ရှိသည်ကား မှန်ပေ၏၊ သို့သော် သဿတ သမားတို့ ထင်သလို နာမ်တရားသည် တဘဝမှ တဘဝ သို့ ကူးပြောင်းသည် မဟုတ်၊ ရုပ်သစ် နာမ်သစ် ဖြစ်ခြင်းသာ တည်း" ဟု ယူပေသည်၊ ၎င်းဦးအံ့....လွန်ခဲ့တဲ့ နှစ်က စပါး

www.dhammaransi.com



ပင်သည် ယခုနှစ် စပါးပင် မဟုတ်ချေ၊ ယခုနှစ် စပါးပင်သည် လာမည့်နှစ်မှာပေါက်မည့် စပါးပင်မဟုတ်ချေ၊ ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်က စပါးသီးကြောင့် ယခုနှစ်စပါးပင်ပေါက်ရသည် ယခုနှစ် သီးတဲ့ စပါးစေ့ကြောင့် လာမည့်နှစ်မှာ စပါးပင် ပေါက်ရပေမည်၊ထိုနည်းတူစွာ လွန်ခဲ့တဲ့ဘဝက ရုပ်နာမ်သည် ယခုရုပ်နာမ် မဟုတ်ချေ၊ ယခုရုပ်နာမ်သည် အနာဂတ်ဘဝမှာ ဖြစ်မည့်ရုပ် နာမ်မဟုတ်ချေ၊ သူ့ဘဝနဲ့ သူ့ရုပ်နာမ် အသီးသီး ဖြစ်ကြ သည်၊ ဒါပေမဲ့ လွန်ခဲ့တဲ့ဘဝက ရုပ်နာမ်ဖြင့် ကံကြမ္မာအသီး ကို သီးခဲ့သည်၊ ၎င်းအတိတ်ကံကြောင့် ပစ္စုပ္ပန် ရုပ်နာမ် ဖြစ်ရ သည် ပစ္စုပ္ပန်ရုပ်နာမ်မှ တဖန် ကံကြမ္မာ အသီးကို သီးရပြန်လေ သည် ၎င်းကံကြောင့် အနာဂတ် ရုပ်နာမ် ဖြစ်ရပြန်သည်၊ ဤ နည်းဖြင့် အဆုံးမရှိသော သံသရာ၌ ကျင်လည်ကြသည်ဟု ယူ သည်ကား ဗုဒ္ဓဝါဒ အစစ်ပေတည်း။

သံသရာ ပြတ်ပုံကို ပြဦးအံ့ ···စပါးစေ့ကြောင့် စပါးပင် ပေါက်သည်ကား မှန်ပေသည်၊ဒါပေမဲ့ မြေရေ ၂-ပါးနဲ့မထိယင် စပါးစေ့သည် စပါးပင်မပေါက်နိုင်ချေ၊ ထိုနည်းတူစွာ ကံကြမ္မာ ကြောင့် ခန္ဓာ ဖြစ်ရသည်ကား မှန်ပေသည်၊ သို့သော် သစ္စာ လေးပါး အမှန်တရားကို ဖုံးကွယ်သည့် အဝိဇ္ဇာခေါ် မောဟ တည်းဟူသောမြေ ဖုံးကွယ်၍ အပြစ်ကိုမမြင်တဲ့ အတွက် ထိုထို ဘဝကို တွယ်တာတဲ့ တဏှာတည်းဟူသောရေ- ၎င်း ၂-ပါးနဲ့ မတွေ့ရပါက ကံကြမ္မာသည် ခန္ဓာအပင်ကို မပေါက်စေနိုင် တော့ပါ၊ ခန္ဓာအပင် မပေါက်ယင် ခန္ဓာနဲ့ စပ်တဲ့ ဒုက္ခ အပေါင်းမှ လွတ်ငြိမ်းချမ်းသာသည့် နိဗ္ဗာန်ကို ရပါတော့သည် သို့အတွက် သံသရာပြတ်ချင်ယင် သစ္စာလေးပါး အမှန်တရား

www.dhammaransi.com



ကိုသာ သိအောင်လုပ်ပါ၊ သစ္စာကိုသိယင် တဏှာအတွယ်မှာ အလိုလို ပြုတ်တော့သည်၊ အတွယ်ပြုတ်ယင် ခန္ဓာဇာတ် သိမ်းတော့သည်။

## ဗမာကွန်မြူနစ်အဆို (၆)

ဗမာနိုင်ငံရေး ခေါင်းဆောင် တဦးသည် ဗုဒ္ဓဘာသာကို ဝိဇ္ဇာပညာက ထောက်ခံသည့်အချက်အလက်များကို ရှာဖွေကာ မာ့(က်စ်) ဝါဒက ထောက်ခံအောင် ကြိုးစားခဲ့ဘူးသည်၊ ထိုကိစ္စ မျိုးနှင့် ပတ်သက်၍ ငါတို့၏ ခေါင်းဆောင်ကြီး လီနင်ကဤသို့ သတိပေးဘူးသည်၊ ဝိဇ္ဇာပညာ၏ ထောက်ခံချက်ဖြင့် ပြီး ပြည့်စုံ အောင် လုပ်ထားတဲ့ ဘာသာ ရေးသည် ခေတ်မမှီတဲ့ ရိုးရိုး ဘာသာဟောင်းများနဲ့စာသော် ပို၍ကောက်ကျစ်စဉ်းလဲသော ကြောင့် ပစ္စည်းမဲ့လူတန်းစားအား ပို၍ ဘေးအန္တရာယ်ဖြစ်စေ သည်၊ ထိုဘာသာရေးကို ပို၍သတိထားရမည်။

## အဖြေ

ကွန်မြူနစ်တို့၏ အခြေခံမှာ လောကဓါတ် သိပ္ပံပညာဖြစ် ပေသည်၊ ၎င်းပညာရပ်က ဗုဒ္ဓဝါဒကို ထောက်ခံလိုက်ယင် ကွန်မြူနစ်တို့မှာ "အမိမဲ့သား ရေနဲ့ငါး"တို့ကဲ့သို့ခိုကိုးရာမမြင် ဆောက်တည်ရာမရ ဖြစ်ရမည်ကြောင့် အထက်ပါ စကားကို ပြောဆိုပေသည်၊ ဝိဇ္ဇာပညာရပ်သည် အချို့နေရာမှာ ဗုဒ္ဓဝါဒ ကို ထောက်ခံရပေသည်၊ ဤသည်ကို ကွန်မြူနစ် တို့သည် အလန့်ကြီးလန့်ကာ လူထုအား ခြောက်လှန့်တဲ့စကားကို ပြော ကြပေသည်၊ ဗုဒ္ဓဝါဒသည် ဝိဇ္ဇာပညာက မထောက်ခံသော်လဲ ကမ္ဘာ့ အလယ်မှာ ထယ်ထယ် ဝါဝါနဲ့ ဘယ်သူ၏ စွပ်စွဲချက်

www.dhammaransi.com



ကို မဆို အဖြေပေးနိုင်တဲ့ ဘာသာကြီး ဖြစ်လေသည်၊ လောက ဓါတ်သိပ္ပံ ဝိဇ္ဇာ ပညာကိုလဲ ငါတို့ ဗုဒ္ဓ ဝါဒက အထင်မကြီး ချေ၊ သူတို့၏ ပညာကို အမှန်ဘဲလို့ ဗုဒ္ဓဝါဒက မထောက်ခံပါ ဘာကြောင့်ဆိုသော် လောကဓါတ် သိပ္ပံဝိဇ္ဇာ ပညာရပ်သည် မျက်စိအမြင်ကိုသာ ပဓါနထား၍ ပြောဆိုယူဆတဲ့ပညာ ဖြစ် သည်၊ ငါတို့ဗုဒ္ဓဝါဒကား ဉာဏ်ပညာကိုသာ အဓိကထား၍ ယူဆ ပေသည်၊ မျက်စိ အမြင်အားဖြင့် မိုးကောင်းကင်သည် ခုံး၍ နေပေသည်၊ သို့အတွက် မြေလဲလုံးရပေမည်ဟု ယူဆကာ မြေလုံးကြောင်းကို သင်္ဘောခေါင်းတိုင် ဥပမာဖြင့် ပြဆိုပေသည်၊ ငါတို့ဗုဒ္ဓဝါဒကား မျက်စိ အားကုန်ခြင်းကြောင့်သာ မိုးခုံး သကဲ့သို့ ထင်ရပေသည်၊ ဥပမာ…အလွန်ဖြောင့်တဲ့ မီးရထား သံလမ်း၏အလယ်တွင် ရပ်ကာ ကြည့်ပါ၊ သံလမ်းသည် အမြင် အားဖြင့် အဖျားမှာ ပူးသွားသယောင် ထင်မြင်ရပေသည်၊ စင် စစ်ကား သံလမ်းသည် မပူးချေ၊ မျက်စိ အားကုန်ခြင်းကြောင့် သာ ပူးသယောင်ထင်ရသည်ဟု ဉာဏ်ကို အဓိကထားပေသည်၊ လောကဓါတ်ဆရာက မြေကြီးမှာဆွဲအားရှိသည်၊ သို့အတွက် အပေါ်သို့ မြှောက်ပစ်လိုက်တဲ့ ကျောက်ခဲသည် ပြန်ကျ လာရ ပေသည်၊ ပြီးတော့ မြေပေါ်တွင် ၁-ပိဿာရှိ သံလုံးကို ပေ ၅၀၀-ခန့် နက်တဲ့ တွင်းထဲမှာချိန်ယင် ပို၍လေးပေသည်ဟု ဆို လေသည်။

ငါတို့ဗုဒ္ဓဝါဒကားအပေါ်သို့ ပစ်လိုက်တဲ့ကျောက်ခဲပြန်၍ကျ လာခြင်းမှာ-မြေကြီး၏ ဆွဲအားကြောင့် မဟုတ်၊ ကျောက်ခဲမှာ ရှိတဲ့ အလေးအားကြောင့် ပြန်ကျခဲ့ပေသည်၊ ကျောက်ခဲတလုံး နဲ့ ဝါဂွမ်း တဆုပ်ကို ပြိုင်ပစ်ကြည့်ပါ၊ လေးတဲ့ ကျောက်ခဲက

www.dhammaransi.com



အရင်ကျ၍ ပေါ့တဲ့ဝါဂွမ်းက နောက်မှမြေသို့ ရောက်ရပေမည်၊ မြေကြီး၏ ဆွဲအားကြောင့် ကျခဲ့ရိုးမှန်ယင်ပြိုင်တူကျခဲ့ရပေမည်။

မြေပေါ်တွင် ၁-ပိဿာရှိ သံလုံးသည် ပေ ၅၀၀- နက်တဲ့ တွင်းထဲမှာချိန်က ပို၍လေးသည် ဆိုရာဝယ်....မြေပေါ်မှာ ရှိစဉ် သံလုံး၏ကလာပ်ကြားသို့ လေဝင်သဖြင့် ၁-ပိဿာ ရှိသော်လဲ ပေ ၅၀၀-ရှိ တွင်းထဲ၌ကား သံလုံး၏ကလာပ်ကြားသို့ လေမဝင် ရသဖြင့် ပို၍လေးပေသည်၊ သို့အတွက် ကမ္ဘာမြေကြီးမှာ ဆွဲ အား မရှိဟု ငါတို့သည် ရဲဝံ့စွာ ယုံကြည်သဖြင့် ဝိဇ္ဇာပညာကို သော်မှ အထင်မကြီးတဲ့ ဗုဒ္ဓဝါဒကြီးသည် လောကအလယ်မှာ ထယ်ဝါစွာ နေနိုင်ပါသည်။

သူခိုးသည် အလင်းရောင်ကို ကြောက်သလို မမှန်ကန်သော ဝါဒသည် နေမင်းကြီးကဲ့သို့ အသိဉာဏ်အလင်းရောင်ကို ပေး နိုင်တဲ့ မှန်ကန်တဲ့ ဗုဒ္ဓဝါဒကို ကြောက်သည်မှာ ဘဝကပေးတဲ့ အသိဉာဏ်ဖြစ်ပေသည်၊ ဗုဒ္ဓဝါဒကို ကောက်ကျစ် စဉ်းလဲတဲ့ ဝါဒဟု ဆိုသည်မှာ သူခိုးက လူဟစ်ခြင်းသာ ဖြစ်ပေသည်။

လောကကြီး၌ သတ္တဝါတို့သည် သူ့အယူကို သူမှန်သည် ထင်၍ ငါ့အယူကို ငါမှန်သည်ဟုထင်ကြသည်မှာ ဓမ္မတာဖြစ်ပေ သည်၊ သို့သော် ရွှေစစ်မစစ်ကို မှတ်ကျောက်ကသက်သေခံသလို အယူဝါဒ မှန်မမှန်ကိုကား အကြောင်းနဲ့ အကျိုးတရားများက သက်သေခံပေသည်၊ ဗုဒ္ဓဝါဒသည် အကြောင်းနဲ့ အကျိုးကို စီစစ်၍ ယူသောဝါဒဖြစ်ရကား ဘယ်သူ၏ စွပ်စွဲခြင်းကိုမဆို စိတ် မဆိုးဘဲ ဖြေရှင်းနိုင်ပေသည်၊ သို့အတွက် လောကဓါတ်သိပ္ပံ ပညာက ထောက်ခံသည် ဖြစ်စေ, မထောက်ခံသည် ဖြစ်စေ လောကကြီးကို အလင်းရောင် အပေးနိုင်ဆုံး ဖြစ်ပေသည်။

www.dhammaransi.com



## ဗမာကွန်မြူနစ်အဆို (၇)

ဗုဒ္ဓဘာသာ စ—ပေါ်စဉ် လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀-လောက်က လူ့လောကသည် ကျေးကျွန်စနစ် အဆင့်အတန်း၊ တွင် ဆိုက်ရောက်နေခဲ့၍ စံနစ်ကျတဲ့ (လောကဓါတ်) ပညာ အရပ်ရပ်တို့လဲ မပေါ်ပေါက် သေးသောကြောင့် ဗုဒ္ဓဘာသာ သည် စင်စစ်အားဖြင့် ရာဇဝင်ခရီးစခန်း မရင့်မာသေးသော ကြောင့် (လောကီဒုက္ခအပေါင်းမှ) လွတ်လပ်ရေးကို မဖြစ်နိုင်တဲ့ နည်းနဲ့ တွေးတောကြံဆတဲ့နည်းဖြစ်ပေသည်။

### အဖြေ

အထက်ပါ စကားသည် ရှေးကျသော အရာသည် မမှန်၊ နောက်မှဖြစ်တဲ့ အရာသည်သာ မှန်၏ဟု ဆိုလိုရင်း ဖြစ်ပေသည် ရှေးကျတဲ့အရာကကောင်း၍ နောက်မှပေါ်တဲ့အရာက ညံ့သည် လည်းရှိ၏၊ နောက်ဖြစ်တဲ့အရာက ကောင်း၍ ရှေးကျတဲ့အရာက ညံ့သည်လည်းရှိ၏ ထိုနေရာတွင် ကုန်ပစ္စည်းကို ပထမပြောပါ မည်၊ ရှေးကလူတို့သည် ရိုးသားသူများဖြစ်ကြ၍ မခိုမကပ်ပါဘဲ ကောင်းမွန်စွာ လုပ်ခြင်းကြောင့် ပစ္စည်းတို့သည် ကောင်းမွန်ကြ ပေသည်၊ နောက်လူတို့ကား လောဘအရာ၌ မျက်စိကျယ်သဖြင့် ခိုကပ်ပြီး လုပ်ထားသောကြောင့် လက်သစ်ဆိုယင်မကြိုက်ကြဘဲ လက်ဟောင်းကိုမှ လူကြိုက် များလေသည်၊ ဤကား ရှေးက ကောင်း၍ နောက်မကောင်းခြင်းတည်း။

ရှေးကလူတို့သည် မူလပထမကြံစည်ကြရသူဖြစ်၍ ပုံစံများ သည် မလှပချေ၊ နောက်လူတို့သည် ရှေးကပုံစံကို မှီးပြီးကြံဆ

www.dhammaransi.com



ရသဖြင့် နောက်ပေါ်ပုံတို့သည် လှပ၍လာခဲ့လေသည်၊ဤကား ရှေးကမကောင်း ခုမှကောင်းသော အရာပေတည်း။

အတတ်ပညာတို့လဲ ဤနည်းနှင်နှင်ဖြစ်ကြလေသည်၊ ရှေးက အတတ်ကို ယခုလူတို့ မမှီသည်ကို ပြောပါဦးမည်….။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ မိဘုရားဝမ်း၌ ပဋိသန္ဓေကိုယူ၍ ချမ်းသာသဖြင့် ဖွါးမြင်လာတဲ့ ထိုဘုရားလောင်းအား အမည်မှည့်တဲ့ နေ့မှာ "အသံဒိသ သတို့သား" ဟူသော အမည်ကို မှည့်ကုန်၏၊ ထို နောင်မှ ဘုရားလောင်း၏ ရှေးရှု ပြေး၍သွားနိုင်သော ကာလ၌ တယောက်သော ဘုန်းရှိသော သတ္တဝါသည် မိဖုရား၏ ဝမ်း၌ ပဋိသန္ဓေကိုယူ၏၊ ချမ်းသာသဖြင့် မွေးဖွါးလာတဲ့ ထိုသတို့သား အား အမည်ကို မှည့်သောနေ့၌ "ဗြဟ္မဒတ်" ဟူသော အမည်ကို မှည့်ကြကုန်၏၊ ထို ၂-ယောက်ကုန်သော မင်းသားတို့တွင် ဘုရားလောင်းသည် တဆဲ့ခြောက်နှစ် မြောက်သော ကာလ၌ တက္ကသိုလ်ပြည်သို့ သွား၍ ဒိသာပါမောက္ခအမည်ရှိသော ဆရာ့ အထံ၌ ဗေဒင်သုံးပုံကိုရင်း, တဆဲ့ရှစ်ပါးကုန်သော အတတ်တို့ ကိုရင်း သင်၍ လေးအတတ်၌ အတုမရှိသည်ဖြစ်၍ ဗာရာဏသီ ပြည်သို့ ပြန်ခဲ့လေသည်။

မင်းသည် သေလွန်သည်ရှိသော် "အသဒိသ မင်းသားအား မင်းအဖြစ်ကို ပေး၍ ဗြဟ္မဒတ် မင်းသားအား အိမ်ရှေ့ မင်း အဖြစ်ကို ပေးရစ်ကြကုန်လော့" ဟုဆို၍ သေလေ၏၊ မင်းကြီး သေလွန်၍ ဘုရားလောင်းအား မင်းအဖြစ်ကို ပေးလတ်သော်

www.dhammaransi.com



"ငါ့အား မင်းအဖြစ်ကိုအလိုမရှိ"ဟု ပယ်၏၊ ဖြဟ္မဒတ်မင်းသားကို မင်းအဖြစ်၌ အဘိသိက်သွန်းကြကုန်၏၊ ဘုရားလောင်းသည် မင်းအဖြစ်ဖြင့် အလိုမရှိဟု ပယ်သော်လဲ မင်း၏ အခြင်းအရာဖြင့်သာ နေလေ၏။

မင်း၏ ခြေရင်း၌ ခစားကုန်သော သူတို့သည် "အသဒိသမင်းသားသည်ပဲ မင်းအဖြစ်ကို တောင့်တ၏" ဟု ညီဖြစ်သော ဗြဟ္မဒတ်မင်းအား ကုန်းချောကြကုန်၏၊ ညီငယ် ဗြဟ္မဒတ်မင်းသည်လည်း ထိုကုန်းစကားကို ယုံကြည်သဖြင့် "ငါ၏ နောင်တော်ကို ဘမ်းကြကုန်လော့"ဟု လူတို့ကို စေ၏၊ ထိုအခါ ဘုရားလောင်း၏ အကျိုးစီးပွါးကို အလိုရှိသော ယောကျ်ားသည် ထိုအကြောင်းကို ဘုရားလောင်းအား ကြား၏၊ ဘုရားလောင်းသည် ညီငယ်အား စိတ်ဆိုး၍ တိုင်းပြည်မှ ထွက်ကာ တခြားသော မင်းအိမ်သို့သွား၍ မင်းအား ကြားစေသည်၊ မင်းသည် "ဘယ်မျှသော လခရိက္ခာကို အလိုရှိသနည်း" ဟု မေး၏၊ "တနှစ်ဖြင့် တသိန်းသောဥစ္စာကို အလိုရှိ၏"ဟု ဆိုသည်ရှိသော် "ကောင်းပြီ လာစေလော့"ဟု ဆို၏၊ ထိုအခါ လာ၍ အနီး၌ တည်သော ဘုရားလောင်းကို"သင်သည်လေးသမားလော" ဟု မေး၏၊ "မင်းမြတ်–ဟုတ်၏" ဟု ဆိုလတ်သော် "ကောင်းပြီ ငါ့အား ခစားလော့"ဟု ဆို၏၊ အသဒိသမင်းသားသည် ထိုအခါ မင်းအား ခစားလေ၏၊

လေးသမားဟောင်းတို့သည် ဘုရားလောင်း၏ လခရိက္ခာကို မြင်၍ အလွန်များကုန်၏ ဟု ကဲ့ရဲ့ကြကုန်၏၊ တနေ့သ၌ မင်းသည် ဥယျာဉ်သို့သွား၍ မင်္ဂလာကျောက်ဖျာအနီး၌ တင်းတိမ်

www.dhammaransi.com



အရံကိုကာရံစေ၍သရက်ပင်၏အရင်းဖြစ်သော မြတ်သော အိပ်ရာ၌ လျောင်းလျက် အထက်သို့ ကြည့်လတ်သော် သရက်ပင်ဖျား၌ တခုသော သရက်သီးခိုင်ကို မြင်၍ ဤ သရက်သီးခိုင်ကို တက်၍ယူအံ့သောငှါ မတတ်ကောင်းဟု လေးသမားတို့ကို ခေါ်စေ၍"ဤသရက်သီးခိုင်ကို မြားဖြင့် ဖြတ်၍ ကျစိမ့်သောငှါစွမ်းနိုင်ကုန်လတ္တံ့လော" ဟုဆို၏၊ မင်းမြတ် ဤသရက်သီးခိုင်ကို ကျစေခြင်းသည် ကျွန်ုပ်တို့ အားဝန်မလေး၊ အရှင်မင်းမြတ်သည်ကား အကြိမ်များစွာ ကျွန်ုပ်တို့၏ အမှုကိုမြင်ဘူးပြီ၊ ယခုရောက်သစ်စ ဖြစ်သော လေးသမားတော်သည် ကျွန်ုပ်တို့ထက် များစွာသောရိက္ခာ ကိုရပေ၏၊ ထို့ကြောင့် "လေးသမားအသစ်ကိုသာခိုင်း တော်မူပါ"ဟုလျှောက်ကြကုန်၏။

ထိုအခါမင်းသည် ဘုရားလောင်းကို ခေါ်၍" အမောင် ထိုသရက်ခိုင်ကို ကြွေစိမ့်သောငှါစွမ်းနိုင်လတ္တံ့လော " ဟု မေး၏၊ " မင်းမြတ် အရှင်မင်းမြတ်တို့၏ နေရာတော်၏ အ တွင်းအရပ်ကို ရသည်ရှိသော် စွမ်းနိုင်ပါလတ္တံ့ "ဟု ဘုရား လောင်းက လျှောက်၏၊ မင်းသည် အိပ်ရာကို အခြားသို့ ဆောင်စေ၍ လေးပစ်ရာ အရပ်ကိုပြု၏ ဘုရားအလောင်း၏ လက်၌လေးသည်မရှိ၊ ဝတ်သော ပုဆိုး၏အတွင်း၌ လေး ကိုပွေ့၍ သွား၏၊ ထိုကြောင့်"တင်းတိမ်ကို ရခြင်းငှါ သင့်၏" ဟုဆို၏၊ မင်းသည်"ကောင်းပြီ"ဟု တင်းတိမ်ကိုဆောင်စေ ၍ ရံစေ၏၊ ဘုရားလောင်းသည် တင်းတိမ် တွင်းသို့ ဝင်၍ အပေါ်၌အမြဲဝတ်သော ဖြူသောအဝတ်ကိုပယ်၍တဆည့် သော နီသော အဝတ်ပုဆိုးကိုဝတ်၍ အောက်ပိုင်းကျိုက်၍

www.dhammaransi.com



တာသည်သော နီသော ပုဆိုးကို ဝမ်း၌ဖွဲ့၍ အိမ်မှအစပ်နှင့် ယှဉ်သော သန်လျက်ကို ထုတ်၍ လက်ဝဲ နံပါးဖြင့် လွယ်၍ ရွှေသင်တိုင်းကို ဝတ်၍ လေးထဲ့သော ကျည်ကို နောက်မှ လွယ်၍ အစပ်နှင့်ယှဉ်သော ဆိတ်ချိုလေးကိုယူကာ သန္တာ အဆင်းနဲ့တူသော ညို့ကိုတင်၍ သင်းကျစ်ကို ဦးခေါင်း၌ စွပ်ပြီးလျှင်ထက်စွာသော စဉ်းသွားကိုလက်သဲတို့ဖြင့် ပွတ် လျှက်တင်းတိမ်ကို နှစ်ဖြာလှစ်၍ မြေကိုခွဲ၍ ထွက်လာသော နဂါးလုလင် ကဲ့သို့ ထွက်လာ ပြီးလျှင် မြားပစ်ရာ အရပ်သို့ သွား၍ စဉ်းသွားကိုမြား၌ တပ်ကာ မင်းကို“မင်းမြတ် ထို သရက်ခိုင်ကို အထက်သို့ တက်သော မြားဖြင့် ကျစေရအံ့ လော၊ သို့မဟုတ် အောက်သို့ပြန်လာသော မြားဖြင့် ကျစေ ရအံ့လော” ဟုလျှောက်၏။

မင်းသည်“အမောင် တက်သောမြားဖြင့် ကျစေသည်ကို ငါမြင်ဘူး လေပြီ၊ အောက်သို့ သက်သော မြားဖြင့် ကျစေ သည်ကို ငါမမြင်ဘူးချေ၊သို့အတွက် အောက်သို့သက်သော မြားဖြင့် ကျပါစေလော့” ဟုဆို၏။

ထိုအခါ ဘုရားလောင်းသည် “ မင်းမြတ် ဤ မြားသည် ဝေးသော အရပ်သို့ တက်လတ္တံ့၊ အကြင်မျှ လောက် စတု မဟာရာဇ် နတ်ပြည်သည်ရှိ၏၊ ထိုမျှလောက် သွားလေ၍ ညအခါ သက်လတ္တံ့၊ မြားပြန်လာသည်တိုင်အောင် အရှင် မင်းကြီး သည် သည်းခံခြင်းငှါ သင့်၏” ဟုဆို၏ မင်းသည် “ကောင်းပြီ”ဟုဝန်ခံ၏၊ထို့နောင်မှ“မင်းမြတ် ဤမြားသည် တက်လတ်သည် ရှိသော် သရက်သီး ခိုင်အညှာကိုအလယ် တိုင်အောင် ဖြတ်လျက် တက်လတ္တံ့၊ သက်လတ်သော် ဆံ

www.dhammaransi.com



ချည်ဖျားမှ ဤမှရင်း ထိုမှရင်း မရွေ့မူ၍ အပိုင်းအခြား၌ သာလျှင်ကျ၍ သရက်သီးခိုင်ကိုယူ၍သက်လတ္တံ့၊ မင်းမြတ် ရှုတော်မူလော့”ဟုဆို၍ အဟုန်ဖြင့်မြားကိုပစ်လေသည်၊ထို မြား သည် သရက်သီးခိုင် အညှာကို အလယ် တိုင်အောင် ဖြတ်လျက်တက်၏ ဘုရားလောင်းသည် ယခုခါ၌ မြားသည် စတု မဟာရာဇ် နတ်ပြည်သို့ ရောက် ချိန်တန်ပြီ ဤသို့ သိ၍ ရှေးဦးစွာပစ်သော မြားထက် အထူးသဖြင့် အလွန်လျင်မြန် ခြင်းကိုဖြစ်စေ၍ တစင်းသော မြားကိုပစ်၏၊ ထိုမြားသည် သွားလေ၍ရှေးဦးပစ်အပ်သောမြားကိုမြားလွှာမြားတောင့် ဖြင့်ပစ်ခတ်၍ မိမိသည် တာဝတိံသာနတ်ပြည်သို့ တက် လေ၏၊ ထိုမြားကိုတာဝတိံသာနတ်တို့သည်ယူကုန်၏။

ပြန်လည်၍သာသောမြား၏ လေထုကိုဖြတ်သော အသံ သည် မိုးကြိုး သံကဲ့သို့ဖြစ်၍ လူတို့သည် ‘ဤအသံကားဘာ အသံနည်း’ဟု ဆိုကုန်လတ်သော် ဘုရားလောင်းသည် ‘ပြန် လာသောမြား၏ အသံတည်း’ဟုဆို၏၊ထိုအခါ လူတို့သည် မိမိကိုယ်၌ မြားကျအံ့သည်မှ ကြောက် သောကြောင့် ပုန်း အောင်းကြကုန်သဖြင့်“မကြောက်ကြနှင့် မြားကိုမြေသို့မကျ စေအံ့” ဟုနှစ်သိမ့်စေ၏၊ မြားသည် သက်လာသည်ရှိသော် တဆံချည်ဖျားမှ ထိုမှဤမှမရွေ့မူ၍အပိုင်းအခြား၌သာလျှင် ကျ၍ သရက်သီးခိုင်ကိုဖြတ်၏၊ဘုရားလောင်းသည် သရက် သီးခိုင်အားရင်း, မြားအားရင်း မြေသို့မကျစေမူ၍ ကောင်း ကင်၌သာလျှင်ခံလျက် လက်တဘက်ဖြင့် မြားကို လက်တ ဘက်ဖြင့် သရက်ခိုင်ကိုယူ၏။

လူတို့သည် ထိုကဲ့သို့သော အံ့ဘွယ်ကိုမြင်၍ကောင်းချီး ဩဘာပေးကြကုန်၏၊ ကြီးကျယ်စွာ ရယ်ရွှင်ကြကုန်၏၊

www.dhammaransi.com



လက်ဖျားခါကြကုန်၏ လက်ခမောင်းခတ်ကြကုန်၏ မင်း၏ ပရိတ်သတ်တို့ သည်လည်း ရွှင်လန်းကုန်သည်ဖြစ်၍ ကုဋေသော ဥစ္စာတို့ဖြင့်ချီးမြှောက်ကြကုန်၏၊ မင်းကြီးသည်လည်း အလွန်တရာ ဝမ်းမြောက် သောကြောင့် မိုးကြီးရွာသကဲ့သို့ ရွှေ ငွေ ဥစ္စာကိုဂင်း, အခြံအရံကိုဂင်း ပေး၏။

ဗာရာဏသီပြည်၌ ဘုရားလောင်း မရှိလတ်သော် ပြည်နီးချင်း မင်းခုနစ်ပါးတို့သည် ဝိုင်းရံကုန်၍ "ပြည်ကိုတည်းပေး အံ့ပေးလော, စစ်တည်းပြိုင်မည်လော" ဟု သဝဏ်စာကိုပို့ကုန်၏၊ ဗြဟ္မဒတ်မင်းသည် ကြောက်သောကြောင့် အမတ်တို့အား တိုင်ပင်ရာနောင်တော်ကို စုံစမ်းပြီးလျှင် ကန်တော့၍ ပင့်ပါမှ ဤဘေးရန်သည် ငြိမ်းပေမည်ဟု သံတော်ဦးတင်ကြကုန်၏၊ မင်းလည်း အမတ်တို့ပေးသည့်အကြံအတိုင်း အမတ်တယောက်ကို နောင်တော်ထံလွှတ်၏၊ နောင်တော် ဘုရားလောင်းသည် မင်းအားပန်ကြား၍ ပြန်လာပြီးလျှင်ရန်သူမင်းခုနစ်ယောက် စားပွဲထိုင်ချိန်၌ မြားဖျားတွင်"ငါအသဒိသလာပြီ အသက်ကို အလိုရှိက ပြေးကြလေ၊ နောက်မြား တစင်းလာလျှင် သင်တို့အသက်မရှိပြီ"ဟုစာဆွဲ၍ ပစ်လတ်သော် မြားသည် ရန်သူ မင်းခုနစ်ယောက် တို့၏ အလယ် စားပွဲ၌ စိုက်၍ကျ၏၊ ရန်သူ မင်းတို့လည်း စာကို မြင့်သဖြင့် ပြေးကြကုန်၏။

ဘုရားလောင်းသည် ရန်သူတို့ ပြေးလတ်သော် ညီငယ်အား "ပြည်တွင်း၌ ဤသို့ အုပ်ချုပ်လော့" ပြည်ပနှင့် ဤသို့ ဆက်ဆံလော" စသည်ဖြင့် ဆုမ္မဩဝါဒကိုပေးကာ တောထွက်၍ ရသေ့ရဟန်းပြုပြီးလျှင် ဈာန်အဘိညာဉ်တို့ကိုဖြစ်စေ၍ ဗြဟ္မာပြည်သို့ လားပေသတည်း။

www.dhammaransi.com



ဤကဲ့သို့သော အတတ်မျိုးသည် ယခုခေတ်တွင် ရှိပါ၏လော ဆိုဗီယက် ဂြိုဟ်တုခေါ် ဒုံးပျံသည် လဗိမာန်သို့ ရောက်၏ဟု ဆိုသော်လည်း ကမ္ဘာသားတို့အားကြွားခြင်း မျှသာဖြစ်သေးသည်။ အခိုင်အမာမပြနိုင်သေးပါ။ လသည် လောကဓါတ်ဆရာတို့ ထင်သလိုကမ္ဘာတခုမဟုတ်။ နတ်ဗိမာန်ဖြစ်ပေသည်။ ၎င်းသည်လျှင်မြန်လှစွာသောအဟုန်ဖြင့် ကမ္ဘာကိုပတ်၍နေ၏။ ဂြိုဟ်တုဒုံးပျံထက်အဆတထောင်မြန်ပေသည်။ ရပ်တည်နေသောအရာမဟုတ်။ ဤသို့ဖြစ်ရာ ဒုံးပျံမှအလံကိုလဗိမာန်၌စိုက်ခဲ့၏ဟုဆိုခြင်းသည်အဘယ်မှာ ယုံကြည့်စရာရှိအံ့နည်း။ ယုံကြည်သော သူတို့သည် အလွန်တရာ "အ" သောသူတို့သာ ဖြစ်ကြကုန်၏။ လဗိမာန်သို့သွားဘို့ ကြံသော သူတို့သည် လည်း လူရူးတို့သာ ဖြစ်ကြကုန်၏။

ဘုရားရှင်လက်ထက်က သမားတော် ဇီဝကဆေးဆရာသည်သူဌေးတယောက်၏ ပိုးစားသဖြင့် ဦးနှောက်ကုန်ခမ်းသောရောဂါကို ဦးနှောက်တုလုပ်လျက် ဦးခေါင်း အခွံကိုခွါ၍ ပိုးကိုယူပြီးလျှင် ဦးနှောက်အတုကိုထည့်၍ ပင်ကိုယ်အတိုင်းထားကာ ချုပ်ပြီးလျှင် ကုသနိုင်ခဲ့၏၊ ယခုအခါ ဘယ်တိုင်းပြည်မှဒေါက်တာသည် ကုသနိုင်ပါသနည်း၊

ယခုခေတ်ထက် သာလွန်သောပညာတို့သည် များစွာရှိကုန်သေး၏။ သို့သော် ရှေးအခါ က ပညာတို့သည် လူဆိုး၏လက်သို့ မပြန့်သဖြင့် ကွယ်ပကုန်၏။ ယခုခေတ်၌ ပေါ်လာသော ပညာရပ်တို့ လည်း ရှေး၌ မရှိကုန်။ ရှေးကပညာတို့လည်း ယခုမရှိကုန်။ သူ့ခေတ်နှင့်သူ့ ပညာ

www.dhammaransi.com



ထွန်းကားကြကုန်၏။ လူ့လောကရာဇဝင်သည်ဘော်လဂါ မြစ်ဖျားမှ စခဲ့သည်မဟုတ်၊ ဘော်လဂါမြစ်ဖျားထက် ရှေး ကျသော ရာဇဝင်တို့ များစွာရှိကုန်၏။ မည်သို့ဆိုစေ ယခု ခေတ်ကား ရှေးခေတ်ကထက် လောကဓါတ် ပညာ ထွန်း ကားသည်မှာ မှန်ပေသည်။ သို့သော် လောကဓါတ် သိပ္ပံ ပညာရပ်ဖြင့်ဘာသာဝါဒတခု၏ အမှားအမှန်ကိုမဆုံးဖြတ် နိုင်ချေ။

ယခုခေတ်၌ ရုရှားပြည်နှင့် အမေရိကန် ပြည် သည် ဝိဇ္ဇာပညာရပ် အတောက်ပြောင်ဆုံးဟုဆိုကြပါစို့။ လော ကဓါတ်ပညာဖြင့် ဘာသာဝါဒ၏ အမှားအမှန်ကိုဆုံးဖြတ် နိုင်လျှင် ၎င်း နှစ်ပြည်ထောင်သည် ဘာသာချင်း တူရပေ လိမ့်မည်။ ရုရှားပြည်ကာ ဥစ္ဆေဒဝါဒ ထွန်းကား၍ အမေ ရိကန်ပြည်ကား သဿတဝါဒ ထွန်းကား၍ နေပေသည်။ သို့အတွက် ကျွဲစောင်သလို သူ့ကိုငါမယုံငါ့ကိုသူမယုံဖြစ် ကြကုန်၏။ သူတို့နှစ်ဦး မတဲ့သောကြောင့် ကမ္ဘာသူကမ္ဘာ သားတို့မှာစိတ်ချ၍ အလုပ်ကို မလုပ်နိုင်ကြသည်မဟုတ်ပါ လော။

ဘာသာဝါဒ တခု၏ အမှားအမှန်ကို ဆုံးဖြတ်နိုင်သော ပညာသည်အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်တို့သာ ဖြစ်ကုန်၏။ ထိုဉာဏ် ၂, ခုကို ရလျှင် ရှေးခေတ်မှာဖြစ်စေ, နောက်ခေတ်မှာ ဖြစ်စေ ဘာသာမှန်ကို သိနိုင်တော့သည် သာတည်း။ ထိုဉာဏ်ကိုမရလျှင် လောကဓါတ်ပညာသည် မိုးကိုထိုးအောင်တက်သော်လဲ ဘာသာဝါဒ၏အမှားအမှန် ကိုမသိချေ။ လောကဓါတ်သိပ္ပံပညာကား လောကီဉာဏ်

www.dhammaransi.com



တည်း။ အရဟတ္တမဂ် ဥာဏ်ကား လောကုတ္တရာ ဥာဏ်တည်း၊ ပြဒါးတလမ်းသံတလမ်းစီဖြစ်၏။ သို့အတွက်သောတာပန်တည်တိုင်း လေယာဉ်ပျံ မလုပ်နိုင်။ လေယာဉ်ပျံလုပ်နိုင်သော်လဲသောတာပန်မတည်နိုင်ချေ။

ဗမာကွန်မြူနစ် အဆို ( ၈ )

စိတ်သည် ဘဝကို ဖန်တီးသည်မဟုတ်မူ၍ ဘဝကသာလျှင်စိတ်ကိုဖန်တီးသည်။ ဘဝကသာလျှင် တဏှာကိုဖန်တီးသည် ဖြစ်သောကြောင့်သာတည်း။ ထို့ကြောင့် မူလတရား ၂, ပါးအစ, ပဋိစ္စသမုပ္ပါဒ်အလယ်, နိရောသစ္စာ အဆုံးရှိတဲ့နိဗ္ဗာန်ဝါဒသည် (ဒုက္ခအပေါင်းမှ) လွတ်မြောက်ရေးလမ်းကို စိတ်ကူးယဉ်တကာ့ စိတ်ကူးယဉ် အကျဆုံးသောနည်းဖြင့်ဆင်ခြင်ရာရောက်ပေသည်။

အဖြေ

အကယ်၍ ရုပ်ကသာ စိတ်ကို ဖန်တီးရိုးမှန်ရင် သေခါစလူသည် ဘယ်အင်္ဂါကြီးငယ်မှ မပျက်သေးပါ။ လူသေ၏မျက်စိအနီးတွင်ဘယ်ရူပါရုံကိုဘဲပြပြ မြင်စိတ်မပေါ်လာသည်မှာ ဘာကြောင့်လဲ။

လူသေ၏နားဝတွင်ကပ်၍အော်ယင် ကြားပါမည်လား။ မကြားယင် ရုပ်ရှိပါလျက် ဘာကြောင့်မကြားပါသလဲ။

လူသေ၏ နှာခေါင်းဝတွင်ကပ်၍ မကောင်းတဲ့အနံ့ကို လွှတ်ယင်နံပါမည်လား။ ရုပ်ရှိပါလျက် မနံခြင်းသည် ဘာ့ကြောင့်ပါလဲ။

လူသေ၏လျှာပေါ်တွင် အလွန်တရာစပ်တဲ့ ငြုပ်သီးမှုန့်ကိုပုံထားပါက စပ်မှန်း သိပါမည်လား။ စပ်မှန်း မသိယင်

www.dhammaransi.com



ရုပ်ရှိပါလျက် အဘယ်ကြောင့်မသိသလဲ။

လူသေကောင်ကိုမီးနဲ့ရှို့သော် ပူမှန်းသိပါမည်လား။ မသိယင်ရုပ်ရှိပါလျက် ဘာကြောင့်မသိသလဲ။

စိတ်ဆိုးတဲ့အခါ မျက်နှာမဲ၍လာခြင်းသည် မျက်နှာက အရင်မဲသလား, စိတ်က အရင်ဆိုးသလား၊ မည်သူကအကြောင်းပါသလဲ။

ရုပ်ကြောင့် စိတ်ဖြစ်သည်ဆိုရာ သစ်ပင်လည်း ရုပ်တရားပင်တည်း၊ သစ်ပင်ကိုလူတို့ ခုတ်လှဲတဲ့အခါ ဘာကြောင့်နာတဲ့အသံကို မပြုသလဲ။

ဤမေးခွန်းကိုမေးယင် ရုပ်ဝါဒဆရာတို့သည် ဖြေနိုင်ကြမည်မဟုတ်ချေ၊ဤထက်လဲအလွန်မေးနိုင်ပါသေးသည်။

မြတ်စွာဘုရားကား-

စိတ္တေန နိယတေလောကော၊ စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသ မန္ဝဂူ။

စိတ္တေန၊စိတ်သည်။လောကော၊သတ္တဝါကာယ သင်္ခါရဟု လောကသုံးရပ် ဘုံသုံးထပ်ကို။ နိယတေ၊ ဆောင်၏။ စိတ္တေနစိတ်သည်။လောကံ၊လောကသုံးပါးကို၊ ပရိဿတိ၊ ဆွဲငင်၏။ စိတ္တဿ၊စိတ်ဟု ဆိုအပ်သော။ ဧကဓမ္မဿ၊ တခုသောတရား၏။ဝသံ၊ အလိုသို့။သဗ္ဗေဝ၊အလုံးစုံသော သင်္ခါရတရားတို့သည်သာလျှင်။ အန္ဝဂူ၊အစဥ်တစိုက် လိုက်ကြရကုန်၏။အဲဒီလို ဟောတော်မူပါသည်။

သာဓကကိုပြပါအုန်းမယ်။ လူတယောက်သည် ခိုးလိုတဲ့စိတ်ဖြစ်သဖြင့် ခိုးမှုကိုကျူးလွန်ပါတယ်။ ခိုးသောကြောင့် အစိုးရက ဘမ်း၍ ထောင်ချထားပါတယ်။ ခိုးမှုကို ကျူးလွန်ခြင်းသည်

www.dhammaransi.com



သင်္ခါရလောကနဲ့ တူပါတယ်၊ အကျဉ်းသားဖြစ်သွားရခြင်းသည် သတ္တလောကနဲ့ တူပါတယ်၊ ထောင်ကြီးကား ဩကာသလောကနဲ့ တူပါတယ်။

ထို့အတူ မကောင်းမှုကို ပြုလိုတဲ့စိတ်ကြောင့် ဒုစရိုက် ၁၀-ပါးတို့တွင် တပါးပါးကိုကျူးလွန်တဲ့ သင်္ခါရလောကဖြစ်ကြရပေသည်၊ ၎င်းသင်္ခါရတရားကြောင့် ငရဲတိရစ္ဆာန် ပြိတ္တာ အသုရကာယ် ဟုဆိုအပ်သော အပါယ်ခန္ဓာ သတ္တလောကကြီး ပေါ်လာရပေသည်၊ အပါယ်ခန္ဓာကို ရခြင်းကြောင့် အပါယ်ဘုံတည်းဟူသော ဩကာသလောကကြီး ဖြစ်ရပါသည်၊ ဤလောက သုံးပါး ဖြစ်ပေါ်ခြင်း၏ အကြောင်းကိုရှာယင်စိတ်ကိုတွေ့ရပေသည်။

တဖန် ကောင်းမှုကို ပြုလိုတဲ့စိတ်ကြောင့် သုစရိုက် ၁၀ ပါးတို့တွင် တပါးပါးကို ပြုတဲ့ သင်္ခါရလောက ဖြစ်ရပေသည်၊၎င်းသင်္ခါရတရားကြောင့် "သင်္ခါရပစ္စယာဝိညာဏံ" ဟုဆိုသည့်အတိုင်း လူ့ဘဝ, နတ်ဘဝကို ရကြကုန်၏၊ လူ့ဘဝ, နတ်ဘဝကို ရခြင်းကြောင့် လူ့ဘုံ, နတ်ဘုံ၌ နေကြကုန်၏၊ လူ့ဘုံနယ်ဘုံကား ဩကာသလောက၊ လူ့ဘဝ, နတ်ဘဝကား သတ္တလောက၊ ထိုဘဝ၏ အကြောင်းဖြစ်တဲ့ ကုသိုလ်ကံကား သင်္ခါရ လောကဖြစ်၏၊ ၎င်း လောကသုံးပါး ဖြစ်ပေါ် လာခြင်းသည် စိတ်ကြောင့် ဖြစ်ကြရကုန်၏။

ရုပ်ဝါဒဆရာတို့က ဆိုစရာရှိပါသေး၏။ မျက်စိတည်းဟူသောရုပ်, ရူပါရုံတည်းဟူသောရုပ် ၎င်းရုပ် ၂-ခုကြောင့် မြင်စိတ်ခေါ် နာမ်ဖြစ်ရသည်မဟုတ်ပါလား။

www.dhammaransi.com



နားတည်ဟူသောရုပ်, အသံတည်းဟူသောရုပ် ၎င်း၂ ခုကြောင့် ကြားစိတ်တည်းဟူသော နာမ်ဖြစ်ရသည်မဟုတ်ပါလား။

ခြောက်ဒွါရတည်းဟူသောရုပ်, ခြောက်အာရုံတည်းဟူသောရုပ် ၎င်းတို့ကြောင့် ခြောက်ဝိညာဉ် တည်းဟူသော နာမ် ဖြစ်ရ သည် မဟုတ်ပါလား ဟု ဆိုစရာ ရှိပါသည်၊ ခြောက်ဝိညာဉ်သည် ခြောက်ဒွါရ, ခြောက်အာရုံ သက်သက်ဖြင့်ဖြစ်လာသည်မဟုတ်၊ မနသိကာရခေါ် နာမ်တရားပါမှ ဖြစ်နိုင်သည်၊ ဒါကြောင့် စက္ခုဝိညာဉ်ခေါ် မြင်စိတ်စိတ်၏အကြောင်းကို မျက်စိ, အဆင်း, အလင်း မနသိကာရ ဟုလေးပါးပြပေသည်။

လူသေကောင်၌ ခြောက်ဒွါရခြောက်အာရုံရှိငြားသော်လဲ မနသိကာရခေါ် နာမ်မရှိတဲ့အတွက် ခြောက်ဝိညာဉ်မပေါ်နိုင်သည်မှာ အထင်အရှားမဟုတ်ပါလား။

ရုပ်ကြောင့် နာမ်ဖြစ်ကြောင်းကို ဂေါတမဘုရားဟောသည်မဟုတ်ပါလားဟု အညွန့်တက်စရာရှိပါသည်၊ မှန်ပါ၏။၊၎င်းရုပ်သည် သူ့ချည်းသက်သက်ဖြင့် နာမ်ကိုမဖြစ်စေနိုင်ပါ၊ နာမ်၏ အကူ အညီကို ရပါမှ ဖြစ်စေနိုင်ပါသည် စက္ခုဝိညာဉ် သောတဝိညာဉ် ဃာနဝိညာဉ် ဇိဝှါဝိညာဉ် ကာယဝိညာဉ် တို့ကို ဖြစ်စေရာ၌ ရုပ်တရားသည် အားကြီးတဲ့ အကြောင်းရပ်မို့ ရုပ်က နာမ်ကို ကျေးဇူးပြုပါသည်ဟု ဟောပါသည်၊ မနသိကာရခေါ် နာမ်မပါဘဲ ရုပ်ချည်းသက်သက်က နာမ်ကိုကျေးဇူးမပြုပါ၊ မီးခြစ်ဆံ ယမ်းနဲ့ မီးခြစ်အခွံ ယမ်းကြောင့် မီးတောက်၏ ဟု ဆိုရာဝယ် အဓိက

www.dhammaransi.com



အကြောင်းရပ်မို့ မှန်သော်လဲ ယမ်းစိုယင် မီးမတောက်နိုင်ဘဲ ယမ်းခြောက်ပါမှ မီးတောက်သည်ကို သတိပြုရသည်။

ဗမာကွန်မြူနစ်တို့၏အဆို(၉)

နိဗ္ဗာနသေဗ္ဗာကို ငါတို့ ပါတီဝင်များ လက်မခံနိုင်ကြပါပေ၊ ဗုဒ္ဓဘာသာတွင် သတ္တဝါတို့၏ အသက် ဘယ်ကစသနည်းဆိုသည့် ပုစ္ဆာကို စိုးစဉ်းမျှ ဖြေရှင်းခြင်းငှါ လုံ့လမပြုသည့်ပြင် သတ္တဝါတို့၏အစကိုပင် မရှာဖွေရန်တားမြစ်ထားသည်ကို တွေ့ရပေသည်၊ သတ္တဝါတို့၏ အစကိုရှာဖွေခြင်းသည်နိဗ္ဗာန်လမ်းနဲ့ မသက်ဆိုင်ဟုပင်ဆိုထားပေသည်၊ သတ္တဝါတို့၏အစကို လူတို့ရှာဖွေ၍ တွေ့ရှိလာပါကနိဗ္ဗာနသေဗ္ဗာ၏ မဖြစ်နိုင်ကြောင်းကို တွေ့ရှိသွားမည် စိုးသောကြောင့်တားမြစ်ထားဟန် လက္ခဏာရှိပေသည်၊ထို့ကြောင့် ငါတို့၏ အနုပဋိလောမ ရုပ်ဝါဒနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပေသည်။

အဖြေ

နိဗ္ဗာနသေဗ္ဗာကိုကွန်မြူနစ်များလက်မခံသည်မှာ အံ့သြစရာမဟုတ်ပါပေ၊ ငရဲသားတို့သည်၎င်း, တိရစ္ဆာန်သည်၎င်း, ပြိတ္တာသည်၎င်း, အသုရကာယ်သည်၎င်း,လက်မခံနိုင်ကြပါ၊ အပါယ်လေးဘုံသားကို မပြောနဲ့ လူအန္ဓ, နတ်အန္ဓ, ဗြဟ္မာအန္ဓတို့လဲ လက်မခံပါ ထို့ကြောင့် "လူမိုက်တိရစ္ဆာန်၊ နိဗ္ဗာန်စကား၊ အလွန်ခါး၏" ဟု ဆိုရပေသည်။

ဘာကြောင့် အန္ဓပုထုဇဉ်ဟု ဆိုရပါသနည်း ကန်းသောကြောင့် အန္ဓဟုခေါ်ပါသည်၊ ဘာကိုမမြင်၍ အကန်းခေါ်ပါသနည်း၊နိဗ္ဗာန်သည် ပရမတ္ထတရားဖြစ်၍ အထင်အရှား

www.dhammaransi.com



ရှိပါလျက် မမြင်ကြပေ၊ သို့အတွက် အကန်းဟု ခေါ်ရပေသည်။

မွေးကထဲကမျက်စိမပါခဲ့တဲ့သူသည် ရွှေမန်းတင်မောင်၏ အကကောင်းသည်ကိုငှင်း, ဗျိုင်းသည်ဖြူ၏၊ ကျီးကန်းသည် မဲ၏၊ ရွှေသည် ဝါ၏၊ ကျွဲသည် ဦးချိုရှိ၏၊ ယုန်သည်နားပန်းရှည်၏ဟု ပြောဆိုခြင်းကိုငှင်း လက်ခံလိမ့်မည် မဟုတ်ချေ၊ ထို ဝမ်းတွင်းကန်းက လက်မခံသော်လည်း ရွှေမန်းတင်မောင် အကကောင်းသည်မှာ အမှန်ပင်၊ ဗျိုင်းဖြူခြင်းကျီးကန်းမဲခြင်း ရွှေသည်ဝါခြင်း ကျွဲသည် ဦးချိုရှိခြင်း ယုန်သည်နားပန်းရှည်ခြင်းတို့ကား အမှန်ပင်တည်း။

ထိုအတူကွန်မြူနစ်တို့ ပညာမျက်စိမရှိ၍ မမြင်သော်လဲ နိဗ္ဗာန်သည်ကား ရှိဒါအမှန်ပင်၊ အနာပေါက်၍ ပြည်ကိုက်သဖြင့် မအိပ်နိုင်အောင် ဆင်းရဲနေတဲ့သူသည် ဆေးဆရာကောင်းကိုပင့်၍ ဆေးဝါးများဖြင့် ကုသရာ အနာပျောက်သဖြင့် အနာ၏ ဒုက္ခချုပ်၍ ငြိမ်းချမ်းမှုကို တွေ့ရသည်မှာ အထင်အရှား မဟုတ်ပါလား၊ ထို့အတူ ခန္ဓာသည် အနာနှင့်တူ၏၊ ကိလေသာသည် ပြည်နဲ့တူ၏၊ ဆေးဆရာသည် သပ္ပုရိသနဲ့တူ၏၊ ဆေးသည် တရားတော်နှင့်တူ၏၊ အနာပျောက်၍ ဒုက္ခ ချုပ်ကာ သက်သာရာကို ရသည် ကားနိဗ္ဗာန်သုခနဲ့တူ၏။

သို့သော်သတ္တဝါတို့သည် ပညာမျက်စိကန်းသဖြင့်ခန္ဓာကိုအနာကဲ့သို့မအောက်မေ့နိုင်ဘဲ ငါဟုထင်မှား၏၊ ကိလေသာကို မန်းပြည်ဟု မအောက်မေ့နိုင်ဘဲ ငါဟုထင်မှား၏။

www.dhammaransi.com



ထို့ကြောင့် ခန္ဓာကိုယ်အား မငြီးငွေ့ချေ၊ မငြီးငွေ့သောကြောင့် အတွယ်မပြတ်ချေ၊ အတွယ်မပြတ်သောကြောင့် အအေးသုခကိုမတွေ့ရဘဲ ဆင်းရဲပြီးနေကြရကုန်၏။

ဘာကြောင့် ပညာမျက်စိကန်းရသလဲ၊ ဝိပလ္လာသ တရားကြောင့် ကန်းရပေသည်၊ ဝိပလ္လာသဆိုသည်မှာ အမြင်မမှန်ဘဲ ဖေါက်ပြန်ခြင်းကို ခေါ်သည်၊ ၎င်းဝိပလ္လာသ သည် အမှတ်အသား ဖေါက်ပြန်ခြင်းဟုဆိုအပ်တဲ့ သညာဝိပလ္လာသတပါး, စိတ်အထင် ဖေါက်ပြန်မှု စွဲမြဲနေခြင်းဆိုတဲ့ စိတ္တဝိပလ္လာသတပါး၊ အယူဖေါက်ပြန်ခြင်းဟု ဆိုအပ်တဲ့ ဒိဋ္ဌိဝိပလ္လာသတပါးဟု သုံးပါးရှိပေသည်။

သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသဟုဆိုအပ်သော ဝိပလ္လာသ သုံးပါးတို့တွင် အမှားယွင်းဆုံးကတော့ ဒိဋ္ဌိပါဘဲ၊ "အမှောင်တွင် အဝိဇ္ဇာ အမှားတွင် မိစ္ဆာ" ဆိုတဲ့အတိုင်း ထင်မြင်ယူဆပုံ မှောက်မှားတဲ့ မိစ္ဆာ ဒိဋ္ဌိကြီးဟာ ဝိပလ္လာသအရာမှာ အချုပ်အချာကြီးပေဘဲ၊ သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ ဆိုဒါက ဒိဋ္ဌိရဲ့ အခြေခံများသာ ဖြစ်ကြတယ်၊ သစ္စာလေးပါးကို မမြင်သမျှ ပုထုဇဉ်သတ္တဝါတွေဟာ ဒိဋ္ဌိဆိုတဲ့နှောင်ကြိုးဖြင့် အမျိုးမျိုးရစ်ပတ်၍ အထပ်ထပ်တုပ်နှောင်ခြင်းကို ခံနေကြရတယ် ဒိဋ္ဌိဖြင့်မလှုပ်နိုင်အောင် အတုပ်အနှောင် ခံနေရတဲ့ သတ္တဝါတွေဟာ တဏှာဆိုတဲ့ ရေယဉ်ကြောမှာ အတောမသတ်အောင်မျောနေကြရတယ် သံသရာ ရေယဉ် ကြောမှာ မျောနေသမျှ ကာလပတ်လုံး ဘယ်အခါမှ အဆင်းရဲမဆုံးနိုင်ဘဲ အအေးသုခ နိဗ္ဗာန်ကို တွေ့ကြရမည် မဟုတ်။

www.dhammaransi.com



မြန်မာပြည် ဧရာဝတီ, သလ္လာဝတီမြစ်ကြီးတွေမှာ မိုးဦးကျ အခါ မိုးကြီးတွေရွာလာတော့ ချောင်းကြိုမြောင်းကြား ယ မားအပေါင်းတို့က အဟုန်နှင့်တကွ ရေတွေ စီးကျ လာပြီ ဆိုမှဖြင့် အဆိုးအကောင်း သောင်းပြောင်းရောရာ သစ်တုံး ထင်းတုံး ဝါးလုံး ကျူရိုးမှစ၍အမျိုးမျိုး မျောလာကြတယ်၊ မျောလာသမျှတွေဟာဘယ်နေရာမှာတင်မယ်လို့ ကန့်သတ် ချက် မရှိဘူးအချို့လဲ အလွဲ သင့်ရာမှာ တင်နေရစ်ကြတယ်၊ အချို့လဲ ပင်လယ်ဝတိုင်အောင် မျောသွားကြတယ်၊ အချို့ လဲထင်းဘဝသို့ရောက်ကြတယ်၊ အချို့လဲ သဲသောင်ပြင်မှာ နစ်မြုပ်၍ မြေဖြစ်ကြတယ်။

အဲဒီ ဥပမာအတိုင်း တဏှာရေယဉ်ကြောမှာ မျောလာတဲ့ သတ္တဝါတွေဟာ ဘယ်နေရာမှာ တင်မယ်လို့ ကန့်သတ် ချက်မရှိဘဲ ဘဝပေါင်းများစွာ တင်ချင်ရာမှာတင် နစ်ချင် ရာမှာ နစ်ပြီး ဖြစ်ချင်တိုင်း ဖြစ်နေတယ်၊ စင်စစ်မှာတော့ ဆင်းရဲဘို့ ချည်း ပေါ့၊ ဘယ် နေရာ မှာမှ ချမ်းသာ သုခ ကို အတည်တကျ ရနိုင်တယ်လို့ မရှိဘူး၊ သို့ကလို ဒုက္ခစင်စစ်ကို သုခအမှန်ဖြစ်ပေတယ်လို့ အမှတ်အသားဖေါက်ပြန်ခြင်း, စိတ်အစွဲဖေါက်ပြန်ခြင်း, အယူဖေါက်ပြန်ခြင်းဆိုတဲ့ အ မှောက်အမှားကြီး သုံးမျိုးက လွှမ်းမိုး အုပ်စီး၍ အချုပ်ကြီး ချုပ်နှောင်ထားတဲ့အတွက် အမျိုးမျိုး လမ်းလွဲသဖြင့် ဆင်း ရဲတယ်လို့ပင် မမှတ်မထင်နိုင်ဘဲ ပျော်ရွှင်ဘွယ်ကြီးလိုပင် အဆင်တမျိုးကြွားပြီး ငါတကားရယ်လို့ ကြိမ်းဝါးလို့ များ ပင် နေကြသေးတယ်။

www.dhammaransi.com



ဝိပလ္လာသ သုံးပါးဖြင့် မှောက်မှားနေတဲ့ သတ္တဝါတွေကို တဏှာဆိုတဲ့ အချော့ သမားက ပြော့သွားအောင် ချော့ပြန်တယ်၊ အချော့ကောင်းတဲ့ ဘဝမှာ တဏှာသည် ဝိဇ္ဇာမိုက်ကြီးပါဘဲ၊ တဏှာကမြှူယင် ဘယ်သူမှ မပြော့ဘဲ မနေနိုင်၊ တဏှာက ဖြေဖျော်ယင် ဘယ်သူမှ မပျော်ဘဲမနေနိုင်၊ တဏှာက ပျော်အောင်သိပ်ယင် ဘယ်သူမှ မအိပ်ဘဲ မနေနိုင်၊ အဲ သို့အတွက်ကြောင့် တဏှာတည်းဟူသော ရေယဉ်ကြောမှာသတ္တဝါတွေ မျောနေကြတယ်လို့ ပြောဆိုဒါပေါ့။

တဏှာက မြှောက်ယင် ခြေဖျားထောက်တတ်တဲ့ မာနတရားကလဲ သူ့အလို အလျောက် ပေါ်ပေါက်လာပြန်ပါရော၊ မာနဝင်လာပြီဆိုမှာဖြင့် အထင်အမြင်တွေမြောက်၍ မောက်ချင်တိုင်း မောက် မော်ချင်တိုင်း မော်ကုန် ပြန်ရော၊ အဲသို့ကလို တဏှာ, မာန, ဒိဋ္ဌိ အရက်မူးကြသဖြင့် ပျော်လဲပျော် မောက်လဲမောက် ဖေါက်ဖေါက်ပြန်ပြန် ဖြစ်နေတဲ့ ပုထုဇဉ်သတ္တဝါတွေဟာ ဆေးလွန်၍သွေးမွှန်ကုန်ကြတယ်၊ သူတော်ကောင်းတရား တည်းဟူသော ဆေးဝါးခတ်စာတို့ဖြင့် သာမန်ကုစားရုံမျှနဲ့တော့ ကိလေသာရောဂါကင်း၍ သန့်ရှင်းခြင်းသို့ မရောက်နိုင်ချေ။

ဝိပလ္လာသ မူရင်းတရား သုံးပါးရှိခဲ့ရာတွင် တပါးတပါးမှာ လေးပါးစီပွားလာပြန်တယ်၊ လေးသုံးလီဆိုတော့ ဝိပလ္လာသ တရား ၁၂-ပါး ရှိသွားတာပေါ့၊ လေးပါးစီ ပွားပုံကတော့ ဒီလိုတဲ့ ...။

(၁) မတင့်တယ်ပါဘဲ တင့်တယ်ပါတယ်လို့ ဖေါက်ပြန်ခြင်းက တမျိုး။

www.dhammaransi.com



(၂) မမြဲပါဘဲ မြဲပါတယ်လို့ ဖေါက်ပြန်ခြင်းကတမျိုး။
(၃) ဆင်းရဲပါလျက် ချမ်းသာတယ်လို့ ဖေါက်ပြန်ခြင်းက တမျိုး။
(၄) အစိုး မရပါဘဲ အစိုးရတယ်လို့ ဖေါက်ပြန်ခြင်းက တမျိုး။

အဲဒီလို သညာမှာ လေးမျိုး, စိတ်မှာလေးမျိုး, ဒိဋ္ဌိမှာလေး မျိုး ပြားတော့တဆဲ့နှစ်ပါးဖြစ်သွားဒါပေါ့။

အဲဒီလိုတိမ်သလာလေးမျိုး စွဲကပ်နေခြင်းကြောင့် ပုထုဇဉ် တို့မှာ နိဗ္ဗာန်တည်းဟူသော အလင်းရောင်ကိုမမြင်ကြတော့ ဘဲ လက္ခဏာ သန်ကောင်အချိန်တွင် တိမ်ဖုံးနေတဲ့ တော အုပ်ထဲမှာ သွားရသလို ဖြစ်ကြသဖြင့် မဖြစ်ချင်, မရောက် ချင်တဲ့ငရဲ 'တိရစ္ဆာန်,ပြိတ္တာ, အသုရကာယ်ဘုံသို့ ရောက် ကုန်ကြရမဟုတ်ပါလား၊ ထိုကဲ့သို့သော အကန်းတို့သည် အဘယ်မှာ နိရောဓသစ္စာ ခေါ် နိဗ္ဗာန်ကို လက်ခံနိုင်ကြ မှာလဲ၊ မခံနိုင်သည်မှာ အံ့စရာမဟုတ်ပေ။

ပြီးပါပြီ။

www.dhammaransi.com

# ရတနာသုံးပါး ဘုရားရှိခိုး

(၁) ယောဘဂဝါ - အကြင်နိဗ္ဗာန်ကြွသွား ဂေါတမ ဘုရားသည်၊ အတ္ထိ - ရှိတော်မူ၏၊ သောဘဂဝါ - ထိုနိဗ္ဗာန် ကြွဝင် ဘုရားရှင်သည်၊ ဣတိပိ ဣမိနာစ ကာရဏေန - ဤသို့ တထောင့်ငါးရာ ကိလေသာမာန် ကိုယ်တွင်းရန်ကို ဆရာ မထား ကိုယ်တော်အားဖြင့် ပိုင်းခြားသတ်ဖြတ် ဂုဏ်သ ကတ်ကြောင့်၊ အရဟံ-အရဟာ မည်တော်မူပါပေ၏၊တံဘဂ ဝန္တံ-ထိုအရဟံ ဂုဏ်ရှင် ဘုရားသခင်ကို၊ အဟံ-အကျွန်ုပ် သည်၊ နမာမိ-ဘယလာဘ ကုလာစာရ စသည် လွတ်ကင်း မြတ်နိုးခြင်းဖြင့် ကြည်ဝင်းသဒ္ဒါ ရှိခိုးပါ၏ဘုရား။

(၂) ယောဘဂဝါ-အကြင်နိဗ္ဗာန်ကြွသွား ဂေါတမဘုရား သည်၊ အတ္ထိ-ရှိတော်မူ၏၊ သောဘဂဝါ-ထိုနိဗ္ဗာန်ကြွဝင် ဘုရားရှင်သည်၊ဣတိပိ ဣမိနာစ ကာရဏေန-ဤသို့ သင်္ခါရ ဝိကာရ, လက္ခဏာ, နိဗ္ဗာန်ပညတ်ဟု ဆိုအပ်သောဉေယျမံ တရားငါးပါး တို့ကို ဆရာမရှိ ကိုယ်တော်တိုင် သိတော်မူ ခြင်း အကြောင်းရင်းကြောင့်၊သမ္မာသမ္ဗုဒ္ဓေါ သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေ၏၊ တံဘဂဝန္တံ-ထိုသမ္မာသမ္ဗုဒ္ဓ ဂုဏ်ရှင် ဘုရားသခင်ကို အဟံ-အကျွန်ုပ်သည်၊ နမာမိ-ဘယလာဘ ကုလာစာရ စသည် လွတ်ကင်း မြတ်နိုးခြင်းဖြင့် ကြည်ဝင်း သဒ္ဒါ ရှိခိုးပါ၏ ဘုရား။

(၃) ယောဘဂဝါ-အကြင်နိဗ္ဗာန်ကြွသွား ဂေါတမဘုရား သည်၊ အတ္ထိ - ရှိတော်မူ၏၊ သောဘဂဝါ ထိုနိဗ္ဗာန်ကြွဝင် ဘုရားရှင်သည်၊ ဣတိပိ ဣမိနာစ ကာရဏေန - ဤသို့ဝိဇ္ဇာ

www.dhammaransi.com



သုံးပါး, ဝိဇ္ဇာရှစ်ပါး စရဏတဆဲ့ငါးပါးတို့နှင့် ပြည့်စုံပေ တတ် ဂုဏ်သကတ်ကြောင့်၊ ဝိဇ္ဇာစရဏသမ္ပန္နော-ဝိဇ္ဇာစရ ဏသမ္ပန္န မည်တော်မူပါပေ၏၊ တံဘဂဝန္တံ-ထိုဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်ရှင် ဘုရားသခင်ကို၊ အဟံ - အကျွန်ုပ် သည်၊ နမာမိ-ဘယလာဘ ကုလာစာရစသည်လွတ်ကင်း မြတ်နိုး ခြင်းဖြင့် ကြည်ဝင်းသဒ္ဓါ ရှိခိုးပါ၏ဘုရား။

(၄) ယောဘဂဝါ - အကြင် နိဗ္ဗာန် ကြွသွား ဂေါတမ ဘုရားသည်၊ အတ္ထိ-ရှိတော်မူ၏၊ သောဘဂဝါ - ထိုနိဗ္ဗာန် ကြွဝင်ဘုရားရှင်သည်၊ ဇာတိပိ ဇာမိနာစ ကာရဏေန-ဤသို့ ကောင်းသောစကားကိုသာ ပြောဆိုပေတတ် ဂုဏ်သကတ် ကြောင့်၊ သုဂတော -သုဂတမည်တော်မူပါပေ၏၊ တံဘဂ ဝန္တံ - ထိုသုဂတဂုဏ်ရှင် ဘုရားသခင်ကို၊ အဟံ-အကျွန်ုပ် သည်၊ နမာမိ-ဘယလာဘ ကုလာစာရစသည်လွတ်ကင်း မြတ်နိုးခြင်းဖြင့် ကြည်ဝင်းသဒ္ဓါ ရှိခိုးပါ၏ဘုရား။

(၅) ယောဘဂဝါ = အကြင် နိဗ္ဗာန် ကြွသွား ဂေါတမ ဘုရားသည်၊ အတ္ထိ-ရှိတော်မူ၏၊ သောဘဂဝါ-ထိုနိဗ္ဗာန် ကြွဝင် ဘုရားရှင်သည်၊ ဇာတိပိ ဇာမိနာစ ကာရဏေန-ဤသို့ သတ္တော ကာသ သင်္ခါရဟု လောကသုံးရပ် ဘုံသုံးထပ်ကို နှံ့စပ်ကုန်စင် သိမြင်ပေတတ် ဂုဏ်သကတ်ကြောင့်၊ လော ကဝိဒူ-လောကဝိဒူ မည်တော်မူပါပေ၏၊ တံဘဂဝန္တံ-ထိုသု ဂတဂုဏ်ရှင် ဘုရားသခင်ကို၊ အဟံ-အကျွန်ုပ်သည်၊ နမာမိ ဘယလာဘ ကုလာစာရစသည်လွတ်ကင်း မြတ်နိုး ခြင်းဖြင့် ကြည်ဝင်းသဒ္ဓါ ရှိခိုးပါ၏ ဘုရား။

(၆) ယောဘဂဝါ-အကြင် နိဗ္ဗာန်ကြွသွား ဂေါတမဘုရား သည်၊ အတ္ထိ-ရှိတော်မူ၏၊ သောဘဂဝါ - ထိုနိဗ္ဗာန်ကြွဝင်

www.dhammaransi.com



ဘုရားရှင်သည်၊ ဣတိပိဣမိနာစ ကာရဏေန=ဤသို့ မယဉ်ကျေးသော လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန်ယောကျ်ား တို့အား ယဉ်ကျေးအောင် ဆုံးမပေတတ် ဂုဏ်သကတ်ကြောင့်၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ-အနုတ္တရော ပုရိသ ဒမ္မသာရထိ မည်တော်မူပါပေ၏၊တံဘဂဝန္တံ-ထို အနုတ္တရော ပုရိသ ဒမ္မသာရထိ ဂုဏ်ရှင် ဘုရားသခင်ကို၊ အဟံ-အကျွန်ုပ်သည်၊ နမာမိ-ဘယလာဘ ကုလာစာရ စသည်လွတ်ကင်း မြတ်နိုးခြင်းဖြင့်ကြည်ဝင်းသဒ္ဓါ ရှိခိုးပါ၏ ဘုရား။

(၇) ယောဘဂဝါ-အကြင်နိဗ္ဗာန်ကြွသွား ဂေါတမဘုရားသည်၊ အတ္ထိ-ရှိတော်မူ၏၊ သောဘဂဝါ-ထိုနိဗ္ဗာန်ကြွဝင်ဘုရားရှင်သည် ဣတိပိဣမိနာစ ကာရဏေန-ဤသို့ လူ, နတ် ဗြဟ္မာသတ္တဝါတို့၏ ဆရာတဆူ ဖြစ်တော်မူတတ် ဂုဏ်သကတ်ကြောင့်၊ သတ္ထာ ဒေဝ မနုဿာနံ - သတ္ထာ ဒေဝ မနုဿာန မည်တော်မူပါပေ၏၊တံဘဂဝန္တံ ထိုသတ္ထာ ဒေဝ မနုဿာန ဂုဏ်ရှင် ဘုရားသခင်ကို၊ အဟံ-အကျွန်ုပ်သည်၊ နမာမိ-ဘယလာဘ ကုလာစာရ စသည်လွတ်ကင်း မြတ်နိုးခြင်းဖြင့် ကြည်ဝင်းသဒ္ဓါရှိခိုးပါ၏ ဘုရား။

(၈) ယောဘဂဝါ အကြင်နိဗ္ဗာန်ကြွသွားဂေါတမဘုရားသည်၊ အတ္ထိ-ရှိတော်မူ၏၊ သောဘဂဝါ ထိုနိဗ္ဗာန်ကြွဝင်ဘုရားရှင်သည်၊ ဣတိပိ ဣမိနာစ ကာရဏေန-ဤသို့သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား သိတတ် ဂုဏ်သကတ် ကြောင့်၊ ဗုဒ္ဓေါ - ဗုဒ္ဓမည်တော်မူပါပေ၏၊ တံဘဂဝန္တံ-ထိုဗုဒ္ဓဂုဏ်ရှင် ဘုရားသခင်ကို၊ အဟံ=အကျွန်ုပ်သည်၊နာမမိ ဘယလာဘ

www.dhammaransi.com



ကုလာစာရ စသည်လွတ်ကင်း မြတ်နိုးခြင်းဖြင့် ကြည်ဝင်းသဒ္ဓါ ရှိခိုးပါ၏ဘုရား။

(၉) ယောဘဂဝါ အကြင်နိဗ္ဗာန်ကြွသွားဂေါတမဘုရားသည်၊အတ္ထိ ရှိတော်မူ၏၊သောဂဝါ ထိုနိဗ္ဗာန်ကြွဝင် ဘုရားရှင်သည်၊ ဣတိမိ ဣမိနာစ ကာရဏေန ဤသို့ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ,ပယတ္တဟုဆိုအပ်သော ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံပေတတ် ဂုဏ်သင်္ကေတ်ကြောင့်၊ဘဂဝါဘဂဝါမည်တော်မူပါပေ၏၊ တံဘဂဝန္တံ-ထိုဘဂဝါ ဂုဏ်ရှင် ဘုရားသခင်ကို၊ အဟံ—အကျွန်ုပ်သည်၊ နမာမိ—ဘယလာဘ ကုလာစာရ စသည်လွတ်ကင်း မြတ်နိုးခြင်းဖြင့် ကြည်ဝင်းသဒ္ဓါ ရှိခိုးပါ၏ ဘုရား။

ဂုဏ်တော်ကိုးပါး ဘုရားရှိခိုးပြီး၏။

## တရားတော်ကို ရှိခိုးရန်

ဘဂဝတာ-ဣဿရိယ စသည်ခြောက်ဖြာ ဘုန်းသမ္ဘာနှင့်ပြည့်စုံပေငြား မြတ်ဘုရားသည်၊ ဓမ္မော မဂ်လေးရပ် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်ဆယ်တန်သော တရားတော်မြတ်ကို၊ သွာက္ခာတော မကွေ့မထောင့် ဖြောင့်ဖြောင့်တန်းတန်း နိဗ္ဗာန်နန်းသို့ပြညွှန်း၍သာ ဟောတော်မူခဲ့ပါသတည်း သန္ဒိဋ္ဌိကော မျက်မှောက် ကိုယ်တိုင် သိမြင်နိုင်သော တရားတော်ကြီး ပါပေတည်း၊ အကာလိကော မဂ်ဇောပြီးလျှင် ဖိုလ်ဇောဝင်သဖြင့် အခါမလင့် အကျိုးပေးတတ်သော

www.dhammaransi.com



တရားတော်ကြီးပါပေတည်း၊ ဧဟိပဿိကော-တသံသရာ လုံးတွင်ဘယ်တုန်းကမှမတွေ့ဘူးသဖြင့် အထူးအဆန်းဖြစ်၍ လာလှည့်ရှုလှည့်ဟု ခေါ်၍ပြခြင်းငှါ ထိုက်တော်မူပါပေ၏၊ ဩပနေယျိကော-ခပ်သိမ်း အန္တရာယ် ကာကွယ်ပေတတ် တရား မြတ်ကြောင့် ကိုယ်၌ မြဲစွာ ဆောင်ထားခြင်းငှါ သင့် သော တရားတော်ကြီးပါပေတည်း၊ ဝိညူဟိ-နိဗ္ဗာန်မြင်သိ ပညာရှိတို့သည်သာ၊ ပစ္စတ္တံ-အသီးအသီး ကိုယ်စီကိုယ်ငှ၊ ဝေဒိတဗ္ဗော-သိအပ် သိထိုက်သော တရားမို့ ကိုယ်ပိုင် ပစ္စည်းမှန်လှပေသော တရားတော်ကြီးပါပေတည်း၊ တံမြွှ ထိုဂုဏ်တော်ခြောက်ဝ ပြည့်စုံလှသော တရားတော်မြတ်ကို အဟုံ-အကျွန်ုပ်သည်၊မနာမိ ဘယလာဘ ကုလာစာရစသည် လွတ်ကင်းမြတ်နိုးခြင်းဖြင့် ကြည်ဝင်းသဒ္ဓါ ရှိခိုးပါ၏ဘုရား။

## သံဃာတော်ကို ရှိခိုးရန်

ဘဂဝတော မြတ်စွာဘုရား၏၊ သာဝကသံဃော တပည့် သံဃာတော်သည်၊ သုပ္ပဋိပန္နော နိဗ္ဗာန်အလို့ငှါ ကောင်း စွာကျင့်တော်မူပါပေ၏၊ ဥဇုပ္ပဋိပန္နော နိဗ္ဗာန်နှင့်ဖြောင့်စွာ ကျင့်တော်မူပါပေ၏၊ ဉာယပ္ပဋိပန္နော နိဗ္ဗာန်နန်းနှင့် အသင့် ညီစွာကျင့်တော်မူပါပေ၏၊ သာမိစိပ္ပဋိပန္နော လူနတ်ပြဟ္မာ သတ္တဝါတို့၏ အရိုအသေကို ခံထိုက်အောင် ကျင့်တော်မူ ပါပေ၏၊ စတ္တာရိ မဂ်ဖိုလ်နှစ်ပါး အစုံအားဖြင့် လေးပါး ကုန်သော၊ ယဒိဒံ ယာနိ ဇုမာနိ ပုရိသယုဂါနိ - အကြင် ယောကျ်ား အစုံတို့သည်၊ အဋ္ဌ-အသီးအခြားခွဲသောအား ဖြင့် ရှစ်ပါးကုန်သော၊ ယဒိဒံယေဇုမေ ပုရိသပုဂ္ဂလာ-

www.dhammaransi.com



အကြင် ပုရိသပုဂ္ဂလ ခေါ်ကြတိုထို မြင့်မြတ်သောပုဂ္ဂိုလ်တို့သည်၊ သန္တိ - စင်စစ်မသွေ ထင်ရှားရှိကြပါပေကုန်၏၊ ဘဂဝတော- ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏၊ ဧသ-ဧသော သာဝကသံဃော- ဤသံဃာတော်အပေါင်း အရိယာသူတော်ကောင်းသည်၊ အာဟုနေယျော- တုံ့ပြန်ကြီးလေး အကျိုးပေးသဖြင့် အဝေးရပ်မှ ဆောင်အပ်သယ်ယူ ပစ္စည်းဟူသမျှကို ခံထိုက်ပါပေ၏၊ ပါဟုနေယျော ဝေးရပ်မျိုးနွယ် များဧည့်သယ်တို့ ရည်ရွယ်မှန်းထားပစ္စည်းများကို ဘုရားတဆူပွင့်တော်မူမှ ပေါ်လာကြသည့် ကမ္ဘာ့ဧည့်ကောင်း သူတော်ပေါင်းမို့ အကြောင်းထိုက်စွာ ပေးလှူခြင်းငှါလည်း ထိုက်တန်တော်မူပါပေ၏၊ ဒက္ခိဏေယျော- တမလွန်စခန်း ကြီးပွားလမ်းမို့ မြော်မှန်းရည်ရွယ် ပေးလှူဘွယ်ကို ရည်ရွယ်သမျှ အကျိုးရသဖြင့် တစမချန် အလှူခံခြင်းငှါလည်း ထိုက်တော်မူပါပေ၏၊ အဉ္ဇလီကရဏီယော- တလောကလုံး ကိုင်းညွှတ်ရုံးလျက် ရှင်ပြုံးကြည်ညို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးခြင်းငှါလည်း ထိုက်တော်မူပါပေ၏၊ လောကဿ- လူနတ်ပြဟ္မာ သတ္တဝါ အပေါင်း၏၊ အနုတ္တရံ- အတုမရှိ မြတ်ခေါင်ထိသော၊ ပုညက္ခေတ္တံ- ကုသိုလ်ကောင်းမှု မျိုးစေ့စု၏ ကြီးထွားမြင့်မား စွင့်စွင့်ကားလျက် ဖွံ့ထွားဘွယ်ရာ လယ်ယာမြေကောင်း အတူဖြစ်တော်မူပါပေ၏၊ တံသံဃာ- ထိုကိုးဂုဏ်သခင် သံဃာတော်အရှင်သူမြတ်ကို၊ အဟံ- အကျွန်ုပ်သည်၊ နမာမိ- ဘယလာဘ ကုလာစာရ စသည်လွတ်ကင်းမြတ်နိုးခြင်းဖြင့် ကြည်ဝင်းသဒ္ဓါရှိခိုးပါ၏ ဘုရား။

www.dhammaransi.com

# နိဂုံး

လောက၌ တရားသူကြီးသည် အဂတိတရား လေးပါးသို့ မလိုက်စားပါဘဲ ရှုံးသင့်သူကို ရှုံးစေလျက် နိုင်သင့်သူကို နိုင်စေပါမှ တရားသည်ဟုဆိုရပေသည်၊ မြတ်စွာဘုရားသည်လည်း သဘာဝကိုမလှမ်းစေဘဲ ကဲ့ရဲ့သင့်သည်ကို ကဲ့ရဲ့လျက် နှိမ်နင်းသင့်သည်ကို နှိမ်းနင်းလျက် ချီးမြှင့်သင့်သူကို ချီးမြှောက်ကာ ဟောတော်မူပါပေသည်၊ တရားတော်မှာလည်း ယူရမည့် သမ္ဗဒါန်တရား, ပယ်ရမည့် အပါဒါန် တရားဟု ၂ မျိုး ရှိပါသည်၊ ထို့ကြောင့် ပယ်သင့်သော အရာကို ပယ်ပစ်ကာ ဟောပါမှ, ယူရမည့် အရာကို ယူဘို့ ဟောပါမှ တရားတော် စစ်ပေသည်၊ လောကကြီး ကဲ့ရဲ့မှာကို ကြောက်ပြီး ပယ်ရမည့် တရား ကို မပြဘဲ ယူရမည့် တရားကို ချည်းသာ ဟောပါက သတ္တဝါတို့မှာ မိဿက သရဏဂုံ ဖြစ်ကာ မိဿက တရားတွေဖြစ်၍ ဘယ်တော့မှ စင်ကြယ်သော မဂ်ဉာဏ်ကို ရမည် မဟုတ်တော့ပါ၊ သို့အတွက် ဤစာအုပ် အရှင်သည် ကောင်းမြတ်သော ကရုဏာဖြင့် ပယ်ရမည့်အရာကို ပယ်ချင်အောင်ပြလျက်, ယူရမည့် အရာကို ယူချင်အောင် ရေးသား ထားပေသည်၊ သို့သော်လဲ ဘယ်သူအားမှ ဣဿာ, မစ္ဆေရဖြင့် စောင်းချိတ်ခြင်းမရှိပါ၊ စေတနာရိုးဖြင့်သာ ရေးသားပါသည်၊ သို့အတွက် အမြင်ချင်း မတူခဲ့သော်စာအုပ်ရှင်ထံ အကြောင်းကြားပါက ကောင်းမြတ်သော စေတနာဖြင့် ပြန်ဖြေပါမည် 'အေးစေလို၍တရားနာ ပူဇာစနှင့်ငြား' ဆိုဒါလိုမဖြစ်ကြဘဲ

ဘုရားသားတော်ချင်း အတူတူ မေတ္တာ မပျက်ကြဘဲတိုင်ပင် ဆွေးနွေးခြင်းဖြင့်သာ သာသနာတော်ကြီး ကြီးပွားရာကို ရွက်ဆောင်နိုင်ကြပါစေကုန်သတည်း။

ပုံ - အသျှင်ဥဒါဏ
သီရိမင်္ဂလာမြို့မကျောင်း
နမ္မားမြို့၊

www.dhammaransi.com